
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ရွှေအိုးထမ်းသားကိုမြင်ရပြီ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၉၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၂၃၀၆၀၄

၂၀၀၇ ခုနှစ် စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က မလိခလမ်း ၇-မိုင်
မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်။


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com








စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်



## ရွှေအိုးထမ်း
## သားကို
## မြင်ရပြီ

www.burmeseclassic.com

www.burmeseclassic.com







(၁)

(တုန်လှုန်ခဲ့ပြီးသော ... ဟိုတုန်းက ခေတ်ဟောင်း တစ်ခေတ်)

နှောင်းတစ်ခေတ် ဆိုပါတော့ ... ။

သူ၏ သေနတ်၊

သူ၏ ကျည်ဆန်၊

သူ၏ ပစ်မှတ်ကြားဝယ် ကျွန်တော်တို့ သားအမိ သားအဖနှင့် ဦးလေးသာဆန်း ပြားပြားဝပ်ခဲ့ရသည်။

သူ၏ သေနတ်နှင့် ပစ်သတ်သောကြောင့် ဖေဖေ သေခဲ့သည်။

မေမေ သေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ၏မောင် ကျွန်တော်၏ဦးလေး ဦးသာဆန်း (၃)လောင်းပြိုင် သေခဲ့ရသည်။

ထိုစဉ်က ကျွန်တော့်အသက် (၉)နှစ်သား။

သူ၏သေနတ်သည် ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းကိုသာ မဲပစ်နေသော သေနတ်ဖြစ်သည်။

ကျွန်တော့်အသက်က (၉)နှစ်။

ကျွန်တော်သည် ပထမ သေနတ်တစ်ချက်သံ ထွက်လာပြီး ဖေဖေ လဲကျသွားကတည်းက အိပ်ရာမှ ငေါက်ခနဲ လန့်နိုးသည်။

ကယောင်ကတမ်း ပြေးမိပြေးရာသို့ ခွတ်ပြီး ... ကျွန်တော် ပြေးသည်။

ကျွန်တော်တို့၏ အိမ်နောက်ဖေးဘက်သည် ဖိုးဆိုးမြေမျိုးဖြစ်သည်။ တောကို ခုတ်ထွင်ပြီးနောက် တောအနေနှင့် ပြန်၍ မရှင်သန်တော့ဘဲ မြက်ရိုင်းပင်တွေ ကိုင်းပင်ရိုင်းတွေ ထူထပ်ရှည်လျားစွာ ပေါက်နေသည်။

တူတူပုန်းတမ်း ကစားလျှင်ပင် မြက်ပင်ရိုင်း ကိုင်းပင်ရိုင်းကြားထဲ၌ မလှုပ်မယှက်နေလိုက်လျှင် ပုန်းသူကို ရှာတွေ့ရန် ခဲယဉ်းလှသည်။





ကျွန်တော်သည် ဤမြက်ရိုင်းပင် ကိုင်းပင်တွေကြားတွင် ကျွမ်းကျင်သည်။

ကျွန်တော်နှင့် နီမာ တူတူပုန်းတမ်း ကစားနေကြပေကိုး။ ဤမြက်ပင် ကိုင်းပင်တွေကြားတွင်ပုန်းပြီး အသံမပေး မလှုပ်မရှား ငြိမ်နေပြီဆိုလျှင် နီမာသည် ကျွန်တော့်ကို တွေ့အောင် မရှာနိုင်ပါလေတော့။

ထိုရောအခါ နီမာသည် သူမတစ်ယောက်တည်းလို ကိုင်းပင်တွေကြား ရောက်နေသဖြင့် ကြောက်လန့်သံလေးနှင့် ကျွန်တော့်အား အော်ခေါ်အသံပေးခြင်း ပြုလေ့ရှိသည်။

"ဟေး ... အပါ ... နင် ဘယ်မှာလဲဟာ၊

"အသံပြန်ပေးပါ အပါ၊

"နီမာ မရှာတတ်တော့လို့ပါ၊

"နီမာ ခေါင်းမူးလာပြီကွာ၊

"အေးနော် ... ဒါပဲ အပါ၊

"ငြိမ်နေတာကြာရင်တော့ ... ၊

"နီမာ အိမ်ပြန်ပြေးတော့မှာ ... "

နီမာသည် ပါးစပ်ထဲရှိသလို စိတ်ထဲရှိသလို ပေါက်ကရ အော်နေခြင်း ဖြစ်တော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နီမာသည် ကဗျာကို နားမလည်၊ ကာရံကို နားမလည်သေးသောအရွယ် အသက်(၇)နှစ်သာ ရှိသေးသောအရွယ်။

သူမ၏ရင်ထဲတွင် ရုတ်ခြည်း ပေါ်လာသည့် ခံစားချက်အတိုင်း ကျွန်တော် ပုန်းနေရာမှ ထွက်လာစေဖို့ အော်ဟစ်ခြင်းသာဖြစ်ပါ၏။

သူမ အော်ဟစ်နေခြင်းသည် တေးတစ်ပုဒ်အလားနားထောင်ကောင်းနေသည်။

သူမဘာသာ ဘာနားလည် ညာနားမလည် ကြားထဲက အော်ဟစ်နေသော စကားလုံးတွေက အလိုအလျောက် ကာရံ ဝင်သွားကြသည်။ တေးသီချင်းတစ်ပုဒ်နှယ်ပါတည်း။

ဒီတော့လည်း တူတူပုန်းတမ်းကစားတိုင်း နီမာ ဤသို့ အော်ဟစ်ဆိုလေ့ရှိသော အသံလေး ကျွန်တော်က နားထောင်ချင်သောကြောင့် တမင်တကာ ဖုံးဆိုးမြေ မြက်ရိုင်း ကိုင်းရိုင်းပင်တွေကြားတွင် ရှာမတွေ့အောင် ငြိမ်၍ ပုန်းနေတတ်သည်။

နီမာက တေးသီချင်းလေးတစ်ပုဒ်ကဲ့သို့ အော်ဟစ်ပြောဆို ခေါ်ယူလေမှ ကျွန်တော်က "တူတူရေ ... ဝါး"ဟု အသံပေးပြီး ပြန်ထွက်လာသည်။

ထိုရောအခါ နီမာသည် နှုတ်ခမ်းလေး စူထားရှေ့ရှိသည်။ မျက်စောင်းလေးလည်း ထိုးတတ်သည်။





"နင် မကောင်းဘူးဟယ် အပါ ... "

"ဘာလို့ ငါက မကောင်းရမှာလဲ နီမာ ... "

"ဟယ် ... နင်က ဒီဖုံးဆိုးတွေကြားမှာ တိုးတိုးဝှေ့ဝှေ့နဲ့ အနက်ကြီးထဲရောက်အောင် သွားတတ်ပေမဲ့ ... နီမာ အဲဒီထဲမှာ မရှာတတ်ဘူး ... မြက်ရိုင်း ကိုင်းရိုင်းတွေကြားထဲဝင်မိရင် မြွေကိုက်မှာ ကြောက်တယ် ... ကင်းကိုက်မှာကြောက်တယ် အပါရဲ့ ... မြက်ပင် ကိုင်းပင်တွေက နီမာတို့အရပ်ထက် အများကြီး ပိုမြင့်နေတယ် မဟုတ်လား ... နီမာ အဲဒီအထဲ ဝင်မိရင် သိပ်ကြောက်တာ ... "

"ဘာလို့ ကြောက်ရမှာလဲ နီမာ ... တို့များ ဒီအိမ်နောက်ဖေး ဖုံးဆိုးမြေထဲမှာ တူတူပုန်းတမ်းကစားလာတာ ကြာပြီပဲဟာ ... နင်နဲ့ငါ အိမ်နီးချင်းမို့ နှစ်ယောက်တည်း ကစားကြတာပဲဟာ ... "

"တူတူပုန်းတမ်း ကစားပေမဲ့ ဒီဖုံးဆိုးမြေထဲ အပါ ဝင်ပုန်းတဲ့အခါတိုင်း ... နီမာက ရှာမတွေ့တာချည်းမဟုတ်လား၊ နီမာ ပုန်းတဲ့အလှည့်ဆိုရင်သာ အပါက သိပ်ပါးတာ ... ချက်ချင်း နီမာ ပုန်းနေတဲ့နေရာကို "ဟေး ... နီမာ မိပြီ" အပါက အမြဲရှာတွေ့တာ ... "

"ဒါပေမဲ့ ... နင် ရှာမတွေ့ပေမဲ့ နင့်အော်ခေါ်သံလေး ငါ



www.burmeseclassic.com

www.burmeseclassic.com



ကြားရင် ငါ မနေနိုင်ပါဘူး နီမာ … နင် ငါ့ကို အော်ခေါ်နေတဲ့အသံလေးက သီချင်းသံလေးလိုပဲ … ဒီတော့ ငါ ပုန်းနေရာက နင့်ဆီ ပြန်ထွက်လာတာပဲ မဟုတ်လား … ”

အဲဒါတွေ ထားလိုက်ပါတော့ … ။

နီမာနဲ့ တူတူပုန်းတမ်းကစားတာက မနက်ပိုင်း … နေ့ခင်းပိုင်း နေအလင်းရောင် ရှိချိန်မှာ မဟုတ်လား … ။ အခုဟာက ညကြီးမင်းကြီး ဆူဆူညံညံအသံကြောင့် ကျွန်တော် လှမ်းမြင်ရသည်၊ တကယ့်ကြောက်စရာလူကြီး သုံးယောက်။

သုံးယောက်စလုံး မျက်နှာများတွင် ထုံးတစ်ခြမ်း အဖြူ၊ အိုးမည်းတစ်ခြမ်း အမည်း သုတ်ထားသည်။ အင်္ကျီလက်ရှည် အမည်းပွပွကြီးတွေ ဝတ်ထားသည်။ ပြီး ပုဆိုးကွင်းသိုင်းတွေနှင့် ခြုံထားသည်။

သုံးယောက်စလုံး လူတွေနှင့်မတူ … ၊

ကျွန်တော့် အိပ်မက်ထဲတွင် တွေ့ရတတ်သော တစ္ဆေသရဲတွေနှင့် တူနေသည်။ ရှေ့ဆုံးမှ လူသရဲကြီးသည် ပြောင်းရှည်သေနတ်ကို ကိုင်ထားသည်။ ကျန်သရဲနှစ်ကောင်က ဓားရှည် ကိုယ်စီနှင့် ဖြစ်သည်။

ဖေဖေနှင့် ဦးလေးသာဆန်းတို့သည် အံတကြိတ်ကြိတ်နှင့် မခံချင်ဖြစ်နေသည်။





မေမေကတော့ ငိုနေသည်။

ထိုစဉ်မှာပင် ဖေဖေသည် ဘာမပြော ညာမပြော အိပ်ရာဘေးမှ ငှက်ကြီးတောင်ဓားကို ပြေးဆွဲတော့သည်။ နဂိုကပင် ဖေဖေသည် သိပ်သတ္တိကောင်းသည်။

“ဒိုင်း … ”

ရှေ့ဆုံးခေါင်းဆောင် လူသရဲကြီးက … ဖေဖေ့ကို သေနတ်နှင့်ချိန်ကာ ပစ်ထည့်လိုက်သည်။ ဖေဖေသည် ငှက်ကြီးတောင်ဓားကြီးကို ကိုင်ရင်း လဲကျသွားသည်။

ကျွန်တော် တစ်ကြိုးတည်း အိမ်နောက်ဖေးဘက်သို့ ခွတ်ပြေးတော့သည်။

“ဟိုမှာ … ဟိုမှာ … ခွေးသားလေးအဖါ … ထွက်ပြေးပြီ၊ လိုက်ဖမ်းကြစမ်း … ”

ကျွန်တော့်နောက်မှာ တစ်ဖြုန်းဖြုန်း လိုက်လာသော ခြေသံတွေ ကြားရသည်မို့ ကျွန်တော် လှည့်ကြည့်သည်။ ဓားရှည် ကိုင်ထားသောတပည့် လူသရဲနှစ်ကောင် ဖြစ်ပါ၏။

ထိုလူသရဲနှစ်ကောင် ကျွန်တော့်ကို လိုက်၍မမီပေ။

ကျွန်တော် ကံကောင်းသည်ပဲ ဆိုပါတော့။ မီးဖိုထဲရှိ နောက်ဖေးပြတင်းတစ်ပေါက်သည် မေမေ မပိတ်မိသဖြင့် ပွင့်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြတင်းပေါက်မှကျော်ကာ ခုန်ဆင်းပြီး အိမ်နောက်ဖေး ဖုံးဆိုးမြေ မြက်ရိုင်း ကိုင်းရိုင်းတောထဲသို့ ဝင်ပြေးခဲ့သည်။ ဒီအထဲ ဝင်မိပြီဆိုလျှင် နီမာပင် ကျွန်တော့်ကို တွေ့အောင် မရှာနိုင်။

ထိုသရဲနှစ်ကောင် ကျွန်တော့်ကို အဘယ်မှာလျှင် ရှာတွေ့တော့ပါအံ့နည်း။

သူတို့ ပြန်လှည့်သွားကြသည်။

မကြာမီမှာပင် အိမ်ကြီးဆီမှ ဒိုင်းဒိုင်းနှင့် သေနတ်သံ နှစ်ချက် ကြားရသည်။

ကျွန်တော် ငြိမ်ငြိမ်လေး ဝပ်နေရင်းပင် နေ့ခင်းက နီမာနှင့် ကျွန်တော် ဖုံးဆိုးမြေစပ်ရှိ သပြေပင်ကြီးအောက်တွင် သပြေသီးကောက်ရင်း နီမာပြောခဲ့သော စကားကို သွားအမှတ်ရလိုက်သည်။

"ဟော့ အပါ ... "

"ဘာလဲ ... "

"နင် ... ဒီည မအိပ်နဲ့နော် ... ဒီ သပြေသီးတွေက ချဉ်တယ်၊ ညကျရင် အပါစားဖို့ သိမ်းထား ... အပါ အိပ်ချင်ရင် သပြေသီးချဉ်ကို စားလိုက် ... ဒါဆို မအိပ်ချင်တော့ဘူးပေါ့"

"ငါ ... ငါက ဘာလို့ ဒီည မအိပ်ရမှာလဲ နီမာ ... ညတိုင်း





လည်း ငါ အိပ်နေကျပဲဟာ ... နီမာလည်း ညဆို အိပ်တာပဲမဟုတ်လား ... "

"ငါ အိပ်တာ အရေးမကြီးဘူး အပါ ... ဒီည အပါ မအိပ်ဖို့ အရေးကြီးတယ် ... "

"ဘာလို့လဲ ... "

"အပါတို့အိမ်ကို ဓားပြတိုက်မလို့တဲ့ ... "

"ဘာရယ် ... နီမာ ... "

"နီမာ အကောင်းပြောတာ ... အပါတို့အိမ်ကို ဒီည ဓားပြတိုက်လိမ့်မယ် ... "

"နင် အရူးပဲ နီမာ ... တွေ့ကရာတွေ လျှောက်ပြောနေတယ် ... "

နေ့ခင်းက နီမာ ပြောသည်ကို သတိရမိသည်။

ယခု တကယ်ပင် ကျွန်တော်တို့အိမ်ကို ဓားပြတိုက်နေပေပြီ။ နီမာ ပြောခဲ့သောစကားသည် မှန်နေလေပြီ။

နီမာ ပြောစဉ်က နီမာတစ်ယောက် ပေါက်တတ်ကရ အရူးစကားဟု ထင်ခဲ့မိသည်။

ဤသို့ ထင်စရာလည်း ရှိပါ၏။

နီမာသည် ကြောက်တတ်သည်၊ အသည်းငယ်တတ်သည်၊ တစ်ခါတလေ ညဘက် သူ့ ထမင်းလုံးတစ္ဆေခြောက် အိပ်



www.burmeseclassic.com

www.burmeseclassic.com



မက်မျိုး မက်လာပြီး နောက်နေ့တွင် ကျွန်တော့်အား သူ၏အိပ်မက်ကိုပင် အဟုတ်တကယ် ဖြစ်ခဲ့လေသည့်အဖြစ်မျိုးပုံစံ နီမာ ပြောတတ်သည်။

တစ်ခါတလေ နီမာနှင့် ကျွန်တော် ပြေးတမ်းလိုက်တမ်း ကစားကြသည်။ နီမာ ပြေးရမည့်အလှည့်၊ ကျွန်တော် လိုက်ရမည့်အလှည့်ကျလျှင် ကျွန်တော်က နီမာ အသည်းငယ် ကြောက်တတ်သည့်ကို အခွင့်အရေးယူသည်။ တကယ်ရှေ့မှ ပြေးနေသော နီမာ၏နောက်သို့ ကျွန်တော်က အပင်ပန်းခံ ပြေးမလိုက်ဘဲ၊ နီမာ့နောက်မှ လိုက်ဟန်ပြုကာ နီမာ ပြေးအားရှော့သွားစေရန် ...

"ဟေး ... ဝါး ... မိတော့မယ်ကွ ... မိတော့မယ် ... ဝူး ဝဲ ..."

စသည်ဖြင့် ကျွန်တော် ခြောက်လှန့်သံ ပြုသည်။ ညာသံပြုသည်။

ထိုအခါ နီမာ တကယ်မိတော့မည်ဟု ယူဆကာ ကြောက်လန့်စွာ ရပ်လိုက်သည်။ ကျွန်တော်က အလွယ်တကူပင် နီမာ့ကို ဖမ်းမိပါ၏။

ညက ... သူ အိပ်မက်မက်တာကို နောက်တစ်နေ့ ကျွန်တော့်ကို ပြန်ပြောပုံကိုပဲ ကြည့်လေ ... ။

"အပါရယ် ... နီမာ ကြောက်လိုက်တာ ... ညကလေ နီမာ





အိပ်မက် မက်တယ် ... နီမာ့နောက်ကို ဘီလူးကြီးတစ်ကောင်က အတင်းလိုက်ဖမ်းတယ် ... နီမာ မှန်နေအောင် ရှေ့ကပြေးတာပေါ့ ... မောလိုက်တာ အလွန်ပဲ ... နီမာက တအားပြေးနေတုန်း ဘီလူးကြီးက ကြောက်စရာကောင်းတဲ့ အသံကြီးနဲ့ ... မပြေးနဲ့ မိပြီ ... ဟူး ... ဟူး ... ဂဲ ... ဂဲ အသံကြီးပေးတယ် ... အဲဒီအသံကြောင့် နီမာ မျက်နှာကို လက်ဝါးအုပ်ပြီး ငိုချလိုက်တယ် ... ရပ်နေလိုက်တယ် ... ဒီတော့ ဘီလူးကြီးက နီမာ့ကို မိသွားတာပေါ့ ... နီမာ့ကို ဘီလူးကြီးက ပွေ့ချီလိုက်တယ် ... ဒါပေမဲ့ ဘီလူးကြီး ပွေ့ချီပုံက ကြမ်းကြမ်းကြီး မဟုတ်ဘူး ... ညင်ညင်သာသာလေး ပွေ့ချီတာမို့ ... နီမာ အကြောက်သက်သာပြီး ဘီလူးကြီးကို မျက်လုံးဖွင့်ကြည့်လိုက်တယ် ..."

နီမာသည် ထိုအကြောင်းပြောရင်း ပခုံးလေးတွန့်မျက်လုံးလေးပြူးနှင့် ကြောက်နေပုံပြောရာမှ ဘီလူးကြီးက သူ့ကို ညင်ညင်သာသာ ပွေ့ချီလိုက်သောစကားအရောက်တွင် နီမာ့မျက်နှာလေး ပြုံးသွားသည်။ ကြည်နူးသည့်အရိပ်အငွေ့တွေ သမ်းလာသည်။

နီမာ ထိုကဲ့သို့ ပြုံးပြီးရယ်ပြီဆိုလျှင် နီမာ၏ ခါးပြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ဝယ် ပါးချိုင့်လေးတစ်ခုသည် သိသိသာသာကြီးပင် ခွက်ဝင်သွားသည်။

ကျွန်တော်က ဘာမပြော ညာမပြော နီမာ၏ ပါးပြင် ပါးချိုင့်ခွက်လေးထဲသို့ ကျွန်တော်၏ လက်ညှိုးထိပ်လေး ထိုးထည့်လိုက်သည်။

ထိုရောအခါ နီမာက အပြုံးအရယ်ကို ရပ်လိုက်သည်။ သူမ အပြုံးအရယ်ရပ်ပြီး ပုံမှန်မျက်နှာ ပြန်ဖြစ်သွားသည်နှင့် ကျွန်တော် ထောက်ထားသော လက်ညှိုးမှာ ပါးချိုင့်ပါးခွက်ကို ထိုးထားသည်မဟုတ်တော့ဘဲ နီမာ၏ ရှိုးရှိုးပါးပြင်ကို လက်ညှိုးထောက်ထားသလိုသာ ပြန်ဖြစ်သွားသည်။

"ဒါ ... ဘာလုပ်တာလဲ အပါ ... "

"နီမာ့ပါးချိုင့်ခွက်ထဲ လက်ညှိုးထိုးထည့်တာလေ ... အဲဗျာ အခုတော့ ပါးမှာ ဘာမှမရှိတော့ဘူး ... "

ကျွန်တော်နှင့် နီမာ ရယ်မောကြသည်။ ပြီး ... နီမာက သူမ၏ အိပ်မက်အကြောင်းကို ဆက်ပြောသည်။

"အဲဒါပေါ့ အပါ ... ဘီလူးကြီးက နီမာ့ကို ပွေ့ထားတယ်ဆိုပေမဲ့ ကြမ်းကြမ်းတမ်းတမ်းကြီး မဟုတ်တော့ ... နီမာ မကြောက်တော့ဘူး ... ဒီတော့ နီမာ မျက်စိဖွင့်ကြည့်တယ်"

"အဲဒီတော့ ဘာမြင်ရပြန်ရောလဲ နီမာ ... "





ကျွန်တော်က နီမာ့အကြောင်း နှောကြွအောင် သိထားသူပီပီ နီမာပြောချင်တာ ဆက်ပြောနိုင်အောင် စကားထပ်ပြီး လမ်းခင်းပေးလိုက်သည်။

"နီမာ ဖွင့်ကြည့်လိုက်တော့ ဘီလူးကြီးရဲ့ အပေါ်ပိုင်းကိုယ်မှာ ဘာမှဝတ်မထားဘူး ... အဲဒီ ဘီလူးကြီးရင်ဘတ်မှာလေ ရင်ဘတ်မှာလေ ... လက်ဝဲဘက်ရင်ဘတ်မှာပေါ့ တြိဂံအမှတ်ကြီးနဲ့ ... အဲဒီတြိဂံအမှတ်ကြီးက အနီရောင် အပါ"

"တြိဂံအမှတ်ကြီးနဲ့ ဟုတ်လား ... "

ကျွန်တော် အထိတ်တလန့် ပြန်မေးလိုက်မိသည်။

အကြောင်းမှု ကျွန်တော်၏ လက်ဝဲဘက် ရင်ဘတ်ပေါ်တွင် မွေးကတည်းက ပါရှိသော တြိဂံအမှတ်အနီ ရှိနေသောကြောင့် ဖြစ်ပါ၏။

ပြောပြောဆိုဆို ကျွန်တော်က ကျွန်တော်သည် ရှပ်အင်္ကျီကို ကြယ်သီးတွေဖြုတ် ကျွန်တော့်လက်ဝဲရင်အုံမှ တြိဂံအမှတ်ကို ကြည့်မိသည်။

နီမာက ကျွန်တော်၏ အပြုအမူကိုကြည့်ကာ လက်ခုပ်လက်ဝါးလေးပင် တီးပြီး ခစ်ခစ်တက် ရယ်လိုက်ပေသည်။

"အဲ့ဒါပဲပေါ့ အပါ ... နီမာ အဲဒီတြိဂံအမှတ်နီကို ဘီလူးကြီးရင်ဘတ်မှာ တွေ့လိုက်တာနဲ့ ... ဒါ ဘီလူးကြီးမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



အပါပဲ ဖြစ်ရမယ်လို့ အောက်မေ့မိလိုက်တာနဲ့ ဘီလူးကြီးဟာ ... ဘီလူးကြီးမဟုတ်တော့ဘဲ အပါ ဖြစ်သွားပြန်ရော သိလား ... ဒီတော့ နီမာက မကြောက်တော့တဲ့အပြင် အပါ ပွေ့ထားတာ ပိုပြီးတောင် ပျော်လိုက်သေးတယ် အပါ"

ယင်းသို့ပင် နီမာသည် ပေါက်ကရ ပြောတတ်လွန်းသောကြောင့် ကျွန်တော်တို့အိမ် ယခုည ဓားပြတိုက်သည်ဟု နီမာ ပြောသောစကားကို အရူးမလေး၏စကားဟု ကျွန်တော် အလေးအနက်မထား နေလိုက်သည်။

သို့တစေ ... ယခု နီမာ၏စကား မှန်နေပေပြီ။ ကျွန်တော်တို့အိမ်ကို ဓားပြတိုက်နေလေပြီ။

"အပါရေ ... အပါ ... အပါ မင်းဘယ်မှာလဲ ... "

နှီးစည်းခြောက်ကို မီးရှို့ပြီး မီးတုတ်အရောင်တွေရော၊ လက်နှိပ်ဓာတ်မီးအရောင်တွေရော ပတ်လည်မြင်တွေ့ရလေမှ ကျွန်တော် ပုန်းအောင်းနေရာမှ ထွက်လာသည်။

ကျွန်တော်တို့ အရပ်ထဲက လူတွေဖြစ်ပါ၏။ သူတို့ထဲက လူကြီးတစ်ယောက်သည် ကျွန်တော်ထွက်လာသည်နှင့် ကျွန်တော့်ကို ပြေးလာပွေ့ချီလိုက်သည်။

"အပါရယ် ... မင်း ကံဆိုးလှချည်လားကွယ် ... "





ဟုလည်း ထိုလူကြီးက ငိုသံပါကြီးနှင့် ပြောသည်။ ကျန်သောလူတွေကလည်း ကျွန်တော့်ကို သနားကြင်နာကရုဏာမျက်လုံးအကြည့်တွေနှင့် ဝိုင်းကြည့်ကြသည်။

အကြောင်းမူ ဓားပြများလက်ချက်ဖြင့် ဖေဖေရော၊ မေမေရော ... ၊ ဦးလေးသာဆန်းရော သေသည်။ မိသားစုတွင် ကျွန်တော် ကလေးအရွယ်တစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။

ကျွန်တော် ငိုရင်း သတိလစ်သွားပါ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၂)

ကဝသည် မြို့တစ်မြို့ ဖြစ်သော်လည်း သွားရေးလာရေး ခက်ခဲလှသည်။

ရန်ကုန်–ပဲခူးလမ်းတွင် အင်းတကော်ကျေးရွာရှိသည်။ အင်းတကော်ရွာမှ အရှေ့ယွန်းယွန်းတက်သွားသော မော်တော်ကားလမ်းအတိုင်း ဆုံးသွားလျှင် ထုံးကြီးရွာသို့ရောက်သည်။ မော်တော်ကားလမ်းအဆုံး ထုံးကြီးရွာသည် ကဝချောင်းကြီး၏ ညာမှာဘက်ကမ်းထိပ်တွင် ဖြစ်ပါလေ၏။

ကဝချောင်းကြီးကို ကန့်လန့် ဟိုဘက်ကမ်း ကူးသွားလျှင် ကဝမြို့သို့ ရောက်ပေတော့သည်။

ထိုစဉ်က ကဝမြို့ကို ကြည့်ပါ။





ဝန်းဝန်းဝိုင်းဝိုင်း တည်ထားသော မြို့မဟုတ်၊ မြို့တန်းရှည်ကြီးဖြစ်သည်။ မြို့၏ ဟိုဘက်ထိပ်မှ ဒီဘက်ထိပ်သည် တစ်မျှော်တစ်ခေါ်ကြီးဖြစ်သည်။

ဘတ်(စ်)ကားမရှိ၊ ကဝမြို့တွင် ကိုယ်ပိုင်ကား ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ရှိသူများကလည်း ဟိုဘက်ကမ်းရှိ ထုံးကြီးမှာပင် ထားရှိသည်။ ပဲခူးကိုပဲသွားသွား၊ ရန်ကုန်ကိုပဲ သွားသွား၊ ထုံးကြီးမှ အင်းတကော်ကားလမ်းအတိုင်း ထွက်လာပြီးမှ လက်ဝဲဘက် ရန်ကုန်၊ လက်ယာဘက် ပဲခူးသို့ ဆက်သွားနိုင်သည်။

ကဝမြို့သို့ရောက်လျှင် ကူးတို့ဆိပ်မှ ကိုယ်သွားချင်ရာ ရပ်ကွက်အိမ်သို့ ခြေလျင်သွားလိုကသွား၊ သို့မဟုတ် ဆိုက်ကားဖြင့် သွားရသည်။

သို့သော် ... ကဝမြို့ကို အထင်မသေးပါနှင့်။

ဆန်စားသော လူတိုင်းအတွက် ကဝမြို့သည် အားထားရသောမြို့ဖြစ်သည်။ စပါးများစွာ ထွက်ပါ၏။ လယ်လုပ်သူတွေ များလှသည်။

ဒါတင် ကရှိုးတဲ့လား။

ကဝ၏ ဝန်းကျင်ကျေးလက်တို့တွင် မိုးကျပြီဆိုပါက ပထဝီအနေအထားအရ သဘာဝ ချောင်း၊ မြောင်း၊ အင်း၊ အိုင်တွေ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးတွေ ပုစွန်တွေ ပေါ်မှပေါ် ... ။

ငါးစိမ်း ပုစွန်စိမ်းတွေကို ရောင်းဝယ်ကြသည်။ ရောင်းမကုန် သို့မဟုတ် လုပ်ငန်းသဘောအရ ငါးပိ၊ ငါးခြောက်၊ ငါးချဉ်လုပ်ငန်းတွေ လုပ်ကြသည်။

ကျေးလက်များတွင် အင်းကြီးတွေ ပေါ်လာပြီဆိုလျှင် အင်းထဲမှ ငါးတွေ ပုစွန်တွေ ဖမ်းယူရေးအတွက် သက်ဆိုင်ရာတွင် အင်းကို လေလံစနစ်ဖြင့် ဆွဲယူကြရသည်။

ယခု ... ဖေဖေ မေမေ ဦးလေးသာဆန်းတို့ အသတ်ခံရခြင်းမှာ အင်း လေလံကိစ္စနှင့် နွယ်နေသည်ဟု ရဲစခန်းမှူးက ထင်မြင်ချက်ပေးသည်။

ဓားပြသုံးယောက်စလုံးကို မမိလိုက်။

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းကို အသေ သေနတ်နှင့် ပစ်သတ်ပြီးနောက် ဖေဖေ့အဝတ်ဗီရိုထဲမှ ငွေတွေကို ဓားပြတွေ ယူသွားကြသည်။

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်းနှင့် ဓားပြတိုက်ခံရကြောင်းကို ရဲစခန်းမှူးက ကျွန်တော့်ကို မေးမြန်းလေမှ အင်းလေလံနှင့် ပတ်သက်ကြောင်း ကျွန်တော် အရွယ်ရောက် ကြီးပြင်းလာလေမှ ကိုယ့်ဟာကိုယ် ဆက်စပ်တွေးဆနိုင်ပေသည်။

ကဝမြို့၏ ရဲစခန်းသည် မြို့၏ဟိုဘက်စွန်းတွင် တည်





ရှိသည်။ ကျွန်တော့်ကို ရဲစခန်းမှူးက ခေါ်ယူထားသည်။ ထမင်းကျွေး၊ ကော်ဖီတိုက်၊ မုန့်ကျွေးရှာပေသည်။ ကျွန်တော်၏ မိသားစုတွင် လူမမယ်ကလေးအရွယ် တစ်ဦးတည်း ကျန်ခဲ့သည့် ကျွန်တော့်အား ဓားပြတွေက ထပ်မံ၍ သတ်မည်စိုးရိမ်သောကြောင့် ရဲစခန်းတွင် ကျွန်တော့်အား ခေါ်ထားခြင်း ဖြစ်ပေသည်။

နောက်ပြီး စခန်းမှူးက ကျွန်တော့်ကို မှန်မှန်ပြောနော်ဟု ပြောပြီး မေးခွန်းတွေ မေးမြန်းသည်။

"အပေါ့ကို ဦးလေး မေးမယ်နော် ... အပါက သိရင်ပြော၊ မသိရင် မသိဘူးလို့ပဲ ပြော ... အပါ သိတာတွေကျတော့ အားလုံး အမှန်အတိုင်း အမြင်အတိုင်းပြောနော် ... "

ကျွန်တော် ခေါင်းညိတ်ပြပါ၏။

"ပထမဆုံး ဓားပြတိုက်တဲ့ညက အပါမြင်တာတွေ အားလုံး ပြောပြကွာ ... "

ကျွန်တော်က မြင်သမျှအားလုံး ပြောပါ၏။ ဓားပြသုံးယောက်အကြောင်း ပြောပြသည်။ ဖေဖေက နောက်ဆုံးငှက်ကြီးတောင်ဓား အဆွဲတွင် ဓားပြခေါင်းဆောင်ကြီးက ဖေဖေ့ကို သေနတ်နှင့် ပစ်ချိန်မှာပင် အပါ ထွက်ပြေးခဲ့ကြောင်း၊ တပည့်ဖြစ်သော ဓားပြနှစ်ယောက် အပါနောက်သို့လိုက်ကြောင်းတွေ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပါ ထွက်ပြေးတော့ သေနတ်ရှည်ကြီးကိုင်ထားတဲ့ ဓားပြခေါင်းဆောင်က ... ဟို ... ခွေးသားလေး အပ့ါကို လိုက်ဖမ်းကြလို့ပြောတာ သေချာတယ်နော် ... "

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ဒါဆို လာတိုက်တဲ့ ဓားပြခေါင်းဆောင်ဟာ အပ့ါကို အပါမှန်း သိနေလို့ပေါ့ ... "

ထိုစဉ်က ... စခန်းမှူးကြီး ပြောသောစကားကို ကျွန်တော် ဘာဆိုလိုမှန်းမသိ၊ လူဆိုးခေါင်းဆောင်ကြီးက ကျွန်တော့် အမည် အပါမှန်း သိနေခြင်းသည် မည်သို့ လေးနက်မှန်း ကျွန်တော် မသိခဲ့။

"နောက်တစ်ခု ဆက်ဖြေပါဦး အပါ ... အပ့ါဖေဖေရဲ့ အဝတ်ဗီရိုထဲမှာ ငွေတွေ ဘယ်လောက်အများကြီးရှိသလဲ ... အပါက ကျောင်းမှာ လေးတန်းတောင် ရောက်နေပြီဆိုတော့ ငါးကျပ်တန်ထုပ် ... တစ်ဆယ်တန်ထုပ် ... ငါးဆယ်တန်၊ တစ်ရာတန်ထုပ်တွေကို သိမှာပေါ့ ... "

"အများကြီးပဲ ဦးလေး ... ဒါပေမဲ့ ဖေဖေက ငွေထုပ်တွေကို အားလုံး စုပုံမထားဘူး ... တစ်ပုံစီ ငွေထုပ်ပုံတွေ ခွဲထားတယ် ... "

"ဘယ်လို တစ်ပုံစီ ခွဲထားတာလဲ အပါ ... "





"ဒါက ... ဖ.ဆ.ပ.လ ရန်ပုံငွေ တစ်ပုံ ... ဟောဒါက ဗ.တ.လ.စ ရန်ပုံငွေ အပုံ ... ဟောဒါက အင်းလေလံချပေးမဲ့ လူတွေကို ပေးဖို့ တစ်ပုံ ... အဲ ... နောက်ဆုံးအပုံကတော့ ငွေထုပ်တွေ အများကြီးပဲ ... ရာတန် ... ငါးဆယ်တန် အထုပ်တွေ ... အဲဒါကျတော့ အင်းလေလံဆွဲဖို့ အပုံလို့ ပြောတယ် ဦးလေး ... "

ရဲစခန်းမှူးသည် ကျွန်တော်၏ စကားအဆုံးတွင် ကုလားထိုင် ကျောမှီကို အားရပါးရ မှီချလိုက်ပြီး ဟင်းခနဲ သက်ပြင်းချပေသည်။ ပြီး ... သူ့ဟာသူ ညည်းညည်းတွားတွား ပြောလိုက်ပေသည်။

"အင်းပေါ့ကွာ ... နောက်တစ်ပတ်ဆိုရင် မြို့ပိုင်ရုံးမှာ အင်းလေလံ အပြိုင်ဆွဲကြတော့မှာကိုး ... အင်းလေလံပွဲမှာ အပါတို့ ဖေဖေက အနိုင်ရမှာ သေချာတာမို့ ... လေလံရက်မတိုင်ခင် ဓားပြဝင်တိုက်လိုက်တယ် ... တိုက်တုန်းကတော့ အဲဒီငွေတွေကို လိုချင်လို့ရယ် ... ငွေတွေမရှိရင် အပါတို့ ဖေဖေ အင်းလေလံ မဆွဲနိုင်ဖို့ရယ်ဆိုတဲ့ တွက်ကိန်းဖြစ်မှာပါ ... ဒါပေမဲ့ အပါရဲ့ ဖေဖေက ငှက်ကြီးတောင်ဓားဆွဲပြီး ခုခံမယ်လုပ်တာကြောင့် သေနတ်နဲ့ပစ်လိုက်တယ် ... တစ်ခါ ထပ်ပြီး ခွေးကောင်လေ့ အပါကို လိုက်ဖမ်းကြလို့ အော်



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ သူ့အသံကို အပါတို့ မိသားစု ကျက်မိနိုင်တာ ရယ် ... အပါ့ကို အပါမှန်း သိနေတဲ့ ဓားပြမို့ သူတို့ ဘယ်သူ ဘယ်ဝါတွေဆိုတာ အပါ့မေမေနဲ့ ဦးလေးသာဆန်း သိသွား ပြီဆိုပြီး ... အားလုံး အသေသတ် နှုတ်ပိတ်လိုက်တာ ဖြစ် နိုင်တာပေါ့ ... အဲ ... အပါကရော ခွေးသားလေး အပါ့ကို လိုက်ဖမ်းစမ်းလို့ ပြောတဲ့ ဓားပြခေါင်းဆောင်ရဲ့အသံဟာ ဘယ်သူရဲ့အသံဆိုတာ မသိဘူးလားကွာ ... တို့ ကဝမြို့က ဘယ်သူ့အသံ ဖြစ်နိုင်လဲ ... "

ကျွန်တော် ဦးခေါင်းခါပြသည်။

တကယ်ပင် ဘယ်သူ့အသံမှန်း ကျွန်တော် မသိပါ။

"အင်းပေါ့လေ ... လူကြီးတွေရဲ့ အသံတိုင်းကို အပါက ဘယ် သိနိုင်မှာလဲ ... နောက်ပြီး အဲဒီအချိန်မှာ အပါ သိပ်ကြောက် သိပ်လန့်နေမှာပေါ့လေ ... "

ဟု ရဲစခန်းမှူးကြီးက မှတ်ချက်ချလေတော့သည်။

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်း သုံးလောင်းပြိုင် အသုဘချမည့် သုံးရက်မြောက်နေ့မှာပင် ဖေဖေ၏ ညီအရင်းဆိုသူ ဦးလေး ဟန်စိန် ရောက်လာသည်။

ဓားပြတိုက်ခံရပြီး ဖေဖေနှင့် မေမေ ဆုံးသွားပြီးနှင့် ကျွန်တော်တို့ တက်တက်ပြောင် မွဲသွားသည်ဟု လူကြီးတွေပြောသံ





ကျွန်တော် ကြားရသည်။ ဖေဖေ မေမေတို့ ဈာပနာကိစ္စ သင်္ဂြိုဟ်ဖို့ ကိစ္စအတွက်ပင် အရပ်လူကြီးတွေက အလှူငွေကောက်ခံ၍သည်ဟု လည်း ပြောသံတွေ ကျွန်တော် ကြားရသည်။

ထိုစဉ်မှာပင် ဦးလေးဟန်စိန် ရောက်လာပြီး ငွေ ကြေးကိစ္စအားလုံး တာဝန်ယူသဖြင့် ဈာပနကိစ္စမှအစ အရာရာတွင် အဆင်ပြေသွားရုံမက ကဝမြို့တွင် ဟိုးလေးတကျော် ဖြစ်သွားရပါ၏။

"ကောက်ခံရရှိထားတဲ့ အလှူငွေတွေကို တခြားရပ်ရေး ရွာရေးတွေမှာ သုံးပါ ... ကျွန်တော့်အစ်ကို ကျွန်တော့်မရီး နဲ့ ဦးသာဆန်းကိစ္စတွေအားလုံး ကျွန်တော် တာဝန်ယူပါ တယ် ... "

ဟု ဆိုပြီး ဦးလေးဟန်စိန်က ငွေစက္ကူအထပ်လိုက် အသုံးပြုတော့သည်။

ဦးလေးဟန်စိန် ငွေကို ရေလိုသုံးသွားသည်။ ရက် လည်ဆွမ်းကျွေးသည့်နေ့က ဝက်တစ်ကောင်လုံး၊ ကြက်ကောင်ရေ အကန့်အသတ်မထား၊ တစ်မြို့လုံးနှင့် သံဃာအပါးတစ်ရာကို ဆွမ်း ကျွေးသည်။

ထိုစဉ်က ကဝမြို့တွင် ဘုန်းကြီးကျောင်း(၄)ကျောင်း ရှိခဲ့ထင်သည်။ ထိုလေးကျောင်းမှ ကိုရင်၊ ကပ္ပိယ မကျန် ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးအားလုံးကို မင့်ဖိတ်ဆွမ်းကျွေးခြင်းပင်။ သံဃာတော်တစ်ပါးလျှင် ဦးလေးဟာန်စိန်က ငွေတစ်ဆယ်ကျပ် ဝတ္ထုကပ်လိုက်သေးသည်။

ဖေဖေ၊ မေမေနှင့် ဦးလေးသာဆန်း အုတ်ဂူလှလှခိုင်ခိုင်ခမ်းနားနား တည်ဆောက်စေသည်။

ကဝမြို့တွင် ပြောစမှတ်ပြုစေသော ဖေဖေ၊ မေမေတို့၏ ရှာပနပါတည်း။

ဦးလေးဟာန်စိန်က ကြွရောက်လာသူတွေကို ရှင်းပြလိုက်သေးသည်။

"အစ်ကိုညာဏ်က တံငါကိုးဗျ ... အကုသိုလ်များခဲ့တယ် ... ဒါကြောင့် ကောင်းရာသုဂတိ လားနိုင်အောင် ကျွန်တော်အစွမ်းကုန် ကုသိုလ်ပြုပေးတာ ..."

ဖေဖေ၏အမည်မှာ ဦးညာဏ်ထိန် ဖြစ်ပါ၏။ ဦးလေးဟာန်စိန်က ဖေဖေ့ညီအရင်းမို့ ဖေဖေ့ကို အစ်ကိုညာဏ်ဟု ခေါ်ခြင်းဖြစ်ပေမည်။

"ကျွန်တော်တို့ အမျိုးဆက်တွေက 'ရွှေ'အမျိုးဆက်တွေဗျ။ ဆွေမျိုးတွေအားလုံး မန္တလေးမှာ ... ရွှေဆိုင်လုပ်ငန်း၊ ရွှေပန်းတိမ်လုပ်ငန်း လုပ်သူတွေချည်းပဲ ... အစ်ကိုညာဏ်တစ်ယောက်သာ ... ကဝမြို့သူကို ယူပြီး တံငါဖြစ်သွားတာ၊





ဒါကြောင့်လည်း အစ်ကိုညာဏ်နဲ့ ကျုပ်တို့ အမျိုးပြတ်သွားတာ ..."

ဖေဖေ့အား "တံငါ ... တံငါ"ဟု ဦးလေးဟာန်စိန် ပြောပုံကို ရပ်ကွက်လူကြီးတွေက မနှစ်ချိုက်လှ။

ဒေသတစ်ခုတွင် ပထမဝီအနေအထားအရ သင့်သောလုပ်ငန်းကို မည်သူမဆို လုပ်ဆောင်ကြသည်သာ။ ကဝမြို့၏ ပထဝီအနေအထားအရ လယ်စိုက်ခြင်း အဓိကဖြစ်သော်လည်း ငွေကြေးချမ်းသာသူတချို့ အင်းလုပ်ငန်း လုပ်သည်မှာ သူ့သဘာဝနှင့်သူ ဖြစ်ပေသည်။

ဒါကို ဦးလေးဟာန်စိန်က သဘောမပေါက်ခြင်းဟုသာ လူကြီးတွေက ယူဆလိုက်သည်။

ကဝမြို့သူမြို့သားတွေက ယဉ်ကျေးပေသည်။ ဦးလေးဟာန်စိန်သည် ကဝမြို့တွင် မျက်နှာစိမ်းသက်သက် ဧည့်သည်ဖြစ်နေသည်အတွက်ရော ... ကွယ်လွန်သွားသော ဖေဖေနှင့် မေမေ၏ မျက်နှာထောက်၍ရော လူကြီးတွေက ဦးလေးဟာန်စိန်၏ အပြောကို မနှစ်မြို့က်သော်လည်း ဇွေမယူပေ။ ခွင့်လွှတ်ကြပါ၏။

ပြောလို့သာ ပြောသည်၊

ဦးလေးဟာန်စိန်က စကားကို မဆင်မခြင် ပြောသော်လည်း လက်ကျတော့ ပါသည်။ လတ်တလော ရှာပနအတွ



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူကိစ္စ တစ်မြို့လုံး ဆွမ်းဖိတ်ကျွေးကိစ္စ၊ သံဃာတော်များအား အလှူငွေကိစ္စများ စုစုပေါင်း ကာလတန်ကြေး ငွေတစ်သောင်းခွဲလောက် အကုန်ခံလိုက်သည်။ ကဝလိုမြို့တွင် ငွေတစ်သောင်းခွဲဆိုသည်မှာ မြေဝယ်ပြီး တစ်ထပ်တိုက်လေး ဆောက်နိုင်လောက်ပါ၏။

ဒီတော့လည်း နာရေးကိစ္စလည်း ဖြစ်နေချိန်မို့ မြို့ခံလူကြီးတွေက ဦးလေးဟာန်စိန်အား သူ့အစ်ကို သေဆုံးရခြင်းအတွက် ကရုဏာဒေါသော အပြောများ အဆိုများခြင်းသာဟုသာ မှတ်ယူလိုက်ကြသည်။

ရက်လည်ဆွမ်းကျွေးပြီး နောက်နေ့မှာပင် ဦးလေးဟာန်စိန်က ကျွန်တော့်ကို ပြောသည်။ မေးသည်။ မြို့ရပ်ကွက်လူကြီးတွေ အားလုံးရှေ့တွင် ဖြစ်ပါ၏။

"ကဲ အပါ ... နက်ဖြန်ဆိုရင်တော့ ဦးလေး မန္တလေးပြန်ရမယ် ... အပ့ါကို ခေါ်သွားရမယ် ... ဒီတော့ ... ဒီကာဝမှာ ကျန်ခဲ့တဲ့ အပါတို့ရဲ့ နှစ်ထပ်ပျဥ်ထောင်အိမ်ကြီးကို အပါ ဘာလုပ်ပေးစေချင်လဲ ... ပြော ... ဘာလို့လဲဆိုတော့ ဒီအိမ်နဲ့ဒီခြံဟာ အပါရဲ့ အမွေဆက်ခံမှု ဖြစ်နေလို့ပဲ ..."

ကျွန်တော် မဖြေတတ်ပါ။ (၉)နှစ်သားအရွယ် လေး





တန်းကျောင်းသားမျှသာရှိသော ကျွန်တော် ဒီမေးခွန်းကို ဘယ်ဖြေတတ်မည်နည်း။

"ဟဲ ... ဟဲ ... ဟဲ ..."

အရပ်လူကြီးတစ်ဦးက ရယ်သွမ်းသွေးလိုက်ပြီး ဝင်ပြောသည်။

"ဒီလောက်ကိစ္စကြီးကို အပါက ကလေးပဲဟာ ... ဘယ်ပြောတတ်မှာပဲ ဦးဟာန်စိန် ... ကျုပ် အကောင်းဆုံး အကြံဉာဏ်ပေးပါ့မယ် ... ဒီ ဦးဉာဏ်ထိန်ရဲ့ ခြံနဲ့အိမ်ကြီးကို ရောင်းလိုက်ပေါ့ ... ဒီအရောင်းအဝယ်ကိစ္စ ချက်ချင်းဖြစ်သွားအောင် ကျုပ်ကပဲ ကူညီပါ့မယ် ... ကျုပ် ဒီခြံနဲ့ ဒီအိမ်ကို ငွေခြောက်ထောင်နဲ့ ဝယ်လိုက်မယ်လေ ... ဒါ ကူညီတဲ့ သဘောသက်သက်ပါ ... အဲဒီ ငွေခြောက်ထောင်ဟာ အပါရဲ့ ရှေ့ရေး ပညာရေးတွေမှာ အသုံးပြုနိုင်အောင်ပါ ... ဘယ့်နှယ်လဲ ဦးဟာန်စိန် ..."

"ဟုတ်ကဲ့ ... ဒီလို ကူညီချင်စိတ်ကို ကျေးဇူးတင်တယ်ပေါ့ဗျာ ... ဒါပေမဲ့ အစ်ကိုဉာဏ်ရဲ့ အိမ်နဲ့ခြံကို တစ်သောင်းပေးလည်း ကျွန်တော်ရဲ့သဘောကတော့ မရောင်းဘူး ..."

"ဗျာ ..."

ငွေခြောက်ထောင်နှင့် လက်ငင်းပေးဝယ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကူညီတာပါဟု ပြောသော ပုဂ္ဂိုလ်ကြီးသည် ဦးဟန်စိန်စကားကြောင့် ‘ဗျာ’ခနဲ အာမေဍိတ်သံ ထွက်သွားသည်။

“ကျွန်တော်ဆိုလိုတာ ဒီလိုပါ ... အပါရဲ့ အမွေဖြစ်တဲ့ ဒီအိမ်ကြီးကို အပါက ဆက်ပြီး ပိတ်ထားခဲ့မလားလို့ မေးတဲ့သဘောပါ ... အပါရဲ့ ရှေ့ရေးပညာရေးအတွက် ဘာငွေကြေးမှ တစ်ပြားတောင် အကူအညီမလိုပါဘူး ...”

“ဟုတ်ပေသပေါ့ ... ဟုတ်ပေသပေါ့ ... ဦးဟန်စိန်တို့က လူချမ်းသာတွေပဲဟာ ...”

ငွေခြောက်ထောင်နှင့် ခြံနှင့်အိမ်ကြီးကို အချောင်ဝင်နိုက်သော ပုဂ္ဂိုလ်ကြီးမှာ အရှက်ပြေ ဟုတ်ပေသပေါ့ ပြောရတော့သည်။

“ကျွန်တော်က ချမ်းသာတာကို အကြောင်းပြုပြောတာ မဟုတ်ပါဘူး ခင်ဗျ ... အစ်ကိုညဏ်ဟာ ကဝသူကို ယူပြီး မန္တလေးကို စွန့်ခွာသွားတာ ဆယ်နှစ်ကျော်သွားပါပြီ ... ကျွန်တော့်တို့ရဲ့ မိဘတွေရော ... ဆွေမျိုးညီအစ်ကို မောင်နှမတွေကရော ... အစ်ကိုညဏ် လုပ်သွားချက်ကို မနှစ်သက်လို့ အဆက်ဖြတ်ထားကြတာပါ ... အဲ ... ကျုပ်တို့မိဘများ ဆုံးသွားတော့ အမွေခွဲကြတဲ့အထဲမှာ အစ်ကိုညဏ်ရဲ့ ခံစားခွင့်အမွေဟာ နှစ်သိန်းခွဲ ရှိပါတယ် ...”





“ဟယ် ... နှစ်သိန်းခွဲကြီးတောင်တဲ့ ...”

လူကြီးတွေ ‘ဟယ်’ခနဲ ဖြစ်သွားပါ၏။

“ဟုတ်ကဲ့ ... အခု အစ်ကိုညဏ် ဆုံးသွားတော့ အဲဒီနှစ်သိန်းခွဲအမွေဟာ အစ်ကိုညဏ်ရဲ့ တစ်ဦးတည်းသောသား အပါဆက်ခံရမှာပါ ... ဒါကြောင့်လည်း ဒီကဝက အပါရဲ့ အမွေ ဒီအိမ်နဲ့ ဒီခြံကို အပါ ဘာလုပ်ချင်သလဲလို့ မေးတာပါ ...”

ကဝမြို့တွင် အသက်အရွယ်အကြီးဆုံးနှင့် အများကြည်ညိုလေးစားသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ဝင်၍ အကြံပေးပြောကြားလိုက်သည်။

“အပါက ... တကယ့် ကလေးအရွယ်ပဲကွယ့် ... ဒီအိမ်ကြီးရောင်းရတဲ့ငွေတွေကိုကော သူ ဘာလုပ်တတ်မှာတဲ့လဲ ... အပါနဲ့ ပတ်သက်သမျှ ဘာကိစ္စမဆို ဦးလေးရင်းဖြစ်တဲ့ မောင်ဟန်စိန်ကပဲ ဆောင်ကျဉ်းရမှာပဲဟာ ... ဒီတော့ ကျုပ်အမြင်အတိုင်းပြောရရင် အားလုံး လူကြီးတွေရှေ့မှာပဲ အပါရဲ့ ဦးလေးရင်း မောင်ဟန်စိန်ပဲ ဒီအိမ်ကြီးနဲ့ ဒီခြံကို ဘာလုပ်မယ်လို့ ဆုံးဖြတ်လိုက်ပါလားကွယ် ... ဒါဟာ အလျော်ကန်ဆုံး ဖြစ်မှာပါ ...”

“ဟုတ်ကဲ့ပါ အဘ ...”

ဦးဟန်စိန်က မတ်တတ်ရပ်ပြီး မြို့လူကြီးတွေကို ခါး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း အရှိအသေပေးပြီး အများကြားအောင် ပြောလိုက်သည်။

"ကျွန်တော် ... အစ်ကိုညာဏ်ရဲ့ ညီရင်း အပါရဲ့ ဦးလေးရင်း အနေနဲ့ ဒီအိမ်နဲ့ ဒီခြံကို ကြိုက်သလို လုပ်ပိုင်ခွင့်ပေးတဲ့ အဘကအစ မြို့လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ် ... ဒါထက် အဘကိုပဲ ကျွန်တော် မေးပါရစေ ... ဒီ ကဝမြို့မှာ ဆွမ်းကွမ်းနဲ့ ကျောင်းသင်္ခမ်း အချို့တဲ့ဆုံးကျောင်းဟာ ဘယ်ကျောင်းပါလဲ ခင်ဗျာ ... "

အဘက နှုတ်ဆွံ့ခြင်းမရှိ ချက်ချင်း ဖြေလိုက်သည်။

"ဟဲ ... ဒါဆိုရင်တော့ တို့မြောက်ကျောင်းက ရှင်အာဒိစ္စ ကိုယ်တော်ရဲ့ ကျောင်းဟာ အချို့တဲ့ဆုံးပေါ့ ... ကိုယ်တော်ခမျာ စာသင်သားတွေ လက်ခံထားပြီး ဆွမ်းမလောက်၊ ကွမ်းမလောက် ကျောင်းသင်္ခမ်း မလုံမလောက်နဲ့ အခက်ကြုံနေတာပဲ ... "

အဘ၏ စကားကို အခြားလူကြီးတွေအားလုံးက တညီတညွတ်တည်း ဝိုင်းထောက်ခံ ခေါင်းညိတ်ကြသည်။

"ဒါဆိုရင်တော့ ... ဟောဒီ အစ်ကိုညာဏ်ရဲ့ခြံနဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို အဘပြောတဲ့ မြောက်ကျောင်းက ရှင်အာဒိစ္စ ဆရာတော်ကိုပဲ အားလုံး ရေစက်ချလှူပါ့မယ် ... အိမ်ထဲမှာ ရှိနေတဲ့ ပရိဘောဂကစပြီး အားလုံးကိုပေါ့ အဘ





အိမ်ထဲမှာ သံဃာတော်နဲ့ မအပ်စပ်တဲ့ ပစ္စည်းတွေ ရှိနေရင်လည်း ရှင်အာဒိစ္စ ဆရာတော်သဘောအလျောက် ... ပေးကမ်းစွန့်ကြဲမှု ပြုပါလေတော့ အဘ ... "

ဦးလေးဟန်စိန်က ယင်းသို့ပင် အပြတ်လှူလိုက်ပါလေ၏။

ဦးလေးဟန်စိန်သည် အပြောဆိုးသော်လည်း စေတနာ တကယ်မဆိုးသောသူပါပေ။

ကိစ္စတွေအားလုံး ကဝတွင် ပြီးမြောက်သောအခါ ကျွန်တော်သည် ဦးလေးဟန်စိန်၏ ငြိမ့်နေသော မော်တော်ကားဖြင့် မန္တလေးမြို့သို့ လိုက်ပါသွားရပေတော့သည်။

ဤသည်ပင် ကျွန်တော်၏ဘဝ အပြောင်းအလဲ ဖြစ်ပါ၏။

ကဝမြို့ကို ကျွန်တော် လွမ်းပါ၏။

ဖေဖေ့ကို လွမ်းပါ၏။

မေမေ့ကို လွမ်းပါ၏။

ဦးလေသာဆန်းကို လွမ်းပါ၏။

ထိုသို့သော အလွမ်းတွေထဲတွင် ... 'နီမာ'ကိုလည်း ကျွန်တော် လွမ်းလှပါ၏။

နီမာနှင့် ပတ်သက်၍ ကျွန်တော် ကဝမှ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်လာသည်အထိ အလွန်အံ့ဩသော အချက်တစ်ချက် ရှိနေသည်။

နီမာသည် ၎င်းနေ့ခင်းပိုင်းကတည်းက ၎င်းညတွင် ကျွန်တော်တို့အိမ်ကို ဓားပြတိုက်မည်မှန်း သိနေသည်။ တင်ကြို သိနေသည်ဆိုပါတော့။

သို့သော် ...

ကျွန်တော်သည် ရဲစခန်းမှူးကြီးကို ပြောပြသည့်အထဲတွင် ယခုလို နီမာက တင်ကြိုသိနေသည်ဆိုသည့်အချက်ကို စခန်းမှူးကြီးအား ကျွန်တော်မပြောဘဲ ချန်လှပ်ထားခဲ့သည်။

အဘယ်ကြောင့် ကျွန်တော်က မပြောဘဲ ချန်လှပ်ထားခဲ့သနည်း။

ကျွန်တော့်တွင် သောကတွေ အရွယ်နှင့်မလိုက်အောင် ပူဆွေးနေသောကြောင့် စခန်းမှူးကြီးအား ထိုအကြောင်းပြောပြရန် မေ့လျော့သွားခြင်းပေလား ... ။

မဟုတ်ရေးချ မဟုတ်။ ဒါကို ကျွန်တော် မမေ့ရေးချ မမေ့ပါ။

ထိုစဉ်က ကျွန်တော့်တွင် စိတ်ကူးနှစ်ခု ရှိခဲ့သည်။ ထိုစိတ်ကူးနှစ်ခုကြောင့် စခန်းမှူးကြီးကို တမင်ဖွင့်မပြောခြင်း ဖြစ်ပါ၏။





ပထမတစ်ခုက နီမာ့ကို ကျွန်တော် ပြန်တွေ့မှ အဲဒါ ဓားပြတိုက်မယ်မှန်း နီမာ တင်ကြိုပြီး ဘာလို့သိသလဲဟု ကျွန်တော်ကိုယ်တိုင် မေးချင်သည်။

ဒုတိယတစ်ခုမှာ နီမာ တင်ကြိုသိနေကြောင်း ရဲစခန်းမှူးကြီးကို ဖွင့်ပြောလိုက်ပါက စခန်းမှူးကြီးက နီမာ့ကို ခေါ်ယူရိုက်နှက် စစ်ဆေးမေးမြန်းမည်ကို ကျွန်တော် စိုးရိမ်မိသည်။ ထိုစဉ်က နီမာ့အပေါ် ကျွန်တော် ငဲ့ညှာလိုက်ခြင်း ဖြစ်ပါလေ၏။

ထိုစဉ်ကတည်းက ကလေးအရွယ်မှာပင် ကျွန်တော့်အတွေးတို့သည် နီမာ့အပေါ် ကလေးဆန်စွာ စိုးရိမ်ပူပန်ပြီး ရှေ့နေခြင်းသာ ဖြစ်ခဲ့သည်။

ဪ ... သံယောဇဉ်ဆိုသည်က အပ်ချည်တစ်မျှင်စလောက် ချည်နှောင်မိသည်ပင်လျှင် တွယ်တာခြင်း၊ ငဲ့ညှာခြင်း၊ စိုးရိမ်ပူပန်ခြင်းတွေ ရှိတတ်ပါလေလား။

ဤသည်တို့မှာ ကျွန်တော် (၉)နှစ်သားအရွယ်က ဖြစ်ရပ်တွေပါတကား ... ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၃)

သူသည် ဘီအက်(စ်)အေ မော်တော်ဆိုင်ကယ်ကြီး စီးလာသည်။ ၂၅၀ စီစီ အိပ်ဇောနှစ်လုံး၊ ဆိုင်ကယ်တာယာတွေက ပန်းတာယာမဟုတ်၊ အတုံးအတစ်တာယာတွေ ဖြစ်သည်။

ဆိုင်ကယ်က တောစီးဆိုင်ကယ် ခရီးကြမ်းစီး ဆိုင်ကယ် အမျိုးအစားဖြစ်သည်။

ထိုဆိုင်ကယ်ကြီးကို ခွစီးလာသော သူကိုကြည့်ပါလေဦး ... ။

ထိုဆိုင်ကယ် ကြမ်းကြီးနှင့် သူနှင့် လိုက်ဘက်လှသည်။

သူက အရပ်တောင်မောင်းသည်။ အနည်းဆုံး ငါးပေ ရှစ်လက်မရှိမည်။ လက်မောင်း မာဆယ်အိုးတွေ ဖုထစ်နေ





သည်။ ဆိုင်ကယ်ကို ခွထားသော သူ၏ပေါင်တံတွေ၏ တောင့်တင်းကျစ်လျစ်မှုက ခွစီးထားသောကြောင့် သိသာပေါ်လွင်သည်။ သူ၏ ခြေတံလက်တံသည် သူ၏ အရပ်အမောင်းနှင့် အချိုးကျလိုက်ဘက်စွာ ရှိနေသည်။

ထိုစဉ်က မော်တော်ဆိုင်ကယ်စီးလျှင် ဖိုက်ဘာဦးထုပ် ဆောင်းရမည်ဆိုသည့် အမိန့်မရှိသေး။ ဆိုင်ကယ်စီးသူ ဦးထုပ်ဆောင်းချင်ဆောင်း မဆောင်းချင်နေ ... ။

သူ ဘာဦးထုပ်မှ မဆောင်း။ သူ၏ ဆံပင်သည် အုံကောင်းမည်းနက်ပြီး လှိုင်းထနေသည်။ သူ တပ်ဆင်ထားသော နေကာမျက်မှန်မှာ အညိုရောင်သမ်းသော မှန်အကြည်စားမို့ သူ၏ မျက်ခုံး မျက်လုံးတို့ကို တွေ့မြင်နေရသည်။

လူက လူချော။ ပြီး ယောက်ျားပီသသည်။ အရွယ်အားဖြင့်လည်း နုပျိုသည်။ တက်ထရက်(စ်)ဘောင်းဘီအနက်၊ သားရေဂျာကင်အနက် ဝတ်ဆင်ထားသည်။

သူ ဆိုင်ကယ်စီးကြမ်းသည်။

အင်းတကော်မှ ထုံးကြီးသည် ကားလမ်းဖြစ်စေကာမူ လမ်းမချော၊ ချိုင့်ခွက်တွေ ဖုထစ်တွေရှိသည်။

သို့စဉ်လျက် ဆိုင်ကယ်အရှိန်ကို သူ မလျှော့။ ချိုင့်ခွက်တွေ့လျှင် ရှောင်ကွေ့သည်။ ဖုထစ်တွေ့လျှင် ရှောင်ကွေ့သည်။ အရှိန်ကိုတော့ မလျှော့ ... ။



www.burmeseclassic.com

www.burmeseclassic.com



သူ တရကြမ်း မော်တော်ဆိုင်ကယ်စီး ဝင်လာသည်ကို ကဝဘက်ကမ်းသို့ကူးမည့် ခရီးသည်တွေက ကူးတို့သမ္ဗန်ကို စောင့်ရင်း သူ တရကြမ်း မောင်းဝင်လာသည်ကို ဝိုင်းကြည့်ကြသည်။

ကြည့်၍ကောင်းသောကြောင့် ဝိုင်းကြည့်ခြင်း ဖြစ်ပါ၏။

ကျွိခနဲနေအောင် မော်တော်ဆိုင်ကယ်ကို ဘရိတ်နင်း ထိုးရပ်လိုက်သည်နှင့် သူ၏ညာခြေက မြေကြီးကို ထောက်ထားပြီးသား ဖြစ်နေသည်။

ကူးတို့သမ္ဗန်ကို … စောင့်နေသော လူတွေထဲမှ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဘဦးကြီးတစ်ဦးက ဆိုင်ကယ်စီးလာသည်ကိုကြည့်ရင်း တဟဲဟဲ ရယ်မောလိုက်သည်။

"အဘ ဘာလို့ရယ်တာလဲဟင် … "

အနီးရှိလူငယ်တစ်ဦးက အဘဦးကြီးကို မေးလိုက်သည်။

"ရယ်တယ်ဆိုတာ … သဘောကျလို့ပေါ့ ငါ့တူရာ … ဒီသူငယ် မော်တော်ဆိုင်ကယ်စီးလာတာ ကြမ်းတော့ ကြမ်းတယ် … ဒါပေမဲ့ သိပ်ကြည့်ကောင်းတယ်ကွ … အဘတို့ ခပ်ငယ်ငယ် လူပျိုပေါက်အရွယ်ကဆို ဓာတ်လိုက်မင်းသား





ကျော်မိုးတို့ ကျော်စိုးတို့ဟာ အဲဒီလိုပဲ … ဓာတ်ရှင်(ရုပ်ရှင်)ထဲမှာ ဆိုင်ကယ် တရကြမ်းစီးပြတယ်ကွ … လူဆိုးတွေက နောက်က ကားနဲ့လိုက် … ကျော်စိုး ကျော်မိုးတို့က ဆိုင်ကယ်နဲ့ အတင်းရှေ့ကပြေး … သိပ်ကြည့်ကောင်းတယ် … အဘတို့ကြည့်တဲ့ ပရိသတ်တွေက လက်ခုပ်တွေတီး … တရှီရှီနဲ့ လက်ခေါက် လေချွန်နဲ့ပေါ့ကွာ … ဓာတ်ရှင်ပြီးလို့ အိမ်ပြန်အိပ် … မနက်မိုးလင်းထတော့ ကိုယ့်မျက်နှာ ကိုယ်သစ်လို့တောင် မရဘူးကွ … "

"ဘာလို့ မျက်နှာသစ်လို့မရတာလဲ အဘ … "

"ဟ … ညက ဓာတ်ရှင်မှာ လက်ခုပ်တီးတီး … လက်ခေါက်တွေမှုတ်နဲ့ … လက်တွေနာနေလို့ မျက်နှာတောင်လှုပ်အဖို့ နိုင်တာလေကွာ … " …ာ်နှင့်ပင်

နားထောင်နေသော လူငယ်သည် အ…

ဓာတ်ရှင်ခေတ်ကို ဘယ်လိုမှ မမှန်းဆတတ်ရှာပေ။ လူ၏ပေါင်ကို

ကဝဘက်ကမ်းမှ ကူးတို့သမ္ဗ…

ဟိုဘက်ကမ်း ကူးချင်သော ခရီးသည်များ (မွေ့ား … ဟိုက်စကူး လူအပါအဝင်)သည် ကူးတို့သမ္ဗန်ကို စောင့်ရင်း"

တွင် ယာယီဆိုင်ထိုး ရောင်းချနေသည့် စ…သည်။ သောက်လက်စ ဆေးလိပ်ဆိုင်တို့တွင် ကူးတို့စောင့်ရင်း စား…သည်။

သည်။

နဲ့ နီမာ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်တွေနှင့် ကူးတို့သူကြီးတို့ ချိတ်ဆက်လုပ်ထားပြီး တမင် ကူးတို့သမ္ဗန်ကို နောက်ကျမှ လွှတ်ခြင်းပေလား မပြောတတ်။

မော်တော်ဆိုင်ကယ်ကို အပ်နှံပြီး သူသည် ထုံးကြီးကမ်းအမြင့်စွန်းတွင် မတ်တတ်ရပ်ကာ ဟိုဘက်မှ လာနေပြီဖြစ်သော ကူးတို့သမ္ဗန်ကို ငေးကြည့်နေသည်။

သူ၏လက်ထဲတွင် အလွန်လှပပြီး အလွန်တန်ဖိုးကြီးသော သစ်ခွပန်းသုံးစည်းကို ကိုင်ထားသည်။ ပန်းစည်းများနှင့်အတူ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်များလည်း ကိုင်ထားပါ

အသင ကူးတို့သမ္ဗန် ခတ်လာသော ပေတလူသည် ထုံးကြီး
ဆိုင်ကယ်စ မှ ခရီးသည်များ သမ္ဗန်ပေါ် တက်သည်ကိုစောင့်ရင်း
"အ ထိုင်မှာနေသည်။
ကူးတို့သမ္ဗန်ပေါ်သို့ ပထမဆုံး တက်လာသည့် 'သူ'
ဘ လွှမ်းကြည့်ကောင်းသဖြင့် ဆေးလိပ်မှာရင်း
သည်။
"ရယ်တယ် သည် ပေတလူရှိရာ သမ္ဗန်ပဲ့ပိုင်းအထိ လျှောက်
ငယ် မော် တလူကို ရင်းနှီးစွာ နှုတ်ဆက်လိုက်သည်။
တယ် … ဒါ ဘာ … ပေတလူ … မင်း အခြေအနေကောင်း
ခပ်ငယ် "





"ဗျာ … "

ပေတလူ အံ့သြကြီးစွာဖြင့် 'ဗျာ' အာမေဋိတ်သံ ထွက်သွားသည်။

တစ်ခါမျှ မမြင်ဘူးသော လူစိမ်းဖြစ်နေရုံမက 'သူ' က ရုပ်သန့်လွန်းနေသည့် ဝတ်စားပုံကလည်း အထက်တန်းကျလှသည်။ ပေတလူလိုလူစားတွင် ထိုကဲ့သို့ အဆင့်မြင့် သူစိမ်းသူငယ်ချင်းမျိုး မရှိ။

ပဲ့တပ်မထားသော ငှက်သမ္ဗန်၏ ပဲ့ပိုင်းသည် ကျယ်ပြောသည်။ သမ္ဗန်ခတ် ကျွမ်းကျင်သူသည် ပဲ့ဖြတ်ထားပြီး ခတ်တက်နှစ်ချောင်းနှင့်ပဲ လိုရာသို့ ပဲ့ကိုင်နိုင်စွမ်းရှိပါ၏။ ပေတလူအဖို့ ဟိုဘက်ဒီဘက် ကူးတာလောက်အတွက် ပဲ့မလို ခတ်တက်နှင့်ပင် ကျွမ်းကျင်သည်။

'သူ'အား ငေးကြည့်နေသော ပေတလူ၏ပေါင်ကို သူက ပုတ်လိုက်ရင်း …

"ဘုန်းကြီးကျောင်းသား သူတောင်းစား … ဟိုက်စကူးကျောင်းသား အကောင်းစားကွာ … "

ပေတလူ ပါးစပ်ကြီး ပြဲသွားသည်။ သောက်လက်စ ဆေးပေါ့လိပ်တိုကို ရေထဲသို့ ပစ်ချလိုက်သေးသည်။

"မင်း … မင်း … အပါလားဟင် … မင်းနဲ့ နီမာ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ကျောင်းအတွက် ငါ ဆွမ်းခံထွက်တိုင်း မင်းတို့နှစ်ယောက်ရှေ့ရောက်ရင် သံပြိုင်အော်ပြီး ငါ့ကို စ,တာလေ ...”

သူက နှုတ်ခမ်းစုံဖွင့်ပြီး ပြုံးပါ၏။ ညီညာသော ပုလဲဖြူသွားတန်း ပေါ်လာသည်။

ဟုတ်ခဲ့ပါ၏။ ပေတလူ ပြောသည့်အတိုင်းပင် ငယ်စဉ်က ပေတလူသည် ဘုန်းကြီးကျောင်းတွင်နေသော ဘုန်းကြီးကျောင်းသားဖြစ်သည်။ ပေတလူ နားနှစ်ဘက်တွင် နားတောင်းကောက်ရှည်ရှည်ကြီး ဆင်မြန်းထားသည်။ ဆံပင်ကလည်း ဆံရစ်ဝိုင်း သျှောင်ပေစူးအထုံးလေး ထိပ်ပေါ်ထုံးထားသည်။

ကဝမြို့၏ ကျေးလက်ရွာများသည် ထိုခေတ်ကအထိ မြန်မာဆန်ကြသည်။

ပေတလူကဲ့သို့ပင် နားတောင်းနှင့် သျှောင်ပေစူးနှင့် ကလေးတွေ ကျေးရွာများတွင် များစွာရှိခဲ့ဖူးသည်။

သမီးမိန်းကလေးတွေဆိုလျှင် ငယ်စဉ်တွင် ဆံရစ်ဝိုင်းထားသည်။ အပျိုဘော်ဝင်စတွင် နားရွက်အုပ်ဆံထောက်ထားသည်။ ကြီးလာပြီး အိမ်ထောင်ကျမှ ဆံပင်ကို အုပ်လုံးသွင်း ထားရှိသည်။

ကဝမြို့ပေါ်မှာတော့ ထိုသို့ မြန်မာဆန် ရှေးရိုးလေးတွေ မရှိလောက်တော့ပြီ။





ပေတလူက ကဝမြို့နယ်ထဲ အပါ,အပါအဝင် ဇင်ရွှေးကုန်းကျေးရွာက ဖြစ်သည်။ ကဝမြို့ပေါ်တွင် သူ၏ဦးကြီးဘုန်းကြီးသီတင်းသုံးနေသောကျောင်း၌ ပေတလူကို ပို့ထားခြင်း ဖြစ်သည်။

ကျွန်တော်နှင့် နီမာက ကဝမြို့ပေါ်က ကလေးတွေဖြစ်ပြီး မူလတန်းကျောင်းသူ ကျောင်းသားဖြစ်သည်။

ကျွန်တော်က ရှပ်လက်တို ဘောင်းဘီတိုနှင့်၊ နီမာက ဂါဝန်လေးနှင့် ... ။

ထို့ကြောင့်လည်း ဘုန်းကြီးကျောင်းသား ပေတလူ၏ နားတောင်းကောက်နှင့် သျှောင်ပေစူး ဖက်ရှင်မှာ ကျွန်တော်နှင့် နီမာအဖို့ အဆန်းဖြစ်နေပြီး ပေတလူ ဆွမ်းဗန်းရွက် ဆွမ်းခံထွက်လျှင် ကျွန်တော်နှင့် နီမာက အောက်ကလိအာ ပေတလူကို စပြီး သံပြိုင် ကန့်အော်ကြခြင်းဖြစ်သည်။

ဤသည်ပင်လျှင် ကျွန်တော်နှင့်နီမာအတွက် ငယ်စဉ်က ပေတလူနှင့် ကစားနည်းလေးတစ်မျိုး ဖြစ်ခဲ့ပါ၏။

“မင်းကလည်း မခံပါဘူး ပေတလူရာ ... ငါနဲ့ နီမာ့ကို ဟိုက်စကူးကျောင်းသား သူတောင်းစား ... ဘုန်းကြီးကျောင်းသား အကောင်းစားလို့ ပြန်အော်ပြောတာပဲ မဟုတ်လား”

“ဟုတ်တယ်နော် အပါ ... ငါကလည်း မင်းတို့ကို ပြန်ပက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပဲနော် ... ဟဲ ဟဲ ... ကြာသွားပြီကွ အပါ ... ကြာတာမှ ဆယ့်လေးငါးနှစ်လောက် ရှိရောပေါ့ ... "

ပေတလူသည် ... သမ္မန်ပေါ်သို့ တစ်ဦးပြီး တစ်ဦး တက်ရောက်နေသည့် ခရီးသွားများကို ငေးကြည့်စောင့်နေရင်း စကားဆက်ပြောသည်။

"မင်းတို့အဖေနဲ့ အမေ ဆုံးတုန်းက ... ရက်လည်ဆွမ်းကျွေးတဲ့ပွဲမျိုး ကဝမှာ နောက်ထပ် တစ်ခါမှ မကြုံရတော့ဘူးကွ ... ငါ သေသေချာချာကြီး မင်းတို့ရဲ့ မြို့လုံးကျွတ် ဆွမ်းကျွေးပွဲကြီးကို မှတ်မိနေတယ် ... အဲဒီနေ့ နောက်နေ့မှာပင် မင်းတို့ပျဉ်ထောင် နှစ်ထပ်အိမ်ကြီးနဲ့ ခြံကြီးကို ... ငါ့ဦးကြီး ဘုန်းကြီးကို ရေစက်ချလှူခဲ့တယ်လေ အပါ ... အဲဒီတုန်းက ငါက ဆယ်နှစ် ... အခုဆို ငါ့အသက် အစိတ်ထဲရောက်နေပြီ ... ဆယ့်ငါးနှစ်လောက်တောင် ကြာသွားပြီပဲ အပါ ... မင်းက တသွေးတမွေး ရုပ်ပြောင်းသွားတယ်၊ ဒါပေမဲ့ မင်းအသံထဲမှာ ငါမှတ်မိတဲ့ ငယ်သံရှိသေးတယ်ကွ၊ ဘုန်းကြီးကျောင်းသား သူတောင်းစားလို့ မင်းပြောလိုက်တဲ့ ငယ်သံကို ငါ ကျက်မိတယ် အပါ ... ဒါကြောင့် ငါ မင်းကို ပြန်မှတ်မိတာ ... "





"အေး ... ဒါဆို ငါတို့လှူခဲ့တဲ့အိမ်ကြီးဟာ မင်းရဲ့ဦးကြီး ဘုန်းကြီးကျောင်းပေါ့ ဟုတ်လား ... "

"အေးလေကွာ ... ရှင်အာဒိစ္စ ကိုယ်တော်ကို လှူခဲ့တာလေ ... အခုတော့ ရှင်အာဒိစ္စကိုယ်တော်က သက်တော်ခြောက်ဆယ်ကျော်သွားပြီ ... ဝါတော် လေးဆယ်ရ ဆရာတော်ကြီးပေါ့ကွာ ... "

"အဲဒီကျောင်းကို ငါ သွားချင်တယ် ပေတလူ ... အဲဒီ တို့အိမ်ကြီး ... အဲ ... အဲ ... ဘုန်းကြီးကျောင်းနောက်က ဖုံးဆိုးမြေဟာ ဒီအတိုင်းပဲလားကွာ ... "

"ဒီအတိုင်းပဲ အပါ ... ပိုတောင် တောထူလာသေးတယ်၊ ဦးကြီးဆရာတော်ကြီးက အပင်တွေမှာလည်း အသက်ရှိတယ် ... သူ့ကျောင်းပရိဝုဏ်က သစ်ပင်တွေကို ခုတ်လားထစ်လား ... ရှင်လားလင်းလား မလုပ်ရဖို့ တားမြစ်ထားတယ်ကွ ... ဒီတော့ ဖုံးဆိုးမြေထဲက မြက်ပင်ကိုင်းပင်တွေဟာ အပြိုင်းအရိုင်း ရှိမြဲရှိနေတယ် အပါ ... "

"ဟေး ... ဟေး ... ပေတလူ သမ္မန်ဦးက ချည်ထားတဲ့ကြိုးကို ငါ ဖြုတ်လိုက်တော့မယ် ... ခရီးသည်တွေအားလုံး စုံပြီကွ ... "

"ဟုတ်ကဲ့ ဘကြီးညို ... "



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးညိုဆိုသူမှာ ... စောစောက သူ ငယ်စဉ်က ခေတ်ရှင်ထဲက မင်းသားကျော်စိုး ကျော်မိုးအကြောင်း ပြောခဲ့သော လူကြီးဖြစ်ပါ၏။

ဘာပြောပြော ကဝလို ကျေးလက်ဆန်သော ဒေသမျိုးတွင် အလွန်တန်ဖိုးရှိသော မြန်မာမှုစရိုက်လေးတွေ ရှိနေပါသေး၏။

ဆင်းရဲချမ်းသာမရွေး ဘကြီးညိုလို သက်ကြီးရွယ်ကြီး ပုဂ္ဂိုလ်ကို ကျန် ငယ်သူတွေက ရိုသေလေးစားကြသော စရိုက်လေးပင်။ ဓရီးသည်အားလုံး ဘကြီးညိုကို ဦးပိုင်းတွင် နေရာပေး လေးစားကြပေသည်။

ဘကြီးညိုက ဆင်းရဲပုံရသည်။ အရောင်ပြယ်နေပြီဖြစ်သော တာစိုးတိုက်ပုံအင်္ကျီ ဝတ်ထားသည်။ အောက်ခံစွပ်ကျယ်မှာ အဖြူမှ အဝါရောင်ပေါက်နေသည်။ ဝတ်ထားသော လုံချည်မှာ ချည်ကြမ်းလုံချည် ဈေးပေါပေါ ဖြစ်ပါ၏။

သို့တစေ သမ္ဘန်ပေါ်ရှိလူတွေအားလုံးသည် ဘကြီးညိုကို နေရာပေး လေးစားမှုတွေ ပြသကြသည်။

ပေတလူလည်း ဘကြီးညိုကို လေးစားသူပါပေ။

■ ■ ■





(၄)

ကဝဘက်ကမ်း ကူးတို့ဆိပ်သို့ ကပ်ပေပြီ။

လူတွေအားလုံး ဆင်းသွားသည့်တိုင်အောင် 'သူ'က မဆင်းသေး။ ပဲ့ပိုင်း ပေတလူအနီးမှာပင် ထိုင်နေသည်။

စီးကရက်ဘူး ထုတ်ယူ တစ်လိပ်ညှိပြီး ပေတလူကို ဘူးပေးသည်။

"မင်းဟာမင်းသောက် ... ငါ မသောက်ဘူး အပါ ..."

"မင်းက စီးကရက် မကြိုက်လို့လား ..."

"ကြိုက်တာတော့ ကြိုက်တာပေါ့ကွာ ... ဒါပေမဲ့ တစ်လိပ်ကို သုံးဆယ့်ငါးပြားကြီးတောင်ကွ ... သောက်တော့လည်း ရှုတ်ခနဲ ကုန်သွားရော ... ဆေးပေါလိပ်တစ်လိပ် ဆယ်ပြားက အကြာကြီး သောက်ရတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပါကွာ ပေတလူ ... ငါ့အနေနဲ့ ရှုတ်ခနဲ ကုန်သွားတဲ့ စီးကရက်စရိတ်ကို ခံနိုင်ပါတယ်ကွာ ... ဒါကြောင့် မင်းကို ပေးတာပေါ့ ... "

"ဒါဆို ... မင်းက သူဌေးပဲ အပါ ... "

ပေတလူသည် အပါက ဖွတ်သောက်ခိုင်းမှ စီးကရက်ရှူသောက်သည်။

"မင်း ... ထုံးကြီးဘက်ကမ်းကို ကူးတို့ခေါက် ကျန်သေးလား ပေတလူ ... "

"အေး ... ကျန်သေးတယ် ... ငါက ခေါက်ကြေးနဲ့ ခတ်နေတာပဲ ... တစ်ခေါက်ဆို တစ်ခေါက်ခရတာပေါ့ကွာ ... "

"တကယ်လို့ မင်းမကူးရင် တခြားသမ္ဘန် ခတ်ပေးမဲ့လူ ရှိဘူးလား ပေတလူ ... "

"ဖိုးထော်ရှိတယ် ... သူလည်း ငါ့လို ခေါက်ကြေးစားပဲ ... ငါ မကူးရင် ဖိုးထော် ကူးရမှာပေါ့ ... "

"ဒါဆို ... ကဝထဲကို ငါနဲ့လိုက်ခဲ့ကွာ ... မင်း ခေါက်ကြေး ထက်မက ငါပေးမှာပါ ... "

"ငါ ... မင်းဆီက အဲဒီလို ပိုက်ဆံမယူဘူး အပါ ... ဘာလို့ ငါ့ကို လိုက်စေချင်တာလဲ ပြော ... "





"ငါက ကဝနဲ့ ဆယ့်ငါးနှစ်တောင် စိမ်းသွားပြီလေကွာ ... ငါ သွားချင်တဲ့နေရာတွေ မင်းလိုက်ပို့ပေးစေချင်လို့ ... "

ပေတလူ ခေါင်းပေါင်းထားသော မျက်နှာသုတ်ပဝါကို ဖြုတ်ကာ မျက်နှာမှ ချွေးတွေသုတ်သည်။

"ဖြစ်တယ် အပါ ... လာ သွားစို့ ... ကူးတို့သူကြီးကိုတော့ ငါ ပြောရမယ် ... ဧည့်သည်ပါလာလို့ ဒီအခေါက် ဖိုးထော်ကို လွှတ်ပါလို့ ... "

အပါသည် စိတ်ကူးလိုက်ပါ၏။ ညနေကျမှ ကဝမှ ပြန်မည်။ ထုံးကြီးဘက်ကမ်းကို ကူးတို့ ပေတလူကိုပဲ ပို့စေမည်။ ပေတလူ အပြန်တွင် ငွေငါးရာ အတင်းထည့်ပေးမည်ဟူ၍ပင်။ ငယ်သူငယ်ချင်း ပေတလူကို ကူညီချင်သောကြောင့် ဖြစ်ပါ၏။

အပါနှင့် ပေတလူ ကဝကမ်းပေါ်သို့ တက်လာခဲ့သည်။ တံတားအဆုံးတွင် ကူးတို့သူကြီး၏ နေရာသို့ ရောက်လာသည်။ ကူးတို့သူကြီးသည် ထုံးစံအတိုင်း မျက်နှာသုတ်ပဝါပွကြီး ခေါင်းပေါင်းကာ လွယ်အိတ်ဟောင်းကြီး လွယ်ထားသည်။

ကူးတို့သူကြီးနှင့် ခေါက်ကြေးကိစ္စငွေကြေး ပေတလူ ရှင်းသည်ကို အပါ ရပ်စောင့်ရသည်။

"ဒီမှာ ဦးလေးဖြိုင် ... အဲဒါ ကျုပ်ဧည့်သည်ဗျ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... မင်းညှိသည်အတွက် ကူးတို့ကြေး ပြန်ယူသွား ပေတလူ ... "

ဤနေရာ ဤဒေသနှင့် ဤလူတွေတွင် ဒီလို စေတနာဆန္ဒတွေ ရှိကြသည်။ ပေတလူက ကျူပ်ညှိသည်ဟု ပြောလိုက်သည်နှင့် ကူးတို့ကူးခကို ကူးတို့သူကြီး ဦးလေးဖြိုင်က ပြန်ပေးမည်ပြုသည်။

အပါသည် ကြည့်ရင်း ရင်ထဲတွင် ကြည်နူးမှုတစ်မျိုး ခံစားရပါ၏။

"ကျူပ် ... ညှိသည်လိုက်ပို့မှာ ... ဖိုးတော်ကို ဆက်ပြီး ခတ်နိုင်းပါ ဦးလေးဖြိုင် ... "

"ဟ ... ဒါဆို မင်းခေါက်ကြေးတွေ နာသွားမှာပေါ့ ... ဒီကနေ့ မင်းအလှည့်လေကွာ ... ဖိုးတော်က နက်ဖြန်မှပဲဟာ"

"နာနာဗျာ ... ဖိုးတော်ကိုသာ ပေးခိုင်းလိုက်ပါ ... ကဲ ... လာ သွားစို့ အပါ ... "

အပါနှင့် ပေတလူ ကဝလမ်းပေါ်သို့ ရောက်လာပေတော့သည်။

■ ■ ■



## (၅)

"ကဲ ... ဘယ်သွားမလဲ အပါ ... "

"ငါ ... နီမာတို့အိမ် သွားချင်တယ် ပေတလူ ... "

"ဟော ... "

ပေတလူက "ဟော"ပြီးမှ ရယ်ချသည်။

"အေးပေါ့ကွာ ... မင်းစိတ်ထဲ ဒီကဝမှာပဲ နီမာတို့ ရှိနေတယ် ထင်တာကိုး ... နီမာတို့ မရှိကြတော့ဘူးကွ ... "

"ဘာကွ ... နီမာတို့ မရှိကြတော့ဘူး ဟုတ်လား ... "

ဘေးတိုက်ပင် အပါက ပေတလူကို ဆောင်ကြည့်လိုက်သည်။ ပေတလူ၏ နားအဖျားတွင် အပေါက်လေး တွေ့ရပါ၏။ ငယ်စဉ်က နားတောင်းကောက်ကြီး ဝတ်ခဲ့သည့်အပေါက်ရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူမှတ်မိသလောက် ပြန်ပြောရရင်တော့ ... မင်း
“[illegible]လ်းနဲ့ မင်းလိုက်သွားပြီး တစ်လလောက်အကြာမှာပဲ နီမာတို့မိသားစု ပြောင်းသွားကြတယ်ကွ ... ပဲခူးကိုလည်း ပြောကြရဲ့ ... ရန်ကုန်ကိုလည်း ပြောကြရဲ့ ... ငါ သေချာ တော့မသိဘူး အပါ ... ”

'သူ' အပါ အံ့ဩသွားသည်။ အဘယ်ကြောင့် နီမာ တို့ အဖေအမေ မိသားစု တခြားသို့ ပြောင်းသွားပေသနည်း။

'သူ' အပါ ပြန်တွေးမိသည်။ မိမိ ဦးလေးဟန်စိန်နှင့် လိုက်မသွားမီ ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်း အသုဘ တစ်ချိန် လုံး၊ ရှာပန တစ်ချိန်လုံး နီမာလည်း မလာ၊ သူမ၏ အဖေအမေ တို့လည်း အသုဘ ရှာပနသို့ မလာကြသည်ကို သတိရသည်။

“ဒီမယ် ပေတလူ ... ငါ့အဖေ အမေနဲ့ ဦးလေးသာဆန်းတို့ ဓားပြတွေ သတ်သွားတာ မင်း မှတ်မိသေးလား ... ”

“ရေးတေးတေးပဲကွ ... လူကြီးတွေ ပြောကြတာကိုပဲ မှတ် မိသလိုလိုလောက်ပဲ ... ငါ သေချာမှတ်မိတာကတော့ မြိမ့် မြိမ့်သဲ ရက်လည်ဆွမ်းကျွေးတာရယ် ... ငါ့ဦးကြီးဘုန်းကြီး ကို မင်းတို့အိမ်ကြီး လှူခဲ့တာရယ်ပဲ ... ”

“ငါ သိချင်တာက အဲဒီတုန်းနှစ်က ... ငါ ဦးလေးဟန်စိန်နဲ့ လိုက်သွားပြီးတဲ့နောက် အင်းလေလံကို ဘယ်သူ ရသွားလဲ ဆိုတာကိုပဲ ပေတလူ ... ”





“ငါ ဘယ်သိမလဲ ... အဲဒီတုန်းက ငါက ဇင်ရွှေးကုန်းရွာက လာနေတဲ့ ဘုန်းကြီးကျောင်းသားပဲကွာ ... ကဝက လူတွေ ကိုငါဘယ်သိဦးမှာလဲ ... ပြီး အဲဒီတုန်းက ငါလည်း ကလေး ပဲ ရှိသေးတာ ... ”

“မဟုတ်သေးပါဘူး ပေတလူရာ ... အဲဒီတုန်းက မင်း ဆယ့် နှစ် ဆယ့်တစ်နှစ်အရွယ် ရှိနေပါပြီ ... ဒီဘက်က ကြာသွား တဲ့ ဆယ့်ငါးနှစ် ရှိပေမဲ့ ... မင်း အဲဒီတုန်းက သိတာမြင်တာ တွေ ပြန်တွေးရင် အမှတ်ရမှာပါ ... ငါတောင် မှတ်မိသင့် သလောက် မှတ်မိတာပဲကွာ ... ”

“ငါ မမှတ်မိဘူး အပါ ... မှတ်ဉာဏ်မကောင်းလို့ ငါ စာ မတတ်တာပဲ ကြည့် ... ”

“ဒါဆို ... ငါ တစ်မျိုးထပ်မေးမယ် ... ငါ မန္တလေးကို လိုက် သွားရတဲ့နှစ်မှာ အင်းလေးလံကို နီမာတို့မိဘတွေ ရသွား တယ်မှတ်လား ... ”

ပေတလူ စဉ်းစားပေးပါ၏။ သို့သော် ခေါင်းခါပြ သည်။

“ငါတော့ ... နီမာတို့ အင်းလေလံ ရသွားတယ်မထင်ဘူး ကွ ... မင်း စဉ်းစားကြည့် အပါ ... သူတို့ အင်းလေလံရရင် ကဝက ဘယ်ပြောင်းသွားမလဲ ... အင်းလုပ်ငန်းက အင်းရေ



www.burmeseclassic.com

www.burmeseclassic.com



မခန်းမချုပ်း ငါးဖမ်းပုစွန်ဖမ်း အရောင်းအဝယ်လုပ် … ငါးဝိ ငါးချဉ်လုပ်ရတာ လပေါင်းအကြာကြီးပဲဟာ … နီမာတို့က မင်းသွားပြီး တစ်လအကြာမှာ သူတို့လည်း ပြောင်းသွားတာ … ”

“ဒါတော့ ပေတလူရာ အင်းလေလံရပြီးတဲ့နောက် နီမာရဲ့ အဖေအမေကိုယ်တိုင် မလုပ်တော့ … သူတို့ညီအစ်ကို မောင်နှမ ဦးလေးအဒေါ်တွေကို လုပ်ပေးဖို့ လွှဲထားလည်း ရတာပဲ … အဓိက အရေးကြီးတာက အင်းလေလံရဖို့ပဲဟာ၊ နီမာမိဘတွေ ပြောင်းသွားပြီး မနက်ကိုလာ ညနေပြန်သွား လည်း လုပ်နိုင်တာပဲ … ”

“မင်း … အဲဒီကိစ္စ သိပ်သိချင်နေလား အပေါ် … ”

“အေး … သိပ်သိချင်တယ် … ”

“ဒါဆို … ဒီကအပြန် ကူးတို့သူကြီး ဦးလေးဖြိုင်ကို ငါမေးပေး မယ် … ဦးလေးဖြိုင်က ဒီ ကဝမြို့မှာတော့ ဘုတ်အုပ်ကြီးပဲ ကွ … ဘာမဆို သူမသိတာမရှိဘူး … မှတ်ဉာဏ်လည်း သိပ်ကောင်းတယ် … အသက်ကလည်း ငါ့ဦးကြီးဘုန်းကြီး နဲ့ရွယ်တူ … အသက်ခြောက်ဆယ်ရှိပြီ … လွန်ခဲ့တဲ့ အနှစ် လေးငါးဆယ်က ကဝမှာ ဘာဖြစ်တယ်ဆိုတာတွေတောင် သိတယ် … ”





“အေး … ဒါဆို ငါသိချင်တာ မင်းရဲ့ဦးလေးဖြိုင်ကို မေးပေး စမ်းပါကွာ … ”

“အေး … မေးပေးမယ် … အခု နီမာတို့ မရှိဘူးဆိုတော့ မင်း ဘယ်ကိုသွားချင်လဲအပေါ် … ”

“ဘုန်းကြီးကျောင်းသွားမယ် … အဲဒီကျောင်းက ငါကိုယ် တိုင် ရေစက်ချ လှူခဲ့တဲ့ကျောင်းပဲကွ … ”

“အဲဒါမှ သောက်ဇွပဲ အပေါ် … ”

“ဘာလို့လဲကွ … ”

“ဟာ … ဦးကြီးဆရာတော်က ငါ့ကိုတွေ့တိုင်း ရဟန်း ဘောင် ဝင်ခိုင်းနေတာကွ … သာမန် လူသားဘဝဟာ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေတာတဲ့ … ရဟန်း ဘောင်ဝင်ပြီး လောကုတ္တရာအလုပ်လုပ်စမ်းလို့ ဇွတ်ဘုန်း ကြီးဝတ်ခိုင်းနေတာ … ဒါကြောင့် ငါ ဦးကြီးဆရာတော်ဆီ မသွားတာ ကြာလှပြီ … ”

'သူ' အပါက ရယ်သည်။

“ဒါလည်း ကောင်းသားပဲ ပေတလူ … မင်း သမ္မန်ခတ်ရ တာ ပင်ပန်းလှတယ်ကွာ … အကြောတွေ ပြိုင်းပြိုင်းထပြီး ချွေးတွေ တစ်ပေါက်ပေါက်ကျပြဲ့အလုပ်ပဲ … မင်း ဘုန်းကြီး ဝတ်လိုက်ရင် အခုလောက် မပင်ပန်းဘူးပေါ့ … ”

“ဟာ … မဖြစ်သေးပါဘူးကွာ … ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်သေးတာလဲ ပေတလူ ... "

"ဟာ ... ခုချိန်ထိ ငါ မိန်းမ မရသေးဘူးလေကွာ ... ငါမိန်းမ ယူချင်သေးတယ် ... နောက်ပြီး ငါက အစားအသောက်ကို အချိန်မရွေး တစွတ်စွတ် စားနေတာ ... ဘုန်းကြီးဆိုတာက မွန်းလွဲတာနဲ့ ဘာမှစားလို့ရတော့တာမှ မဟုတ်တာ"

အပါ နှစ်ခြိုက်စွာ ပေတလူ၏ အပြောကို ရယ်မောပါ၏။ ပေတလူနှင့် စကားတပြောပြော လျှောက်လာသောကြောင့် ရွာတန်းရှည်ကြီး လျှောက်ခဲ့ပြီး ဘုန်းကြီးကျောင်းသို့ ရောက်လာသည်ပင် အမှတ်မထားလိုက်မိ။

"ကဲ အပါ ... မင်း ဘွတ်ဖိနပ်ကြီးချွတ် ... ဘုန်းကြီးကျောင်း ရောက်ပြီ ... "

ရှူးဖိနပ်ရော ခြေအိတ်ရော ချွတ်ပြီး ကျောင်းပရိဝုဏ်ထဲသို့ လျှောက်ဝင်ခဲ့သည်။

ဘုန်းတော်ကြီးကို လှူခဲ့သောကြောင့် ... ဘုန်းကြီးကျောင်းဖြစ်သွားသော်လည်း အပါသည် သူ ငယ်စဉ်က နေခဲ့သော ခြံကြီးနှင့် အိမ်ကြီးကို မှတ်မိနေပါ၏။

အပါတို့ နေခဲ့စဉ်က ဦးလေးသာဆန်းက ခြံကိုရှင်း သစ်ကြီးပင်တွေ၏ အကိုင်းအခက်တွေ ခုတ်တန်ခုတ်မို့ ခြံရှင်းနေသော်လည်း ... ယခု ဆရာတော်ဘုရားက သစ်ပင် မခုတ်မဖြတ်ရ





အမိန့်ကြောင့် သစ်ကြီးပင်တွေ အကိုင်းအခက် ဖြာဝေကာ နေပြောက်မထိုး မှိုင်းအုံ့နေပါ၏။ ယခု ကျောင်းတော်ကြီးမှာလည်း ငယ်စဉ်က အပါ နေခဲ့သလိုမဟုတ်တော့ဘဲ တစ်ဘက်သို့ပင် ယိုင်စပြုနေပေပြီ။ (၁၅)နှစ်တောင် ကြာသွားပေပြီကိုး။

ဆရာတော်ကြီး ရှင်အာဒိစ္စသည် ကျောင်းအောက်ထပ်မှာပင် သီတင်းသုံးပါ၏။ သက်တော် ရလာပြီမို့ လှေကားအဆင်းအတက် ပင်ပန်းသောကြောင့် အောက်ထပ်မှာပင် သီတင်းသုံးခြင်း ဖြစ်ပါ၏။

အပေါ်ထပ်တွင် လက်ထောက်ဆရာတော်နှင့် စာသင်သားများ သီတင်းသုံးစေသည်။ ကျက်သရေခန်း ထားရှိသည်။

ပေတလူကပင် ဆရာတော်အား ဤကျောင်းကြီး အလှူ့ရှင် အပါဖြစ်ကြောင်း လျှောက်တင်ပေးသည်။

"သြော် ... သြော် ... ကွယ်လွန်သွားတဲ့ ဒကာကြီး ဦးညဏ်ထိန်နဲ့ ဒကာမကြီး ဒေါ်စိန်အိရဲ့သား အပါကိုး ... သာဓု ကွယ် ... သာဓု ... သာဓု ... ဒကာလေးအပါကိုယ်တိုင် ရေစက်ချ လှူဒါန်းခဲ့တဲ့ ကျောင်းကြီးကြောင့် သံဃာတွေ အနေအထိုင် ချောင်လည်ပြီး ပရိယတ္တိ ပရိပတ္တိ သာသနာ့အကျိုးတွေ ဆောင်ပိုးနိုင်ကြတယ်ကွဲ့ ... ဒကာလေးရဲ့ ကုသိုလ် ကြီးမားလှပါပေတယ်ကွယ် ... ဒကာကြီးနဲ့ ဒကာ



www.burmeseclassic.com

www.burmeseclassic.com



မကြီးရော ... ဒကာ သာဆန်းရဲ့ အုတ်ဂူရော ... ဆရာတော်ကိုယ်တိုင် ဦးစီးပြီး စာသင်သား ရဟန်းတွေနဲ့ တစ်နှစ်တစ်ကြိမ် သန့်ရှင်းရေး လုပ်ပေးထားတယ်ကွဲ့ ... ”

“မှန်ပါ ဘုရား ... ဆရာတော်ရဲ့စေတနာကို ကြည်ညိုလေးစားလှကြောင်းပါဘုရား ... ”

အပါက ဆရာတော်အား ကန်တော့ပြီး တစ်ရာတန်ငါးရွက် လှူသည်ကို ဆရာတော်က ဝတ္ထု လက်မခံ၊ သာသနာ့အကျိုးဆောင်လူကြီး ဦးဘဦးလက်သို့သာ အပ်ခဲ့ရန် မြွက်ကြားပေသည်။

“ဆရာတော်ရဲ့ကျင့်ဝတ် အရာဝတ္ထုကို လက်မခံစကောင်းဘူးကွဲ့ ... အကျိုးဆောင်ကြီးလက်ထဲအပ်ရင် အကျိုးဆောင်ကြီးက စာရင်းအင်းနဲ့ လက်ခံတယ် ... သံဃာတွေ လိုအပ်သမျှ အဲဒီအလှူငွေနဲ့ပဲ စနစ်တကျ စာရင်းပြုစုတယ် ... ခုနစောစောလေးကပဲ ဒကာမလေးတစ်ယောက် ရောက်လာပြီး ငွေတစ်ထောင် ကျောင်းပြင်ဖို့ဆိုပြီး လှူသွားသေးတယ်”

ပေတလူက နှုတ်ဆော့ပြီး ပြန်၍ ဆရာတော်ကို မေးလိုက်သည်။

“ငွေတစ်ထောင် လှူသွားတဲ့ ဒကာမလေးက ... ဘယ်သူဘယ်ဝါတဲ့လဲ ဘုရား ... ”





“အေး ... အလှူရှင် ဒကာမလေးက ‘နီမာ’တဲ့ ပေတလူးသူ့ကိုယ်သူ နီမာရဲ့ အလှူဒါနပါလို့ ပြောတာပဲ ... ”

အပါသည် ကွက်ခနဲ ပေတလူ၏မျက်နှာကို ကြည့်လိုက်သည်။ ပေတလူကလည်း ချက်ချင်း အပါ့ကို ပြန်ကြည့်ပါ၏။

အပါက ... မဝင့်မရဲနှင့်ပင် ဆရာတော်အား ပြန်လျှောက်သည်။

“အဲဒီ ဒကာမလေးနီမာဆိုတာ ဘယ်အချိန်က ဒီကျောင်းကို ရောက်လာပါသလဲ ဘုရား ... ”

“ခုတင်ကပဲပေါ့ ... ထမင်းအိုးတစ်လုံးချက်လောက်ကပဲ ဒကာလေး ... ”

“အဲဒီဒကာမလေး နီမာဟာ ဒီကျောင်းကြီးရဲ့ ဘယ်နေရာတွေကို သွားသေးလဲဘုရား ... ”

“အင်း ... ကိုရင်သုမနက ပြောတာပဲ ... အဲဒီဒကာမလေးဟာ ကျောင်းပေါ်ကဆင်းလာပြီး ကျောင်းကြီးရဲ့ နောက်ဘက်ကို လျှောက်သွားတယ်တဲ့ ... ဖုံးဆိုးတောကြီးထဲသွားတာကို ကိုရင်သုမနက မြွေပါးကင်းပါး ထိမှာစိုးလို့တောင် စောင့်ကြည့်ရသေးတယ်လို့ လျှောက်တာပဲ ဒကာလေး ... ”

‘သူ’ အပါသည် ဆရာတော်အား ဦးသုံးကြိမ်ချ ကန်တော့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ... နောက်ဘက်က ဖုံးဆိုးတောထဲ ခဏသွား ကြည့်ပါရစေ ဘုရား ... "

ဟု လျှောက်ထားကာ ထိုင်ရာမှ ထလာတော့သည်။

ပေတလူကလည်း အပါ၏နောက်သို့လိုက်ရန် ထိုင်ရာမှ ထလိုက်သည်။

"ဟဲ့ ပေတလူ ... နေခဲ့စမ်း ... "

ဆရာတော်၏ အမိန့်ကို ပေတလူ မလွန်ဆန်ရဲသော ကြောင့် ယောင်ပေပေနှင့် ကျန်ခဲ့ရှာတော့သည်။

'သူ' အပါသည် ဖုံးဆိုးတောအဝင်တွင် ရပ်လိုက်သည်။

"အာပါးလားလား ... "

ဖုံးဆိုးမြေမှာ ဖုံးဆိုးမြေမှာ တကယ့်တောထူထူကြီး ဖြစ်နေပေသည်။ သူငယ်စဉ်က ဝင်ပေါက်ထွက်ပေါက်များကို တစ်ခဏ ပြန်လေ့လာပြီး ဖုံးဆိုးတောကြီးထဲသို့ ဝင်ခဲ့သည်။

ဟိုငယ်စဉ်ကတော့ နီမာသည် ဖုံးဆိုးတော၏ ဝင်ပေါက်ကိုသာသိသည်။ ထွက်ပေါက်ကို နီမာ မရှာတတ်။

ဖုံးဆိုးတောကြီးသည် ... အပြင်က ကြည့်တော့သာ လွယ်လွယ်လေး ထင်ရသည်။ အထဲ တိုးဝင်မိသွားလျှင် အရှေ့ အနောက် တောင်မြောက်ကိုပင်မသိ ဖြစ်တတ်သည်။





ကိစ္စမရှိ၊ ဝင်ပေါက်ဝင်ခဲ့သည်နှင့် ထွက်ပေါက်တွေကို အပါ ပြန်မှတ်မိသည်။

ဖုံးဆိုးတောထဲတွင် အပါ နီမာ့ကို လိုက်ရှာပါ၏။

ဘာကိုမှမတွေ့၊ ဘာသံမှ မကြား။

အပါသည် မလျှော့ဇွဲဖြင့် ဆက်ရှာပေသည်။

"ဟော ... "

လက်ကိုင်ပဝါလေးတစ်ထည် ကိုင်းပင်တွေကြား တွင် ညပ်နေသည်ကို အပါ တွေ့ရသည်။

အပါ လက်ကိုင်ပဝါလေးကို ဆွဲယူလိုက်သည်။ မိန်းမကိုင် လက်ကိုင်ပဝါလေး ဖြစ်နေသည်ကို တွေ့ရသည်။

အောက်ခံရောင် ဖြူဆွတ်ပြီး အနားလေးဘက်မှာ အနီရောင်ကွပ်ထားသည်။ အကောင်းစား အဖိုးတန်မှန်း မြင်ရုံနှင့် သိသာသည်။

လက်ကိုင်ပဝါမှ အနံ့မပြင်း သင်းသင်းလေး ရေမွှေးနံ့ ရသည်။

အပါ နားလည်သည်မှာ သိပ်ပြင်း သိပ်စူးရှသည့် ရေမွှေးသည် အပေါစား၊ သင်းသင်းလေးနှင့် ကြာရှည်ခံ ရန့်ကောင်းသော ရေမွှေးမှာ အကောင်းစားဟူ၍ပင်။

အပါက သင်းသင်းလေးမွှေးသည်ကို နှာဝတော့ရှူ



www.burmeseclassic.com

www.burmeseclassic.com



ရှိက်လိုက်ပြီး သူ့အကျီအိတ်ထဲသို့ ထည့်သိမ်းထားလိုက်သည်။

ဤလက်ကိုင်ပဝါလေးသည် နီမာ၏ လက်ကိုင်ပဝါ ပင် ဖြစ်ရမည်ဟုလည်း ယူဆလိုက်သည်။ ဆက်စပ်တွေးကြည့်ရာ နီမာ ကဝသို့ လာသည်။ ဖုံးဆိုးတောရှိရာ ဤ ကျောင်းသို့လာပြီး ငွေတစ်ထောင် လှူဒါန်းသည်။ ပြီး ... ဖုံးဆိုး တောထဲ နီမာ ဝင်ကြည့်ရင်း လက်ကိုင်ပဝါလေး ကိုင်းပင်တွေကြား တွင် ညပ်ကျန်ခဲ့သည်။

ဒါဆို ဒီကို နီမာ လာသွားကြောင်း သေချာသည်။

နီမာသည် ... ကဝသို့ အဘယ်ကြောင့် လာခဲ့ပေ သနည်း။

ဆရာတော် ရှင်အာဒိစ္စကျောင်း ပြန်ပြုရန် အဘယ် ကြောင့် ငွေတစ်ထောင် လှူဒါန်းသနည်း။

ဒီကျောင်းရောက်ပြန်တော့လည်း အဘယ်ကြောင့် ကျောင်းနောက်က ဖုံးဆိုးတောထဲ ဝင်ခဲ့ပေသနည်း။

အပါသည် သံယောဇဉ်ပိုင်းဖြင့် ကိုယ်လိုရာဆွဲပြီး အဖြေရှာသည်။

နီမာသည် ကဝတွင် ငယ်စဉ်က မိမိနှင့် အလွန်ခင် မင်ခဲ့သော စိတ်ဓာတ်ခံကြောင်း ကဝသို့ လာခဲ့သည်။

နီမာသည် မိမိငယ်စဉ်က နေခဲ့သောအိမ်ကြီးအား

ဧ စ တ န ၁ စ ၁ ဧ ပ



မိမိကိုယ်တိုင် ရေစက်ချ ကျောင်းသင်္ခမ်းအဖြစ် လှူခဲ့သည်မို့ ဤအိမ် ဤကျောင်းသို့ တမင်လာသည်။

နီမာသည် မိမိနှင့် ငယ်စဉ်က အတူကစားပြီး ဖုံးဆိုး တောကြီးထဲတွင် တူတူပုန်းတမ်း ကစားခဲ့သည်များကို သတိကြီး စွာ အမှတ်ရခြင်းကြောင့် ဖုံးဆိုးတောထဲသို့ အမှတ်တရ ဝင်ခဲ့သည်။

ဤသို့တွေးမိပြီး အဖြေရှာရသည်ကိုပင် အပါ၏ရင် ထဲ၌ ဘာကြောင့်မှန်းမသိ အလွန်အမင်း ကြည်နူးသွားရပါ၏။ စိတ် အစဉ်တွင် အရှမ်းပျော်ရွှင်သွားပါ၏။

တစ်ဖန် ဆက်စပ်ပြီး တွေးကြည့်ပြန်သည်။ ဆရာ တော်၏ကျောင်းသို့ ငွေတစ်ထောင်ကြီးတောင် လှူဒါန်းခြင်း၊ နီမာ ကိုင်ဆောင်သော လက်ကိုင်ပဝါ အမျိုးအစားမှာ တန်ဖိုးကြီးမား ခြင်း၊ နီမာသုံးသော ရေမွှေးသည် တန်ဖိုးကြီးပြီး အထက်တန်းကျ ခြင်းတို့ကို ထောက်ချင့်ခြင်းအားဖြင့် နီမာသည် အတန်းမြင့်သော မိန်းကလေးဘဝတွင် ရှိနေခြင်း ဖြစ်ရမည်ဟုလည်း အပါ တွက်ဆ သည်။

ဟိုတုန်းက နီမာ၏အသက်သည် (၇)နှစ်သမီး၊ ယခု (၁၅)နှစ် ထည့်ပေါင်းလျှင် နီမာ၏ ယခုအသက်သည် (၂၂)နှစ်ရွယ် ရှိပေသည်။

မိန်းကလေးတစ်ဦး၏ အသက်(၂၂)ရွယ် ဆိုသည် မှာ အိမ်ထောင်ကျမည်ဆိုက ကျလောက်ပေပြီ။

ဧ စ တ န ၁ စ ၁ ဧ မ

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ ... ဘုရား ကယ်တော်မူပါ ..."

နီမာသည် ထိုက်ထိုက်တန်တန် အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျပြီး ချမ်းသာကြွယ်ဝနေခြင်းပေလား။

"ဖွဟဲ့ ... လွဲစေ ... ဖယ်စေ ... အဲဒါမျိုး မဖြစ်ပါစေနဲ့"

ပြောလို့သာ ပြောရသည်။ နီမာတို့ ကဝမှာနေစဉ်က သူ့မိဘများသည် လုပ်ငန်းပမာဏအားဖြင့် ငွေရင်းဖြင့် လုပ်ကိုင်နိုင်သော်လည်း ကြွယ်ပိုး ကြွယ်ဝကြီးထဲက မဟုတ်ပါလေ။ အပါတို့နှင့် တူညီသော အခြေအနေသာ ရှိခဲ့သည်။

ယခု အပါက မိဘကွယ်လွန်ပြီး ဦးလေးဟန်စိန်က မန္တလေးခေါ်သွားပြီး အမွေတွေ ပေးသောကြောင့်သာ အပါ ချမ်းသာရခြင်း ဖြစ်သည်။

ဒါဆို သူ့မိဘများကြောင့် နီမာ ကြွယ်ပိုးကြွယ်ဝ ဖြစ်ရသည်တော့ မဟုတ်တန်ရာ။

အပါ စိတ်ပိန်သွားရပါ၏။ ဖုံးဆိုးတောထဲမှ ထွက်လာခဲ့သည်။

"ဟေ့ ... အပါ အံ့ရောကွာ ... ကြာလိုက်တာ ... မင်းကို ငါ ဒီအပေါက်ထိပ်က ထိုင်စောင့်နေတာ ... ဆေးပေါလိပ် တစ်လိပ် ကုန်သွားတယ် ..."

"ဘာလို့ ထိုင်စောင့်နေလဲ ပေတာလူရာ ... အထဲကို ဝင်လိုက်ခဲ့ရောပေါ့ ..."





"ဖေးသေး ... မြေပါး ကင်းပါးနဲ့ အခြောက်တိုက် မသာ မဖြစ်ချင်လို့ ... ဟိုတစ်ခါတုန်းက ငါ ဒီ ဖုံးဆိုးတောထဲကို ဝင်မိဖူးတယ်ကွ ..."

"ဘာလို့ မင်းက ဝင်ရတာလဲ ..."

"အဲဒီတုန်းက ငါ ဆယ့်ခြောက်နှစ်သားအရွယ်က ... ဦးကြီး ဆရာတော်နဲ့ မခွဲသေးဘူး ... ကျောင်းမှာပဲနေတယ် ... ကျောင်းမှာက အစားဆင်းရဲတယ်ကွ ... ငါက အစားငမ်းတဲ့ကောင်မှတ်လား ... လင်းမြွေကြီးတစ်ကောင်ပေါ်ကွာ ဒီဖုံးဆိုးတောစပ်ထဲ ဝင်သွားတာ ငါ မြင်လိုက်တာနဲ့ လင်းမြွေနောက်ကို ငါလိုက်တာ ..."

"မင်းက ဘာလို့ လင်းမြွေနောက်ကို လိုက်တာလဲ ..."

"ဟာ ... အပါ ... လင်းမြွေသားက ဟင်းချက်စားရင်း အရသာ သိပ်ကောင်းတာကွ ... ကြက်သားဟင်းနဲ့ မလဲဘူး"

အပါ ကြားဖူးပါ၏။ ကျေးလက်တချို့တွင် မြွေသားဟင်း ချက်စားကြသည်ဟူ၍လည်းကောင်း၊ မြွေသား သိပ်ကောင်းသည်ဟူ၍လည်းကောင်း ကြားဖူးသည်။

"အင်း ... ပြောပါဦး ... လင်းမြွေနောက်လိုက်ရင်း ဖုံးဆိုးတောထဲ ရောက်သွားတော့ မင်း ဘာဖြစ်လဲ ပေတာလူ"

"ဘာဖြစ်ရမလဲ ... လိုက်တုန်းကတော့ ငါက ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကြီး … ငါ့နောက်က ကျောင်းသားလေးတွေ ပါလာကြတယ် … မြွေက တောပိုကျွမ်းတော့ လျှောခနဲ လျှောခနဲ သွားတာကို ငါ ဖောကပ်ပြီးလိုက်ရင်း တောနက်ထဲရောက်သွားတယ် … ငါ့နောက်က ကျောင်းသားတွေလည်း တစ်ကောင်မှ ပါမလာကြတော့ဘူး … လင်းမြွေလည်း ဘယ်ရောက်သွားမှန်းမသိတော့ဘူး … အဲဒီတော့မှ ငါက ပြန်လမ်းကို ရှာတယ် … ဘယ်လိုမှ ရှာမတွေ့ဘူး … ဖုံးဆိုးတောထဲမှာ ငါ ချာချာလည်နေတယ် … မိုးချုပ်သွားတော့ ငါ ကုန်းအော်တာပေါ့ … အသံပြာအောင် အော်တာ”

“အဲဒီတော့ မင်းကို ဘယ်သူလာကယ်လဲ …”

“ဦးကြီးဆရာတော်ပဲ လာကယ်တာပေါ့ … မိုးချုပ်လို့ ကျောင်းကို ငါ ပြန်မရောက်တော့ ဆရာတော်က မေးမြန်းတယ် … ကျောင်းသားလေးတွေက ဆရာတော်ကို မလိမ်မညာရဲလို့ အမှန်ဖွင့်ပြောမှ ဆရာတော်နဲ့ ကျောင်းသားတွေ ငါ့ကို လိုက်ရှာကယ်ရတာပေါ့ အပါ … အဲဒွာ အဲဒီညက ဆရာတော် ငါ့ကို ကြိမ်နဲ့ဆော်တော့တာပဲ … အကုသိုလ်လုပ်ရမလားဆိုပြီးလေ … အဲဒီကတည်းက ဖုံးဆိုးတောထဲကို ငါ ဘယ်တော့မှ ပြန်မဝင်ရဲတော့ဘူး အပါ …”

'သူ' အပါ ရယ်ရှုပြန်သည်။





“အခု မင်း ဘယ်သွားမလဲ အပါ …”

ဖုံးဆိုးတောထဲမှ ထွက်လာပြီး အပါ ရှုးဖိနပ် ပြန်စီးနေသည်ကို ပေတလူက ကြည့်ရင်း မေးလိုက်သည်။

“သချိုင်းသွားစို့ ပေတလူ … ဖေဖေ၊ မေမေနဲ့ ဦးလေးသာဆန်း အုတ်ဂူတွေ ငါ သွားကန်တော့ချင်တယ် …”

သချိုင်းသို့ ရောက်သောအခါ အုတ်ဂူများအား လှဲကျင်းသန့်စင်ပြီး ပါရှိလာသော ပန်းများ၊ ဖယောင်းတိုင်များ၊ အမွှေးတိုင်များ ပူဇော်ပြီး အပါ ကန်တော့ပေသည်။

ပေတလူကလည်း … ဘာရယ်ညာရယ်မဟုတ် ဝင်ရောက် ကန်တော့ပေသည်။

'သူ' အပါသည် ကန်တော့ပြီး စကားပြောသလို ရွတ်ဆိုသောအသံကြောင့် ပေတလူက အပါ့ကို စောင်းငဲ့ကြည့်မိသည်။

“ဖေဖေ၊ မေမေနဲ့ ဦးလေးသာဆန်း သေဆုံးမှုကို ဦးလေးဟန်စိန်က မကျေနပ်ပါ … သားလည်း မကျေနပ်ပါ … ဖေဖေ မေမေကို သတ်သွားသည့် ဓားပြများကို ဖော်ထုတ်ဖို့ သားရောက်လာပါပြီ … အစွမ်းကုန် ကြိုးစားဖော်ထုတ်ပါမည် … အဲဒီဓားပြတွေ ဖေဖေနှင့် မေမေ ဦးလေးသာဆန်းကို သတ်ခဲ့သည်နှင့်အညီ တန်ကြေးတူသော အပြစ်ဒဏ်ခံစေသည်အထိ သား ကြိုးစားပါမည် … ကလေးစားချွေခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ … မကောင်းမှုပြုသူကို မကောင်းသော အပြစ်ဒဏ် ခံစေဖို့သာ ဖြစ်ပါသည် … ဖေဖေ မေမေနှင့် ဦးလေးသာဆန်း ခင်ဗျား … ”

“အာမဘာန္တေပါ ဖေဖေခင်ဗျား … ”

“အာမဘာန္တေပါ မေမေခင်ဗျား … ”

“အာမဘာန္တေပါ ဦးလေးသာဆန်းခင်ဗျား … ”

ပေတလူက သေချာကြည့်ပြီး ဟဲခနဲ ရယ်လိုက်ပါ၏။

“မင်း ဘာတွေရွတ်နေတာလဲ အပါ … မင်း ဘာတွေ ရွတ်နေမှန်း ငါနားမလည်လို့ ရယ်တာ … ”

“မင်းဟာမင်း ရယ်ချင်ရယ်၊ ငိုချင်ငို ငါရွတ်တာ ငါ့အဓိပ္ပာယ်နဲ့ ငါပဲ … ”

နှစ်ယောက်သား သချိုင်းထဲမှ ထွက်လာကြသည်။

ဆရာတော် ညွှန်ကြားသည့်အတိုင်း အကျိုးဆောင်လူကြီးထံတွင် အပါ ငွေငါးရာ သွားလှူသည်။

“သာဓုကွယ် … သာဓု … သာဓု … စောစောက မိန်းကလေး လှူသွားတာ တစ်ထောင်ရော … အခု ငါးရာရော အရင်က ရထားတဲ့ အလှူငွေတွေနဲ့ရော အားလုံးပေါင်းရင် ဆရာတော်ရဲ့ကျောင်းကို ပြန်ပြုပြင်နိုင်လောက်ပြီ … ”





“စောစောက လှူသွားတာ နီမာ မဟုတ်လားခင်ဗျာ”

“အေးလေ … နီမာ လှူသွားတာ … နီမာက သာအေးနဲ့ မယ်ညွန့်သမီးပဲ … ဟိုတုန်းက မင်းလှူခဲ့တဲ့ အိမ်ကြီးနဲ့ တစ်အိမ်ခြားမှာ နေသွားခဲ့ဖူးတာ … အင်းလေ … အဲဒီတုန်းက မင်းတို့က ငယ်သေးတော့ မှတ်မိချင်မှ မှတ်မိမှာပေါ့လေ … သူတို့လည်း မြို့ကြီးပြပြီး ပြောင်းသွားပြီး စီးပွားဖြစ်နေ ထင်ပါရဲ့ … ”

“နီမာတို့ ဘယ်မြို့ကို ပြောင်းသွားလဲ ဦးလေး … ”

“ဒါတော့ ငါလည်း ဘယ်သိမလဲ … နီမာက ငွေတစ်ထောင်ကြီးတောင် လှူသွားတာမို့ သူတို့ စီးပွားရေးကောင်းပုံရတယ် ထင်လို့ပြောတာ … နီမာ့ပုံစံက တကယ့်မြို့ကြီးသူပုံစံပဲ … ရုပ်ရှင်ထဲက သိပ်လှပါတယ်ဆိုတဲ့ မင်းသမီးတောင် အခု နီမာလောက် မလှပါဘူးကွာ … ”

ထိုဦးလေးစကားအရ နီမာ သိပ်လှနေသည်။ မြို့ကြီးသူပုံစံ ရှိနေသည်။ စီးပွားရေး ပြေလည်နေသည်ဟု အပါ ကောက်ချက်ချနိုင်ပါလေ၏။

သို့သော် နီမာ ဘယ်မြို့ကြီးမှာ နေမှန်းတော့ မသိရသေး။

“ဦးလေး … နီမာလှူတဲ့ ငွေတစ်ထောင်အတွက် မှတ်တမ်းရေးမထားဘူးလားဗျာ … ”



www.burmeseclassic.com

www.burmeseclassic.com



"ဟ … ရေးရတာပေါ့ … ဒါမှ ဆရာတော်ကိုရော ဂေါပက အဖွဲ့ကိုရော စာရင်းတင်ပြနိုင်မှာ … "

"ဒါဆို … အလှူရှင် နီမာရဲ့ နေရပ်လိပ်စာကို မှတ်တမ်းမှာ ရေးမှတ်မထားဘူးလား … "

ဦးလေးကြီး ခေါင်းခါပြသည်။

"မှတ်တမ်းမှာ ဦးသာအောင် ဒေါ်မယ်ညွန့်ရဲ့သမီး နီမာလို့ပဲ ရေးမှတ်တယ် … အခု အပါလှူတဲ့ငွေကိုလည်း ဦးညဏ်ထိန် ဒေါ်စိန်အိရဲ့သား အပါလို့ပဲ မှတ်တာပဲ … အားလုံး ကဝဆက်တွေဆိုတော့ ဂေါပကအဖွဲ့က သိပြီးသားတွေ လေကွာ … "

အပါ သက်ပြင်းချရတော့သည်။ သို့သော် နီမာ၏ အဖေ ဦးသာအောင်၊ အမေ ဒေါ်မယ်ညွန့်ဟုတော့ သိရပေသည်။

"ဒါထက် … နီမာက ငွေလှူပြီး ဘယ်ကိုထွက်သွားလဲ ဦးလေး … "

"ကျွးတို့ဆိပ်တိုပဲပေါ့ အပါ … ပြန်တော့မယ်လို့တောင် နှုတ်ဆက်သွားသေးတယ် … "

အပါနှင့် ပေတလူ ကျွးတို့ဆိပ်သို့ လာခဲ့ကြသည်။ အသင့်ပင် ကျွးတို့သူကြီး ဦးလေးဖြိုင်ကို တွေ့ကြသည်။

ပေတလူကပင် အပါ၏အကြောင်း ဦးလေးဖြိုင်ကို





ပြောပြသည်။ အပါသည် လွန်ခဲ့သော (၁၅)နှစ်က ကဝတွင် နေခဲ့ပြီး ဓားပြများသတ်၍ သေသွားသော ဦးညဏ်ထိန် ဒေါ်စိန်အိ၏ သားဖြစ်ကြောင်း ပြောပြသည်။

"ဒီကောင် အပါက ဟိုတုန်းက ဖြစ်ခဲ့တဲ့အကြောင်းတွေကို သိချင်လို့တဲ့ … ဒီမြို့မှာ ဦးလေးဖြိုင်က ဘာမဆိုသိတဲ့ မှတ်သားထားတဲ့ ဘုတ်အုပ်ကြီးသမားမို့ ဦးလေးဖြိုင်ကို မေးကြည့်လို့ … ကျွန်တော် ပြောပြီးခေါ်လာတာ … "

"အေး … သိတော့သိတယ် … ဒါပေမဲ့ တချို့ကိစ္စတွေကျတော့ အသက်ကြီးလာတော့ မေ့ကုန်တယ်ကွ … ဒါပေမဲ့ မှတ်ထားတဲ့ ဘုတ်အုပ်ကို ပြန်ကြည့်ရင်ရပါတယ် … မင်းတို့ ခေတ်စကားနဲ့ ပြောရရင်တော့ ဒိုင်ယာယီစာအုပ်ပေါ့ကွာ၊ နောင်လာနောင်သားတွေ သိနိုင်အောင် … ဒီမြို့မှာ ဖြစ်ခဲ့သမျှ ထူးခြားတာတွေကို မှတ်ထားတာ … "

"ဟုတ်ကဲ့ … ကျွန်တော် မေးမြန်းချင်တာက ဖေဖေဦးညဏ်ထိန် … မေမေ ဒေါ်စိန်အိနဲ့ ဦးလေးသာဆန်းတို့ကို ဓားပြတွေ သတ်သွားတဲ့အကြောင်း ဦးလေးဖြိုင် မှတ်မိသလားလို့ပါ … "

"အေး … ကောင်းကောင်းမှတ်မိတယ် … မိသားစုအားလုံးကို သတ်သွားတဲ့ ဓားပြမှုမို့ သေချာမှတ်ထားတာ … ညဏ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်နဲ့ ဒေါ်စိန်အိရဲ့ သားလေးအပါတောင် အိမ်နောက်ဖေး ဖိုးဆိုးတောထဲ ဝင်ပြေးနိုင်လို့ လွတ်သွားတာ ... ”

“အဲဒီ လွတ်သွားတဲ့အပါဟာ ကျွန်တော်ပါပဲ ... ”

“အေး ... ဟုတ်သားပဲ ... ခုန ပေတလူ ပြောထားသားပဲ၊ အဲဒါပဲ ကြည့်တော့ကွာ ... အသက်ကြီးလာတော့ ခုပြော ခုမေ့ဇတောင် ဖြစ်ချင်ပြီ ... ”

“ကျွန်တော်သိချင်တာက အဲဒီဓားပြတိုက်လို့ ဖေဖေမေမေ ဦးသာဆန်း သေတဲ့နှစ်က အင်းလေလံကို ဘယ်သူရသွားသလဲဆိုတာ သိချင်တာပါ ဦးလေးဖြိုင် ... ”

“အင်း ... နေဦးကွ ... ”ဟု ဆိုပြီး ဦးလေးဖြိုင် စဉ်းစားသည်။ ခုနှစ်သက္ကရာဇ်ကို လက်ချောင်းများ ချိုးတွက်သည်။

“အင်း ... တစ်ထောင့်သုံးရာနှစ်ဆယ့်လေးခုနှစ်က အင်းလေလံဆွဲတာ ဘယ်သူရသလဲဆိုတော့ ... အဲ ... အဲ ... ဒါကျတော့ ဘုတ်အုပ်ပြန်ကြည့်မှ သေချာမယ်ကွ ... အခုချက်ချင်းဆိုရင်တော့ ဒုံးသဘော အကြမ်းသဘောလောက်သာ ပြောနိုင်မယ် ... ”

“ဒုံးသဘောလောက်ပဲ ပြောကြည့်ပေးပါဦးလေးဖြိုင် ... ”

“ဒုံးသဘောပြောရရင် အဲဒီခေတ်က နိုင်ငံရေးခေတ်ကွ”

ထိုခေတ်က ဖဆပလခေတ် ... ပါလီမန်ခေတ်ကို





ဦးလေးဖြိုင်တို့လို အသက်ကြီးသူတွေက ပြီးစလွယ် နိုင်ငံရေးခေတ် ဟုပင် ကင်ပွန်းတပ် ပြောဆိုတတ်ပေသည်။

“အဲဒီနိုင်ငံရေးခေတ်မှာ အင်းလေလံကို နှစ်စဉ် အပြိုင်ဆွဲတဲ့လူ ငါးဦးရှိတယ် ... အဲဒီငါးဦးအမည်တွေက မြဘူးရယ်၊ ကျော်လင်းရယ်၊ ညဏ်ထိန်ရယ်၊ သာအောင်ရယ်၊ ကျင်ဟုတ်ရယ်တွေပဲ ... အဲဒီထဲက ကျင်ဟုတ်ကတော့ အလကားပါ ... ကဝမှာ ကုန်စုံဆိုင်တည်ပြီး ချမ်းသာလာလို့ အင်းလေလံကို ရလိုရငြား ဝင်ဆွဲတာ ... တကယ်တန်းကျတော့ ကျင်ဟုတ်က အင်းလုပ်ငန်း လုပ်တတ်တာမှမဟုတ်တာ ... လေလံပွဲမှာ ငွေနည်းနည်းချောင်မယ်ဆိုရင် ဆွဲမယ်ဆိုတဲ့သဘောပါ ... ကျင်ဟုတ် အင်းလေလံကို ရဖူးတယ်လည်း မရှိပါဘူး ... ”

အပါက ဦးကျင်ဟုတ်အကြောင်း စိတ်မဝင်စား။ သူသိချင်တာကိုသာ ဆက်စပ်စဉ်းစားသည်။

ယခု ဦးလေးဖြိုင်ပြောသည့် စကားအရ ထိုနှစ်က ဦးကျင်ဟုတ်ကို ဘေးဖယ်၊ ဖေဖေဦးညဏ်ထိန်ကိုလည်း ဓားပြသတ်လို့ သေသွားပြီမို့ ဘေးဖယ် ... ။

ဒါဆို ဦးမြဘူး၊ ဦးကျော်လင်းနှင့် ဦးသာအောင်။

“ဒါဆို ... အဲဒီနှစ်တုန်းက အင်းလေလံကို ဘယ်သူရသွားသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြိုင် ... ဦးမြဘူးလား၊ ဦးကျော်လင်းလား၊ ဦးသာ
အောင်လား ... ”

“ငါ အခုပြောဖို့ မသေချာဘူးကွ ... ဘုတ်အုပ်ကြီးကို ခုနှစ်
သတ္တရာစ်အလိုက် ပြန်ရှာကြည့်မှ သေချာသိမှာ ... မင်းသိ
ချင်ရင် ဒီည ကဝမှာပဲအိပ် ... ငါအိမ်လိုက်ခဲ့ ... ဘုတ်အုပ်
ထဲမှာ အဲဒီနှစ်က အင်းလေးလဲ ဘယ်သူရတယ်ဆိုတာ ငါ
ရှာကြည့်ပေးမယ် ... ”

ကဝတွင် ညအိပ်ဖို့ အပါ စဉ်းစားသည်။

မော်တော်ဆိုင်ကယ်ကို ဟိုဘက် ထုံးကြီးတွင် ဒီ
အတိုင်း ပြီးစလွယ် အပ်ထားခဲ့သည်။ ညရေးညတာအတွက် မော်
တော်ဆိုင်ကယ်ကို စိတ်မချ။

အထူးသဖြင့် ၎င်းဆိုင်ကယ်မှာ မိမိကိုယ်ပိုင်မဟုတ်၊
သူငယ်ချင်း ထွန်းနေလင်းထံမှ ငှားစီးလာသော ဆိုင်ကယ်ဖြစ်နေ
သည်။

ထို့ထက်မှာမူ ...

သူငယ်ချင်း ထွန်းနေလင်းက မိမိကို အတန်တန်
မှာလိုက်သည်။

“မင်း ... ဒီည ငါသွားမဲ့ မွေးနေ့ပါတီပွဲကိုတော့ အမီပြန်လာ
ကွာ ... အဲဒီမွေးနေ့ပါတီပွဲကို မင်း ငါနဲ့အတူ လိုက်စေချင်





လို့ပါ ... အဲဒီပွဲမှာ ငါ့အမျိုးသမီးက သီချင်းဆိုမှာကွ ... ငါ့
အမျိုးသမီးနဲ့လည်း မင်းကို မိတ်ဆက်ပေးချင်တယ် ... ငါ့
အမျိုးသမီး ဘယ်လောက်ချော ဘယ်လောက်လှ ဘယ်
လောက်သီချင်းဆို ကောင်းတယ်ဆိုတာတွေလည်း ... မင်း
မြင်စေချင်တယ် ... ကြားစေချင်တယ် ... မင်း ဆက်ဆက်
ပြန်လာကွာ ... ငါ ဘယ်လောက်စွံတယ်ဆိုတာ မင်းကို
ငါ ကြွားချင်လို့ ... ”

ထွန်းနေလင်း အတန်တန် အလေးအနက် မှာလိုက်
သော စကားကြောင့် အပါသည် ဦးလေးဖြိုင်၏ ဘုတ်အုပ်ကြီးကို
နောက်တစ်ခေါက်မှပဲ ပြန်လာကြည့်တော့မည်ဟု ဆုံးဖြတ်ရတော့
သည်။

ကဝနှင့် ရန်ကုန်၊ ရန်ကုန်နှင့် ကဝဆိုသည်မှာ နေ့
ချင်းပြန် သွားနိုင်သည် မဟုတ်ပါလား။

“ဒီလိုလုပ်ပါ ဦးလေးဖြိုင် ... ဒီကနေ့တော့ ကျွန်တော် မပြန်
ရင် မဖြစ်လို့ ပြန်လိုက်ဦးမယ် ... ကျွန်တော် သိချင်တာကို
ဦးလေးဖြိုင် ရှာထားနှင့်ပေါ့ ... ကျွန်တော် နောက်တစ်
ခေါက် ပြန်လာခဲ့မယ်လေ ... ”

“ဟ ... ဒါဆို သိပ်ကောင်းပေါ့ကွာ ... ငါ ဘုတ်အုပ်ကြီးထဲ
မှာ သေသေချာချာ ရှာချိန်ရတာပေါ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထော် ခတ်နေသော်လည်း ပေတလူက ငါသူငယ်ချင်း အပါကို ငါပဲ လိုက်ပို့မည်ဆိုပြီး ကူးတို့သမ္ဗန်ဖြင့် ထုံးကြီးဘက်ကမ်းသို့ ကူးခဲ့ပါ၏။

ကမ်းပေါ်မတက်မီ အပါက ရှတ်အင်္ကျီ ပေတလူ၏ ပုဆိုးကြားသို့ ငွေတစ်ထောင်တိတိ ထည့်ညှပ်ပေးသည်။

"ဟေ့ကောင် အပါ … ငါ မယူဘူး …"

ပေတလူ ခါးခါးသီး ငြင်းသော်လည်း … အပါက အတင်းပင် 'ငါ စေတနာနဲ့ပေးတာ … ငါ့စေတနာကို မင်း မစော်ကားနှင့်' ဆိုပြီး အတင်းပေး၊ အတင်း ကမ်းပေါ်သို့ ပြေးတက်ခဲ့တော့သည်။

ကမ်းပေါ်ရောက် မော်တော်ဆိုင်ကယ် စက်နှိုးသည်အထိ ပေတလူက ကူးတို့သမ္ဗန်ကို ကဝဘက် ပြန်မခတ်သေးဘဲ အပါ့အား ငေးကြည့်နေသဖြင့် အပါက လက်ပြနှုတ်ဆက် ထွက်ခွာလာခဲ့ရတော့သည်။

■ ■ ■





## (၆)

အပါ၏ပုံစံက ပွဲသွားကျော့ကျော့ ပွဲပြန်မော့မော့ ပုံစံဖြင့် ပြန်ရောက်လာသည်။

ကဝကို သွားစဉ်ကတော့ စမတ်ကျကျ ဝတ်စားသွားပါ၏။

အသွားအပြန်ခရီးကြောင့်ရော ကဝတွင် ဖုံးဆိုးတောထဲ တိုးခဲ့သည်ကြောင့်ရော ဗိုသီဖတ်သီ ကပိုကရိုပုံစံဖြင့် ပြန်ရောက်လာခြင်းကို သူငယ်ချင်း ထွန်းနေလင်းက ခြံဝထွက်စောင့်နေရာမှ တွေ့ရသည်။

ထွန်းနေလင်းမှာ အဖိုးတန် အဝတ်အစားဖြင့် ဝတ်ဆင်ပြီး ဖြစ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေ မွေးနေ့ပါတီပွဲသွားရန် အတူသွားဖို့ အပေါ်ကို စောင့်နေခြင်းဖြစ်တော့သည်။

အပါက စောင့်နေသော ထွန်းနေလင်းကို ကျော်ဖြတ်ကာ တိုက်ရှေ့ဆင်ဝင်အောက်ရောက်မှ ဆိုင်ကယ်ကို ရပ်လိုက်သည်။

ထွန်းနေလင်း ခြံဝမှ အပါရှိရာသို့ လျှောက်လာလိုက်လာသည်။

ဆင်ဝင်အောက်တွင် မာဇေါ်ဆီဒင် (၁၃၀၀)နီနီရဲ့ကားသစ်လေး အဆင်သင့် ဖြစ်နေသည်ကိုလည်း အပါ တွေ့ရသည်။

"ဘယ်လိုလဲ ဗိုလ်စိုးမိုးနိုင် ... ငါကောင်ကြီးက စစ်ဗိုလ်မို့ အချိန်နာရီ သိပ်လေးစားမယ် ထင်နေတာ ... အခု ဘယ်အချိန်ရှိသွားပလဲ ..."

"မင်း ... ငါ့ရာထူးကို မစော်ကားနဲ့ ထွန်းနေလင်း ... အခု ငါက ယူနီဖောင်းဝတ်ပြီး တာဝန်ထမ်းဆောင်နေတာ မဟုတ်ဘူး ... အေး ... ယူနီဖောင်းနဲ့ တာဝန်ထမ်းဆောင်နေချိန်ဆိုရင် အချိန်တစ်မိနစ် တစ်စက္ကန့်တောင် မလွဲစေရဘူး ... အခုဟာက မင်း မိန်းမနောက်ပိုးသွားမဲ့ပွဲပဲ ... ဘယ်အချိန်ပဲရောက်ရောက် ငါက ဘာအရေးလဲ ... အခု ငါက ခွင့်ယူထားပြီး အေးအေးဆေးဆေးပဲ သွားယ်ချင်း ..."





"အေးပါကွာ ... အေးကွာ ... ဒါပေမဲ့ မင်း၊ နာရီကြည့်စမ်း စိုးမိုးနိုင် ..."

ထွန်းနေလင်းက သူ့လက်တွင် ပတ်ထားသော အိုမီဂါအဖိုးတန်နာရီအကောင်းစားကို မြှောက်ပြလိုက်သည်။

"ခြောက်နာရီနဲ့ ဆယ်မိနစ် ... အဲဒါ ဘာဖြစ်လဲ ထွန်းနေလင်း"

"ဟ ... ဘာဖြစ်ရမှာလဲကွ ... ငါက ငါ့အမျိုးသမီးချောနေယမင်းကို ငါးနာရီခွဲမှာ လာကြိုမယ် ... အတူတူသွားမယ်လို့ ချိန်းထားတာလေကွာ ..."

"ဒါဆို ... မင်းဟာမင်း သွားပေါ့ကွ၊ ငါ့အနေနဲ့ ဒီမွေးနေ့ပါတီပွဲတွေ ဘာပွဲတွေ ညာပွဲတွေ သွားချင်စိတ်မှ မရှိတာ ... မင်းက ဇွတ်အတင်းခေါ်လို့သာ လိုက်မယ်လို့ ပြောထားတာ ... ငါ့ကို ဘာမှစောင့်စရာမလိုဘူး ... မင်းကိုယ်ပိုင်ကားနဲ့ပဲ ချိန်းတဲ့နာရီအတိုင်း သွားပေါ့ ..."

"ဟကောင် စိုးမိုးနိုင် ... မင်း လိုက်စေချင်လို့ပဲဟာ"

"နောက်ပြီး ... အဲဒီပွဲကို အမိကဖိတ်တာ ရုပ်ရှင်ဒါရိုက်တာ ပရိုဂျူဆာ ထွန်းနေလင်းကိုဖိတ်တာ ... ငါက ဒီပွဲမှာ ဖွတ်ကြားပဲ ... ငါနဲ့သိတဲ့လူလည်း တစ်ယောက်မှမပါဘူး ... မင်းခေါ်ရာကို ကြောင်တောင်တောင် ငါက လိုက်ရမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်လိုမြို့ကြီးမှာ ဗိုလ်စိုးမိုးခိုင်ဆိုတာလောက်က မူးတင်းမတ်တင်းလောက် ရှိတာလေကွာ ... ”

“ကဲပါကွာ ... အဲဒါတွေ မြစ်ကြီးနား–ရေး–ဘိတ်–ထားဝယ် ရောက်မှပြော ... အခု ငါနဲ့လိုက်ခဲ့ပေတော့ စိုးမိုးခိုင်”

“ဟ ... ငါ ရေမချိုးမိုးမချိုးနဲ့ တစ်ကိုယ်လုံး ယားကျိကျိကြီး ... ငါ ရေချိုးမယ်၊ အဝတ်လဲမယ် ... အဲဒါ စောင့်နိုင်ရင် စောင့် ... မစောင့်နိုင်ရင် မင်းဟာမင်းပဲ သွားတော့၊ ငါက အိမ်မှာပဲ ဓိမ်နဲ့ နှပ်ကျန်ခဲ့မယ် ... ”

“ကဲပါကွာ ... ဆယ်မိနစ်နဲ့ အပြီးလုပ်စမ်းပါ ... ငါ စောင့်ပါ့မယ် ... ဒီပွဲကို မင်းလိုက်စေချင်လွန်းလို့ပါ ... ”

ဆယ်မိနစ်အတွင်းမှာပင် စိုးမိုးခိုင် ခေါ် အပါသည် ရေချိုးပြီး အဝတ်လဲပြီး ဖြစ်သွားပါ၏။

“ဘာပဲဖြစ်ဖြစ် နဂိုတိုင်း ထွက်ပါတယ်ကွ စိုးမိုးခိုင် ... ”

“မင်း ... ဘာဆိုလိုတာလဲ ... ”

“ဩော် ... မင်းက နဂိုကတည်းက ကြည့်ကောင်းပြီးသားဆိုတော့ ကမန်းကတန်းနဲ့ ဘာဝတ်လာလာ ကြည့်ကောင်းနေလို့ပါ ... ”

“တော်စမ်းပါ ထွန်းနေလင်းရာ ... အခု ငါက ရန်ကုန်ကို ခွင့်ရက်ရှည်ယူလာပြီး မင်းအိမ်မှာ ကပ်စားနေတာ ... ငါ့ကို





ဘယ်လိုပဲမြှောက်မြှောက် မင်းကို ငါက ဝက်ဆီဖတ် တစ်မတ်ဖိုးတောင် ဝယ်မကျွေးဘူး ... ”

နှစ်ဦးသား ရယ်မောပြီး ဆီဒင်ကားနီလေးနှင့် ထွက်လာခဲ့ကြသည်။

အိမ်တွင် ထွန်းနေလင်း၏ လက်စွဲတပည့် ‘မောင်ပု’ ကျန်ခဲ့ပါ၏။ ထွန်းနေလင်း၏ ယုံကြည်စိတ်ချသော ငယ်မွေးခြံပေါက် တပည့်လူယုံ ဖြစ်ပေသည်။

မာဇဒါဆီဒင် ကားနီရဲရဲလေးသည် ကြည့်မြင်တိုင်အောက်လမ်းမှ အလုံဌာနာလမ်းရှိရာသို့ ကွေ့ချိုးဝင်လိုက်သည်။

အလုံဌာနာလမ်းသည် သန့်ပြန့်သောလမ်း ဖြစ်ပါ၏။

အပါ (ခေါ်) ဗိုလ်စိုးမိုးခိုင်အဖို့တော့ ဤဌာနာလမ်းထဲသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းသာ ဖြစ်ပေသည်။

ထွန်းနေလင်းက သုံးပင်နှစ်ခန်း သွပ်မိုးပျဉ်ကာ ပျဉ်ထောင်အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်သည်။ သန့်ရှင်းသေသပ်ကြည့်ကောင်းသော မြန်မာအိမ်လေးတစ်အိမ် ဖြစ်ပေသည်။ အိမ်ဦးခန်းတွင် ကျယ်ပြောသော ဘုရားစင်ထုတ်ထားသည်။ ဧည့်ခန်းအိပ်ခန်းစသည်တို့ကို ဆေးစိမ်းသုတ် ရှေ့ကာသဲဇကာပေါက်များမှ အထဲသို့ လှမ်းမြင်နေရသည်။

“ပွမ် ... ပွမ် ... ”



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေလင်းက ကားရပ်ပြီး ကားဟွန်းနှစ်ချက်ဆင့် တီးလိုက်သည်။

အသက်လေးဆယ်ခန့် အသားဖြူဖြူ ခပ်သွယ်သွယ် အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။

"ဟော့ကောင့် ထွန်းနေလင်း ... အဲဒါလားကွ နေယမင်းဆိုတာ ..."

"ထပ်သရီး ... မင်း ပေါက်ကရာပြောတယ် ... နောက်ပြီးပြောမှပြောရက်ပလေခြင်းကွာ ... အဲဒါ ဒေါ်လေးစောကွ၊ နေယမင်းရဲ့ အဒေါ်သားချင်း ကူဖော်လောင်ဘက်အဖြစ်လာနေတာ ..."

ဒေါ်လေးစောဆိုသည့် အမျိုးသမီးသည် ထွက်ကြည့်ပြီး အိမ်ထဲသို့ ပြန်ဝင်သွားသည်။

"ဟော့ကောင် ထွန်းနေလင်း ..."

"ဘာလဲကွ ..."

"နေယမင်းက မင်းအဆက်ဆို ..."

"အဲဒီလိုတော့ ငါမပြောမိပါဘူး ... မင်းကို ငါပြောတာက နေယမင်းဟာ ငါ့အမျိုးသမီးလို့ ပြောတာပါ ... ငါကတော့ သူ့ကို မေတ္တာရှိတာရော၊ လက်ထပ်ချင်တာရော ဖွင့်ပြောပြီးပြီပေါ့ကွာ ... သူ့ဆီကတော့ အင်းမလှုပ် အဲမလှုပ် ဘာ





အဖြေမှ မပေးသေးဘူး ... မိန်းကလေးရဲ့သဘာဝအတိုင်း နည်းနည်းမူလကျို လုပ်နေသေးတယ် ... ဒါပေမဲ့ ငါထင်တယ် ... တစ်နေ့ကျရင် အဖြေပေးမှာ သေချာတယ်လို့၊ အဲဒီအဖြေဟာ ငါနဲ့လက်ထပ်ပါ့မယ်ဆိုတဲ့ အဖြေမဲ ဖြစ်ရမှာပေါ့ သူငယ်ချင်း ... နေပါဦး ... မင်းက ငါ့ကို ဘာလို့ အဲဒါ မေးတာလဲ စိုးမိုးခိုင် ..."

"ဩော် ... မင်းရောက်လာတာကို ဟွန်းတီးအချက်ပေးတာတောင် သူက ကိုယ်တိုင် ဟက်ဟက်ပက်ပက် ထွက်မကြိုဘဲ ဒေါ်လေးစောဆိုတာကို အရင်ကြည့်ခိုင်းတာ ငါ တွေ့လို့ပါ ..."

"ဒါက ဒီလိုကွ ... နေယမင်းကို ကိုယ်ပိုင်ကားရှိတဲ့ ငနဲတွေ ချဉ်းကပ်တာ အများကြီး ... ကားဟွန်းတီးတိုင်း နေယမင်းက ထွက်ကြိုနေရင် အိမ်နီးနားချင်းတွေက ဘယ်လိုထင်ကြမလဲ ... ဒီရပ်ကွက်က ဗမာရပ်ကွက်စစ်စစ်ကွ ... အတင်းပြောတတ်ကြတယ်ပေါ့ကွာ ... ဒီတော့ နေယမင်းအဓနနဲ့ အနေအထိုင် ဆင်ခြင်ရတဲ့သဘောပဲ ..."

ထွန်းနေလင်း ... ပြောနေစဉ်မှာပင် စိုးမိုးခိုင်သည် ထွန်းနေလင်း ပြောနေသောစကားကို ဆက်ပြီး ကြားချင်မှ ကြားတော့မည်။



www.burmeseclassic.com

အကြောင်းမှ ...

ပျဉ်ထောင်အိမ်လေးထဲမှ ထွက်လာပြီး သံဇကာ ပေါက်လှေကားသို့ ရောက်လာသည့် မိန်းမပျိုဆီသို့ စိုးမိုးခိုင် မျက်စိတစ်ဆုံးလုံး ရောက်သွားပေသောကြောင့် နားမကြားဖြစ်သွားရပါ၏။

ဖြူစင်လှပသော မိန်းမချောတစ်ယောက်ဖြစ်မှန်းတော့ သေချာသည်။ အိမ်တွင်း လေးပေချောင်းမီးရောင်ကို နောက်ကျောပေးထားသည်မို့ သူမ၏မျက်နှာ အလှအပကို သဲကွဲထင်ရှားစွာတော့ မတွေ့ရသေး။ နောက်ခံမီးအလင်းရောင်နှင့်ပင် သူမ၏ ခန္ဓာကိုယ် အချိုးအစားနှင့် အရပ်အမောင်း လွန်စွာ လိုက်ဖက်ပြေပြစ်သည်ကိုတော့ မြင်နေရသည်။

သူမသည် ရှည်လျက် နက်မှောင်အုံကောင်းသော ဆံကေသာကို နောက်တွဲထုံးထားသည်။ ထုံးထားရာမှ ထွက်ဖြာကျဆင်းလာသော ဆံပင်သည်ပင် သူမ၏ခါးကိုကျော်ကာ တင်ပါးဖုံးနေသည်။

စိုပြေပြီး အသားဖြူဝင်းသူများသည် မွန်းတည့်နေရောင်မှာဖြစ်စေ၊ ဝိုးတဝါး ဆည်းဆာမှာဖြစ်စေ၊ လင်းတစ်ဝက် မှောင်တစ်ဝက်ကြားမှာဖြစ်စေ သူ၏ စိုပြေဖြူဝင်းသော အသားရောင် ပေါ်လွင်စမြဲ ရှိတတ်သည်။ ယခု နောက်ခံလေးပေချောင်း





မီးရောင်က နောက်မှလင်း လမ်းမီးတိုင်ကမီးက ရှေ့မှလင်းသည့်ကြားတွင် သူမ၏ ဖြူဝင်းသော အသားရောင်နှင့် အချိုးအဆက်တို့မှာ 'လှချင်တိုင်းလှ' ပြေပြစ်ကျော့ရှင်းချင်တိုင်း ပြေပြစ်ကျော့ရှင်းနေပါလေ၏။

စိုးမိုးခိုင်သည် ထိုအမျိုးသမီးကို စူးစူးစိုက်စိုက် ကားပေါ်မှ ထိုင်ကြည့်ရင်း အတန်းကျောင်းသားဘဝက အလွတ်ကျက်ခဲ့သော စာတစ်ပိုဒ်ကို နှုတ်မှ ရွတ်ဆိုလိုက်မိသည်။

"ပျို့နုလက်လတ် ဝင်းရှိန်မက်မူ၊
သွယ်ပတ်ဝေဝေ ထုံးနောက်ခွေနှင့်၊
တင့်နေစလှ ဆည်းရီညဝယ်၊
လွှလွှဖြူစင် ပေါ်ရုံတင်၍ ..."

"ဟော့ကောင် ... ငါ ပြောတာ မင်း နားထောင်နေရဲ့လား စိုးမိုးခိုင် ..."

"ထောင်နေပါတယ် သူငယ်ချင်း ... ဒါပေမဲ့ ... ဟိုမှာလေ အမျိုးသမီးက မင်းကို ထွက်ကြိုနေပြီမဟုတ်လား ..."

ထိုအခါကျမှပင် လေကန်အား ကောင်းနေသော ထွန်းနေလင်းသည် ပျဉ်ထောင်အိမ်လှေကားဆီသို့ လှမ်းကြည့်သည်။

"ဟာ ... ယမင်း ..."

ထွန်းနေလင်းသည် ကားတံခါး ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာ ကားပေါ်မှဆင်းသည်။ အိမ်လေးမှ လှေကားသုံးထစ်ဆီသို့ ကုပျာကရာ ရောက်သွားသည်။

စိုးမိုးခိုင်ကတော့ ကားထဲမှာပင် ထိုင်၍ ကျန်ခဲ့ပါ၏။

ဤပွဲသည် ထွန်းနေလင်း၏ပွဲ ဖြစ်ပါ၏။ နေရာတကာ မိမိက ကားရှေးကားရှားဖြင့် မပါသင့်၊ မိမိက ထွန်းနေလင်း၏ အဖော်မျှသာဖြစ်ပါ၏။ ဤပွဲ၌ မိမိအနေနှင့် ထွန်းနေလင်း ထားရာနေ နေရာသွားအဖြစ်သာ ခံယူရပေမည်။

"နေယမင်းက ... ဘာမှ အဆင်သင့် မဖြစ်သေးဘဲကိုး ... ကျွန်တော်က နေယမင်း အဆင်သင့်ဖြစ်နေပြီး ကျွန်တော့်ကို စောင့်နေလိမ့်မယ် ထင်နေတာ ..."

"ယမင်း မျက်နှာကိုတော့ ခြယ်သထားပြီးပါပြီ ကိုထွန်းနေလင်း ... ဒါပေမဲ့ အခုမွေးနေ့မှာ မွေးနေ့ရှင်က ကိုထွန်းနေလင်းကိုသာ အဓိက အကြောင်းပြုတဲ့ပွဲပဲ ... ယမင်းအဖို့က ကိုထွန်းနေလင်း လာခေါ်ရင် လိုက်ရုံပဲ ... လာမခေါ်လည်း နေပလေ့စေပေါ့ ... ယမင်း လိုက်ဆိုပေးရမှာက ကိုထွန်းနေလင်းမျက်နှာကြောင့်ပဲဟာ ... အဝတ်လဲရုံပဲ ကျန်တော့တယ် ... ခဏလေး အိမ်ပေါ်မှာထိုင်ပြီး စောင့်ပေးပါလား"

သူတို့နှစ်ဦး ပြောနေကြသည်ကို စိုးမိုးခိုင်က ကားထဲမှ အားလုံးကြားနေပါ၏။





စိုးမိုးခိုင် အထူးသတိထားမိသည်မှာ နေယမင်းဆိုသည့် အမျိုးသမီးချော၏အသံသည် ရှုး၍လွင်သော အသံမျိုးမဟုတ်၊ ခပ်သြသြ အုပ်အုပ်လေးနှင့် သာယာပြီး လွင်လွင်လေးသော အသံမျိုး ဖြစ်နေခြင်းကိုပင်။

ကြေးစည်သည် ပါးလှစ်ပါက ရိုက်ခတ်သည့်အခါ ရှူးသောအသံ ထွက်သည်။

ကြေးစည်သားထူထဲပါက ရိုက်ခတ်လျှင် နောင် ... ဒူဝေ ... ဒူဝေနှင့် အုပ်အုပ်သြသြ အသံသာမျိုး ထွက်သည်။

နေယမင်း၏အသံမှာ ဒုတိယကြေးစည်သံမျိုး ဖြစ်သည်။ တည်တည်ခန့်ခန့်နှင့် ငြိမ့်ညောင်းသောအသံ ဖြစ်ပါ၏။

နောက်တစ်ချက် စိုးမိုးခိုင် သတိထားမိသည်မှာ နေယမင်းအနေနှင့် ထွန်းနေလင်းအား ပြောဆိုဆက်ဆံပုံသည် ချစ်သူအသွင်မျိုးမဟုတ်၊ ခင်မင်သော မိတ်ဆွေအသွင်မျိုးသာ ရှိသည်ဟု စိုးမိုးခိုင် ထင်မိသည်။

နေယမင်းက အဝတ်လဲစဉ် အိမ်ပေါ်မှ ခဏစောင့်ပါဟု ဆိုသဖြင့် ထွန်းနေလင်းက စိုးမိုးခိုင်ကို လှမ်းပြောသည်။

"ဟေ့ကောင် ... စိုးမိုးခိုင် ခဏဆင်းလေဦးကွာ ..."

မတတ်သာသည့်မို့ စိုးမိုးခိုင် ကားပေါ်မှ ဆင်းခဲ့သည်။ ယခုအချိန်၌ မိမိအဖို့ ထွန်းနေလင်းက လာဆိုလာ၊ သွားဆိုသွား ပြုရမည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးခိုင် ကားပေါ်မှ အဆင်းမှာပင် နေယမင်းသည် ကျောပေးကာ အိမ်ပေါ်ထပ်သို့ ပြန်တက်သွားပေသည်။

"သြော် ... နေယမင်း ဒီမှာ ခဏလေး ... "

နေယမင်း ခြေလှမ်းတုံ့သွားပြီး ထွန်းနေလင်းကို ပြန်လှည့်ကြည့်သည်။

"မိတ်ဆက်ပေးချင်လို့ ယမင်းရေ ... ဒီကောင်က အာမီက ဗိုလ်စိုးမိုးခိုင် ... ကိုယ့်သူငယ်ချင်းလေ၊ ကိုယ်တို့ ငယ်စဉ်ကတည်းက ... မန္တလေး အလယ်တန်း အထက်တန်းမှာ ဆယ်တန်းအထိ အတူတူတက်ခဲ့တာ ... ဆယ်တန်းအောင်ကြတော့ ဒီကောင်ကြီးက စစ်တက္ကသိုလ်လျှောက်နိုင်တဲ့ အရည်အချင်းတွေရှိလို့ လျှောက်ပြီး အာမီထဲ ရောက်သွားတယ် ... အဲဒီတည်းက လူချင်းကွဲသွားတယ် ... အခု ဒီကောင် ခွင့်ရက်ရှည်ရပြီး ရန်ကုန်ကို လာမယ် ... မင်းဆီမှာ ငါ တည်းမယ်ဆိုပြီး ရောက်လာတာ ... ပြန်တွေ့ကြရတာ"

တစ်ဆက်တည်းမှာပင် ထွန်းနေလင်းက စိုးမိုးခိုင်ကို ပြောပြန်သည်။

"ဟေ့ကောင် ... ဒါက ငါပြော,ပြောနေတဲ့ နေယမင်းလေ၊ နေယမင်း တကယ့်အလုပ်ကတော့ အစိုးရဌာနက ဗိသုကာ





ပါ ... ဘီအက်(စ်)စီ အင်ဂျင်နီယာ အာချီတက်ဘွဲ့ရထားတာလေ ... သီချင်းဆိုတာကတော့ ဝါသနာပါ"

စိုးမိုးခိုင်က သွားဖြူတန်း ပုလဲစီပေါ်သည်အထိ ပြုံးလိုက်ပေသည်။ ပြီး မသိမသာ ဦးညွှတ်ရင်း ...

"မယမင်းနဲ့ သိကျွမ်းရတာ ကျွန်တော် ဂုဏ်ယူပါတယ်"

"ထပ်တူထပ်မျှပါပဲ ဗိုလ်စိုးမိုးခိုင် ... ယမင်းကလည်း ဗိုလ်စိုးမိုးခိုင်နဲ့ မိတ်ဆွေဖြစ်ရတာ ဂုဏ်ယူပါတယ်ရှင် ... "

နေယမင်းက စိုးမိုးခိုင်၏ ထူထဲသော နှုတ်ခမ်းစုံဖွင့်ပြီး ပုလဲစီတန်းသွားတွေပေါ်နေသည့်မျက်နှာကို စူးစူးလေး ပြန်ကြည့်ရင်း ပြောခြင်းဖြစ်ပါ၏။

စိုးမိုးခိုင်ကလည်း နေယမင်း ပြုံးကာရယ်ကာ ပြန်ပြောသည်ကို စူးစိုက်ကြည့်မိသည်။

အကြောင်းမှ နေယမင်း နှုတ်ခမ်းစုံ လှုပ်ရှားလေတိုင်း ပါးပြင်တွင် ပါးချိုင့်လေး ခွက်ဝင်သွားသည်ကို အာရုံပြုမိသောကြောင့် ဖြစ်ပါ၏။ ကြည့်ရင်း ငယ်စဉ်က နီမာ၏ ပါးပြင်တွင် ပါးချိုင့်လေး ခွက်ဝင်သည်ကို မိမိက ပါးချိုင့်ခွက်လေးထဲသို့ လက်ညှိုးထောက်ခဲ့သည်ကို ပြန်သတိရမိသည်။

"ဟေ့ကောင် စိုးမိုးခိုင် ... ထိုင်လေကွာ ... မင်းကြည့်ရတာ ငူငူငေါင်ငေါင်နဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပေသည်။ မိမိက နေယမင်းနှင့် ဆက်စပ်ပြီး **နီမာကို သတိရတွေဝေသွားသည်ပေကိုး။**

**ထွန်းနေလင်းပြောမှ ပြန်လည်သတိထားမိချိန်တွင် နေယမင်း မရှိပါလေတော့။ အဝတ်သွားလဲပြီ ထင်ပါ၏။**

**စိုးမိုးခိုင် ... ထွန်းနေလင်းဘေးတွင် လွတ်နေသော ဆိုဖာတွင် ထိုင်လိုက်ပါ၏။ မိမိက နေယမင်းကို စူးစူးစိုက်စိုက် ကြည့်မိခြင်းအတွက် သူငယ်ချင်း ထွန်းနေလင်းက မိမိအား အထင် လွဲသွားလေသလားဟု ဓဝေဓဝါ တွေးမိသည်။**

ဤလောကဝယ် မြန်မာပြည်မှာဖြစ်ဖြစ်၊ နိုင်ငံခြား အသီးသီးမှာဖြစ်ဖြစ် ပါးချိုင့်ပါသော အမျိုးသမီးတွေ တစ်ပုံတစ်ပင် ရှိလေမည်သာ။

နေယမင်းကို စူးစိုက်ကြည့်မိခြင်းမှာ နီမာနှင့် ပါးချိုင့် ပါတာခြင်း တူညီသည့် တိုက်ဆိုင်မှုကို ကြည့်မိခြင်းသာ။

ဆယ်မိနစ်ပဲ ကြာသည်။

နေယမင်း ဖော့ဓာနီနီရဲရဲလေး အထက်အောက် ဝမ်းဆက် ဝတ်ဆင်ကာ ဆင်းသက်ရောက်ရှိလာလေသည်။

စိုးမိုးခိုင် ဝတ်ထားသော စပို့ရှပ်ကလည်း အနီရောင် မို့ ဆင်တူတိုက်ဆိုင်ကြပြန်သည်။

နေယမင်း ပို၍ပင် လှပြန်သည်။





နဂိုလှပြီးသူမို့ မျက်နှာကို အိုးမည်းသုတ်လည်း လှ နေမည်ပင် ထင်ပါ၏။

"ကဲ ... အဆင်သင့်ပဲ ကိုထွန်းနေလင်း ... "

"အား ... ယမင်းက သိပ်လှတာပဲ ... "

ထွန်းနေလင်းက မမျိုသိပ်နိုင်ဘဲ နီနီရဲရဲလေးဖြင့် သိပ်ချောသိပ်လှနေသည်ကို နှုတ်ဖွင့်ချီးကျူးလိုက်သည်။

စိုးမိုးခိုင်က နေယမင်း ဘယ်လောက်လှလှ ဘယ် လောက်ချောချော မကြည့်တော့ပေ။

ဤပွဲသည် ထွန်းနေလင်း၏ ပွဲပေမို့ နောက်ထပ် နေယမင်းနှင့်ပတ်သက်ပြီး အတတ်နိုင်ဆုံး ဆင်ခြင်မည်ဟု ဆုံးဖြတ် ပြီးသား ဖြစ်ပါ၏။

"အင်း ... ပြော ... ပြော ကိုထွန်းနေလင်း ... ယမင်းကို တွေ့တိုင်း ဒီလိုပြောတာ အလွတ်ကျက်ထားတာကို ရွတ်ပြ သလိုပဲ ... "

ထွန်းနေလင်း ဟဲခနဲ ရယ်ပါ၏။

"ဒါကတော့ ... ကိုယ့်မျက်စိထဲမှ ယမင်းက အမြဲလှနေတာ ကိုး ယမင်းရဲ့ ... "

"အင်းပေါ့လေ ... ရှမ်းကြီးကြိုက်တော့ နွားလည်းချောတာ မျိုး ဖြစ်မှာပေါ့ ... ကဲ လာ သွားကြစို့ ... "



www.burmeseclassic.com

www.burmeseclassic.com



သုံးဦးသား ရှေ့ဆုံးမှ နေယမင်း၊ အလယ်မှ ထွန်းနေလင်း၊ နောက်ဆုံးမှ စိုးမိုးခိုင်တို့ ရှေ့နောက်ဆင့် ဆင်းခဲ့သည်။

လာစဉ်တုန်းကတော့ ထွန်းနေလင်းက မောင်းပြီး ထွန်းနေလင်းဘေး ရှေ့ကုရှင်တွဲတွင် စိုးမိုးခိုင် ယှဉ်တွဲထိုင်ခဲ့သည်။

ယခု ...

နေယမင်းက နောက်တံခါးဖွင့်ပြီး နောက်ကုရှင်တွင် ဝင်ထိုင်လိုက်သည်။

"သူငယ်ချင်း ... မင်းပဲမောင်းကွာ ..."

ထွန်းနေလင်းက နောက်ကုရှင်ပေါက်သို့ ကုန်းဝင်ရင်း စိုးမိုးခိုင်ကို မောင်းရန်ပြောလိုက်သည်။

"ဟ ... ငါက ဘယ်ကိုမောင်းရမှာလဲ ..."

"ခုနစ်မိုင်ကို မောင်းကွာ ... သွားရမဲ့အိမ်ကို ငါက နောက်ကနေ ဘယ်ကွေ့ညာကွေ့ဆိုတာပြောမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ..."

ထွန်းနေလင်း ရယ်သံထွက်လာစဉ်မှာပင် စိုးမိုးခိုင်က ရှေ့ကုရှင်တွင် တစ်ယောက်တည်း ထိုင်မောင်းထွက်ခဲ့ပါလေ၏။

ကားထွက်သည်နှင့် ထွန်းနေလင်းက နေယမင်းကို စကားတွေ ဖောင်ဖောင်ကျဲပြောတော့သည်။

စိုးမိုးခိုင်သည် ... ကြည့်မြင်တိုက်အောက်လမ်းသို့





ဖောက်ထွက်မောင်းလာပြီး လက်ဝဲဘက်ချိုးကာ လမ်းကျယ်ကြီးအတိုင်း မောင်းလာသည်။

စိုးမိုးခိုင်က ကားမောင်းလျှင် နောက်ကြည့်မှန်ကို ကြည့်ပြီး မောင်းလေ့ရှိသည်။ လမ်းကျယ်ကြီးရောက်မှ ကားအန္တရာယ်ကိုထိန်းရန် နောက်ကြည့်မှန်ကို ကြည့်လိုက်သည်။

"အား ... ပါး ... ပါး ..."

နောက်ကြည့်မှန်မှတစ်ဆင့် ... နောက်ကုရှင်စွန်းထောင့်တွင် ထိုင်နေသာ နေယမင်းကို ဒက်တိကြီး တွေ့ရတော့သည်။

ထွန်းနေလင်းသည် ကားကို သူမောင်းစဉ်က ဘက်မှန်ခေါ် နောက်ကြည့်မှန်ကို ဘယ်လိုချိန်ထားသည်မသိ၊ ယခု စိုးမိုးခိုင် မောင်းသည်တွင် နဂိုချိန်ထားသည့်အတိုင်း ဘက်မှန်ထဲတွင် နောက်မှ နေယမင်းကို အတိုင်းသား တွေ့နေရပေတော့သည်။

မှန်၏သဘော-မှာ ကိုယ်က သူ့ကို မြင်သလို ... သူကလည်း ကိုယ့်မျက်လုံးအကြည့်ကို မှန်ထဲတွင် ပြန်မြင်သည်သာ။

ဒီတော့လည်း မှန်ထဲတွင် စိုးမိုးခိုင်နှင့် နေယမင်းတို့ မျက်လုံးအကြည့်ချင်း ဆုံကြသည်။

နေယမင်းက ချက်ချင်း မျက်လုံးအကြည့်ကို လွှဲဖယ်လိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလုပ်က မသက်သာလှဘူး ယမင်း ... သိပ်ကိုပင်ပန်းတယ် ... ခုခေတ် မင်းသားမင်းသမီးတွေကို ကိုင်တွယ်ရတာကလည်း မလွယ်လှဘူး ... နာမည်ကြီးလာလေ အကိုင်အတွယ်ရ ခက်လေပဲ ... "

ထွန်းနေလင်းက သူ၏ ဒါရိုက်တာအလုပ်ရော ပရိုဂျူဆာအလုပ်ရော ခက်ခဲပင်ပန်းကြောင်းတွေ စီကာပတ်ကုံး ပြောနေပါလေ၏။

ဒါကလည်း သဘာဝတစ်ခုပင်။

မိမိချစ်သူက မိမိအပေါ် အယင်ကြီးစေချင်သည်မှာ ဓမ္မတာ ဖြစ်ပါ၏။

သို့သော် ... နေယမင်း၏ မျက်ဝန်းစုံသည် ကြည့်မှန်ကိုကြည့်နေပြီး စိုးမိုးခိုင်က ပြန်ကြည့်လျှင် သူမ၏အကြည့် လွှဲလိုက်သည်ပဲ ဖြစ်နေသည်။

"ကိုယ်ပြောတာ ယမင်း နားထောင်နေရဲ့လားဟင် ... ဒီနေ့ ယမင်းကိုကြည့်ရတာ ထုံထုံထိုင်းထိုင်းလေး ဖြစ်နေသလားလို့ ... နေမကောင်းဘူးလားဟင် ... "

"နေကောင်းပါတယ် ... ကိုထွန်းနေလင်းပြောတာတွေကိုလည်း နားထောင်နေသားပဲ ... "





"ဒါနဲ့တောင် ကိုယ်ပြောတာတွေကို အင်းလေးဘာလေး မလိုက်ဘူးနော် ... အားတက်သရော မရှိသလိုပဲ ... "

နေယမင်းထံမှ ညြိုးလွင်သောရယ်သံ ထွက်လာသည်။

"သြော် ... ကိုထွန်းနေလင်းရယ် ... အခုပြောနေတာတွေက ကလေးကို ပုံပြောပြနေတာမှ မဟုတ်တာ ... နောက်ပြီး ကိုထွန်းနေလင်းရဲ့လုပ်ငန်းတွေကို ယမင်း တီးမိခေါက်မိ မရှိလှဘူး ... တချို့ ကိုထွန်းနေလင်းပြောတဲ့ ရုပ်ရှင်ဝေါဟာရစကားတွေဆို ယမင်း နားထောင်မလည်ဘူး ... ယမင်း လိုက်မမီတာတွေ ပါနေတယ် ... ဒါကြောင့် ပြောသမျှ ငြိမ်ပြီးနားထောင်နေရတဲ့ သဘောပါ ... "

မာဇဒါဆီဒင် ကားနီလေးမှာ သစ်လွင်သည်မို့ စက်သံ ညက်ညောသည်။ ထွန်းနေလင်းနှင့် နေယမင်း နောက်မှပြောသရွေ့ စိုးမိုးအောင် ကားမောင်းရင်း ကြားနေရပါ၏။

"ကိုယ် နောက်အပတ်ထဲမှာ နယ်ဘက် ဆင်းရဦးမယ် ယမင်း ... ရှမ်းပြည်နယ်ဘက်အထိ ဆင်းမှာမို့ ရက်နည်းနည်းကြာမယ် ထင်တယ် ... "

"ဟုတ်လား ... ကားရိုက်ထွက်မှာလား ... "

"ဟုတ်တယ် ... ပထမအခေါက် သွားပြီးရိုက်ကွင်းရိုက်ကွက်



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေရွေးပြီးပြီ ... ကင်မရာမင်းနဲ့ နှစ်ယောက် ရှခင်းတွေ ရွေးချယ်ခဲ့တယ် ... ဒီတစ်ခေါက်တော့ ကားရိုက်မှာ၊ အဖွဲ့နဲ့ သွားရမှာ ... တစ်ခါတလေကျတော့ ကိုယ်က မျက်မြင်အနေနဲ့ နှစ်သက်ရွေးချယ်တဲ့ နောက်ခံရှုခင်းတွေဟာ ကင်မရာနဲ့ ရိုက်တဲ့ဖလင်ထဲမှာကျတော့ ... ကြည့်ရတာ ကောင်းချင်မှ ကောင်းတာမျိုးတွေ ရှိတတ်တယ် ယမင်း၊ မျက်စိအကြည့်မြင်ကွင်းက ကျယ်ပြောတယ် ... ကင်မရာနဲ့ကျတော့ ဖလင်ရဲ့အကျယ်အပြော ရှိသလောက် ရိုက်ရတော့ ကွာခြားချက် ဖြစ်သွားတတ်တယ် ... ဒါဆို ပြန်ရိုက်ရပြန်ရော ... ဒါကြောင့် ရက်နည်းနည်းကြာမယ်လို့ ပြောတာ ... "

စိုးမိုးခိုင်သည် ဘားဂရာတံတားကြီးအောက်မှ ဖြတ်သန်းပြီး ပြည်လမ်းကြီးဘက် ချိုးကွေ့သည်မို့ အကွေ့အချိုးတွင် ဘက်မှန်ကို ကြည့်ရပြန်သည်။

မျက်လုံးခြင်း ဆုံရပြန်သည်။

စိုးမိုးခိုင် လှမသိ သူမသိ သက်ပြင်းကြီးတစ်လုံး ချလိုက်မိသည်။

"ဟေး သူငယ်ချင်း ... ရှေ့ကျရင် မီးရောင်တွေ ထိန်လင်း





နေတဲ့ လက်ဝဲဘက်ခြံထဲကို ကွေ့ဝင်မယ်နော် ... အဲဒါ ဒီည ဖိတ်ထားတဲ့ မွေးနေ့ပါတီပွဲပဲ ... "

မပြောလည်း သိသာပါ၏။ ခြံကျယ်ကြီးထဲတွင် ရောင်စုံမီးလုံးများ ဟိုအပင် ဒီအပင်များတွင် ဆင်မြန်းထားခြင်း၊ ပန်းတစ်လိမ် နန်းတစ်လိမ် ရောင်စုံစက္ကူလိမ်များ ဟိုဘက်ဒီဘက် သွယ်တန်းထားခြင်း၊ ဧည့်စားပွဲတွေ ခင်းထားခြင်း စသည်တို့က မွေးနေ့ပါတီပွဲမှန်း သိသာပေသည်။

ကားကွေ့ပြီး ဝင်လိုက်သောအခါ ခြံထဲတွင် ကားတွေတန်းစီပြီး ကားရပ်ရန်နေရာ စိုးမိုးခိုင် ရှာဖွေသည်။

မပူပါနှင့် ... ။

ထွန်းနေလင်း၏ ကားရပ်ဖို့ သီးသန့်နေရာ ရှိပြီးသား ဖြစ်နေသည်။

ဤမွေးနေ့ပွဲသည် 'ရွှေစင်'၏ မွေးနေ့ပွဲ ဖြစ်ပေသည်။

ရွှေစင်ကိုယ်တိုင် ခြံဝမှ ထွန်းနေလင်းကို ဆီးကြိုသည်။ ရွှေစင်ကိုယ်တိုင် ကားရပ်ဖို့ သီးသန့်နေရာပေးသည်။ ရွှေစင်ကပင် ကားတံခါးဖွင့်ပေးရင်း ...

"ဆရာ သိပ်နောက်ကျတာပဲ ... ရွှေစင့်မှာ ဆရာမလာမချင်း ဒီဧည့်သည်တွေကို ထိန်းနိုင်ပါ့မလားတောင် စိုးရိမ်နေရတယ် ... ဩော် ... မမယမင်း လာ လာ ... တစ်ခါတည်း ဝိုင်းဆီကို ရွှေစင် ပို့ပေးမယ်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



နေယမင်းက ရွှေစင့်ကို အပြုံးဖြင့် တုံ့ပြန်ပါ၏။ ပြီး ထွန်းနေလင်းကို နေယမင်း လှမ်းကြည့်လိုက်သည်။

နေယမင်း၏ အကြည့်ကို ထွန်းနေလင်း သဘောပေါက်ပေသည်။

"ကဲ ... ဒီလိုလုပ် ရွှေစင် ... ဟောဒါ ကိုယ့်ငယ်သူငယ်ချင်း ဗိုလ်စိုးမိုးခိုင်တဲ့ ... ကိုယ့်ကိုခင်တဲ့သူဟာ ဗိုလ်စိုးမိုးခိုင်ကိုလည်း ခင်မင်စေတဲ့သဘော ရှိတယ် ... ရွှေစင်လည်း ခုချိန်ကစပြီး သူ့ကို ခင်မင်တဲ့မိတ်ဆွေလို့သာ မှတ်ယူပေတော့၊ သူကလည်း ကိုယ်ခင်တဲ့ ရွှေစင့်ကို သူက ခင်စေပြီပေါ့ ... ကဲ ... သူငယ်ချင်း ဒါ ရွှေစင်ပဲ ... အခုလာကြတဲ့ ပရိသတ်တွေက ငါနဲ့ အများဆုံးပတ်သက်တဲ့ ဧည့်ပရိသက်ဒတွေ ဖြစ်နေလို့ ငါနဲ့ ရွှေစင် ပရိသတ်တွေဆီကို သွားနှုတ်ဆက်ဦးမယ် ... ဪ ... ရွှေစင် စိုးမိုးခိုင်ကိုရော ... နေယမင်းကိုရော သီးသန့်စားပွဲနေရာပေးပါကွာ ... နေယမင်းကို ခုချက်ချင်းကြီး တီးဝိုင်းကို ပို့လို့မဖြစ်ဘူး ... နေယမင်း သိက္ခာကျမယ် ... ဆိုဖို့အချိန်ရောက်မှ တက်ဆိုရုံဆိုတဲ့နေရာမျိုးမှာ ချပေး ..."

ရွှေစင့်အပေါ် ထွန်းနေလင်း တော်တော် မီးသေ





ဩဇာညောင်းမှန်း သိသာသည်။ နောက်ပြီး ဤပွဲသည် ရွှေစင်၏ မွေးနေ့ပါတီပွဲ ဖြစ်ပါ၏။

ပြောပြော့ဆိုဆိုပင် ထွန်းနေလင်းသည် ဧည့်ပရိသတ်ထဲ ရောက်သွားကာ အပြန်အလှန် ပျူငှာစွာ ဆက်ဆံနေသည်ကို တွေ့ရပါ၏။

"လာပါ ... မမယမင်းနဲ့ ဗိုလ်ကြီး ... သီးသန့်စားပွဲကို ရွှေစင် ပို့ပေးပါ့မယ် ..."

ရွှေစင်က နေယမင်းနှင့် စိုးမိုးခိုင်ကို သီးသန့်စားပွဲတွင် နေရာချထားပေးခဲ့ပြီး 'ရွှေစင့်ကို ခွင့်ပြုပါနော်'ဟုပြောကာ ထွန်းနေလင်း ရှိရာသို့ ရွှေစင် ထွက်သွားသည်။

ရွှေစင်က ... ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်နေသော သူဌေးမိဘ၏ တစ်ဦးတည်းသော သမီးလေး ရွှေစင် ဖြစ်ပါ၏။

ရုပ်ရှင်လောကထဲသို့ 'အသစ်'အနေနဲ့ ဝင်ရာတွင် ထွန်းနေလင်းလို သမ္မာရင့် ဒါရိုက်တာ ပရိုဂျူဆာ၏ အကူအညီ အများကြီး လိုသည်။ ထွန်းနေလင်း တင်ပေးလျှင် ခဏအတွင်း ရွှေစင် ရုပ်ရှင်မင်းသမီးအဖြစ် ကျော်ကြားနိုင်မည်ပေကိုး။ စားပွဲတွင် ထိုင်ပြီး ထွန်းနေလင်းနှင့် ရွှေစင်အကြောင်း စဉ်းစားနေသည်။ စိုးမိုးခိုင်အား နေယမင်းက ပြုံးပြီး ပြောလိုက်သံ ထွက်လာသဖြင့် နေယမင်းကို စိုးမိုးခိုင် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကိုစိုးမိုးခိုင် ... ယမင်းကိုတော့ အားမနာနဲ့နော်၊ ဒီနေ့ပွဲကို ကိုထွန်းနေလင်း ခေါ်လို့ ယမင်း လိုက်လာတာ ဟာ တာဝန်သဘောပါ ... ကိုစိုးမိုးခိုင်မပါလာလည်း ယမင်း တစ်ယောက်တည်း ထိုင်စောင့်မှာပါ ... ဒီတော့ ယမင်း တစ်ယောက်တည်း ကျန်ခဲ့မှာပါလားလို့ဆိုတဲ့ စိတ်နဲ့တော့ ကိုယ် အာသီသရှိတာကို မလုပ်ဘဲ အောင့်အည်းမနေနဲ့နော်"

"မနေယမင်း ဘာကိုဆိုလိုတာလဲဗျာ ... ကျွန်တော့်မှာ ဘာအာသီသ ရှိနေတယ်ထင်လို့ မနေယမင်း ပြောတာလဲ"

နေယမင်းက အရက်ကောင်တာဆီသို့ လှမ်းကြည့်ပြီး ...

"ကိုစိုးမိုးခိုင် ... အဲဒီကို သွားချင်နေသလားလို့ပါ ... "

စိုးမိုးခိုင်က အရက်ကောင်တာသို့ လှမ်းကြည့်လိုက်သည်။

လူကြီးလူကောင်း အမျိုးသားတချို့သည် အရက်ကောင်တာတွင် တန်းစီနေသည်ကို လှမ်းတွေ့ရပါ၏။

စိုးမိုးခိုင်က အရက်ကောင်တာကို မျက်စိလွှဲလိုက်ပြီး စားပွဲပေါ်တွင် အသင့်ရေခဲစိမ်ထည့်ထားသော လိမ္မော်ရည် ပုလင်း ဗင်တိုပုလင်းများသို့ လက်လှမ်းလိုက်ပေသည်။

"မနေယမင်း ... ဘာသောက်မလဲ ... လိမ္မော်လား ... ဗင်တိုလား ... "





"လိမ္မော်ပါ ... "

စိုးမိုးခိုင်က လိမ္မော်(၂)ပုလင်း ဆွဲထုတ်သည်။ အသင့်ရှိ ဖန်ခွက်တွင် လိမ္မော်ပုလင်းဖောက်ကာ နေယမင်းရှေ့သို့ ဖန်ခွက် ချပေးသည်။ သူ့အတွက်လည်း တစ်ပုလင်းဖောက်ထည့်သည်။

"ကျွန်တော် အရက်ကို ကြိုက်လှတယ်မဟုတ်ပါဘူး မနေယမင်း ... "

"အဆန်းပဲနော် ... "

"ဘာလို့ အဆန်းပဲနော်တာလဲဗျာ ... "

"စစ်ဗိုလ်ဆိုပြီး အရက်မကြိုက်ဆိုတဲ့စကားကိုပါ ... "

"စစ်ဗိုလ်ဆိုတာလည်း လူသားတစ်ယောက်ပဲဗျာ ... အရပ်သားတွေထဲမှာလိုပဲ အရက်ကြိုက်တဲ့လူ ရှိသလို မကြိုက်သူတွေ အများကြီးရှိတာပဲ ... တပ်ထဲမှာလည်း အရက်မကြိုက်တဲ့ အရာရှိ၊ အကြပ်၊ ရဲဘော်တွေ အများကြီးရှိတာပါ ... တချို့ရဲဘော်တွေဆိုရင် သူတို့ရတဲ့အရက်တို့ဘာတို့ အပြင်မှာ ပြန်ရောင်းပြီး အိမ်စရိတ်ထဲ ထည့်ကြတယ်"

"ဩော် ... ဩော် ... "

"တစ်ခုတော့ရှိတယ်ပေါ့ မနေယမင်း ... စစ်သားဘဝဆိုတာက ဘဝကြမ်းတယ် ... တာဝန်ကျတဲ့ ရေမြေတောတောင်တွေကို ဖြတ်သန်းရတာတွေ ... တောကြမ်း တောင်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ စခန်းချရတာတွေမျိုး အများကြီးရှိတတ်တယ် ... အဲဒီအခါမှာ ရာသီဥတုကြမ်းတယ် ... ရောဂါဘယ ထူပြောတယ်၊ ဒီတော့လည်း ကျန်းမာရေးအတွက်ရော ခံနိုင်ရည်ရှိအောင်ရော အရက်သောက်တာမျိုးတွေလည်း ရှိတဲ့အခါ ရှိတာပေါ့၊ ဒါတောင် ဝီစကီ၊ ဘရန်ဒီ စတဲ့ နိုင်ငံခြားအရက်တွေ မဟုတ်ပါဘူး ... ကာကွယ်ဆေးစပ်ထားပြီးသား အာမီရမ်(မ်)ကို သောက်ကြတာပါ ... စစ်ဗိုလ်မို့ အရက်ကြိုက်တယ် ဆိုတာမျိုး မရှိပါဘူး မနေယမင်း ... ဟဲ ... ဟဲ ... ဒီတော့ ပုံသေကြီး မယူဆနဲ့ပေါ့ဗျာ ... ”

စိုးမိုးခိုင် ပြောပြရင်း ရယ်ပေသည်။

နေယမင်းက စိုးမိုးခိုင် ရှင်းပြသည်ကို သေချာနားထောင်ရုံမက တဟဲဟဲ ရယ်သည်ကို ငေးစိုက်ကြည့်နေလိုက်မိသည်။

ဤနှုတ်ခမ်း၊ ဤပါးစပ်၊ ဤရယ်ပုံကိုကြည့်ပြီး ဘာကြောင့်မှန်းတော့မသိ နေယမင်းရင်ထဲတွင် သိမ့်သိမ့်ခါခါလေးတစ်မျိုး ခံစားလိုက်ရသည်။

ထို့ကြောင့်လည်း အိမ်မှာတုန်းကရော ကားပေါ်က နောက်ကြည့် ဘက်မှန်မှာရော ကိုစိုးမိုးခိုင်၏ ဤနှုတ်ခမ်း၊ ဤပါးစပ်၊ ဤရယ်ပုံကို ခဏခဏ ငေးကြည့်မိခဲ့သည်။





“ကိုစိုးမိုးခိုင် ဘာကို ဆိုလိုချင်နေတာလဲဟင် ... ”

“ကျွန်တော် အရက်ကို လိုအပ်ချိန်မှာ သောက်ပါတယ် ... ဒါပေမဲ့ အရက်ကိုတော့ ကျွန်တော် မကြိုက်ဘူးလို့ ဆိုလိုတာပါ ... ”

လိမ္မော်ရည် ကိုယ်စီသောက်ပြီး ပြောစရာစကားမရှိ၊ နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။

နေယမင်း ဖန်ခွက်တွင် လိမ္မော်ရည် လက်တစ်လုံးခန့်အကျန်တွင် စိုးမိုးခိုင်ကပင် ပုလင်းကျန်ကို ထပ်ထည့်ပေးပြန်သည်။

ဤအပြုအမူမှာ မိန်းမသားအပေါ်တွင် ယုယစိတ်ရှိကြောင်း ပေါ်လွင်စေသည်။

နေယမင်း ရင်ထဲတွင် ထပ်ပြီး တစ်မျိုးခံစားရပြန်သည်။

“ကိုစိုးမိုးခိုင် ဖန်ခွက်ထဲမှာလည်း မရှိတော့ဘူး ထည့်ဦးလေ”

“ကုန်သွားပြီလေဗျာ ... နောက်တစ်ပုလင်း ဖောက်သောက်မလားလို့ စိတ်ကူးနေတာ ... ”

“ကိုစိုးမိုးခိုင် ညနေဘက် ဘာမှမစားရသေးဘူး ထင်တယ်”

“အမှန်ပါပဲ မနေယမင်း ... ဟိုကောင် အတင်းဆွဲခေါ်လာလို့ ပါလာတာလေ ... မိုက်ဟောင်းလောင်းနဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ထင်တော့ထင်မိသားပဲ ... ရွှေစင်ရဲ့ မွေးနေ့ပါတီပွဲလိုက်လာတဲ့ ကိုစိုးမိုးခိုင်ဟာ ရွှေစင်ရဲ့ ဖိတ်ကြားချေ့သည်တော့ မဟုတ်တန်ကောင်းဘူးလို့ ..."

စိုးမိုးခိုင် နောက်ထပ် လိမ္မော်ရည်တစ်ပုလင်းယူကာ ထပ်သောက်ပေသည်။

"ဒီပွဲဟာ ... မရွှေစင်ရဲ့ အမိကပွဲမဟုတ်လားဗျာ ..."

"ဟုတ်ပါတယ် ကိုစိုးမိုးခိုင် ..."

"အင်း ... ကောင်တာဖွင့်ပြီး နိုင်ငံခြားအရက်နဲ့ ဧည့်ခံတာရော ... တီးဝိုင်းကြီးငှားတာရော ... ခြံထဲမှာ ခမ်းခမ်းနားနား ပြင်ဆင်တာရော ... အကျွေးအမွေးတွေရောဆိုရင် ဒီပွဲတစ်ပွဲကပဲ ငွေတွေ သောင်းချီပြီး ကုန်ပေမှာပဲ ... အဲဒီလို တစ်ခဏပွဲ တစ်ပွဲအတွက် ငွေတွေသောင်းနဲ့ချီ အကုန်ခံနိုင်တဲ့ ရုပ်ရှင်မင်းသမီး ရွှေစင်ရဲ့ဝင်ငွေသိပ်ကောင်းတဲ့ မင်းသမီးလားဟင် ..."

"မဟုတ်သေးဘူး ကိုစိုးမိုးခိုင် ... ရွှေစင်ဟာ ရုပ်ရှင်မင်းသမီးဆရာပ်ဆောင် တစ်ကားမှ မရိုက်ရသေးဘူး ..."

"ဗျာ ... ဒါနဲ့များတောင် ..."

စိုးမိုးခိုင် အံ့ဩရပါ၏။ အံ့ဩလွန်းသောကြောင့် 'ဒါနဲ့များတောင် ...' ဟု စကားကိုပင် အဆုံးမသတ်ပေ။





စိုးမိုးခိုင်၏ အံ့ဩမှုကို နေယမင်းက ဖြည့်စွက်ရှင်းပြသည်။

"ရွှေစင်ရဲ့မိဘတွေက အရမ်းချမ်းသာတယ် ကိုစိုးမိုးခိုင် ... အဲဒီ အရမ်းချမ်းသာတဲ့မိဘမှာ ရွှေစင်က တစ်ဦးတည်းသောသမီးလေ ... ရွှေစင်က ရုပ်ရှင်သိပ်ဝါသနာပါတယ် ... ရွှေစင် ဘယ်လောက်ဝါသနာပါလည်းဆိုရင် ဆယ်တန်း နှစ်ခါကျတဲ့အထိ ရုပ်ရှင်ဘက်မှာပဲ စိတ်ဝင်စား အားသန်တယ်၊ အဲဒါဟာ ရွှေစင်အကြောင်း ယမင်း သိသလောက်ပဲ ..."

"ဒါကြောင့် ... နာမည်ကြီး ဒါရိုက်တာ ပရိုဂျူဆာ ထွန်းနေလင်းကို ရွှေစင်က မင်းသမီးဖြစ်ရေးအတွက် ချဉ်းကပ်တယ်ဆိုပါတော့ ဟုတ်လား ..."

"သဘောကတော့ အဲဒီသဘောပဲ ... ဒါပေမဲ့ အဲဒီလိုချဉ်းသက်သက် အတိအကျတော့လည်း မဟုတ်ပြန်ဘူး ..."

"အဲဒီစကား ဘာကိုဆိုလိုတာလဲ မနေယမင်း ..."

"ရွှေစင်ရဲ့မိဘတွေက တစ်ဦးတည်းသောသမီး ရွှေစင်ကို သိပ်လိုက်လျောတယ် ... ရွှေစင်က ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်တယ် ... ဒီတော့ ရုပ်ရှင်လောကမှာ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့အထိ အောင်မြင်နေတဲ့ ဒါရိုက်တာ ပရိုဂျူဆာကိုထွန်းနေလင်းဆီကို ရွှေစင်နဲ့ သူ့မိဘတွေက ချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



တယ် … သမီးရွှေစင် ရုပ်ရှင်မင်းသမီး ဖြစ်လာရေးကို ကိုထွန်းနေလင်းလက်အပ်တယ် …”

“သြော် … သြော် … ဒီကောင် ထွန်းနေလင်းက ဒီလောကမှာ ဒီလောက်အထိတောင် ဖြစ်နေသလား …”

“ကိုစိုးမိုးခိုင်အနေနဲ့တော့ ကိုထွန်းနေလင်းကို ငယ်ပေါင်းသူငယ်ချင်းမို့ အထင်ကြီးချင်မှ ကြီးမယ် … ဒါပေမဲ့ ကိုထွန်းနေလင်းဟာ အနုပညာစိတ် ကြီးမားတယ် … မြင့်တယ်၊ ယုံကြည်ချက် ခိုင်မာတယ် … လူက အသက်မကြီးသေးပေမဲ့ တည်ကြည်တယ် … ကိုယ်ပိုင်ငွေ အရင်းအနှီး နိုင်နင်းတယ် … ပညာမာနရှိတယ် … ရုပ်ရှင်လောကမှာ ကိုထွန်းနေလင်းဟာ သိပ်ထွန်းလင်းတဲ့ နေတစ်ဆူအထိပဲ ကိုစိုးမိုးခိုင် …”

“ဟုတ်လား … ကျွန်တော် ဒီကောင့်ကို အဲဒီလောက် အခြေအနေရောက်နေမှန်း တကယ်မသိဘူး … ကွဲသွားကြတာလည်း ကြာပြီကိုး … ဆယ်တန်းအတူအောင်ပြီးတဲ့ အချိန်ကစပြီး ကွဲကွာသွားကြတာ … ကျွန်တော် သူ့ဆီကို သူငယ်ချင်းစည့်သည်အဖြစ် ရောက်လာတာ ရက်ပိုင်းပဲ ရှိသေးတယ် … ဒီကောင်က သူ့လုပ်ငန်းနဲ့ပတ်သက်ပြီး ကျွန်တော့်





ကို သိပ်မပြောဘူး … ဒါကြောင့် အခု မနေ့ယမင်း ပြောပြသလောက်အထိ မသိဘူး …”

“ကိုထွန်းနေလင်းဟာ လူတော်လူကောင်းတစ်ယောက်ပါ၊ ဒါကြောင့်လည်း ရွှေစင့်မိဘတွေက ရွှေစင့်ကို ကိုထွန်းနေလင်းလက်ကို ယုံကြည်စိတ်ချစွာ အပ်တာပေါ့ … ရုပ်ရှင်လောကမှာ သမီးမိန်းကလေးအတွက် ပျက်စီးသွားမှာကိုလည်း ရွှေစင့်မိဘတွေက စိုးရိမ်တယ်လေ …”

“ဒါနဲ့ပဲ ထွန်းနေလင်းက ရွှေစင့်ကို မင်းသမီးအဖြစ် ရွေးလိုက်ရောလား …”

“လွယ်လွယ်နဲ့ ရွေးတာမျိုးတော့ မဟုတ်ဘူး ကိုစိုးမိုးခိုင်၊ သူ့မိဘတွေ ဘယ်လောက်ချမ်းသာ ချမ်းသာ … ဘယ်လောက် တတ်နိုင်တတ်နိုင် ကိုထွန်းနေလင်းကတော့ ရွှေစင့်ကို သူကိုယ်တိုင် ရွှေစင့်ကို မင်းသမီးအင်တာဗျူး ဝင်စေရတယ် … ဇွေ့စေ့စပ်စပ် စစ်ဆေးတယ် … အကဲခတ်တယ် … စမ်းသပ်ကြည့်တဲ့သဘောတွေ ရှိတယ် … ခက်တာက အပြင်မှာ ချောလှပေမဲ့ … ကင်မရာနဲ့ရိုက်တဲ့ ရုပ်ရှင်မှာ ဖလင်စားဖို့ လိုတာအဓိကတဲ့လေ … အဲဒီလို ရုပ်ရော အသံရော လုပ်ဆောင်နိုင်ချက်ကို အားလုံးစီစစ်ပြီးမှ ရွှေစင့်ကို ဇာတ်ဆောင်မင်းသမီးအဖြစ် လက်ခံလိုက်တာ … ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com



နေလင်း နောက်ရိုက်မဲ့ကားမှာ ရွှေစင့်ကို တန်းပြီး ခေါင်းဆောင်မင်းသမီးအဖြစ် ပွဲထုတ်မယ်တဲ့ ...”

“အဲဒီကားအတွက် ရွှေစင့်မိဘတွေက ငွေတွေထုတ်ပေးတာလား ...”

“ထုတ်ပေးချင်ကြတယ် ... ဒါပေမဲ့ ကိုထွန်းနေလင်းက လက်မခံဘူး ... သူရိုက်တဲ့ကား သူ့ငွေနဲ့ပဲ ရိုက်မယ်တဲ့ ... မြတ်ရင် ရမယ် ... ရှုံးရင် ခံမယ်ဆိုတဲ့ ဒါရိုက်တာစရိုက်ဂျူဆာသတ္တိနဲ့ ရိုက်တာ ... အခု ရွှေစင်ရဲ့ မွေးနေ့ပါတီပွဲဟာ တကယ်တော့ ရုပ်ရှင်လောကသားတွေအားလုံး ဖိတ်ပြီး ရွှေစင့်ကို ပဏာမ ပွဲထုတ်လိုက်တဲ့ပွဲပဲ ကိုစိုးမိုးခိုင် ...”

“အင်း ... ဒီကောင့်သတ္တိရော မာနရော အနုပညာဇ္ဈရော လုပ်ဆောင်ချက်တွေရော ဘယ်ဆိုးလို့လဲ ...”

“ဒါကြောင်လည်း ဒီလောကမှာ သူအောင်မြင်တာပေါ့ ... ရွှေစင်ကဆို ကိုထွန်းနေလင်းကို အရမ်းကြည်ညိုတာ ... ရွှေစင်တစ်ယောက်သာ မဟုတ်ပါဘူးလေ ... ရုပ်ရှင်သမားတိုင်းလိုလို လေးစားကြတာပါ ...”

စိုးမိုးခိုင်သည် ထွန်းနေလင်းအကြောင်း နေယမင်းချီးကျူးသဘော ပြောပြချက်တွေကို နားထောင်ရင်း နေယမင်းမျက်နှာကို စိုက်မကြည့်ပါဘူးဟု တင်းထားသည့်ကြားကပင် စိုက်ကြည့်မိပြန်သည်။





“ဒါဆို ... မနေယမင်းကိုရော ထွန်းနေလင်းက ရုပ်ရှင်မင်းသမီး လုပ်ဖို့ မတိုက်တွန်းဘူးလား ... မနေယမင်းက ရွှေစင့်ထက် ရုပ်လည်းပိုချောတယ် ... ကိုယ်လုံးကိုယ်ထည်ကလည်း အချိုးကျ ပြေပြစ်ကျော့ရှင်းတယ် ...”

စစ်မိုလ်ဝီဝီ သွယ်ဝိုက်မှုမရှိ အမြင်ကို အမြင်အတိုင်း ဒဲ့ဒိုးကြီး ပြောချလိုက်သည်။

နေယမင်းက စိုးမိုးခိုင် ပြောပြချက်ကို ပြုံးရုံ ပြုံးလိုက်ပါ၏။ ကိုစိုးမိုးခိုင်က မိမိကို မြှောက်ပင့်ပြောနေခြင်းမဟုတ်မှန်းသိသည်။

အကြောင်းမှု လူတိုင်းလိုလိုကလည်း နေယမင်း၏အလှကို ဒီသဘောမျိုးပင် ပြောတတ်ကြသည်ကို နေယမင်း တွေ့ကြုံပေါင်းများလှပြီဖြစ်သောကြောင့်ပင်။

အဲ ... တစ်ခု ထူးခြားသည်ကတော့ အခုမှ နာရီပိုင်းမျှသာ တွေ့ဖူးသေးပါလျက် ... မြင်ကို အမြင်အတိုင်း ဒဲ့ဒိုးကြီး ကိုစိုးမိုးခိုင် ပြောလိုက်ခြင်းသာ။ နေယမင်းစိတ်ထဲတွင် တစ်မျိုးထူးခြားသည်ဟု ထင်မိခြင်း ဖြစ်သည်။

“ကိုထွန်းနေလင်းက ယမင်းကို အဲဒီလို ခဏခဏ တိုက်တွန်းဖူးပါတယ် ... ဒါပေမဲ့ ယမင်းကိုယ်တိုင်က ရုပ်ရှင်လုပ်ငန်းမှာ စိတ်လည်းမဝင်စားမိဘူး ... ဝါသနာလည်း မသန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဘူး ... အဲဒီဘက်မှာ ပါရမီမပါဘူးလို့ ဆိုရမလားဘဲ၊ ကိုထွန်းနေလင်းကတော့ ယမင်းဟာ ဖလင်စားပြီးသား ... သီချင်းဆိုကောင်းပြီးသားမို့ သူသာ ကိုင်တွယ်ရိုက်ရရင် သိပ်အောင်မြင်မှာလို့ ပြောပါတယ် ... ” နောက်ဆုံးတော့ ယမင်းကို တိုက်တွန်းလို့မရတာနဲ့ လက်လျှော့သွားပုံပဲ ... ”

“ဒါပေမဲ့ ... မနေယမင်းဟာ စင်ပေါ်တက် သီးချင်းဆိုတာတော့ ဝါသနာ ပါသားပဲနော် ... ”

“ဟုတ်ပါတယ် ... အဲဒါကျတော့ ယမင်း ဝါသနာပါပါတယ်”

“ဒါဆိုရင် ရုပ်ရှင်မင်းသမီးဘဝနဲ့ သိပ်နီးစပ်နေသားပဲ မနေယမင်း ... ”

“အဲဒီလို မဟုတ်ပါဘူး ကိုစိုးမိုးခိုင် အနုပညာမှာ သီးခြားမှုတွေ ရှိပါတယ် ... အဆိုကောင်းတိုင်း အကမကောင်းပါဘူး ... အကကောင်းတိုင်းလည်း အဆိုမကောင်းပါဘူး ... ဆိုတာကသီးခြား အနုပညာတစ်ခု၊ ကတာက သီးခြားပညာတစ်ခုဆီပါ ... လူအများနားထောင်ကောင်းအောင် သီဆိုနိုင်ပေမဲ့ လူအများသဘောကျအောင် ဟန်အမူအရာ သရုပ်မဆောင်နိုင်တော့ ဘယ်မှာ ဇာတ်ကောင်မင်းသမီး ဖြစ်တော့မှာလဲ ... ”





နေယမင်း ပြောသည်မှာ မှန်သည်ဟု စိုးမိုးခိုင် ရင်ထဲက ထောက်ခံမိပါ၏။

အနုပညာသည်ဆိုသည်က ကျယ်ပြောလွန်းလှသည်။ ပန်းချီဆရာသည် စုတ်တံဖြင့် ရုပ်ပုံတွေရေးပါ၏။ ပန်းပုဆရာက ဆောက်သားတွင်းထု ရိုက်ခြင်းဖြင့် မိမိဖန်တီးသော ရုပ်တုတွေပေါ်လွင်စေပါ၏။ ရုပ်ပုံဖော်တာခြင်း တူသော်လည်း ပန်းချီဆရာသည် ပန်းပုမထုတတ်၊ ပန်းပုဆရာကလည်း ပန်းချီမဆွဲတတ်၊ စွယ်စုံရသူမျိုးတွေရှိတော့ ရှိသည်။ သို့သော် ရှားပါ၏။

နှစ်ဦးသား စကားပြောနေစဉ်မှာပင် တီးဝိုင်းမှ တီးမှုတ်မှုတွေ တိတ်ဆိတ်ရပ်နားသွားသည်။

“ရွှေစင်ရဲ့ မွေးနေ့ကို လာရောက်ချီးမြှင့် အားပေးကြသော ဧည့်ပရိသတ်ကြီး ခင်ဗျား ... ”

ထွန်းနေလင်း၏ မိုက်ကရိုဖုန်းပြောသံ ထွက်ပေါ်လာသည်။

ဧည့်ပရိသတ်အားလုံး ငြိမ်သက်စွာ နားထောင်နေပါ၏။

“ရွှေစင်ရဲ့ မွေးနေ့မှာ ရွှေစင်တစ်ယောက် ကျန်းမာပါစေ ချမ်းသာပါစေ ... အသက်ရာကျော် ရှည်ပါစေ ... မွေးနေ့ပွဲတစ်ရာတိုင်အောင် ပြုလုပ်နိုင်ပါစေ ... စသည့်ဆုတွေ ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့နောက် နောက်ဆက်တွဲ ကြွရောက်လာတဲ့ ညွှန့် ပရိသတ်ကြီးက ရွှေစင်အတွက် ဝမ်းမြောက်ဝမ်းသာကြဖို့ ကျွန် တော် ထွန်းနေလင်းက သတင်းကောင်းတစ်ခု ကြေညာပေးပါရစေ ... အဲဒီ သတင်းကောင်းတစ်ခုကတော့ ယခု ကျွန်တော် ဒါရိုက်တာ ထွန်းနေလင်းရိုက်တော့မဲ့ 'အသည်းနုနု နှလုံးရင့်ရင့်' ဇာတ်ကားမှာ ရွှေစင်ကို ခေါင်းဆောင်မင်းသမီးအဖြစ် ကျွန်တော် ရွေးချယ်ကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်ခင်ဗျား ... "

တဖြောင်းဖြောင်းသော လက်ခုပ်သံတွေ ထွက်လာသည်။

"ရွှေစင်တဲ့ကွနော် ... ရွှေစင်တဲ့"

ဟုလည်း အရက်ရှိန်ရနေပြီ ဖြစ်သော လူငယ်ပိုင်းမှ အော်သံတွေ ထွက်ပေါ်လာသည်။

ထို့နောက် ထွန်းနေလင်းက ရွှေစင်ကို စင်မြင့်ပေါ်သို့ ခေါ်ယူလိုက်သည်။

ဖြူဖြူဝင်းဝင်း ချောချောလှလှ ရွှေစင် စင်မြင့်ပေါ်သို့ တက်ရောက်လာကာ ညွှန့်ပရိသတ်ကြီးအား လက်အုပ်ချီကန်တော့ဟန်ပြုလိုက်သည်။

လက်ခုပ်သံများ ထပ်မံ ထွက်လာသည်။





ထွန်းနေလင်းက မိုက်ကရိုဖုန်းစကားပြောခွက်ကို ရွှေစင်လက်သို့ ပေးလိုက်သည်။ ပရိသတ်များကို နှုတ်ဆက်စကား ဂါရဝစကားများ ပြောစေသည်။

ရွှေစင်သည် ပရိသတ်ကို ရင်ဆိုင်ရဲပါ၏။ ပြောရဲ ဆိုရဲရှိပါ၏။ ဤသည်ကပင် ဇာတ်ကောင်မင်းသမီး တစ်လက်ဖြစ်မြောက်လာရေး၏ အောင်မြင်ချက်တစ်ချက် ဖြစ်လေသည်။

ရွှေစင်က ပရိသက်ကြီးအား နှုတ်ဆက်စကား ပြောသည်။ မိုက်ကရိုဖုန်းစက်မှ ထွက်လာသော ရွှေစင်၏အသံသည် ကြည်လင်သည်၊ ပီသသည်၊ ပြောလိုက်သော စကားအဓိပ္ပာယ်ကို ချက်ချင်းနားတွင် ပေါ်လွင်စေနိုင်သည်။

ပြီး ဇာတ်ကောင်မင်းသမီး အရွေးချယ်ခံရသဖြင့် ဝမ်းသာကြောင်း ကြည်နူးကြောင်း ဒါရိုက်တာဆရာဦးနေလင်းထွန်း၏ တပည့်ခံယူရသည်ကို ဂုဏ်ယူကြောင်း စသည်များ နားထောင်မငြီးအောင် ပြောသွားနိုင်ပေသည်။

ရွှေစင်၏ နှုတ်ခွန်းဆက်စကား ကျေးဇူးတင်စကား ပရိသတ်ကို ဂါရဝပြုစကားတွေပြီးဆုံးသွားပါ၏။

ထွန်းနေလင်းကပင် မိုက်ကရိုဖုန်းခွက် ပြန်ကိုင်ကာ ရွှေစင်၏ မွေးနေ့ပါတီပွဲကြီးဖွင့် လှစ်ပြီးဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖွင့်လှစ်ပွဲကို အဖွင့်ပဏာမအတွက် အဆိုတော် 'နေယမင်း'က ဝေးသီဆိုဖွင့်လှစ်မည်ဖြစ်ကြောင်း ထပ်မံ ကြေညာသည်။

"အဆိုတော် နေယမင်း စင်မြင့်ပေါ်သို့ ကြွရောက်ပါ ခင်ဗျား ..."

နေယမင်းသည် သူမ၏ လက်ကိုင်အိတ်ထဲမှ ပန်းနုရောင် ဓာပဝါကို ထုတ်ယူသည်။ သူမ၏ ပခုံးလည်တိုင်မှာ လွှမ်းတင်ကာ ပဝါစနှစ်ဖက်ကို ညီညီညာညာ ခါးကိုဖုံးတွဲလောင်းချလိုက်သည်။ အောက်ခံအင်္ကျီ ထဘီအနီရောင်ကို ပန်းနုရောင်ပဝါက လွှမ်းလိုက်သော်လည်း အနီဝတ်စုံတွင် ပေါ်လွင်နေသော နေယမင်း၏ ခန္ဓာအလှ အမို့အကင်း အစို့အပို့နှင့် ကွေ့ကြောင်းကောက်ကြောင်းတွေကို ဖုံးလွှမ်းနိုင်ခြင်းမရှိပေ။

"နေခဲ့ဦးနော် ... ကိုစိုးမိုးခိုင် ... ယမင်း ကိုထွန်းနေလင်းရဲ့ ဖိတ်ခေါ်ချက်အတိုင်း တာဝန်ထမ်းဆောင်လိုက်ဦးမယ် ... ပြီးရင် ဒီကိုပဲ ပြန်လာမှာပါ ..."

"ဟုတ်ကဲ့ ... ရပါတယ် ... မနေယမင်း ... ကျွန်တော် ဘီလပ်ရည်တွေ တစ်ပုလင်းပြီး တစ်ပုလင်း ဖောက်သောက်ရင်း မနေယမင်း ပြန်အလာကို စောင့်ပါမယ် ..."

နေယမင်းက ပါးချိုင့်ခွက်အောင် ပြုံးရင်း စင်မြင့်ဆီသို့ လျှောက်ကာသွားသည်။





စိုးမိုးခိုင် လိမ္မော်ရည်တစ်ပုလင်းထပ်ယူလိုက်သည်။ နေယမင်း သီဆိုသည်ကို ဘီလပ်ရည်သောက်ရင်း ဇိမ်နှင့် ကျကျနန နားထောင်ရပေမည်။

နေယမင်းသီဆိုခဲ့သော တေးသံတို့သည် ပရိသတ်နှင့် ရင်းနှီးပြီးသား ဖြစ်ပါ၏။

နေယမင်း စင်မြင့်ထက်သို့ တက်ရောက်သည်နှင့် ပို၍ မြည်သော လက်ခုပ်သံတွေ တစ်ဖျောင်းဖျောင်းထွက်လာသည်။

"ဟေး ... တအားကြီးမိုက်တယ် ..."

လူငယ်လူရွယ်ပိုင်းမှ လှမ်းအော်ဟစ်သံတွေလည်း ထွက်လာသည်။

"ချောတယ်ကွာ ... ချောမှချော ..."

"ကိုယ်လုံးကလည်း တကယ့် ပရိုပိုရှင်းကျတယ် ... ကျော့တယ် ... ရှင်းတယ်ကွာ ..."

ဤပွဲသည် ဂုဏ်သရေရှိပွဲကြီး ဖြစ်ပါ၏။ သို့သော် အဖျော်ယမကာကို ကောင်တာဖွင့် ဧည့်ခံသည်မို့ အရက်ရှိန် သွေးကြွသော လူရွယ်ပိုင်းကတော့ မရိုးမရွ မချင့်မရဲ ဟစ်အော်သည်သာ။ နေယမင်း၏ အချောအလှကို ထောပနာ ကြသည်သာ။

နေယမင်း အပြုံးလေးနှင့် စတင်သီဆိုတော့သည်။ တီးဝိုင်းကလည်း စိတ်အားထက်သန်စွာ တီးမှုတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သီဆိုသော တေးသားမှာ မွေးနေ့အတွက် မင်္ဂလာရှိကြောင်း ဆုမွန်ကောင်းတောင်းကြောင်း ယနေ့သည် မင်္ဂလာအပေါင်းခညောင်းသောနေ့ဖြစ်ကြောင်း စသည်တို့ကို မြန်မာသံ စစ်စစ်ဖြင့် သီဆိုသော တေးသီချင်း ဖြစ်ပါ၏။

စိုးမိုးခိုင်သည် နေယမင်း သီဆိုသံကို အရသာခံရင်း လိမ္မော်ရည်သောက်ရင်းဖြင့် နေယမင်း ထိုင်သွားသောနေရာတွင် နေယမင်း ကိုင်ပဝါလေးကို တွေ့ရှိသည်။ အောက်ခံပန်းရောင်တွင် အနီပွင့်လေးများဖြင့် မိန်းမကိုင် အကောင်းစားလက်ကိုင်ပဝါလေး ဖြစ်နေပေသည်။

လက်ကိုင်ပဝါလေးမှ သင်းသင်းလေး မွှေးရနံ့ရပေသည်။ ဘာရယ်မဟုတ် စိုးမိုးခိုင်က လက်ကိုင်ပဝါလေးကို ဖြန့်ကြည့်မိသည်။ ထောင့် တစ်နေရာတွင် N.Y.M ဟု အင်္ဂလိပ်စာ အက္ခရာသုံးလုံး ထိုးထားသည်ကို တွေ့ရသည်။

N.Y.M မှာနေယမင်းဟု အတိုကောက်စဉ်ထားခြင်း ဖြစ်ပေသည်။

ထိုစဉ်မှာပင် လက်ခုပ်သြဘာသံတွေ တဖြောင်းဖြောင်းထွက်လာသဖြင့် စိုးမိုးခိုင် စင်မြင့်ဆီသို့ လှမ်းကြည့်သည်။ နေယမင်း သီဆိုပြီးသွားပြီမို့ ထွန်းနေလင်းနှင့်အတူ ဆင်းလာသည်ကို တွေ့ရသည်။



စိုးမိုးခိုင်က လက်ကိုင်ပဝါလေးကို သူ့နေရာတွင် ပြန်ထားလိုက်သည်။

"ဟေ့ကောင်ကြီး တစ်ယောက်တည်း ပျင်းနေပြီလား"

"ပျင်းတော့မပျင်းဘူးကွ ... ဒါပေမဲ့ ဗိုက်ကတော့ အရမ်းဆာနေပြီ ထွန်းနေလင်း ..."

နေယမင်းသည် သူ့နေရာသူ ပြန်ထိုင်ရင်း စိုးမိုးခိုင်ရှေ့စားပွဲသို့ ကြည့်လိုက်သည်။ လိမ္မော်ရည် ဗင်ကို စသည့် ပုလင်းလွတ်ငါးလုံးတွေ့ရသည်။

ပုလင်းငါးလုံးသောက်ထားသည့်တိုင်အောင် ဗိုက်ဆာသည်ဟု ပြောသည်ကို နေယမင်း ပြုံးမိပါ၏။ ကိုစိုးမိုးခိုင်သည် အစားပုပ်မည့် လူလင်ကြီးပါပေ။

"အခုပဲ ... ပလာတာနဲ့ ကြက်ကင်ပွဲတွေ လာချတော့မှာပါ စိုးမိုးခိုင် ... ပါတီပွဲအစီအစဉ်ကိုက နေယမင်း သီချင်းဆိုဖွင့်ပေးပြီးတာနဲ့ စားသောက်ပွဲတွေ ချပေးဖို့ပဲ ... ဒါပေမဲ့ ငါက အရောက်နောက်ကျတော့ ... စားသောက်ပွဲချိန်လည်း နည်းနည်းနောက်ကျသွားတာပါ သူငယ်ချင်း ... ခဏနေဦးနော် ... ငါမစားခင် ကောင်တာမှာသွားပြီး ... စားကောင်းစားမြိန်ဖို့ တစ်ခွက်တစ်ဖလား သွားချဦးမယ် ..."

ထွန်းနေလင်း ကောင်တာဆီသို့ ထွက်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေလင်း ပြောသည့်အတိုင်းပင် စားပွဲထိုးတွေသည် ကြက်ကောင်လုံးကင်နှင့် ပလာတာများ လာချပေးလေတော့သည်။

ကြက်ကင်မှာ ကောင်လုံးကင် ဖြစ်ပါ၏။ လည်တိုင်အရင်းမှ ပေါင်နှစ်ဖက်အထိ ဟက်တက်ခွဲထားပြီး နီရဲကျွတ်ရွှအောင် မဆလာ ဆားများဖြင့် ကင်ထားသည်။

စားပွဲတစ်ခုတွင် ကြက်ကင်နှစ်ကောင် ချပေးသည်။ ပလာတာမှာ အထပ်လိုက်ကြီး ချထားပေးသည်။ အကန့်အသတ်မရှိ လိုလျှင် ထပ်မံတောင်းခံနိုင်သည်။ ကြက်သွန်ချဉ် ငရုတ်သီးစိမ်းလည်း ပန်းကန်အုမောက် ချထားပေးသည်။ အဝစားပုံစံ ရှိပေသည်။ သရက်သီးသနပ်လည်း ပါသေးသည်။

စိုးမိုးခိုင်က ကောင်တာသို့ လှမ်းကြည့်သည်။ ထွန်းနေလင်း ပြန်အလာကို ကြည့်ခြင်း ဖြစ်သည်။ ကိုယ်တော်ချောသည် အမျိုးသား အမျိုးသမီးများအလယ်တွင် အာရိုက် အရှိန်ကောင်းနေသည်ကို မြင်ရသည်။

"ကိုထွန်းနေလင်းကို မစောင့်နဲ့ ... ကိုစိုးမိုးခိုင် သူက အရက်ကို ဇိမ်ဆွဲသောက်လေ့ရှိတယ် ... အထူးသဖြင့်ကတော့ သူ့အခု စကားပြောနေတာ ရွှေစင်ရဲ့ မိဘနဲ့ အသိုင်းအဝိုင်းနဲ့ ပြောနေတာဆိုရတော့ အချိန်အကန့်အသတ် မရှိဘူး ... ကိုစိုးမိုးခိုင်က ဆာနေပြီပဲဟာ ..."





ကိုစိုးမိုးခိုင်ဆာနေပြီပဲဟာဟု နေယမင်း ပြောလိုက်သောအသံတွင် ကရုဏာသံပါလေသလားဟု စိုးမိုးခိုင် ဆန်းစစ်မိပြန်သည်။

ဒီနောက်မှာတော့ စိုးမိုးခိုင်နှင့် နေယမင်းတို့ စတင်စားကြသည်။

ဤနေရာတွင် စားကိုမကျွမ်းကျင်သော နေယမင်းမှာ ကောင်လုံးကြက်ကင်နှင့် အခက်အခဲလေး ဖြစ်ရှာသည်။ ကြက်ကင်မှာ နူးနူးနပ်နပ်တော့ ရှိသည်။

သို့သော် ကြက်ဆိုသော အကောင်မှာ အရိုးများသည် သူ့အသားနှင့်သူ ဓားလှီးတတ်မှ လွယ်ကူသည်။

နေယမင်း ဓားချက်သည် အထာမကျကြက်၏အရိုးပေါ်သို့ ကျနေသည်။

"ဘယ်လိုမှန်းမသိဘူး ... ခုတ်ထစ်ပြီး အတုံးလေးတွေ လုပ်ပေးထားရင် ကောင်းမှာ ..."

နေယမင်းက သူ၏ အခက်အခဲကို ပြုံးရင်း ညည်းတွားစကားလေး ဆိုလိုက်သည်။

"ကျွန်တော် လှီးပေးမယ်နော် ..."

စိုးမိုးခိုင်က အသားဖက်တွေကို ကျင်လည်စွာ လှီးဆုတ်နှင်ပေးပြီး နေယမင်း၏ ပလာတာပန်းကန်ထဲသို့ ထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးရူးပဲ ကိုစိုးမိုးခိုင် … နို့မို့ရင် ယမင်းမှာ ငှက်ကြားကြီးခများ မြေခွေးရဲ့ ဖိတ်ကြားချက်ကို လာခဲ့သလိုဖြစ်နေမှာ အခက်ကြုံမှာ …"

"ဆိုပါဦး မနေယမင်း ငှက်ကြားနဲ့ မြေခွေးထမင်းစားဖိတ်တာကို …"

"ပုံပြင်တစ်ခုပါ … အဲဒါ ကိုစိုးမိုးခိုင် မကြားဘူးလို့လား"

"ဟင့်အင်း … မကြားဘူးဘူး …"

အမှန်တော့ ဤပုံပြင်ကို စိုးမိုးခိုင်မူလတန်းကျောင်းသားဘဝကတည်းက ကြားဖူးသည်။ ဖတ်ဖူးသည်။ သို့သော် … နေယမင်း မိန်းမချောလေး ပြောပြသည်ကို အရသာခံ နားထောင်ချင်သောကြောင့် တမင်မေးလိုက်ခြင်း ဖြစ်ပါ၏။

နေယမင်းက ပြောပြပါ၏။

"ယှေးဘုယျသဘောမှာတော့ ပုံပြင်ထဲက မြေခွေးတွေဟာ ကောက်ကျစ်တယ် … စဉ်းလဲတယ် … တစ်ဖက်သားအပေါ် အနိုင်ကျင့်တယ်ပေါ့လေ … "

"ငှက်ကြားကကော …"

"ငှက်ကြားကတော့ ရိုးတော့ ရိုးသားတယ် … သဘောကောင်းတယ် … တည်ငြိမ်တယ် … ဒါက ပုံပြင်ရဲ့ သဘောလေ … တစ်ဦးက ကောက်ကျစ်ရင် တစ်ဦးက ရိုးသားတာကို ဒွန်တွဲ နှိုင်းယှဉ်ပြတဲ့ သဘောပါ …"





စားရင်းပင် နေယမင်းက ဆက်ပြောသည်။

"မြေခွေးက ငှက်ကြားကြီးကိုတွေ့တော့ ဒီကောင်ကြီး နှုတ်သီးက ထိပ်လည်း ရှည်တယ် … အဖျားလည်း ချွန်တယ်၊ ဒီတော့ ငှက်ကြားကြီးကို အလိမ္မာနည်းနဲ့ ထမင်းစား ဖိတ်ကြားပြီး ဟာသလုပ် ပြက်ရယ်ပြုရင်း သိပ်ရယ်စရာကောင်းမယ် … ပျော်စရာကောင်းမယ်လို့ တွေးပြီး ဖိတ်ကြားလိုက်တယ် …"

"ဖိတ်ကြားပွဲမှာ ကိုငှက်ကြားကြီးက အရိုးခံဆိုတော့ လာရှာပါတယ် …"

"ဟုတ်လား … မြေခွေးတို့ ငှက်ကြားတို့မှာ အိုးတွေ အိမ်တွေနဲ့ နေကြသလား … နေယမင်း … နောက်ပြီး တစ်ဦးနဲ့ တစ်ဦး စကားပြောတတ်ကြတယ်နော် …"

"ဟာ … ပြောရတာ လက်ပေါက်ကပ်လိုက်တာ၊ တကယ် ကိုစိုးမိုးခိုင်က ကတ်သီးကတ်သတ် မေးတယ်၊ အခု ယမင်း ပြောနေတာက ပုံပြင်ဇာတ်ရှိပါလို့ဆိုမှတော့ ဒဏ္ဍာရီထဲမှာ ဘယ်သတ္တဝါဖြစ်ဖြစ် စကားပြောတတ်မှ ဇာတ်လမ်းဖြစ်မှာပေါ့ …"

စိုးမိုးခိုင် ရယ်လိုက်သည်။

တကယ်တော့ စိုးမိုးခိုင်သည် နေယမင်းကို တမင်



www.burmeseclassic.com

www.burmeseclassic.com



စ,ခြင်း ဖြစ်ပါ၏။ နေယမင်းအပြောရခက်သောကြောင့် မျက်မှောင်လေး ကြုတ်သွားကာ၊ နှုတ်ခမ်းလေးမဲ့သွားကာ၊ မျက်လုံးလေးပြူးသွားတာတွေကို တွေ့မြင်ရသည်ကိုပင် စိုးမိုးခိုင် ရင်ထဲတွင် ကြည်နူးရပါ၏။ ပျော်ရွှင်ရပါ၏။

"ဟုတ်ပါပြီ ... မနေယမင်း ကျွန်တော် တမင်နောက်တာပါ၊ ဆက်ပြောပါ မနေယမင်း ... ကျွန်တော် စိတ်ဝင်စားပါတယ် ..."

"ဆက်ပြောရရင် မြွေခွေးက စားကောင်းသောက်ဖွယ်တွေကို ရေနဲ့ ပြုတ်ချက်ပြီး ပန်းကန်ပက်ပက်ကြီးထဲမှာ ထည့်ကျွေးသတဲ့ ... ပြီး မြွေခွေးကိုယ်တိုင် မြိန်ရေယှက်ရေ စားပြသတဲ့ ..."

"ငှက်ကြားကြီးကတော့ ... ပန်းကန်ပက်ပက်ကြီးထဲက အပြုတ်ရေကို ဘယ်မှာ သူ့နှုတ်သီးကြီးနဲ့ စားလို့ ရမှာတဲ့လဲ ... အဲဒီလို ငှက်ကြားကြီး စားလို့ မရဖြစ်နေတာကိုပဲ မြွေခွေးက ဟားတိုက်ရယ်မောတယ်တဲ့လေ ..."

"ဩော် ... ဩော် ..."

"ဩော် ... ဩော် ... မနေနဲ့ ... ယမင်း နှိုင်းယှဉ်ပြောနေတာက အခု ကြက်ကင်ကို ယမင်းမှာ ဓားကိုင် မကျွမ်းလို့ မလှီးတတ်တာ မဖွဲ့တတ်တာကို တင်စားပြောနေတာ ...





အခု ကိုစိုးမိုးခိုင်က လှီးဖြတ်ပေးလို့ စားလို့ရတာကို ကျေးဇူးတင်တယ်လို့ ပြောတာ ... ဟွန့် ... မြွေခွေးနဲ့ ငှက်ကြားပုံပြင်ကို ယမင်း ဆက်မပြောတော့ဘူး၊ ပုံပြင်လေးကတော့ ဒါပါပဲလို့ အဆုံးသတ်တယ် ... ကိုစိုးမိုးခိုင်"

"ဟာဗျာ ... ပုံဆိုတာ ဆုံးအောင်ပြောမှပေါ့ ... ဆုံးအောင်မပြောရင် ငရဲကြီးတတ်တယ် မနေယမင်း ..."

"တော်ပြီ ... ကိုစိုးမိုးခိုင် ဒီပုံပြင်ကို သိထားပြီးသားမှန်း ကိုစိုးမိုးခိုင်ရဲ့ မျက်နှာမှာ ပေါ်လွင်နေတယ် ... သက်သက်မဲ့ ယမင်းကို အရှုးလုပ်တာ ..."

နှစ်ဦးသား ကြည်နူးစွာ ရယ်မောကြပါ၏။

ယမင်းကို စိုးမိုးခိုင်က ကြက်ကင်များ လှီးဖြတ်ထည့်ပေးသည်။ နေယမင်းကလည်း ထည့်ပေးတိုင်း ကျေးဇူးတင်သော အကြည့်နှင့် ကြည့်ရင်း ပြုံးပြုံးလေးစားပါ၏။

စိုးမိုးခိုင်ကပင် ပုံပြင်ကိစ္စကို ဆက်ပြောသည်။

"ဟုတ်ပါတယ် ... ဒီပုံပြင်ကို ကျွန်တော် ငယ်ငယ်လေးထဲက သိဖူး ... ဖတ်ဖူးပြီးသားပါ ... မြွေခွေးနဲ့ ငှက်ကြားကို ဖန်တီးပေးလိုက်တာကိုကပဲ သူ့မှာ ရည်ရွယ်ချက် ရှိနေတယ် မနေယမင်း ..."

"ဘယ်လို ရည်ရွယ်ချက်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သဘာဝခြင်း မတူဘဲ ... သတ္တဝါနှစ်ဦးဟာ အဆွေခင်ပွန်း ဖွဲ့လို့ မရနိုင်ဘူးဆိုတဲ့ ရည်ရွယ်ချက်ပါပဲ ... မြေခွေးရဲ့ သဘာဝဟာ နှုတ်သီးတိုတယ် ... လျှာနဲ့လျက်စားတယ်၊ အဲ ... ငှက်ကြားရဲ့သဘာဝကတော့ နှုတ်သီးရှည်တယ် ... အစာကို နှုတ်သီးချွန်နဲ့ ကောက်ပြီး မျိုချစားတဲ့ သတ္တဝါ အဲဒါပါပဲ မနေယမင်း ... အဲဒီတော့ စိတ်နေသဘောထားမှာ ရော စားသောက်နေထိုင်တဲ့ နေရာမှာရော တစ်ဦးနဲ့တစ်ဦး မတူညီကြတဲ့ သတ္တဝါနှစ်ဦးဟာ အဆွေခင်ပွန်း ဖွဲ့လို့မရဘူး ဆိုတာကို ပြုစုသူက ရည်ရွယ်ဖော်ပြလိုက်တာလို့ ကျွန်တော် ကောက်ချက်ချမိတာပါ ..."

"အယ် ... သိပ်ကို ဟုတ်ပါတယ် ... ကိုစိုးမိုးခိုင် ကောက်ချက်ချဟာ သိပ်မှန်ပါတယ် ... လူနှစ်ဦးမှာလည်း သဘာဝ ချင်းမတူတာ ... ဝါသနာချင်းမတူတာ ... စိတ်သဘော ထားချင်းမတူတာတွေရှိနေရင် အဆွေခင်ပွန်း ဘယ်လိုဖွဲ့ ဖွဲ့ တကယ့်အဆွေခင်ပွန်း ဖြစ်လာဖို့ မလွယ်ပါဘူး ..."

နေယမင်းသည် ထိုစကားကို ပြောရင်း သူမ၏ မျက်ဝန်းစုံသည် အရက်ကောင်တာဆီသို့ ရောက်နေပါ၏။

စိုးမိုးခိုင်က နေယမင်းကြည့်ရာ အရက်ကောင်တာသို့ လှမ်းကြည့်သည်။





ကောင်တာတွင် ထွန်းနေလင်းသည် ရပ်နေဆဲ ဖြစ်ပါ၏။ စောစောက ရွှေစင်၏ မိခင်များနှင့်အတူ မဟုတ်တော့ဘဲ ရွှေစင်နှင့် နှစ်ယောက်အတူရပ်နေသည်ကို တွေ့ရသည်။ ရွှေစင်နဲ့ ထွန်းနေလင်း စကားလက်ဆုံကျနေပုံရပေသည်။

စိုးမိုးခိုင် စဉ်းစားကြည့်ပြန်သည်။

နေယမင်းက မိမိပြောသော စကားကို ထောက်ခံ သည်မှာ ထွန်းနေလင်းနှင့်သူမ၏ ဖြစ်စဉ်ကို နှိုင်းယှဉ်ကာ ထောက်ခံ မှုပြုခြင်းပေလား။

ထွန်းနေလင်းက ရုပ်ရှင်လုပ်ငန်းနှင့် ရုပ်ရှင်ပညာ တွင် စိတ်အားထက်သန်နေသူ နေယမင်းက ရုပ်ရှင်လုပ်ငန်းနှင့် ရုပ်ရှင်လုပ်ငန်းကို စိတ်မဝင်စားသူ။

ယင်းကို အခြေခံသဘာဝခြင်း ဆန့်ကျင်နေသည်ကို အကြောင်းပြု၍ မိမိစကားကို ထောက်ခံခြင်းပေလား။

"အဲဒီ မြေခွေးနဲ့ ငှက်ကြားပုံပြင်ပြုစုသူမှာ အခုပြောတဲ့ ရည်ရွယ်ချက်အပြင် တခြားရည်ရွယ်ချက်ကော ရှိသေးလား ... ကိုစိုးမိုးခိုင် ရှိသေးတယ်ဆိုရင် ပြောပြလေ ... ကနေ့အဖို့ ယမင်းမှာ ပလာတာနဲ့ ကြက်ကင်စားရတာလည်း အရသာ သိပ်ရှိတယ် ... နောက်ပြီး ကိုစိုးမိုးခိုင်ပြောတဲ့ ပုံပြင်ရဲ့ ရည် ရွယ်ချက်ကလည်း သိပ်ဟုတ်ပါလားဆိုတဲ့ ခံစားချက်ရရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဒီပုံပြင်မှာ ဒုတိယရည်ရွယ်ချက် ရှိသေးရင် ဆက်ပြောပြပါလားဟင် ... ”

“ဆက်ပြောရရင် မနေယမင်းပြောပြတဲ့ ပုံပြင်ဟာ ... အဆုံးမသတ်သေးဘူးလေ ... တကယ်တော့ မြေခွေးရဲ့ ပြက်ရယ်ပြုခံလိုက်ရတဲ့ တည်ကြည်ရိုးသားတဲ့ ငှက်ကြားကြီးက မြေခွေးကို ပြန်ကလဲ့စားချေတယ် မဟုတ်လား ... မြေခွေးကို ငှက်ကြားကြီးက ပြန်ဖိတ်ကြားပြီး ဝါးကျည်တောက်ရှည်ကြီး ထဲမှာ စားကောင်းသောက်ဖွယ်တွေ ထည့်ပြီး မြေခွေးကို ကျွေးတယ် ... မြေခွေးခမျာ နှုတ်သီးတိုတိုလေးနဲ့မို့ ကျည်တောက်ထဲက စားကောင်း သောက်ဖွယ်တွေကို ဘယ်လိုစားလို့ ရမှာလဲ ... ငှက်ကြားကြီးကတော့ သူ့ရဲ့ နှုတ်သီးရှည်ကြီးနဲ့ ဝါးကျည်တောက်ထဲက စားကောင်းသောက်ဖွယ်တွေ မြေခွေးရှေ့မှာပဲ မြိန်ရေရှက်ရေ စားပြတယ် ... မြေခွေးခမျာ သွားရည် တမျှားမျှားကျရုံကလွဲပြီး စားနိုင်ခွင့်မရှိ ဖြစ်သွားတယ် မဟုတ်လား ... မနေယမင်း”

“ဟုတ်ပါပြီ ကိုစိုးမိုးခိုင် ... အဲဒီတော့ ပုံပြင်ရဲ့ နောက်ထပ်ရည်ရွယ်ချက်ကို ဆက်ပြောပြပါလား ... ”

“ပြောပြမယ် ... ပြောပြမယ် မနေယမင်း ... လောကကြီးမှာ ရေမြေ့ဆိုတဲ့ မြေဟာ မြေပွေး၊ မြေပေါက်၊ ငန်းမြေ





တို့လို သူ့မှာ အဆိပ်မရှိရှာဘူး ... ဒါပေမဲ့ သူ့ကို အန္တရာယ်ပြုလာရင်တော့ ပြန်ကိုက်တာပဲ ... ခွေးဆွဲသလို ပြန်ဆွဲကိုက်တာလေ ... နောက်ပြီး နွားဆိုတဲ့ သတ္တဝါဟာလည်း မြက်စားပြီး အလွန်သဘောကောင်းတဲ့ သတ္တဝါပါ ... ဒါပေမဲ့ အန္တရာယ်ကိုတော့ သူ့မှာရှိတဲ့ ဦးချိုနဲ့ ပြန်ဝှေ့တာပဲ ... ”

“အဲဒါ ကိုစိုးမိုးခိုင် ဘာကို ရည်ရွယ်လို့ ပြောတာလဲဟင်”

“အဲ ... ကျွန်တော် ရည်ရွယ်ပြောတာက ပုံပြင်ထဲက ငှက်ကြားကြီးဟာလည်း ရေမြေ့လို ... နွားလို သဘောထားခြင်း တူညီနေတာကို ပြောပြတာပါ ... ငှက်ကြားကြီးဟာ သူများကို ရန်မရှာဘဲ အေးဆေးတည်ငြိမ်စွာနေပေမဲ့ သူ့ကို စော်ကားပြက်ရယ်ပြုလာတဲ့ မြေခွေးကို တန်ပြန်ကလဲ့စားချေတယ်လေ ... ”

ပြောရင်းပင် မျက်နှာထားတင်းလာသော စိုးမိုးခိုင်အား နေယမင်းက ငေးကြည့်မိပြန်သည်။ ဘာကြောင့်များ ပြောရင်း မျက်နှာထားကြီး တင်းသွားပါလိမ့်ဟုလည်း စိတ်ထဲတွင် ပြန်မေးကြည့်မိသည်။

“အခုဟာက ဒဏ္ဍာရီပုံပြင်ပဲ ကိုစိုးမိုးခိုင် ... ”

“တိရစ္ဆာန် ပုံပြင်ထဲမှာတင်မဟုတ်ပါဘူး ... လူတွေမှာလည်း ကလဲ့စားချေတာတွေ ရှိတာပါပဲ မနေယမင်း ... ဟိုရှေးက



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာဆိုရင် ကိုယ့်သွားတစ်ချောင်းကျိုးအောင် လုပ်တဲ့သူကို ပြန်ကလဲ့စားချေတယ် ... ကိုယ်မျက်စိတစ်လုံးကန်းအောင်လုပ်ရင် လုပ်တဲ့လူရဲ့ မျက်လုံးတစ်လုံးကို ပြန်ကန်းအောင်လုပ်စေတဲ့ ဥပဒေဘောင်ထားရှိတာပဲ ... အခုခေတ်လူတွေရဲ့ ယဉ်ကျေးမှုတိုးတက်လာမှ ဒီလို ပြန်ပြီးကလဲ့စားချေတာကို ဥပဒေက ခွင့်မပြုဘဲ သက်ဆိုင်ရာကသင့်တော်တဲ့ ပုဒ်မနဲ့ ပြုလုပ်သူကို ထိုက်သင့်တဲ့ အရေးယူမှုတွေ လုပ်ပေးတယ်လေ ... ဥပမာ ကျူးလွန်တာနဲ့ အညီထောင်ဒဏ်ချတာတို့ ဘာတို့ပေါ့လေ ... ”

နေယမင်းသည် စိုးမိုးခိုင်ပြောသည်ကို နားထောင်ပြီး စားသည်မှာ ပုလာတာ(၂)ချပ် ကုန်သည်။ စိုးမိုးခိုင်နှင်ပေးသော ကြက်ကင်အားလုံးစားသည်။

စားသောက်မှုကို လက်ဆေးလက်သုတ် ပဝါသုတ်ခြင်းဖြင့် လက်စသတ်ကြသည်။

စိုးမိုးခိုင်က အအေးပုလင်းနှစ်လုံးထပ် ဖောက်ကာ နေယမင်း ဖန်ခွက်ထဲထည့် သူ့ ဖန်ခွက်ထဲထည့် ပြုပေးသည်။

“ကိုစိုးမိုးခိုင်ကို ကြည့်ရတာ တစ်ခုခုအပေါ်မှာ မကျေမနပ်ဖြစ်ပြီး ကလဲ့စားချေ ချင်နေသလိုပဲနော် ... ”





စိုးမိုးခိုင်က ဘာမျှ ပြန်ပြောမပြောသေးမီ ထွန်းနေလင်းနှင့်ရွှေစင်အတူ စိုးမိုးခိုင်ကို စားပွဲသို့ ရောက်လာကြသည်။

“ကြည့်စမ်း ... ကြည့်စမ်း ... ဒီကောင်ကြီး ငါ့ကိုတောင်မစောင့်ဘဲ စားထားလိုက်တာ တက်တက်ပြောင်ပဲ ... ”

“ဟ ... မင်းကိုသာ ငါစောင့်ရရင် ဒီပွဲထဲမှာပဲ အစာငတ်သေသွားတဲ့ မသာတစ်ကောင် ပေါ်သွားမှာပေါ့ ... မင်းကကြာလိုက်တာ အလွန်ပဲ ကိုးကွ ... ”

“ဩ ... ယမင်းလည်း စားပြီးသွားပြီပဲ ... ”

“ကိုစိုးမိုးခိုင် ပြောသလိုပေါ့ ... ကိုထွန်းနေလင်းလာမှသာ စားရမယ်ဆိုရင် ယမင်းပါ ဒီပွဲမှာ နောက်ထပ်တစ်လောင်းဖြစ်သွားမယ်လေ ... ”

ထွန်းနေလင်းရယ်ပါ၏။

“ဆောရီးပဲ ယမင်း ... ကိုယ်အလုပ်ကိစ္စကားတွေ ပြောနေတာနဲ့ နောက်ကျသွားတယ် ... ကိုယ်တို့ နယ်ထွက်ပြီးကားရိုက်ဖို့ဟာ ပထမ အစီအစဉ်က တစ်ပတ်လောက်ကြာပြီးမှ ထွက်ကြဖို့ပါ ... ဒါပေမဲ့ အခု ရွှေစင်ရဲ့ ဒယ်ဒီနဲ့ မာမီပါတိုင်ပင်တဲ့အခါ သဘက်ခါပဲ နယ်ထွက်ဖို့ ဆုံးဖြတ်ကြတယ်လေ ... ကိုယ်တို့အသွားအပြန်ဆိုရင် ဆယ်ငါးရက်ကြာမယ်လို့ ခန့်မှန်းတယ် ... နောက်တစ်ပတ်အထိ စောင့်လို့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြန်လာရက်က နောက်လဆန်းထဲဝင်သွားမယ် ... ရွှေစင် ဒယ်ဒီက နောက်လဆန်းမှာ နိုင်ငံခြားသွားစရာ ရှိနေလို့ ရေ့ကိုစောပြီး သဘင်္ဘောခါ ထွက်ကြဖို့ စီစဉ်နေတာနဲ့ ကြာသွားတာ ... "

"ရွှေစင်မာမီက ရွှေစင် ကားရိုက်တာ လိုက်ကြည့်ချင်တယ်ဆိုတော့ သူ့ ဒယ်ဒီမသွားခင်ရန်ကုန်အရောက် ပြန်လာရမှာလေ ... ကဲ ... ရွှေစင် ကိုယ်တို့ ပလာတာနဲ့ ကြက်ကင်စားကြဖို့ အသစ်တစ်ပွဲ ယူလာဖို့ စီစဉ်ပေး ... "

ရွှေစင်ထွက်သွားသည်။ ရွှေစင်ထွက်သွားသည်ကို နေယမင်းက ငေးကြည့်နေပါ၏။

စိုးမိုးခိုင်က ထွန်းနေလင်းကို ပြောလိုက်ပေသည်။

"ဒါဆို မနက်ဖြန်မှာ ငါ ဗိုင်အမ်ဘီအေကို ဖြစ်ဖြစ် တခြားတည်းခိုခန်းကို ဖြစ်ဖြစ် ပြောင်းတော့မယ် သူငယ်ချင်း"

"ဟ ... ဘယ်ကို ပြောင်းရမှာလဲ ... အဓိပ္ပာယ်မရှိလိုက်တာကွာ ... ငါ့ အိမ်မှာပဲ မင်းဆက်နေပေါ့ စိုးမိုးခိုင် ... မင်းတခြား မသွားရပါဘူး ... "

"ငါ ... မင်းမရှိဘဲ မင်းအိမ်မှာ မနေချင်ဘူးကွာ ... "

"မကပ်စမ်းပါနဲ့ စိုးမိုးခိုင်ရာ ... ငါ့အိမ်ဟာ မင်းအိမ်ပဲပေါ့ မင်းက ငါမရှိရင် တခြားပြောင်းမယ်ဆိုရင် အခု ငါကားရိုက်





ထွက်မဲ့ အစီအစဉ်ကို ဖျက်လိုက်မယ် ... မင်း ခွင့်စေ့လို့ပြန်သွားမှ ငါ နယ်ထွက်မယ် ... နယ်မထွက်ခင် ရန်ကုန်မှာ ရိုက်ရမဲ့အကွက်တွေ ငါဆက်ရိုက်လိုက်လည်း ရတာပဲ"

"မင်း ... ဒီလိုတော့ မလုပ်ပါနဲ့ ထွန်းနေလင်း ... ဒီလိုလုပ်ရင် ငါ့ကြောင့် မင်းနဲ့ ရွှေစင်မိဘတွေ မျက်နှာပျက်စရာ ဖြစ်သွားမယ် ... ကဲ ... ငါ မရွှေ့မပြောင်းတော့ဘူး ... မင်းအိမ်မှာပဲနေမယ် ... ဟုတ်ပြီလား ... "

"အေး ... ဒါဆို ဟုတ်ပြီ ... "

ရွှေစင် ပြန်ရောက်လာသည် ...။ သူမနောက်တွင် ပလာတာပွဲအသစ် ကြက်ကင်ပွဲအသစ်တွေ လင်ပန်းနှင့် ယူလာပေးသော စားပွဲထိုးပါလာသည်။

ထွန်းနေလင်းနှင့် ရွှေစင်တို့ စားပွဲတွင် နှစ်ယောက်အတူတူ စားကြပေတော့သည်။

▮▮▮



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## (၇)

စိုးမိုးခိုင်အတွက် မောင်ပုကို ထားခဲ့မည်ဆိုသော်လည်း မောင်ပုက မနေခဲ့လိုပေ။ မောင်ပုသည် သူ့ဆရာ ထွန်းနေလင်း ကားရိုက်ထွက်တိုင်း လိုက်ပါနေကျ ဖြစ်သည်။

ကားရိုက်သော အချို့အခန်းများတွင် လူအများစုစကား ဝိုင်းဖွဲ့သောအခန်းမျိုးတွင်လည်းကောင်း သို့မဟုတ် သူဌေးအိမ်မျိုးတွင် ပန်းကန်ဆေး တံမြက်လှည်း အိမ်ဖော်နေရာတွင်လည်းကောင်း မောင်ပုတို့ကို ထွန်းနေလင်းက ... တစ်ခန်းစ နှစ်ခန်းစ ဝင်ရောက်ရိုက်စေသည်။ ဒါကိုပင် မောင်ပုကအကျေနပ်ကြီးကျေနပ်နေသည်။ သူမျက်နှာ သူ့ကိုယ်ထည် ရုပ်ရှင်ထဲတွင် တစ်နေရာရာမှ ဝင်ပါရလေမှ မောင်ပုက ကျေနပ်သည်။





ထွန်းနေလင်းက မောင်ပုကို ခေါ်ငမ်းပြီး စိုးမိုးခိုင်နှင့် နေခဲ့ရန် ပြောသည်။

မောင်ပု ငိုမဲ့မဲ့ ဖြစ်သွားရသည်။

ထွန်းနေလင်းကပင် ပြောရတော့သည်။

"ငါ ကိုယ်တိုင် မောင်ပုကို မလိုချင်ဘူး ... ထွန်းနေလင်း ငါခွင့်နဲ့နေရတုန်း ပျော်ပျော်နေချင်တယ် ... လွတ်လွတ်လပ်လပ်နေချင်တယ် ... လွတ်လွတ်လပ်လပ်လည်း ငါစားချင်တဲ့ ဆိုင်မှာဝင်စားမယ် ... တရုတ်ဆိုင်ကြိုက်ရင် တရုတ်အစားအစာ ... ကုလားဆိုင် ကြိုက်ရင် ကုလားအစားအစာ စားမယ် ... မောင်ပု ချက်ပြုတ်ကျွေးတာကို ငါစားမှာလည်း မဟုတ်ဘူး ... နောက်ပြီး ... ငါ သိပ်ပြီး အိမ်ကပ်မှာ မဟုတ်ဘူး။ ကဝမြို့ကိုငါ သွားချင်စရာတွေ ရှိနေတယ် ... ဒီတော့... မင်းက ငါ့အတွက် မောင်ပုကိုထားခဲ့လည်း အပိုပဲ ... ငါ အပြင်သွားရင် သူ့ကို ငါကနောက်ဆံတင်းနေရဦးမယ် ... မင်းနဲ့သာ မောင်ပုကိုခေါ်သွား ထွန်းနေလင်း ..."

"အေး ... ဒါဆို မင်းကျေနပ်ရင် ပြီးရော ... မောင်ပုကို ငါ ခေါ်သွားမယ် ... မောင်ပုကို မင်းအတွက်မို့ ငါထားခဲ့မယ်သာပြောတာ ... ဒီကောင်က ငါ့အကြိုက် ငါ့အထာကို



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေသိမ်း အကုန်နားလည်တယ် ... ဒီကောင်မပါရင် ငါမှာ ကသိကအောက်လေးတွေတောင်ဖြစ်မှာ ... ”

စိုးမိုးခိုင်ကိုယ်တိုင်ကလည်း ထိုအချက်ကို သိထားသဖြင့် မောင်ပုကို တမင် အတင်းပြန်ထိုးထည့်ခြင်း ဖြစ်ပါ၏။

“ဩော် ... သူငယ်ချင် ... မင်းအားတဲ့ ... တစ်ချိန်ချိန်မှာ ဟောဒီစာကို နေယမင်းဆီ သွားပို့ပေးစမ်းပါကွာ ကောင်းတာကတော့ ... တနင်္ဂနွေရုံးပိတ်ရက်မှာဆိုရင် နေယမင်း သူ့အိမ်မှာပဲ အနားယူလေ့ရှိတယ် ... အဲဒီနေ့သွားပေးရင် ပိုကောင်းတယ်ကွ ... မင်းအတွက် မော်တော်ဆိုင်ကယ်ရော ဆီဒင်ကားရော ငါထားခဲ့တယ် စိုးမိုးခိုင် ... မင်းကြိုက်သလို သုံး ... ”

“အေးကွာ ... ကျေးဇူးပဲ ... ရန်ကုန်လိုမြို့မှာ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်လေးတစ်စီးမရှိရင် မဖြစ်ဘူးကွ ... သွားရေးလာရေး မလွယ်လိုက်တာ ... အေး ... မင်းပေးခိုင်းတဲ့ စာကိုလည်း နေယမင်းဆီ ငါ ဆက်ဆက်သွားပေးပါ့မယ်၊ တနင်္ဂနွေနေ့နော် ... ”

“ရပါတယ် သူငယ်ချင်း ... စာက ကြေးနန်းစာလို သာရေးနာရေး အရေးတကြီးမျိုးမဟုတ်တာ ... မောင်က မေ့ကို ချစ်တယ်ဆိုတဲ့ စာပါ ... တနင်္ဂနွေနေ့ သူ စိတ်အားလူအား





ဖြစ်တဲ့အချိန်မှာ ဒီစာကို နေယမင်း အေးအေးဆေးဆေး နှလုံးစိမ့်ဝင်အောင် ဖတ်စေချင်တဲ့ သဘောပါကွာ ... ”

ရွှေစင်၏ မွေးနေ့ပါတီပွဲ ပြီးမြောက်သွားသည်။ တတိယနေ့မှာပင် ရွှေစင်သားအမိနှင့်အတူ ထွန်းနေလင်းက ဟဲဟိုးသို့ လေယာဉ်နှင့် လိုက်ပါသွားသည်။

ကျန်သော စက်အဖွဲ့ အရန်ဇာတ်ဆောင်တွေကတော့ လိုအပ်သော ပစ္စည်းတွေတင်ကာ ဒေါ်ဂျစ်ကားနှစ်စီးဖြင့် တစ်ရက် တင်ကြိုသွားကြပေသည်။

ရွှေစင်နှင့်တွဲဖက်ရိုက်ရမည့် ခေါင်းဆောင်မင်းသားကတော့ ထိုနေ့ ထိုအချိန် ဘားရိုက်သည့် နေရာသို့ သူ့အစီအစဉ်ဖြင့် သာရောက်ပေမည်။ မင်းသားလာရောက်သည့် ကုန်ကျစရိတ်များ အားလုံးကို ဇာတ်ကားထုတ်လုပ်သူက ကျခံပေးရပေမည်။

ထွန်းနေလင်းထွက်ခွာသွားသည်မှာ ကြာသပတေးနေ့ဖြစ်ပါ၏။ သောကြာနေ့တစ်နေ့လုံး စိုးမိုးခိုင် အိမ်မှာပင်နေသည်။

စနေနေ့တွင် စိုးမိုးခိုင် သားရေဂျာကင်ဝတ်၊ ဘောင်းဘီဝတ်၊ ရှူးဖိနပ်စီးကာ ကဝသို့ သွားမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်နှင့် သွားမည်ဖြစ်သောကြောင့် ဦးထုပ်လိုနေသည်။ ဦးထုပ်မပါဘဲ တောလမ်းခရီးသွားလျှင် ဦးခေါင်းဆံပင်တွင် ဖုံတွေကပ်ပြီး ငြီးစိစိ ဖြစ်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေလင်းထွန်း၏ ဗီရိုကိုဖွင့်ကာ ဦးထုပ်ရှာကြည့်သည်။

သင့်တော်သည့် ဦးထုပ်ကိုရှာနေစဉ် ဗီရိုဒေါင့်တွင်ထားရှိသော သေနတ်လေးတစ်လက်ကို တွေ့ရသည်။

ဒသမ နှစ်ငါး ပစ္စတိုအသေးစားလေး ဖြစ်သည်။ မီးခြစ်သာသာအရွယ်မျှသာရှိသည်။ ကျည်ဆန်မှာ ကျောက်တံအကြီးစား အလုံးမျှသာရှိပြီး (၂) စင်တီမီတာခန့်သာ အရှည်ရှိသည်။

မိန်းမကိုင်သေနတ်လေး ဖြစ်ပါ၏။ အမျိုးသမီးပိုက်ဆံအိတ်ထဲထည့်ယူသွားနိုင်သောအရွယ်သာ။

သေနတ်လေးနှင့်အတူ ထွန်းနေလင်းနာမည်ဖြင့်လိုင်စင်လည်း အတူရှိနေသည်။

လိုက်ာမယ်ကာ သေနတ်လေးရော သေနတ်လိုင်စင်ရော စိုးမိုးခိုင် ဂျာကင်အိတ်ထဲထည့်လိုက်သည်။

သိပ်တော့ အားကိုးလောက်သည်မဟုတ် ... ၊ ပေတစ်ရာခန့်အဝေးရှိ ပစ်မှတ်ရန်သူကို ပစ်လျှင် ထိသည်ဆိုဦးတော့ လဲကျလောက်အောင် မဖြစ်နိုင်။ အနီးကပ်ပစ်၍ ရင်အုံ၊ နားထင်စသည်တို့ကို ထိမှန်လျှင်တော့ ရန်သူ လဲကျနိုင်သည်။ သေနိုင်လောက်သည်။

ဘာပြောပြော မားထက်တော့ ပို၍ခရီးရောက်နိုင်





သည်မို့ စိုးမိုးခိုင် တားဆီးရန်ကာ သဘောယူဆောင်ခဲ့ခြင်း ဖြစ်သည်။

အင်းတကော်နှင့်ထုံးကြီးကြားတွင် သံချွေးကုန်း၊ ကျွဲပီက၊ မိုးတွဲ-လသာကုန်း၊ သပြေကုန်း၊ ချမ်းသာကုန်း စသဖြင့် ကျေးရွာငယ်လေးတွေတော့ ရှိသည်။

သို့သော် တချို့သောရွာလေးတွေသာ ကားလမ်းဘေးတွင် ကျိုးတိုးကျဲတဲရှိပြီး ကျန်သောရွာများက တောကောင်းသော အတွင်းပိုင်းတွင်ရှိနေကြသည်။

အင်းတကော်မှ ထုံးကြီးလမ်းသည် (၈)မိုင်ခန့်သာ ရှိစေကာမူ လူပြတ်သော ဖြတ်သွားဖြတ်လာမရှိသော လမ်းဖြစ်ပါလေ၏။ တချို့လမ်းဘေးတွေမှာ လယ်ကွင်းတွေဖြစ်ပြီး တချို့မှာ သစ်ကြီးဝါးကြီးများဖြင့် တောတန်းဖြစ်သည်။

ကိစ္စမရှိ၊ ဘာသေနတ်နှင့်ဖြစ်စေ စိုးမိုးခိုင်အဖို့ ရန်သူကို ရင်ဆိုင်ရန် သေနတ်ကို ကျွမ်းကျင်ပြီးသားဖြစ်သောကြောင့် လိုအပ်ပါက ဤဒသမနှစ်ငါးပစ္စတိုလေးသည်ပင်မိမိအတွက်အဆောင်ကောင်းတစ်ခု ဖြစ်နိုင်ပေသည်။

ဘေးမသီရန်မခဘဲ စိုးမိုးခိုင် ထုံးကြီးကမ်းခြေသို့ ရောက်လာသည်။

ထုံးကြီးကမ်းကျင် ကူးတို့သမ္ဗန် အသင့်ရှိနေသည်ကို တွေ့ရသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကူးတို့ သမ္ဗန်ခတ်သူမှာ ပေတလူတော့ မဟုတ်။ ကိုဖိုးထော်ဖြစ်နေသည်။

စိုးမိုးခိုင်က သမ္ဗန်ပေါ်တက်ပြီး ကိုဖိုးထော်ရှိရာ ပဲ့ပိုင်းသို့ လာခဲ့သည်။

ဘာလို့မှန်းတော့မသိ။ ကိုဖိုးထော် မျက်စိမျက်နှာ မကောင်းရှိနေသည်ကို တွေ့မြင်ရသည်။

"ဘယ်လိုလဲ ကိုဖိုးထော် ... ဒီနေ့ ကိုဖိုးထော်အလှည့်လား။ ပေတလူရဲ့အလှည့် ဒီနေ့ရှိသေးလား ..."

"ပေတလူရဲ့အလှည့် ဘယ်ရှိတော့မလဲ ကျူပ်တစ်ယောက်တည်း ဒိုင်ခံခတ်နေရတာ လေးရက်တောင် ရှိပြီပဲ ကိုအပါ"

အပါ ပြုံးလိုက်သည်။

ပြီးခဲ့သောအပတ်က စိုးမိုးခိုင်က ပေတလူကို ငွေ တစ်ထောင်ပေးခဲ့သည်။ ပေတလူသည် ရိုင်ဖောကာ သမ္ဗန်ပင် မခတ်ဘဲ နားနေသည်ထင်ပါ၏။

"ပေတလူက သမ္ဗန်မခတ်တော့ဘူးတဲ့လား ကိုဖိုးထော် ..."

"ဟာ ... ဒီကောင်ပေတလူ ဘယ်လာပြီး သမ္ဗန်ခတ်နိုင်မှာ လဲ ... ဆေးရုံကို အချိန်မီရောက်လို့ မသေတာ ..."

"ဗျာ ... ဗျာ ... ပေတလူ ဘာဖြစ်လို့လဲဟင် ..."

"ကိုအပါ အရင်တစ်ခေါက် ကဝကိုလာပြီး ပြန်သွားပြီး





နောက်တစ်နေ့ညပိုင်းမှာပဲ ပေတလူ ခံလိုက်ရတယ်လေ"

"ပြောပါဦး ကိုဖိုးထော် ... ပေတလူ ဘယ်လိုခံလိုက်ရတာ လဲ ..."

"ဒီလို ကိုအပါရ ... ညဘက် ကူးတို့သိမ်းပြီးနေပါပြီ ... ထုံးကြီးဘက်ကမ်းက လူတစ်ယောက်က ... လှမ်းအော်ပြောတယ် ... ဗျို့ ... ပေလူ ကျုပ်တို့ကို လာခေါ်ပါဦးဗျို့ ... ဦးလေးဖြိုင် ကူးတို့သမ္ဗန်လွှတ်ပေးပါ ... နို့မို့ရင် ကျုပ်တို့ ဒီတစ်ည ဒီဘက်ကမ်းမှာ သောင်တင်နေမယ်တဲ့ ... ဒီမှာက ဒီလိုအဖြစ်မျိုးကလည်း ဖြစ်တတ်တယ်လေ ... ကဝမြို့က နောက်ပေါက်လူငယ်တချို့ဟာ ပဲခူးဖြစ်ဖြစ် ... ရန်ကုန်ဖြစ် ဖြစ် ... သွားလည်ကြပြီး အဲဒီမှာ ညမအိပ်ဘဲ ကြုံရာကားနဲ့ လိုက်လာ ... အင်းတကော်က ထုံးကြီးအထိ ခြေလျင် လျှောက်ပြန် ... ထုံးကြီးဘက်ကမ်း အချိန်လင့်မှ ပြန်ရောက် ဟိုဘက်က ကူးတို့ပို့ပေးပါလို့ လှမ်းအော်တတ်တာမျိုးတွေ ရှိတယ် ... ဦးလေးဖြိုင်နာမည်ကိုရော ပေတလူနဲ့ ကျုပ် နာမည်ကိုရော အော်ခေါ်တတ်ကြတယ် ..."

"ဦးလေးဖြိုင်က သဘောကောင်းပြီး ... ကိုယ့်ကဝမြို့သူ မြို့သားတွေအပေါ် သံယောဇဉ်ထားတဲ့လူဆိုတော့ ... အဲဒီ ညက အနီးအနားရှိနေတဲ့ ပေတလူကိုပဲ ... သွားခေါ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာလို့ ခိုင်းလိုက်တယ် ... နောက်ပြီး အဲဒီနေ့ညက ကျုပ်နေမကောင်းလို့ အလုပ်မဆင်းနိုင်ဘူး ... ”

စိုးမိုးခိုင်သည် ကိုဖိုးထော် ပြောသမျှကို လိုအပ်သော သတင်းတစ်ခုအဖြစ်နှင့် သေချာနားထောင်ပေသည်။

ထိုထုံးကြီးဘက်ကမ်းမှ အော်ခေါ်သူသည် ကူးတို့သူကြီး ဦးလေးဖြိုင်အမည်ကိုတော့ ခေါ်ကိုခေါ်ရမည်။

အကြောင်းမှု ဦးလေးဖြိုင်က လွှတ်ပေးမှသာ ပေတလူ ဖြစ်စေ ဖိုးထော်ဖြစ်စေ သွားရမည်ဖြစ်သည်။

ထိုထုံးကြီးဘက်မှ ခေါ်သူသည် ... ၎င်းညတွင် ဖိုးထော်ဖျားပြီး မလာမှန်း ကျိန်းသေသိနေပေလား။ ပေတလူသာလျှင် ရှိနေမှန်း သိနေခြင်းပေလား။

“ဒါနဲ့ပဲ ပေတလူသွားရောလား ကိုဖိုးထော် ... ”

“အင်းပေါ့ ... ပေတလူကို ဦးလေးဖြိုင်က သွားခိုင်းလိုက်တာပေါ့ ... အဲ ... ပေတလူသွားပြီး ပြန်ရောက်သင့်ချိန် ပြန်မရောက်တော့ ... ဦးလေးဖြိုင်က ကဝဘက်ကနေပြီး လှမ်းအော်ပြီး ပေတလူကို ခေါ်တယ် ... ပေတလူဆီက ပြန်ထူးသံ ပြန်မလာဘူး ... ဦးလေးဖြိုင်က ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးကြီးနဲ့ ထုံးကြီးဘက်ကမ်းကို ထိုးကြည့်တယ် ... ကူးတို့သမ္ဗန်ကတော့ ထုံးကြီးကမ်းမှာ ဆိုက်ကပ်ထားတာ



BURMESE CLASSIC .com



တွေ့ရတယ် ... ပေတလူကိုတော့ မတွေ့ရဘူး ... ဒီတော့ ဦးလေးဖြိုင်က အဖော်နှစ်ယောက်ခေါ်ပြီး ... ဘောက်တူလှေနဲ့ ထုံးကြီးဘက်ကမ်းကို လိုက်သွားတယ် ... ပေတလူကို ရှာတော့ ... လတာပြင်ထဲမှာ ပေတလူ လဲနေတာ တွေ့ရတယ် ... ဒီကောင် ခေါင်းလည်းကွဲနေတယ် ... ဘတ်မှာလည်း ဓားနဲ့အထိုးခံရတဲ့ ဒဏ်ရာကြီး ပေတလူ “ကျုပ်အထင်တော့ ပေတလူသေပြီလို့ ယူဆ ... ကမ်းသို့ ခဲ့တဲ့ပုံစံပဲ ... ဒီကောင် ပေတလူ ကံကောင်းတာ ... မြစ်ရေကတက်နေပြီ ... သူနား ... ရေတွေလာဖို့ ... လောက်ပဲ လိုတော့တာ ... ဦးလေးဖြိုင်သာ အချိန်မီရောက်မလာရင် ပေတလူထမှ မထနိုင်တာ ရေနစ်သေမှာ သေချာတယ် ... ဦးလေးဖြိုင်က သူ့အဖော်တွေနဲ့ ပေတလူကို အတင်းထူပြီး သမ္ဗန်ပေါ်တင် ဘောက်တူလှေကို ကြိုးနဲ့ဆွဲပြီး ကဝဘက်ကမ်းပြန်လာတယ် ... ကဝဆေးရုံကို ချက်ချင်း ပို့ပေးလိုက်တယ် ... ”

“အခု ပေတလူဘယ်လိုနေသေးလဲ ကိုဖိုးထော် ... ”

“သက်သာတယ်လို့ ပြောတာပဲ ... ရဲစခန်းက စခန်းမှူးက ပေတလူကို ဆေးရုံးမှာ ရဲအစောင့်ချထားပြီး ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ရဲအစောင့်ချပြီး ပေတလူကို ဘယ်သူနဲ့မှ တွေ့ခွင့် မပေးတာလဲ ... ပေတလူက သိပ်ခမ်းနားနေပါလား ..."

"ခမ်းနားဆို နောက်တစ်နေ့ညဘက်ကျတော့ ... လူသုံး ယောက်ဟာ ဦးလေးဖြိုင် အိမ်ထဲဝင်ပြီး ဦးလေးဖြိုင်ကို

နဲ့ထိုးကြပြန်တယ်လေ ..."

သူကြီး ဦးေ

ဦးလေးဖြိုင်ကော ..."

လူ ဖြစ်စေ းပြီး ... သေတာပေါ့ ..."

ဘာ ... ဖြစ်မှဖြစ်ရလေ ..."

ဧ ကူးတို့သမ္မန်ပေါ်သို့ ခရီးသည်တွေ တက်ရောက် ကြပေပြီ။

"ဘယ်လိုလဲ ... ကိုဖိုးထော် ... ဦးလေးဖြိုင်ကို ဓားပြတိုက် ပြီး သတ်ပစ်လိုက်ကြတာလား ..."

"ဓားပြတိုက်ရအောင် ... ဦးလေးဖြိုင်က ဘာချမ်းသာလို့လဲ၊ လက်လုပ်လက်စားပဲဟာ ... ညဆို သူ့အိမ်တံခါးတောင် မင်းတုံးထိုးပိတ်တာ မဟုတ်ဘူး ... သူ့ဆီမှာ ဓားပြတိုက်ယူ လောက်တဲ့ ပစ္စည်းဥစ္စာမှ မရှိတာ ... အဲ ဓားပြတွေက ဦးလေးဖြိုင် တရိုတသေသိမ်းထားတဲ့ ဘုတ်အုပ်ကြီးကိုတော့ ယူသွားကြသတဲ့ ..."





"ဘာ ... ဘာ ... ဦးလေးဖြိုင်ရဲ့ ဘုတ်အုပ်ကြီး ဟုတ်လား ကိုဖိုးထော် ..."

"ဟုတ်တယ် ... ဦးလေးဖြိုင်ရဲ့ ဘုတ်အုပ်ကြီးပဲ ... ရဲစခန်းမှူး က ဦးလေးဖြိုင်ကို သတ်သွားတာဟာ ... ပေတလူကို ခေါ် ပြီး သတ်တဲ့လူတွေပဲ ဖြစ်ရမယ်လို့ ယူဆတယ် ... ဒါကြောင့် ပေတလူကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးတာတဲ့ ... ပေတလူ မသေတာကို ထပ်ပြီး သတ်မှာစိုးလို့တဲ့ ..."

ခရီးသည်စုံပြီမို့ ကိုဖိုးထော်က ကဝဘက်ကမ်းသို့ ...ခတ်လာခဲ့သည်။

စိုးမိုးခိုင် ဆက်စပ်စဉ်းစားသည်။ ပေတလူကိုရော ...လေးဖြိုင်ကိုရော အသေသတ်ကြသူများသည် ရိုးရိုးတန်းတန်း- ...တ်ခြင်း မဟုတ်တန်။ မိမိ ပထမအခေါက် ကဝသို့လာစဉ်က မိမိ ...တနှစ်ပါးနှင့် ဦးလေးသာဆန်းတို့ အသတ်ခံခဲ့ရသည့်ကိစ္စနှင့် ပတ် ...က်ပြီး ပေတလူကို မိမိ မေးမြန်းခဲ့သည်။

ပေတလူက သူ ဘာမှမသိ လွန်ခဲ့သော(၁၅)နှစ်က ...မို့ ဦးလေးဖြိုင်ကို မေးကြည့်ပါဟု ဆိုခဲ့သည်။

မိမိက ဘုတ်အုပ်သမားကြီး ဦးလေးဖြိုင်ကို ဖေဖေ ...မေ ဦးလေးသာဆန်းတို့အား ဓားပြသတ်သွားသည့် လွန်ခဲ့သော ...၅)နှစ်က အင်းလေလဲကို ဘယ်သူရသွားသလဲဟု မေးမြန်းခဲ့ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖြိုင်က ချက်ချင်းမပြောနိုင်။ သူ့ ဘုတ်အုပ်ကြီးထဲမှာ ပြန်ရှာကြည့်မှ သိနိုင်မည်ဟု မိမိကို ပြောခဲ့သည်။

ယခု ...

ဦးလေးဖြိုင်ကို အသေသတ်ကာ ဘုတ်အုပ်ကြီး ယူသွားသူတွေသည် ဖေဖေ မေမေနှင့် ဦးလေးသာဆန်းကို သတ်သွားသူတွေများလား။

မိမိက ပေတာလူမှတစ်ဆင့် ဦးလေးဖြိုင်တွင် ထိုစဉ်က အကြောင်းတွေ စုံစမ်းနေသည်မို့ ပေတာလူကိုရော ဦးလေးဖြိုင်ကိုရော အသေသတ် ဘုတ်အုပ်ယူသွားခြင်းပေလား။

တစ်နည်းဆိုမူ ထိုလူသတ်သမားတွေသည် ပေတာလူနှင့် ဦးလေးဖြိုင်ကို နှုတ်ပိတ်ပစ်ခြင်းပေလား။

ပြောကြစတမ်းဆိုလျှင် ကဝမြို့သည် သီးခြားဆန်သော မြို့ငယ်လေးဖြစ်ပါ၏။ ကဝမြို့သို့ လူစိမ်းရောက်လာလျှင် မြို့ခံလူတွေက လူစိမ်းကို လူစိမ်းမှန်း သိကြသည်။

ဦးညဏ်ထိန်၏သား အပါလာပြီး ဟိုဟိုဒီဒီ အမေးအမြန်းတွေ ပြုသွားသည်ကို ချက်ချင်းသတင်းပျံ့နိုင်သည်။

ပြီ ... ပေတာလူ၏ ဇီဇကိုကလည်း နှုတ်ဖွာသည်။ လျှာရှောင်သည်။

ထို့ကြောင့် ဖေဖေ မေမေနှင့် ဦးလေးသာဆန်းကို





တ်ခဲ့သော သူတို့က သိရှိသွားကာ ပေတာလူနှင့် ဦးလေးဖြိုင်ကို ပိတ်စေရန် ကြံစည်လိုက်ခြင်းဖြစ်နိုင်သည်။

ဆက်စပ်ပြီး တွေးကြည့်လျှင် ...

မိမိပထမတစ်ခေါက် ကဝသို့လာစဉ်က နီမာလည်း ောက်လာသည်။

နီမာသည် အပါလည်း ကဝသို့ ရောက်လာမှန်း သိ ည်နှင့် လက်တစ်လုံးခြား လစ်သွားဟန်တူလေသည်။ အပါဖြစ် း ကူးတို့သူကြီး ဦးလေးဖြိုင်မှတစ်ဆင့် နီမာ သိသွားနိုင်သည်။

ထို့ကြောင့် အပါသည် ကဝသို့ ပြန်လာပြီး ငယ်စဉ် သူ့မိဘများအား သတ်သွားသော ဓားပြများကို စုံစမ်းကြောင်း ၏ဖခင် ဦးသာအောင်ကို ပြန်ပြောပေမည်။

အကယ်၍သာ ...

ထို လွန်ခဲ့သော(၁၅)နှစ်က အင်းလေလံရသွားသူ ည် နီမာ၏ဖခင် ဦးသာအောင်သာဆိုပါက ဖေဖေတို့ကို သတ် သူသည် ဦးသာအောင်နှင့် သူ၏အဖွဲ့သာ ဖြစ်ရမည်။

ထို့ကြောင့် ထိုစဉ်က ကလေးသူငယ်ချင်းဖြစ်သော က အပါကို 'ဒီည နင်တို့အိမ် ဓားပြတိုက်လိမ့်မယ်'ဟု သူ့အိမ်က းတွေ ပြောသည်ကိုကြားသည့်အတိုင်း အပါအား ပြောပြခြင်း ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ...

နိမာ၏ဖခင် ဦးသာအောင်ကပင် ... သူလူတွေ
လွှတ်ပြီး ပေတာလူနှင့် ဦးလေးဖြိုင်ကိုသတ်ခြင်း ဖြစ်နိုင်နေသည်။

ကူးတို့ သမ္ဘန်သည် ကဝဘက်ကမ်းသို့ ကပ်လေပြီ

စိုးမိုးနိုင် နောက်ဆုံးမှ သမ္ဘန်ပေါ်မှဆင်းသည်။
စခန်းရှိရာသို့ စိုးမိုးနိုင် သွားရောက်သည်။

စခန်းမှူးကိုတွေ့သည်နှင့် မိမိသည် တပ်မတော်
အရာရှိငယ်တစ်ဦးဖြစ်ကြောင်း သူ၏အိုင်ဒင်တီဒီကတ်ကို စခန်းမှူး
အား ပြသမိတ်ဆက်လိုက်သည်။

စခန်းမှူးက ကတ်ပြားမှ ရုပ်ရော အပြင်က စိုးမိုးနိုင်
၏ ရုပ်ကိုရော တိုက်ဆိုင်စစ်ဆေးပြီး ...

"တွေ့ရတာဝမ်းသာပါတယ် ဗိုလ်စိုးမိုးနိုင် ... "

ဟုဆိုကာ လက်တွဲနှုတ်ဆက်သည်။

"ကျွန်တော်က ကဝစခန်းမှူး ရဲအုပ် မျိုးညွန့်ပါ။ ကျွန်တော်
ဗိုလ်စိုးမိုးနိုင်ကို ဘာများ အကူအညီပေးရမလဲဗျာ ... "

စခန်းမှူးရဲအုပ် ကိုမျိုးညွန့်သည် စိုးမိုးနိုင်နှင့်သက်တူ
ရွယ်တူခန့်ရှိသည်။ တက္ကသိုလ်ဘွဲ့ရ ဖောင်ကြီးသင်တန်းဆင်းဖြစ်
၏။ ကဝသို့ စခန်းမှူးတာဝန်ဖြင့် ရောက်ရှိလာသည်မှာ (၂)လသာ
ရှိသေးပေသည်။





"ကျွန်တော် ... ဆေးရုံရောက်နေတဲ့ ပေတာလူနဲ့တွေ့ချင်လို့
ပါ ... စခန်းမှူး အဲဒါ ရဲအစောင့်ချထားတယ်ဆိုလို့ ပေတာလူ
နဲ့ တွေ့ခွင့် ... ကိုမျိုးညွန့်ဆီ လာခွင့်တောင်းတာပါ ... "

"စိတ်တော့ မရှိနဲ့ဗျာ ... ပေတာလူကို ဗိုလ်စိုးမိုးနိုင် ဘာလို့
တွေ့ချင်တယ်ဆိုတာတော့ ကျွန်တော် သိပါရစေ ... ဘာ
လို့လဲဆိုတော့ ... ပေတာလူကို ဆေးရုံမှာ ဘယ်သူနဲ့မှ
မတွေ့ရလို့ ကျွန်တော်ပဲ အမိန့်ထုတ်ထားလို့ပါ ... သူဦးကြီး
ဆရာတော် ရှင်အာဒိစ္စနဲ့တောင် တွေ့ခွင့်မပေးသေးပါဘူး"

"ဘာဖြစ်လို့ တွေ့ခွင့်မပေးတာလဲဗျာ ... "

"အမှုက ပေတာလူကို သေကြောင်းကြံစည်မှုနဲ့ ကူးတို့သူကြီး
ဦးဖြိုင်အသတ်ခံရမှုဟာ ဆက်စပ်သလို ရှိနေပြီး ... ကွန်ပလီ
ကေးရှင်း(ရှုပ်ထွေး)ဖြစ်နေတယ် ... ပြီး လူသတ်သမားက
ရက်စက်လွန်းနေတယ် ... ဒါကြောင့် ဒီအမှုကို မပေါ်,ပေါ်
အောင် ကျွန်တော်ကိုယ်တိုင် စစ်ဆေးကိုင်တွယ်ထားတာမို့
ကိုပေတာလူကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးသေးတာပဲ ...
ကျွန်တော် ပြောတာကို တာဝန်အရဆိုတာ ဗိုလ်စိုးမိုးနိုင်
လက်ခံမှာပါနော် ... "

"သိပ်ကို လက်ခံပါတယ် ကိုမျိုးညွန့် ... ကောင်းပြီလေ...
ပေတာလူကို ကျွန်တော် ဘာကြောင့် တွေ့ချင်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အရှည်ကြီး ... ကျွန်တော် ပြောပြပါ့မယ် ... ကိုမျိုးညွန့်ကို
တိုင် ဒီအမှုကို ကိုင်ထားတယ်ဆိုတော့ ... ကျွန်တော် ပြေ
ပြချက်တွေဟာ ကိုမျိုးညွန့်အတွက် အထောက်အကူဖြစ်
မှာပါ ... နောက်တစ်ချက်က အခု ကျွန်တော် ပြောပြ
တွေကို ရဲစခန်းမှာ တရားဝင် တိုင်ချက်ဖွင့်တဲ့ တရား
အနေနဲ့ အသိအမှတ်ပြုပေးပါ ... "

"ရတယ် ... ရတယ် ... ဆရာ ဦးအုန်းမောင်ရေ ... ခ
လောက် တိုင်ချက်ဖွင့်စရာရှိလို့ မှတ်တမ်းလာရေးပါ ...

ရဲကြပ်ကြီး ဦးဘုန်းမောင်ရောက်လာပြီး လက်
တို့နှင့် သုံးပွင့်ဆိုင် စိုးမိုးခိုင်အမှုဖွင့် ပြောပြချက်အားလုံး လိုက်
ရေးမှတ်တော့သည်။

"အင်း ... ဟိုလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကပေါ့ဗျာ ... "

စိုးမိုးခိုင်သည် မိမိ အပါဘဝကလေးအရွယ်က
ဖေဖေ မေမေ ဦးလေးသာဆန်း ဓားပြတိုက် အသတ်ခံရပုံမှ
ယခု နောက်ဆုံးဘဝသို့ ပထမအခေါက်ရောက်ရှိလာပြီး ပေတ
နှင့် ဦးလေးဖြိုင်တွင် မိမိစုံစမ်းမေးမြန်းခဲ့ကြောင်း၊ အင်းလေလ
ကိစ္စတွေအကြောင်း၊ ကူးတို့သူကြီး ဦးလေးဖြိုင်၏ ဘုတ်အုပ်မှ
တမ်းကြီးအကြောင်း စသည့်အားလုံးကို ပြောပြ အမှုဖွင့်လိုက်
သည်။





သို့သော် ...

အပါ ခေါ် ဗိုလ်စိုးမိုးခိုင်သည် ရဲအုပ်စခန်းမှူး ဦးမျိုး
ညွန့်အား ထည့်မပြောဘဲ ထိန်ချန်ထားချက်တစ်ခုတော့ ရှိပါ၏။

ထိုထိန်ချန်ထားချက်မှာ ...

နီမာက ထိုနေ့ညက မိမိတို့အိမ်ကို ဓားပြတိုက်မည်
ဖြစ်ကြောင်းကို တင်ကြို၍ မိမိအပါအား ပြောခဲ့ကြောင်းနှင့်ပထမ
တစ်ခေါက် မိမိ ကဝသို့လာစဉ်က နီမာလည်း ကဝသို့လာသွား
ကြောင်း အချက်ကို ထိန်ချန်ထားလိုက်ခြင်းပင်။

တစ်နာရီခန့်ကြာအောင် ကိုမျိုးညွန့်ကို တိုင်ချက်ဖွင့်
ပြောပြပါ၏။

စိုးမိုးခိုင်၏စကားအဆုံးတွင် ... ကိုမျိုးညွန့်သည်
ကျေနပ်အားရစွာ စားပွဲကိုပင် လက်ဝါးဖြင့် ပုတ်လိုက်သည်။

"သိပ်ကို တန်ဖိုးရှိတဲ့တိုင်ချက်ပါပဲဗျာ ... ကောင်းပြီ ...
ရဲစခန်းတစ်ခုမှာ ခုနှစ်အလိုက် စစ်ဆေးမပေါ်သေးတဲ့ အမှု
ဟောင်း မှတ်တမ်းတွေထားရှိပါတယ် ... အမှုပေးပြီး တရား
ရုံးတင် စီရင်ချက်ချပြီးတဲ့အမှုတချို့ကိုတော့ ထားရှိဖို့ နေရာ
အခက်အခဲကြောင့် မီးရှို့ဖျက်ဆီးလိုက်တာမျိုးတော့ ရှိ
တယ်ပေါ့ဗျာ ... ဒီတော့ ... အမှုမပေးသေးတဲ့ အမှုတွဲတွေ
ထဲမှာ အခု ဗိုလ်စိုးမိုးခိုင် ပြောပြတဲ့ ... အမှုတွဲဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြန်ရှာကြည့်မယ် ... ချက်ချင်းကြီးတော့ရှာဖွေ ခင်ဗျားပြန်လာရင် ကျွန်တော် အမှုဟောင်းရှာပြီးသား ပေ့လာပြီးသားနဲ့ လိုအပ်တာကို ဆောင်ရွက်နေပြီးသားဖြစ် စေရမယ် ဗိုလ်စိုးမိုးခိုင် ... ကျွန်တော်ဟာ အဲဒီလို အမှုလိုက် ရတာ ... လူဆိုးတွေကို ဖမ်းဆီးရတာ ... ငယ်ငယ်ထဲက ဝါသနာ သိပ်ပါလို့လည်း ဘွဲ့ရပြီးတာနဲ့ ရဲအဖွဲ့ထဲကို ဝင်ခဲ့ သူပါ ... ”

စိုးမိုးခိုင်က ကိုမျိုးညွန့်ကို သဘောကျသွားမိသည်။ မိမိနှင့်တူလေစွဟုလည်း စိတ်ထဲမှ ယူမှတ်မိသည်။

စိုးမိုးခိုင်ကိုယ်တိုင် မန္တလေးတွင် ဆွေမျိုးဆက်က စိန်ရွှေရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပန်းထိမ်လုပ်ငန်း လုပ်သူ များ ဖြစ်ကြသည်။ စိုးမိုးခိုင်အတွက်လည်း အမွေတစ်ခုပေးထား သောကြောင့် ထိုလုပ်ငန်းကို လုပ်မည်ဆိုက စိုးမိုးခိုင်အတွက် အား လုံး အဆင်ချောပါ၏။

သို့သော် ...

စိုးမိုးခိုင်သည် ဆယ်တန်းအောင်ပြီးသည်နှင့် စစ် တက္ကသိုလ်သို့ လျှောက်သည်။ ရသည်။ သူ စိတ်အားထက်သန်စွာ တပ်မတော်သို့ ဝင်ရောက်ခဲ့သူဖြစ်သောကြောင့် ရဲအုပ် ကိုမျိုးညွန့် နှင့် တူညီချက်ရှိနေပေသည်။





“လာ ... သွားစို့ ... ဗိုလ်စိုးမိုးခိုင် ... ပေတလူဆီကို ကျွန်တော်ကိုယ်တိုင် ... လိုက်ပို့ပေးပါ့မယ် ... ပေတလူနဲ့ ဗိုလ်စိုးမိုးခိုင် ပြောစကားတွေ ကျွန်တော် နားထောင်ရရင် အမှုအတွက် ပိုပြီး လမ်းစပေါ် အကျိုးရှိနိုင်မှာပါ ... ”

နှစ်ဦးသား ဆေးရုံဆီသို့ လျှောက်လာခဲ့ကြသည်။

အပါ ခေါ် စိုးမိုးခိုင်က သူ၏ရန်သူကို မသိသေးသော် လည်း ရန်သူက အပါ ခေါ် စိုးမိုးခိုင်ကိုတော့ သိနေပေပြီ။

ယခုလည်း ရန်သူက မိမိကို အကဲခတ်နေလိမ့်မယ် ထင်ပါ၏။ ရန်သူသည် မိမိကို အပါမှန်းသိသော်လည်း စစ်ဘက်အရာ ရှိတစ်ဦးဟူ၍တော့ သိအုံမထင်။ စိုးမိုးခိုင်က မိမိစစ်ဘက်အရာရှိငယ် တစ်ဦးဖြစ်ကြောင်း ကဝတွင် ယခု ကိုမျိုးညွန့်မှလွဲပြီး မည်သူ့ကိုမျှ မပြောသေးပေ။ ပေတလူပင်လျှင် မသိ။

ယခု ရဲအုပ်ကိုမျိုးညွန့်နှင့်အတူ တွဲပြီး ပေတလူဆီကို သွားခြင်းကြောင့် ရန်သူသည် ထိတ်ထိတ်ပျာပျာ ဖြစ်နိုင်သည်။

ထိုသို့ဆိုလျှင် ရန်သူသည် မိမိကို တစ်နည်းတစ်ဖုံဖြင့် ဆက်သွယ်လာလိမ့်မည်ဟု စိုးမိုးခိုင် မျှော်လင့်ထားသည်။

ကောင်းပါ၏။

သို့မဟုတ်ပါက မိမိအဖို့ ရန်သူကို ရှာဖွေရသည်မှာ ကောက်ရိုးပုံထဲ အပ်ရှာသဘောရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဝဆေးရုံသို့ ရောက်လာကြသည်။

ပေတလူကို ဆေးရုံတွင် အများလူနာတွေနှင့် ရော မထားဘဲ သီးခြားခန်းတွင် ထားရှိပေသည်။

"ပေတလူ ... "

"ဟေး ... အပါ"

ပေတလူ မျက်စိမှိတ်မှိန်းနေရာမှ စိုးမိုးခိုင်ခေါ်လိုက် သောအသံကြောင့် မျက်စိဖွင့်ပြီး စိုးမိုးခိုင်ကို တွေ့လိုက်ရသည်နှင့် 'ဟေး အပါ'ဟု ဝမ်းမြောက်ဝမ်းသာ ပြန်ခေါ်ပေသည်။

ပေတလူ၏ ဦးခေါင်းတွင် ပတ်တီးစီးထားသည်။ ရင်ဘတ်တွင်လည်း ပတ်တီးနှင့်ပင် ... ၊ ထို့မျှမကသေး ပေတလူ၏ လက်တစ်ဖက်ကိုလည်း ကျောက်ပတ်တီးကိုင်ထားသည်။ သူ့အား အသေရိုက်ချက်ကို ပေတလူက လက်မောင်းလက်ဖျံဖြင့် ကာကွယ် သဖြင့် လက်ဖျံရိုးကျိုးသွားသည်ဟု သိရသည်။

ဝမ်းဗိုက်တွင်တစ်ချက်၊ ရင်ဘတ်တွင်တစ်ချက်၊ ဓား ထိုးခံရသည်။ အစာအိမ်၊ အသည်း၊ နှလုံး စသည်တို့ကို ဓားချက်မထိ သောကြောင့် ပေတလူ မသေခြင်းဟုလည်း သိရသည်။

ယခုပေတလူ၏အခြေအနေမှာ ကြသမှုက နိုင်သွား ပြီမို့ စကားပြောနိုင် စားနိုင် သောက်နိုင် ဖြစ်နေပေပြီ။

တာဝန်ကျဆရာဝန်က စခန်းမှူးကိုယ်တိုင် ပါနေ၍





လည်းကောင်း ပေတလူအခြေအနေမှာ စိုးရိမ်ဖွယ်မရှိတော့သည်က တစ်ကြောင်းမို့ စကားပြောခွင့်ပြုပါ၏။

စိုးမိုးခိုင်က ပေတလူနှင့်မျက်နှာချင်းဆိုင်နေရာတွင် ထိုင်လိုက်သည်။

ကိုမျိုးညွန့်က အခြားဘက်တွင် ထိုင်ပါ၏။

"မင်း ... ငါ့သတင်းကြားလို့ လာကြည့်တာလား အပါ ... "

"အေး ... ထုံးကြီးဘက်ကမ်း ... ကိုဖိုးထော်သမွန်ပေါ် ရောက်မှ ကိုဖိုးထော်ပြောလို့ ငါသိတာ ... မင်းကို ငါပြော ခဲ့သားပဲ ... ငါ ကဝကို နောက်တစ်ခေါက် လာခဲ့ဦးမယ်လို့ လေ ... ကိုဖိုးထော်ဆီက ... သတင်းကြားတာနဲ့ ဟောဒီ စခန်းမှူး ကိုမျိုးညွန့်ဆီသွားပြီး မင်းနဲ့ငါ တွေ့ခွင့်တောင်းရ တယ် ပေတလူ ... "

ပေတလူ ပြုံးလိုက်သည်။

"အေးပေါ့ကွာ ... ငါ့မှာ ခံတာတော့ ခံလိုက်ရတယ် ... ဒါပေမဲ့ ဆေးရုံက ဆရာဝန်တွေ ဆရာမတွေရော ... ရဲစခန်း ကရော ငါ့ကို သိပ်ဂရုစိုက်ကြတယ်ကွ အပါ ... ဒီတစ်ခါပဲ ငါ့ဘဝမှာ လူရာသူရာအဝင်ခံရဖူးတယ်ပေါ့ကွာ ... ငါက ဘာ မဟုတ်တဲ့ ကုလားကိုးသမွန်ခတ်သမား မဟုတ်လား ... "

"ဒါဆို ... ရဲအရာရှိမေးတာတွေ ဆရာဝန်မေးတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မင်းက အမှန်အတိုင်း ပြောပြပေါ့ ပေတလူ ... ”

“ငါ ... ဟောဒီဆရာ ကိုမျိုးညွန့်ကို အမှန်အတိုင်းပြောတာပ ကွ ... ကဝမှာ အဲဒီလို အလည်ကျူးပြီး မိုးချုပ်မှပြန်လာတဲ့ လူငယ်တွေ ရှိတတ်တယ်ကွာ ... အဲဒီနေ့ညက ဖိုးထော်က နေမကောင်းလို့ ငါပဲ သွားခေါ်လိုက်ရတာပဲ အပါ ... ”

“ဟိုဘက် ထုံးကြီးဘက်ကမ်းရောက်တော့ ဘာတွေဖြစ်ကုန် လဲ ပေတလူ ... ”

“လူသုံးယောက်ကွ ... သူတို့က ငါ့ကို သိနေကြတယ် ... လာဗျာ ကိုပေတလူတဲ့ အေးအေးဆေးဆေးပေါ့တဲ့၊ သူတို့ မှာ ပဲခူးကဝယ်လာတဲ့ ခေါက်ဆွဲကြော်ထုပ်တွေ ပါလာ တယ်တဲ့ ... စားသောက်ပြီးမှ ဟိုဘက်ကမ်းကူးကြတာပေါ့ တဲ့ ... ငါကလည်း အစားငတ်တယ်ကွ ... မြို့က တရုတ် ခေါက်ဆွဲကြော်ကိုတော့ ငါသိပ်ကြိုက်တယ် ... ”

ဟုတ်ပေမည်။ ပေတလူသည် လင်းမြွေကိုတောင် လိုက်ဖမ်း ချက်စားသည်အထိ အစားငမ်းသူ ဖြစ်ပေသည်။

“ဒါနဲ့ ဆိုင်သိမ်းသွားတဲ့ ... ဆိုင်တဲတွေပေါ်မှာပဲ စား သောက်ကြတယ်ကွ ... ”

“ဒါဆို သူတို့မြို့က ခေါက်ဆွဲကြော်ဝယ်လာတာ အမှန်ပေါ့ ဟုတ်လား ... ”





“ဟုတ်တယ်လေ ... အဲဒီလို ခေါက်ဆွဲစားရင်း ... သူတို့က ငါ့ကိုမေးတယ် ... ဟိုတစ်နေ့က အပါဆိုတဲ့လူ ကဝကိုလာ တယ် မဟုတ်လား ... ငါနဲ့အပါဟာ ငယ်သူငယ်ချင်းတွေ မဟုတ်လားလို့ မေးကြတယ်ကွ ... ”

“အဲဒီတော့ မင်းက ဘာပြန်ပြောလိုက်သလဲ ပေတလူ”

ရဲအုပ် ကိုမျိုးညွန့်လည်း နားစိုက်ထောင်ပေသည်။ ကိုမျိုးညွန့် ပေတလူဆီက ထွက်ဆိုချက်ယူစဉ်က အပါနှင့်ပတ်သက် သောအကြောင်း မပါခဲ့သောကြောင့် ဖြစ်ပါ၏။

ယခု ဗိုလ်စိုးမိုးခိုင်ကလည်း အမှုဖွင့်ရင်း ပြောထား သည့်စကားတွေနှင့် ယခုပေတလူပြောသော စကားတွေကို ကိုမျိုး ညွန့် ဆက်စပ်တွေးတောနိုင်ပေသည်။

ပေတလူက ဆက်ပြောသည်။

“ငါက ပြောတာပေါ့ ... အပါဟာ ငါနဲ့ငယ်သူငယ်ချင်းဖြစ် တယ်လို့ ... ဒီတော့ ... အပါက ဘာလို့ ကဝကိုလာတာလဲ လို့ မေးပြန်တယ် ... ငါက အပါဟာ ... သူ့အဖေ ဦးညက် ထိန်နဲ့ သူ့အမေ ဒေါ်မယ်အိရဲ့ အုတ်ဂူကိုလာကန်တော့တာ လို့ ... နောက်ပြီး အပါက ငါ့ကိုဘာတွေမေးသေးလဲလို့ သူတို့က မေးတယ် ... ငါက အမှန်အတိုင်းပဲ ပြောတယ် ... လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် ... သူ့မိဘတွေ ဓားပြသတ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်က ... အင်းလေးလဲကို ဘယ်သူရသွားလဲလို့ အပါက ငါ့ကို မေးတယ်လို့ ... ငါပြန်ပြောတယ် ... ဒါတော့ ငါ မသိဘူး... အပါသိချင်ရင် ဦးလေးဖြိုင်ကို မေးလို့ပြောပြီး အပါကို ဦးလေးဖြိုင်ဆီခေါ်သွားတာရယ် ... ဦးလေးဖြိုင်က မမှတ်မိဘူး ... ဘုတ်အုပ်ထဲပြန်ကြည့်ပေးမယ်လို့ ငါ ပြန်ပြောလိုက်တယ် ..."

စိုးမိုးခိုင်က စခန်းမှူး ကိုမျိုးညွန့်ကို လှမ်းကြည့်သည်။ ကိုမျိုးညွန့်ကလည်း စိုးမိုးခိုင်ကို လှမ်းကြည့်သည်။

အမိပ္ပာယ်မှာ ဦးလေးဖြိုင် အသတ်ခံရမှုနှင့် ပေတလူကို သတ်မှုအတွက် မိုးတစ်(မ်)ဆက်စပ်နိုင်သော အချက်အလက် အကြောင်းအရာတွေ့ပြီဟူသော အဓိပ္ပာယ်ပင် ဖြစ်ပါ၏။

စိုးမိုးခိုင်က ပေတလူကို မေးပြန်သည်။

"မင်းက သူတို့ကို အမှန်အတိုင်းပြောပြသားပဲ ပေတလူ ... ဒါနဲ့တောင် မင်းကို သူတို့က ဘာဖြစ်လို့ အသေသတ်ကြတာလဲ ..."

"ပြောတတ်ဘူးကွ အပါ ... ခေါက်ဆွဲတွေ ဘာတွေစားပြီးမှကဲ ... ကိုပေတလူ အဲဒီအပါဆိုတဲ့ကောင် ဘယ်မှာနေလဲ၊ သူ့နေရပ်လိပ်စာ ငါတို့ကိုပေးလို့ တောင်းတယ်ကွ ..."

"အဲဒီတော့ မင်းက ဘာပြန်ဖြေလဲ ..."





"မင်း နေရပ်လိပ်စာ ငါမှမသိတာ ... ငါက မသိဘူးလို့ဘဲ ဖြေတာပေါ့ ... အဲဒါ မင်းလိပ်စာ ငါမသိဘူးလို့ ပြောရမလား ဆိုပြီး ... ငါ့ကို စပြီးရိုက်တော့တာပဲ ... ငါ့ကို လတာပြင်ထဲ ဆွဲခေါ်သွားတယ် ... မင်းလိပ်စာနေရပ်ကိုမေးတဲ့သူက သူတို့ သုံးယောက်ထဲမှာ ခေါင်းဆောင်ကွ ... ကျန်တဲ့နှစ်ယောက်က ငါ့ကို နှစ်တစ်လက်မသစ်သားချောင်းနဲ့ ရိုက်တယ် ... လိပ်စာမေးတယ် ... ငါက မသိဘူးပြောလေ ရိုက်လေပဲ ..."

"ခေါင်းဆောင်က သူ့တပည့်တွေကို အရိုက်ရပ်ပြီး ... ငါ့ကို ဓားမြှောင်နဲ့ထိုးတော့တာပဲ အပါ ... ပထမတစ်ချက် ဓားထိုးခံရကတည်းက ငါလဲကျသွားတယ် ... ငါ့ သတိမရတော့ဘူး ... ငါ ပြန်သတိရကော့ ဒီဆေးရုံပေါ်ရောက်နေတာပဲ အပါ ..."

"မင်းကို အသေဆော်သွားတဲ့ သုံးယောက်ကို မင်း မမှတ်မိဘူးလား ပေတလူ ..."

"တဲထဲမှာ ခေါက်ဆွဲစားကြတုန်းက ဖယောင်းတိုင်မီးနဲ့ ငါ သူတို့သုံးယောက်ရဲ့ မျက်နှာကိုကြည့်တယ် ... လူစိမ်းတွေကွ ... ကာဖြို့ပေါ်မှာ တစ်ခါမှ မမြင်ဘူးတဲ့လူတွေ ..."

"သူတို့သုံးယောက်ပုံစံကို မင်းပြောနိုင်မလားကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အားလုံး ဘောင်းဘီဝတ်တယ် ... ဂျာကင်ဝတ်တယ် ဆံပင်တွေက အရှည်ကြီးတွေ ... ခေါင်းဆောင်ကောင်ရဲ့ နဖူးမှာ အနာရွတ်ရှိတယ် ... အဲဒီအနာရွတ်ကို သူ့ဆံပင်ရှည်နဲ့ ဖုံးထားတယ် ... အဲဒါကလွဲရင် သူတို့သုံးယောက်လုံး ဆင်တူ တွေလိုချည်းပဲ ... "

ပေတလူသည် ယခုအချိန်ထိ ဦးလေးဖြိုင် သေဆုံးသွားသည်ကို သိဟန်မတူသေးပေ။ ကိုမျိုးညွန့်ကပင် တမင် မပြောခြင်း ဖြစ်ပေမည်။

စိုးမိုးခိုင်ကို ကူးတို့ဆိပ်အထိ ကိုမျိုးညွန့်ကလိုက်ပို့သည်။ ပြီး စိုးမိုးခိုင်၏မိဘနှင့် ဦးလေးသာဆန်း အသတ်ခံရသည်နှင့် ကဝအင်းလေလံကို မည်သူရသွားသည်ကို စုံစမ်းမည်ဟု စိုးမိုးခိုင်အား ပြောကြားလိုက်ပါ၏။

■ ■ ■





## (၈)

စိုးမိုးခိုင် ထုံးကြီးကမ်းမှ မော်တော်ဆိုင်ကယ်ဖြင့် မောင်းလာခဲ့သည်။ ရွာလယ်ကုန်းရွာနှင့် ဘုရားငုတ်တိုရွာများ ဖြတ်ကျော်လာခဲ့သည်။

ချမ်းသာကုန်းရွာ၊ သပြေကုန်းရွာများသည် အုတ်လုပ်ငန်း လုပ်သဖြင့် လမ်းဘေးတွင် ဖုတ်ပြီးအုတ်များ အပုံလိုက် ထားရှိသည်။

ထိုရွာတွေအထိ လူမပြတ်လှပေ။

သို့သော် ထိုနေရာ ထိုရွာများမှ လွန်လာသောအခါ ပြတ်တော့သည်။

နံနက်ပိုင်း–ညနေပိုင်းတွင် ကဝမှ ပဲခူး–ရန်ကုန်သို့



www.burmeseclassic.com

www.burmeseclassic.com



အသွားအပြန်များ ရှိသော်လည်း နေ့ခင်းပိုင်းဆိုပါက အသွားအလာ များ ကျဲသွားသည်။ ဆိုက်ကားလူပို့တွေ စက်ဆီးသမားတွေ မရှိ လေတော့။

လယ်ကွင်းစပ်များတွင်လည်းကောင်း၊ ချောင်းကူး မြောင်းကူးတံတားထိပ် ကမ်းစပ်တွင်လည်းကောင်း ငါးမျှားသူ တစ်ဦးစ နှစ်ဦးစမှလွဲပြီး လူပြတ်လှပေ၏။

သပြေကုန်းရွာကို ကျော်ဖြတ်ပြီးနောက် လသား ကုန်းရွာကို ထပ်မံဖြတ်ကျော်နေသည်။

ထိုနှစ်ရွာစလုံးမှာ လမ်းဘေးတွင် တည်ရှိသောရွာ များမဟုတ်။ ဟိုအဝေး တောတန်းထဲတွင် တည်ရှိသော ရွာများ ဖြစ်ကြသည်။

မော်တော်ဆိုင်ကယ်ကို ဆက်၍ မောင်းလာစဉ်မှာ ပင် … ကျွဲပီလာရွာ၊ မိုးကွဲရွာအစပ် တောတန်းထဲတွင် တောကို ကွယ်ကာရပ်နေသော ဂျစ်ကားတစ်စီး မောင်းထွက်လာသည်။

ဂျစ်ကားကို စိုးမိုးခိုင်၏ မော်တော်ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် ထိပ်တိုက်အရှိန်နှင့် မောင်းလာခြင်းဖြစ်သည်။ ပြီး လမ်းဘေးကပ် မမောင်းဘဲ လမ်းအလယ်ကိုခွ၍ မောင်းလာသည်။

လမ်းမှာ … မျက်နှာချင်းဆိုင် ယာဉ်နှစ်စီး ရှောင် လောက်အောင် မကျယ်ပေ။ သွေးရိုးသားရိုးဆိုပါက သူ့ဘက်က





သည်း လမ်းဘေးကို ကပ်သင့်သလောက် ကပ်မောင်း၊ ကိုယ့်ဘက် ကလည်း တတ်နိုင်သမျှ လမ်းဘေးချပြီး မောင်းရမည်ဖြစ်သည်။

သို့သော် ဂျစ်ကားသည် လမ်းလယ်ကို ခွပြီး အရှိန် လျှော့ မောင်းမြဲမောင်းလာသည်။

စိုးမိုးခိုင် အခြေအနေကို တွေ့ရသည်နှင့် ချက်ချင်း ားလည်လိုက်သည်။

ဂျစ်ကားသည် မိမိမော်တော်ဆိုင်ကယ်ကို တိုက်မိ အောင် တမင် မောင်းလာခြင်းသာ။ မိမိကို ရန်ပြုခြင်းသာ။

ပေတုလူက ပြောပြသည်။ မိမိလိပ်စာ နေရပ်ကို ရန်သူက မေးခဲ့သည်။

ယခု မိမိ ကဝမှအပြန် တမင်စောင့်ပြီး ကားဖြင့် အသေတိုက်သတ်ဖို့ ကြိုးစားခြင်းသာဖြစ်ရမည်။

မော်တော်ဆိုင်ကယ်ဆိုသည်မှာ ဘီးနှစ်ဘီးပေါ်တွင် တည်ရှိကာ မောင်းသူအဖို့ ကျောမှီမရှိ၊ ဘေးကာမရှိ။ တိုက်မိပြီဟော ဆိုပါက မော်တော်ဆိုင်ကယ်သမားအဖို့ ခံရဖို့ချည်း ဖြစ်ပါ၏။

ယခုလည်း …

စိုးမိုးခိုင်ကပင် မော်တော်ဆိုင်ကယ်ကို ဂျစ်ကားနှင့် တွတ်စေရန် လမ်းဘေးသို့ ကွေ့ချလိုက်ရတော့သည်။

လမ်းဘေးက ညီညာမဟုတ် မော်တော်ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘုတွေ ထစ်တွေ သစ်ငုတ်တွေကိုနင်းပြီး စိုးမိုးခိုင် မော်တော်ဆိုင်ကယ်ပေါ်မှ ပြုတ်ကျလွင့်စင်သွားသည်။

ကျောအောင့် ရင်အောင့်ဖြစ်ရုံမှလွဲပြီး စိုးမိုးခိုင် အထိမနာ၊ ကွဲခြင်းပေါက်ခြင်း ကျိုးခြင်း မရှိ။

စိုးမိုးခိုင် လဲကျရာမှ ဂျစ်ကားကို လှမ်းကြည့်လိုက်သည်။

ဂျစ်ကားမှ မော်တော်ဆိုင်ကယ်ကို မတိုက်မိသောကြောင့် သူ့ဘရိတ်နှင့်သူ ရှေ့သို့ပါသွားသည်။

သို့သော် ပေနှစ်ရာခန့် ပါသွားပြီးမှ လမ်းပေါ်တွင် ရှေ့တိုးနောက်ဆုတ် ဂျစ်ကားကို ပြန်ကွေ့သည်။

စိုးမိုးခိုင်ကို ရန်မူရန် ပြန်ကွေ့ပြီး လာလေမည်မှန်း သေချာသည်။

စိုးမိုးခိုင်သည် အိတ်ထဲမှ ဒသမနှစ်ငါး ပစ္စတိုလေးကို ထုတ်ယူပြီး မောင်းဆွဲတင်ထားလိုက်သည်။

လဲကျနေရာမှာပင် ပြန်မထနိုင်တော့သလို လဲ[illegible]သည့်ပုံစံ အနေအထားအတိုင်း နေလိုက်သည်။

ရန်သူများ၏ လက်ထဲတွင် ဘယ်လိုလက်နက်မျိုး ပါလာမည်မှန်း မသိသေး။ သူတို့တွင် ခြောက်လုံးပြူးလို ပစ္စတိုပါလျှင် ယှဉ်ပစ်ပါက မိမိ အထိနာဖို့ ပိုများနေသည်။





မိမိပစ္စတိုလေးနှင့် ပြန်ပစ်သမျှ ရန်သူအား ချက်ကောင်းထိဖို့ အရေးကြီးသည်။

ထို့ကြောင့် သူတို့ အနီးကပ် မလာမချင်း မိမိက မထရဲသေး။ ဂျစ်ကားသည် စိုးမိုးခိုင် လဲကျနေရာ ကားလမ်းအလယ်တွင် ရပ်လိုက်သည်။ ကားပေါ်မှ သုံးယောက် ဆင်းလာသည်။ ဘောင်းဘီရှည် ဆံပင်ရှည် ကိုယ်တော်များပင် ဖြစ်နေပါ၏။ ပေတာလူ ပြောခဲ့သည့်ပုံစံတွေပင်။

သူတို့သည် စိုးမိုးခိုင် လဲကျရာနေရာ လမ်းဘေးသို့ ချက်ချင်း အနီးကပ်မလာသေး။ လမ်းဘေးအစပ်မှ ရပ်ကာ စိုးမိုးခိုင်ကို ကြည့်နေကြသည်။

“ကျွတ် ... ကျွတ် ... ကျွတ် ...”

စိုးမိုးခိုင်သည် မချိမဆန့် နာသွားသောပုံစံဖြင့် စုတ်သပ်ကာ လူးလဲထသည်။ ကိုယ့်ဟာကိုယ် မဟန်နိုင်သလို ဒယီးဒယိုင် ရှေ့ငိုက်စိုက်ကျသွားလိုက် ပြန်မတ်လိုက်ဖြင့် အမူအရာ အပြည့်ပေးထားသည်။ ညာဘက်လက်ဝါးထဲမှာတော့ ဒသမနှစ်ငါး ပစ္စတိုကို ညာဘက်ပေါင် နာကျင်သွားသောကြောင့် လက်ဝါးဖြင့် ဖိထားသလို အုပ်ထားသည်။

ဂျစ်ကားပေါ်မှ လူသုံးယောက် မြင်ကွင်းမှာ အနိဋ္ဌာရုံ ဖြစ်နေသည်။ တုံးလုံးလဲနေသော မော်တော်ဆိုင်ကယ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



လည်း စက်ရုပ်မသွားဘဲ တုံးလုံးကြီး တစ်ဖုတ်ဖုတ် စက်သံတက်နေသည်။ ဆိုင်တယ်နှင့်အတူ လမ်းဘေးထိုးကျသူကလည်း မရှုမလှ ထိနိုက်နာကျင်သွားပြီး သူ့ကိုယ်သူပင် မတ်တတ်ရပ်နိုင်ဖို့ မနည်းကြိုးစားနေရသည်။

"ခင်ဗျားတို့ တော်တော်ဆိုးတယ်ဗျာ ... "

စိုးမိုးခိုင်က ... မချိသောအသံ အလွန်နာကျင်သောအသံဖြင့် ပြောလိုက်သည်။

"ကားနှစ်စီး ရှောင်တာမှမဟုတ်တာ ... မော်တော်ဆိုင်ကယ်နဲ့ ဂျစ်ကား ရှောင်ရတာ အလွတ်ကြီးပါဗျာ ... "

"ခင်ဗျားတို့က လမ်းလယ်ခေါင်ကြီး ခွမောင်းလာတော့ ကျုပ် လမ်းဘေးထိုးကျပြီး ခံရတော့တာပေါ့ ... "

"အေး ... ဟုတ်တယ် ငပါ ... မလွတ်မကင်း မောင်းတာမဟုတ်ဘူး ... မင်းကို တမင် ကားနဲ့တိုက်သတ်တာ ... ဒါပေမဲ့ မင်းက မသေဘူးဆိုတော့ တို့က မင်းကို ဆက်ပြီး နှုတ်ပြည်ပို့ပေးလိုက်ပါ့မယ်ကွာ ... "

အလယ်လူက စိုးမိုးခိုင်အား 'ငပါ'ဟုခေါ်ပြီး သူ့ရှေ့နှစ်ယောက်ကို အမိန့်ပေးလိုက်သည်။

"ကဲ ... လုပ်ကြတော့လေကွာ ... ဒီကောင်က စကားပြောနိုင်သေးတယ် မဟုတ်လား ... တို့လိုချင်တာက စကားမပြောနိုင်တဲ့ 'ငပါ'ဆိုတဲ့ ကောင်ကိုလေ ... "





အလယ်လူ၏ အမိန့်ကြောင့် တပည့်နှစ်ယောက်သည် သူတို့ကိုယ်စီ အိတ်ထဲမှ မောင်းပြန်ဓားကိုယ်စီ ထုတ်လိုက်ကြသည်။

"ဖျောက် ... ဖျောက် ... "

မောင်းပြန်ဓားခလုတ်ကို နှိပ်ဖွင့်လိုက်သည်နှင့် ... မောင်းပြန်ဓားကိုယ်စီမှ ဓားသွားတွေ ထွက်လာသည်။ သူတို့နှစ်ဦးသည် စိုးမိုးခိုင်အား အနီးကပ်ဓားနှင့် ထိုးရန် လမ်းဘေးသို့ ဆင်းလာကြသည်။

မှားလေစွ ... ၊

ဤသို့ အနီးကပ် လာစေရန်ပဲ စိုးမိုးခိုင်က ဖန်တီးသူလိုက်ခြင်း မဟုတ်ပါလား။

သူတို့သုံးယောက်စလုံးသည် ဓားသမားတွေသာဖြစ်သည်။ သေနတ်ကိုင်နိုင်သူများ မဟုတ်မှန်း သေချာသွားပါ၏။ ပေတလူနှင့် ဦးလေးဖြိုင်ကိုလည်း သူတို့သည် ဓားကိုသာ အသုံးပြုသွားခဲ့ကြသည်။

စိုးမိုးခိုင်တွင် လူနာရုပ် တစ်စက်လေးမှ မရှိတော့၊ ခါးကိုမတ် သေနတ်ကိုင်လက်ကို တည့်မတ်စွာ ဆန့်ထုတ်လိုက်သည်။

"ဖန်း ... ဖန်း ... ဖန်း ... "



www.burmeseclassic.com

www.burmeseclassic.com



သေနတ်က အသေးစားမို့ ဒိုင်းခနဲမမြည်။ ဖန်း ... ဖန်း ... ဖန်း ... ဟူသော သုံးချက်အသံ ထွက်လာသည်။

သုံးယောက်စလုံးကို တစ်ချက်စီ ထိသွားသည် ကင်တော့ သေချာသည်။

“ခေါ်တယ်ဟေ့ ... သူမှာ သေနတ်နဲ့ ပြေး ... ပြေး”

ဘာပြောပြော သေနတ်က ငယ်စေကာမူ ထိုက်သင့်သလောက် ဓားထက် ပိုပြီး ခရီးရောက်သည်။

သုံးယောက်စလုံး နောက်ပြန်ချာလဝတ်လှည့်ကာ ဂျစ်ကားဆီသို့ ပြေးသွားကြသည်။

စိုးမိုးခိုင်၏ သေနတ်လေး ကျည်ကတ်ထဲတွင် ကျည်ဆန်နှစ်တောင့်သာ ကျန်တော့သည်။

စိုးမိုးခိုင်က ခေါင်းဆောင်ဖြစ်သော အလယ်လူ၏ ကျောပြင်ကို ကောက်ထပ်နှစ်ချက်ဆင့်ပြီး ထပ်ပစ်လိုက်သည်။

ကိုယ်တော်ချောကြီး ကျောကော့သွားကာ ကျောက်ခဲရာလမ်းပေါ်အတက်မှာပင် တုံးခနဲ လဲကျသွားတော့သည်။

တပည့်နှစ်ယောက်က သူတို့ဆရာအား ဆွဲခေါ်ရန် ကြိုးစားသေးသည်။

‘ဟေး ... ငါ ထပ်ပစ်ရမလား ...’ ဟုပြောရင်း စိုးမိုးခိုင်က သေနတ်ထပ်ပြီး ချိန်လိုက်သည်။





တကယ်တော့ သေနတ်ထဲတွင် ကျည်ဆန်မရှိပါလေတော့။

ကံအားလျော်စွာပင် တုံးကြီးဘက်ဆီမှလာသော ကလင် ... ကလင်နှင့် ဆိုက်ကားဘဲ(လ်)တီးသံတွေနှင့် သူတို့တွေလည်း ကြားရသဖြင့် တပည့်နှစ်ယောက်သည် ကမန်းကတန်း ဂျစ်ကားပေါ်တက် မောင်းပြေးသွားသည်။

သူတို့ဆရာကို ထားပစ်ခဲ့ကြသည်။

စိုးမိုးခိုင်သည် ဤပွဲတွင် အနိုင်ရလိုက်ပေပြီ။ သူ့အသက် ကိုယ့်အသက် လုရသောပွဲ ဖြစ်ပါ၏။

စိုးမိုးခိုင်က လဲကျနေသူ၏ဘေးတွင် ဒူးထောက်ထိုင်ကာ ကြည့်ရှုလိုက်သည်။

မီးမီးပစ်သော ကျည်သုံးတောင့်စလုံး ထိုလူ့ကို ထိမှန်ထားသည်။

ညာဘက်ပခုံးနှဲ့ ညှပ်ရိုးတွင် တစ်ချက်၊ ကျောပြင်တွင် နှစ်ချက်ဖြစ်ပါ၏။ ပခုံးညှပ်ရိုးထိသည်ကတော့ မသေနိုင်။ ကျောဘက်မှ ဝင်သွားသော ကျည်နှစ်တောင့်ကတော့ သေနိုင်မည်၊ မသေနိုင်မည် မသေချာရှိလောက်ပေသည်။

စိုးမိုးခိုင်က မှောက်လျက်ကြီး လဲကျနေသော ထိုလူကို ဝက်လက်လှန်ပြီး မျက်နှာအုပ်ဆံပင်ကိုဖယ်ကာ ထိုလူ၏ မျက်နှာကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှဖူးတွင် နှစ်လက်မခန့် အနာရွတ်ကြီးတစ်ခု တွေ့ရပါ၏။

ယုံမှားဖွယ်ရာ မရှိတော့ပြီ။

ဤလူဆိုးခေါင်းဆောင်နှင့် ဓားကိုင်တပည့် နှစ်ယောက်တို့သည် ပေတလူကို သတ်ခဲ့သူ၊ သူတို့သုံးယောက်သည် ပင်လျှင် ကူးတို့သူကြီး ဦးလေးဖြိုင်ကို သတ်ခဲ့သူတွေမှန်း သေချာသည်။

ကလင် ... ကလင်နှင့် ဆိုက်ကားဘဲ(လ်)တီးသံတွေ ပေးလာသည့် သုံးစီးဖြစ်ပါ၏။

ရှေ့ဆုံးဆိုက်ကားတွင် လိုက်ပါလာသူမှာ ကဝစခန်းမှူး ရဲအုပ်ကိုမျိုးညွန့် ဖြစ်ပေသည်။ ကျန်နှစ်စီးပေါ်တွင် ရဲကြပ်ကြီး ဦးအုန်းမောင်နှင့် ရဲသားနှစ်ဦး ဖြစ်ကြပေသည်။

ဆိုက်ကားပေါ်မှ ကိုမျိုးညွန့်တို့အဖွဲ့ ဆင်းသက်လိုက်ကြသည်။

"ဆိုက်ကားနဲ့ လာရတာဆိုတော့ သိပ်နောက်ကျ သွားတယ်ဗျာ ... ကျွန်တော့်စိတ်ထဲမှာ တွက်လိုက်မိတယ် ... ဗိုလ်စိုးမိုးခိုင် အပြန်မှာ တစ်ခုခု ဖြစ်နိုင်တယ်လို့ ..."

"ကိုမျိုးညွန့်က ဘယ်လိုတွက်မိလို့လဲ ..."

"ပထမတစ်ခေါက် ဗိုလ်စိုးမိုးခိုင် ကဝကိုလာပြီး စုံစမ်းမေး





မြန်းတာတွေ လုပ်သွားပြီးတဲ့နောက် ... ပေတလူကိုရော ဦးလေးဖြိုင်ကိုရော အသေသတ်ခဲ့တယ်၊ ပေတလူကတော့ ကံကောင်းလို့ မသေဘူးပဲထားပါတော့ ... အဲဒီမှာ လူသတ်သမားတွေက အပေါ်ဆိုတဲ့ ဗိုလ်စိုးမိုးခိုင်ရဲ့ နေ့ရပ်လိပ်စာကို သဲသဲမဲမဲ မေးခဲ့တယ် ... ပေတလူက မသိလို့ မဖြေနိုင်ခဲ့ဘူး၊ ဒီတော့ အခုတစ်ခေါက် ခင်ဗျားပြန်လာတာကို လူသတ်သမားတွေက စောင့်ကြည့်တယ် ... အပြန်မှာ အန္တရာယ်ပေးမယ်လို့ တွက်ဆမိတာလေ ... ဒါပေမဲ့ အကြောင်းနှစ်ချက်ကြောင့် ဗိုလ်စိုးမိုးခိုင်ကို ကျွန်တော် လိုက်မပို့နိုင်ခဲ့ဘူး၊ ပထမအချက်က ကျွန်တော့်မှာ ရဲအားမရှိဘူး ... ဒုတိယအချက်ကတော့ ကျွန်တော် နောက်က နောက်ယောင်ခံလိုက်မယ် ... ဗိုလ်စိုးမိုးခိုင်ကို တယ်ကြက်အဖြစ် ရှေ့ကလွှတ်မယ်ဆိုတဲ့သဘောလည်း ပါတယ်ပေါ့ဗျာ ... အဲ ... ခင်ဗျားက မော်တော်ဆိုင်ကယ်နဲ့ ကျွန်တော်က နောက်က ဆိုက်ကားနဲ့ဆိုတော့ လိုက်မမီ ... နောက်ကျသွားတယ်၊ ဒါပေမဲ့ ... အခု ကျွန်တော် တွက်ဆတဲ့အတိုင်း တရားခံတစ်ယောက် မိလိုက်ပြီလေ ... အဲ ... ဗိုလ်စိုးမိုးခိုင်က အစွမ်းထက်လို့ မိလိုက်ပြီဆိုပါတော့ ..."

ရဲကြပ်ကြီးက မိထားသော တရားခံကို လက်ထိပ်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပြီးလေပြီ။ ဆိုက်ကားပေါ်သို့ ရဲသားများက တရားခံကို တင်လိုက်သည်။

စိုးမိုးခိုင်က မော်တော်ဆိုင်ကယ်ကို ပြန်ထောင်ကာ လမ်းပေါ်သို့ တွန်းယူလာခဲ့သည်။ ဪ ... သူ့လက်ထဲမှ ပစ္စတိုသေနတ်လေးကိုရော ထိုသေနတ်လိုင်စင်ကိုရော ကိုမျိုးညွန့်လက်ထဲသို့ ပေးအပ်လိုက်သည်။

"ကျွန်တော့်သေနတ်တော့ မဟုတ်ဘူး ... အဲဒီလိုင်စင်ထဲမှာပါတဲ့ ကျွန်တော်ရဲ့ သူငယ်ချင်းသေနတ်ပဲ ... ဥပဒေအရ အပြစ်ရှိရင် ကျွန်တော် ခံယူပါ့မယ် ..."

"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ် ... ကိစ္စမရှိတန်ကောင်းပါဘူး ... တရားခံကို ပစ်ဖမ်းခဲ့တာပဲ ... ဥပဒေအရ အရေးယူလည်း လုချေလွှာနဲ့ ပြီးသွားမှာပါ"

"ကျွန်တော် ... အခု ကဝရဲ့စခန်းကို ပြန်လိုက်ရဦးမလား ကိုမျိုးညွန့် ..."

ကိုမျိုးညွန့်သည် ယခုမှ စိုးမိုးခိုင်မျက်နှာတွင် ရွှံ့တွေ ပေကျံနေသည်ကိုမြင်ပြီး ရယ်လိုက်သည်။

"ခင်ဗျားမျက်နှာက ရွှံ့တွေ သုတ်လိုက်ပါဦးဗျာ ..."

မော်တော်ဆိုင်ကယ် လမ်းဘေးသို့ ထိုးကျလဲကျခြင်းက လမ်းဘေးရွှံ့တွေ မျက်နှာနှင့် တစ်ကိုယ်လုံး ပေကျံသွားခြင်း ဖြစ်ပါ၏။





စိုးမိုးခိုင်က ရွှံ့တွေကို သုတ်ပစ်ရန် အိတ်ထဲတွင် လက်ကိုင်ပဝါ နှိုက်နေစဉ် ကိုမျိုးညွန့် ပြန်ပြောသည်။

"မိုလ်စိုးမိုးခိုင် ... ကဝစခန်းကိုတော့ ပြန်လိုက်ခဲ့ဦးဗျာ ... ဒီလူသုံးယောက်က ဂျစ်ကားနဲ့ တိုက်သတ်ဖို့ ကြိုးစားတာတွေ ... အမှုဖွင့်မှ ကောင်းမှာမို့ပါ ... အပြန်မိုးချုပ်ရင် ကျွန်တော် လုံခြုံမှုစီစဉ်ပေးပါ့မယ် ..."

စိုးမိုးခိုင်က ခေါင်းညိတ်ပြရင်း သူ့မျက်နှာသုတ်ရန် လက်ကိုင်ပဝါလေးကို ကြည့်လိုက်သည်။

မိန်းမကိုင် လက်ကိုင်ပဝါလေး ဖြစ်နေသည်ကို တွေ့ရသည်။ အောက်ခံဖြူဆွတ်ဆွတ်တွင် အနားလေးဘက်၌ အနီရောင် အတွန့်အကောက် လှိုင်းလေးများဖြင့် တက်တင်းကွပ်အနား ဖြစ်နေသည်။ ဖြူဆွတ်ဆွတ် အခံပေါ်တွင်လည်း ရွှေရောင်ခြယ် အနီ ပြောက်လေးတွေ ပါရှိသည်။

လက်ကိုင်ပဝါ ထုတ်လိုက်သည်နှင့် သင်းသင်းလေး မွှေးသော ရေမွှေးနံ့ ထွက်လာပါ၏။

ဩော် ... လက်စသတ်တော့ ဤလက်ကိုင်ပဝါလေးသည် ကဗ္ဗသို့ ပထမတစ်ခေါက်လာစဉ်က ဖုံးဆိုးတော ကိုင်းခင်းတွေ ညပ်နေသည်ကို စိုးမိုးခိုင်ယူပြီး အိတ်ထဲထည့်ထားသော လက်ကိုင်ပဝါလေးပါလားဟု မှတ်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာကြည့်ပြန်ရာ လက်ကိုင်ပဝါလေး၏ ထောင့်တစ်နေရာတွင် အင်္ဂလိပ်စာ အက္ခရာစာလုံး သုံးလုံးကို ချည်အမည်းဖြင့် ထိုးထားသည်ကို တွေ့ရပြန်သည်။

"N.Y.M"

ထိုအက္ခရာသုံးလုံးကို မြင်သည်နှင့် ရွှေစင်၏ မွေးနေ့ပါတီပွဲတွင် နေယမင်း သီချင်းတက်ဆိုစဉ် စားပွဲ၌ ကျန်ခဲ့သော လက်ကိုင်ပဝါတွင်လည်း ယခုစာလုံးသုံးလုံးအတိုင်း N.Y.M ထိုးထားသည်ကို ပြန်၍ မှတ်မိသည်။

ထိုနေယမင်း၏ လက်ကိုင်ပဝါမှ ရေမွှေးနံ့မှာလည်း ယခု ဤလက်ကိုင်ပဝါမှ ရေမွှေးနံ့အတိုင်း ရှိနေမှန်း စိုးမိုးနိုင် သတိပြုမိသည်။

"ဒါဆိုလျှင် နီမာသည် နေယမင်း ..."

"နေယမင်းသည်-နီမာ ..."

သူတို့နှစ်ဦးသည် တစ်ဦးတည်းပင် ဖြစ်ခဲ့ကြောင်း ထင်ရှားပေပြီ။

မိမိသည် ငယ်စဉ်က ငယ်နာမည် 'အပါ'ဖြစ်ပြီး၊ ကြီးလာတော့ စိုးမိုးနိုင် ဖြစ်လာသလို ...

နီမာကလည်း ကြီးလာတော့ နေယမင်း နာမည်ယူလိုက်ခြင်း ဖြစ်ရမည်။





နေယမင်းသာ နီမာ ဖြစ်နေပါက စိုးမိုးနိုင်သည် နေယမင်းကို မေးချင်စရာတွေ အများကြီး။ တွေ့ချင်သည်မှ လွိုက်လွိုက်လှဲလှဲ။

လက်ကိုင်ပဝါလေးကို ရှုံ့ပေမျက်နှာကို မသုတ်တော့ဘဲ အိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"ကျွန်တော် ကဝကို ပြန်မလိုက်တော့ဘူး ကိုမျိုးညွန့် ... ကျွန်တော် ရန်ကုန်ကို ချက်ချင်းပြန်ချင်ပြီ ... မိထားတဲ့ ငါးရာခံကိုသာ ကိုမျိုးညွန့် ခစ်ထားပါ ... ကျွန်တော် မကြာခင် နောက်တစ်ခေါက် ကဝကို လာခဲ့ပါ့မယ် ... ကျွန်တော့်ရဲ့ ရန်ကုန်လိပ်စာဟာ ... အခု ကိုမျိုးညွန့် လက်ထဲကိုအပ်လိုက်တဲ့ သေနတ်လိုင်စင်မှာပါတဲ့ လိပ်စာပါပဲ ... အရေးကြီးရင် ဖုန်းဆက်ပါ ..."

ဟုပြောပြီး ထွန်းနေလင်း၏ အိမ်လိပ်စာရှိ တယ်လီဖုန်းနံပါတ်ကို ပေးလိုက်သည်။ ပြီး ... မော်တော်ဆိုင်ကယ် ပြန်စီးထွက်ခဲ့တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၉)

စိုးမိုးခိုင်တစ်ကိုယ်လုံး ပေပေရေရေနှင့်ပင် အဝတ်ပြန်မလဲတဲ့ အလှုံ့ဌာနလမ်းသို့ တိုက်ရိုက်မောင်းလာခဲ့သည်။

ယနေ့ စနေနေ့ ရုံးတဝက်ပိတ်သည်။ နေ့ယမင်း ရုံးဆင်းအိမ်ရောက်ပြီဟု တွက်ဆနိုင်သည်။ နေ့ယမင်းနှင့်ပတ်သက်၍ စိုးမိုးခိုင်တွင် ခံစားမှုများ ရှိနေပါ၏။ ပထမခံစားမှုမှာ လွန်ခဲ့သော (၁၅)နှစ်ကတည်းက ငယ်ချစ်သူငယ်ချင်း ကစားဖော်ကစားဖက်ဖြစ်သော နီမာကို အလွှန်တွယ်တာခဲ့ရာ ယခု ပြန်တွေ့ရတော့မည်။

"ငယ်ကချစ် အနှစ်တစ်ရာမမေ့သာ ..."

ထိုစကားသည် လူတွေကြားတွင် ရိုးနေပြီဖြစ်သော စကားဖြစ်သော်လည်း တကယ်တန်းခံစားလာရသူတွေအဖို့တော့ ဆန်းသစ်နေသည်။





ယခု စိုးမိုးခိုင် တကယ်ခံစားနေရပါ၏။

နီမာကို တွေ့ရတော့မည်ဆိုသည့်အသိစိတ်နှင့်ပင် စိုးမိုးအောင် ရင်တွေ ခုန်နေသည် ... ။ ဝမ်းသာသလိုလည်း ခံစားရသည်။

ထိုစဉ်က မိမိတို့အိမ်ကို ဓားပြတိုက်တော့မည့်အကြောင်း နေ့လယ်ကတည်းကတင် ကြိုတင်သိခဲ့သည်မှာ လူကြီးတွေပြောသောစကားကို နီမာကြားသိရသောကြောင့်သာ ဖြစ်ပေသည်။ နီမာက ကလေးပဲဟု အမှုမထားဘဲ လူကြီးတွေ ပြောစကားကို နီမာကြားခဲ့သာဖြစ်ရမည်။

ယင်း ... လူကြီးတွေသည် မည်သူတွေ ဖြစ်နိုင်ပေသနည်း။

နီမာ၏ဖခင် ဦးအောင်သာနှင့် အပေါင်းအပါတွေ ဖြစ်နိုင်သည်။

ဦးအောင်သာသည် အင်းလေလံကို အကျိတ်အနယ်ပြိုင်ဆွဲသူများတွင် အပါအဝင်တစ်ဦးဖြစ်ကြောင်း ကူးတို့သူကြီးလေးဖြိုင်ထံမှ စိုးမိုးခိုင် သိခဲ့ရသည်။

ယခု သူငယ်ချင်းနီမာ (ခေါ်) နေ့ယမင်းကိုတွေ့သည်နှင့် ဟိုတုန်းက ဒီကိစ္စမေးမြန်းရတော့မည်။

မမေးဘဲ မနေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ ခြေရာခံ စူးစမ်းလိုသောကြောင့် ခွင့်ရက်ရှည်ရသည်နှင့် ဒီနယ်မြေ ကဝသို့ မိမိလာခဲ့ခြင်းပေတည်း။

လာစဉ်ကတော့ နီမာကို ကဝမြို့မှာပင် တွေ့ရမည်ဟု မျှော်လင့်ထားခဲ့မိသည်။ မိမိကို ဦးလေးဟန်စိန်ခေါ်သွားစဉ်က နီမာတို့က ကဝမှာ ကျန်ခဲ့သည်ပေကိုး။

နီမာကို ပြန်တွေ့လျှင် မိမိအိမ်ကို ဓားပြတိုက်မည် ဖြစ်ကြောင်း နီမာ ဘာလို့ကြို သိခဲ့ရသနည်း။ မေးခွန်းမှစပြီး ဖေဖေ မေမေနှင့် ဦးလေးသာဆန်းကို သတ်ခဲ့သူနေတွေအား ဖော်ထုတ်နိုင်မည်ဟု တွက်ပြီးလာခဲ့ခြင်းဖြစ်သည်။

သို့သော်

မိမိကို ဦးလေးဟန်စိန် မန္တလေးကိုခေါ်သွားပြီး မကြာမီမှာပင် နီမာတို့မိသားစု ကဝမှ ပြောင်းရွှေ့သွားကြောင်း ပေတလူထံမှ ကြားသိလိုက်ရသည်နှင့် နီမာ ခြေရာပျောက်သွားေ သည်။

ယခု နေယမင်းသည် ငယ်စဉ်က နီမာဟု ယူဆနိုင် ပြီး ... နေယမင်းတွင်ရှိသော ပါးချိုင့်လေးမျိုး နီမာတွင် ရှိခဲ့သည်

ဖုံးဆိုးတောယဲတွင် တွေ့သောလက်ကိုင်ပဝါနှ ရွှေစင်ဓါပါတီပွဲ စားပွဲတွင်တွေ့သော လက်ကိုင်ပဝါနှစ်ထည်လုံးတွင် N.Y.M ဟုနာမည်အတိုကောက် ထိုးထားသည်။ ပြီး နှစ်ထည်





လုံးမှရသော ရေမွှေးနံ့သည် တူညီသော အနံ့သင်းသင်းဖြစ်နေ သည်။

နေယမင်းသည် ဝါသနာအလျောက် တေးသံရှင် အဆိုတော် ဖြစ်နေသည်။

နီမာသည်(၇)နှစ်သမီးအရွယ်ကတည်းက တေးဆို ဝါသနာပါခဲ့သည်။

ဖုံးဆိုးတောထဲ၌ အပါပုန်းနေသည်ကို ရှာမတွေ့ လျှင် နီမာက အသံလေးစာစာဖြင့် ကာရံတွေနဘောတွေ ရွတ်ဆိုပြီး တေးဆိုသည်နှင့် အပါကြားစေရန် အသံပေးဆိုခဲ့သည်။

ငယ်စဉ်က ဝါသနာဆိုသည်မှာ ကြီးလာသည်အထိ ပါလာစမြဲ။

ယင်းအချက်တွေကြောင့် နေယမင်းသည် နီမာဖြစ်ရ မည်။ နီမာဖြစ်နေလို့ မှန်ပါက စိုးမိုးနိုင် စူးစမ်းမေးမြန်းမည့် စကား တွေက နေယမင်းအတွက် အဖြေခက်သော မေးခွန်းတွေ ဖြစ်တော့ မည်။

စိတ်မကောင်းစရာကြီးပါပေ။

ထိုသို့ မေးမြန်းစူးစမ်းရမည့်အတွက် စိုးမိုးနိုင် ရင်ထဲ [illegible] ငမ်း [illegible] ဲးမှုတစ်မျိုး ခံစားရသည်။

မတတ်နိုင်ပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com



မေးတာတော့ စိုးမိုးခိုင်က နေယမင်းကို မေးကိုမေး ရမည်။

မေးမြန်းပြီး နေယမင်း၏ အဖြေတို့သည် 'မဟုတ်' အဖြေဖြစ်နေလျှင် တစ်မျိုးဖြစ်သွားမည်။

နေယမင်း၏အဖြေသည် 'ဟုတ်' ဖြစ်နေလျှင်လည်း စိုးမိုးခိုင် ဘာဆက်လုပ်ရမည်ကို ထိုအခါကျမှ ဆက်စဉ်းစားမည်။

ခွင့်ရက်ရှည်ယူလာကတည်းက ဒီကိစ္စစုံစမ်းဖို့လာခဲ့ ရာ ယခုမှတော့ ဆင်ခြေပြောင်ကြီး အမြီးမတစ်လို။

အလုံ္ဘနလမ်း နေယမင်း၏ အိမ်ရှေ့မှာပင် စိုးမိုး ခိုင် မော်တော်ဆိုင်ကယ်ရပ်လိုက်သည်။

မော်တော်ဆိုင်ကယ်၏ ဟွန်းသံကို နှိပ်ပြီးအသံပေး လိုက်သည်။

အိမ်ထဲမှ ပထမထွက်ကြည့်သူမှာ ဒေါ်လေးစောပင် ဖြစ်ပါ၏။

ရုတ်တရက်တော့ ဒေါ်လေးစောသည် စိုးမိုးခိုင်ကို မမှတ်မိသောကြောင့် အကြည့်တစ်မျိုးကြည့်သည်။

စိုးမိုးခိုင်ကလည်း တစ်ကိုယ်လုံးပေပေရေရေ ကြည့် မကောင်း မြင်မကောင်း ရှိနေသည်ကိုး။

စိုးမိုးခိုင်က ဦးထုပ်ချွတ်ပြသည်။ နေကာမျက်မှန် ချွတ်ပြသည်။ ထိုအခါကျမှ ဒေါ်လေးစောက စိုးမိုးခိုင်၏ မျက်နှာကို မှတ်မိသွားသည်။

"သြော် ... လာ ... လာ ... ဒီတစ်ခါတော့ မောင်ထွန်းနေ လင်းမပါဘဲကိုး ... "

"ဟုတ်ကဲ့ ... ဒေါ်လေးစော ... အခု ဒီကို ကျွန်တော်လာ တာ ထွန်းနေလင်းနဲ့ ပတ်သက်တဲ့ကိစ္စကြောင့် လာတာ မဟုတ်ပါဘူး ... မနေယမင်းကို ကျွန်တော့်ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီးတွေ့ချင် စကားပြောချင်လို့ လာတာပါ ... ထွန်းနေလင်းက ရှမ်းပြည်နယ်ဘက်ကို ကားရိုက်ထွက်သွား ပါပြီ ... "

ဒေါ်လေးစောက တံခါးဖွင့်ပေးသည်။

စိုးမိုးခိုင် ဖိနပ်ချွတ်ပြီး အိမ်လေး၏ ဧည့်ခန်းထဲသို့ ဝင်လိုက်သည်။ သစ်သားကြိမ်ထိုး ဆက်တီကုလားထိုင်တွင် ဝင် ထိုင်လိုက်သည်။

"ခဏစောင့်နော် ... ယမင်း ရေချိုးနေတဲ့တန်းလန်းကြီးမို့ ပါ ... "

"ရပါတယ် ... ဒေါ်လေးစော ကျွန်တော် မနေယမင်း ထွက် တွေ့တဲ့အထိ စောင့်မှာပါ ... "

"မောင်ရင် တစ်ယောက်တည်း နေတတ်ပါတယ်နော် ...




ဧ စ တ နှ ၁ စ ၁ ဧ ပ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးစောက လုပ်ကိုင်စရာတွေ ရှိနေလို့ ယမင်းကို မောင်ရင် ထိုင်စောင့်နေကြောင်း ပြောပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ... ရပါတယ် ... ကျွန်တော် တစ်ယောက်တည်း နေတတ်ပါတယ် ..."

ဒေါ်လေးစော အိမ်နောက်ခန်းသို့ ပြန်ဝင်သွားသည်။

စိုးမိုးခိုင် စိတ်ရှည်လက်ရှည်ထိုင်စောင့်နေရင်း ရေချိုးခန်းဆီမှ သီချင်းဆိုသံသဲ့သဲ့ ကြားရသည်။ ရေလောင်းသံများကြားမှ ထွက်လာသော တိုးတိုးညင်ညင်နှလေး သီဆိုသံမို့ တော်တော်နား စိုက်ထောင်ရသည်။

တေးသံပါစကားလုံးတွေကို ကြားရသည်နှင့် စိုးမိုးခိုင် ထိုင်နေရာမှ မတ်ခနဲ ထရပ်လိုက်သည်။

အကြောင်းမူ ...

ရေချိုးခန်းထဲမှ နေယမင်းသီဆိုနေသော တေးသွားတွေမှာ ...

"ဟေး ... အပါ ... နင်ဘယ်မှာလဲဟာ ... အသံပြန်ပေးပါ အပါ ... နီမာ မရှာတတ်တော့လို့ပါ ... နီမာခေါင်းမူးလာပြီ ကွာ ... အေး ... နော် ... ဒါပဲအပါ ... ငြိမ်နေတာကြာရင် တော့ နီမာ ... အိမ်ပြန်ပြေးတော့မှာ ..."





ဟိုက်ခနဲ ဖြစ်သွားရအောင် စိုးမိုးခိုင် အံ့သြသွားသည်။ မတ်ခနဲ ရပ်နေရာမှ သွက်သောခြေလှမ်းကြီးများဖြင့် ရေချိုးခန်းတံခါးဆီသို့ ရောက်သွားသည်။

ဒီတေးသံသည် စိုးမိုးခိုင်၏ နှလုံးတွေ ထခုန်ကာ ရင်မှာတလှပ်လှပ်ခံစားရပါ၏။

ဘာပဲပြောပြော ... နေယမင်းဆိုသည့် မိန်းမချော မိန်းမလှလေးသည် လွန်ခဲ့သော (၁၅)နှစ်က 'နီမာ' ဖြစ်ကြောင်း ထင်ရှားပြီ။ သေချာပြီ။

ရေချိုးခန်းဝတွင် တွေတွေကြီး ရပ်နေစဉ်မှာပင် အတွင်းမှ ရေချိုးခန်းတံခါး ချက်ဖြုတ်သံနှင့်အတူ တံခါးပွင့်လာသည်။

ပတ်ပင်းကြီး ဆုံကြပါ၏။

နေယမင်းသည် ထဘီရင်လျားပြီး ပခုံးတစ်ခုလုံး မွေးပွ မျက်နှာသုတ်ပဝါ လွှမ်းထားသည်။

"အယ် ... ကိုစိုးမိုးခိုင် ... တကယ်ဆို ဧည့်ခန်းထဲကပဲ ထိုင်စောင့်သင့်တာပေါ့ ... ယမင်း အဝတ်လဲပြီး ဧည့်ခန်းကို လာခဲ့မှာပဲဟာ ..."

"ဟုတ်တယ် ... တကယ်လို့ မနေယမင်းကို စိုးမိုးခိုင်ဆိုသူ က လာတွေ့ရင် ဧည့်ခန်းထဲကပဲ ထိုင်စောင့်နေသင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုဟာက မနေယမင်းကို စိုးမိုးခိုင်က တွေ့တာမဟုတ်ဘူး ... "

"ဘာတွေ ပြောနေတာလဲ ... "

စိုးမိုးခိုင်သည် ဘာတွေပြောနေတာလဲဆိုသည့် မေးခွန်းကို မဖြေသေးပဲ ဖိခနဲ ဂျာကင်မှ ဇစ်ကို ဖြုတ်ချလိုက်သည်။ ဂျာကင် ကိုချွတ်ကာ အောက်သို့ ချထားလိုက်သည်။

အတွင်းရှပ်အင်္ကျီမှ ကြယ်သီးများကို ဖြုတ်ပြန်ပြီး ရှပ်အင်္ကျီနှစ်စကို ဆွဲကာ သူ၏ ရင်ဘတ်ကြီးကို ထင်းခနဲပေါ်အောင် ပြလိုက်သည်။

"တွေ့လား နီမာ ... အခု ကိုယ်လာတွေ့တာ အပါဆိုတဲ့ လူက နီမာဆိုတဲ့ သူကို လာတွေ့တာ ... ဒီမှာကြည့် ... နီမာ ကိုယ့်ရင်ဘတ်မှာ မွေးရာပါ အမှတ်ကြီးကို နီမာ မမှတ်မိတော့ဘူးလား ... "

နေယမင်း မှင်သက်မိသွားပါ၏။

ကြက်သေ သေသွားပါ၏။

သူမ၏ မျက်ဝန်းအစုံသည် ပြသသူ၏ ရင်ဘတ်မှ မွေးရာပါ အမှတ်ကို စေးစိုက်ကြည့်ပါ၏။

ကြည့်ရင်းကပင် ... နေယမင်း၏ နှုတ်ခမ်းမှ ပြုံး





သယောင်ရှိစေကာမူ မျက်ဝန်းစုံမှ မျက်ရည်တွေ ထွက်ကျပြီး ပါးပြင်သို့ စီးဆင်းလာပါ၏။

"အပါ ... အပါရယ် ... "

"နီမာ ... နီမာရယ် ... "

နီမာက အပါ၏ ရင်ဘတ်မှ အမှတ်ကို သူမ၏ လက်ညှိုးထိပ်လေးဖြင့် ထောက်လိုက်သည်။ တြိဂံရှိနေသော အမှတ်ကို သုံးမြှောင် အနေအထားအလိုက် လက်ညှိုးထိပ်လေးနှင့် ဖေ့စိုက် တို့ထိပေးသည်။

ပြီးမှ ...

"အိုကွယ် ... အပါရယ် ... "

အပါ၏ လက်မောင်းကြီးနှစ်ဘက်ကို သူမ၏ လက်ဖဝါးနှစ်ဖက်ဖြင့် တစ်ဖက်စီ ဆုပ်ကိုင်လိုက်သည်။

မျက်ရည်စက်လက်ဖြင့် မြင်သော အပါ၏ မျက်နှာကို မော့ကြည့်သည်။

အပါ(ခေါ်)စိုးမိုးခိုင်လည်း သူ့စိတ်ကို မထိန်းနိုင်ပါလေတော့။

"နီမာ ... နီမာ ... နီမာ ... "

ထပ်ပြန်တလဲ ဗလုံးဗထွေးရွတ်ဆိုရင်း နီမာ၏ ကိုယ်လုံးလေးကို သူ၏ လက်ကြီးနှစ်ဖက်ဖြင့် မြွေကြီး လင်းမြွေပတ်



www.burmeseclassic.com

www.burmeseclassic.com



သလို ရစ်ပတ်လိုက်ပြီး သူ၏ ရင်ခွင်ကြီးထဲသို့ ဆွဲသွင်းလိုက်သည်။

နီမာ၏ မျက်နှာလေးမှာ တြိဂံအမှတ်ကြီးရှိနေသည့် စိုးမိုးခိုင်၏ ရင်ဘတ်ကြီးဝယ် မျက်နှာလေးအပ်ထားမိတော့သည်။

ဒါပဲ ဖြစ်ပါ၏။

နှလုံးသား၏ ချစ်ချင်းမေတ္တာဆိုသည်မှာ ဒီလိုပဲ ဖြစ်ပါ၏။

ချစ်ပါရစေ။ အသနားခံသော်လည်း ငြင်းပယ်တယ်ဟု အချစ်ကို ဒူးထောက်တောင်းခံ၍ မရနိုင်စကောင်း။

မချစ်လျှင် အသေသတ်မည်။ ငါ့ကို ချစ်ဟု ဓားသော့ပြီး ခွတ်ယူ၍လည်း မရကောင်း။

ချစ်ခြင်းဆိုသည်က နှလုံးသားရေးရာ အိမ်ထောင်ဘက်ရွေး လက်ထပ်ခြင်းဆိုသည်က ဦးနှောက်ရေးရာ။

ယခုလည်း စိုးမိုးခိုင်နှင့် နေယမင်း ... တစ်ချိန်က အပါနှင့် နီမာ။

စိုးမိုးခိုင်က ချစ်ပါရစေ အသနားခံစရာမလို။ ဓားတော့ပြီး တောင်းခံစရာမလို။

ကိုယ်စီ ရင်တွင်းနှလုံးသားက ပေါက်ဖွား ယှိစိမ့် မေတ္တာဖြင့် တစ်ခွန်းမဟ ချစ်သွားကြပြီ။

မွှန်သွားကြပြီ။





နှလုံးသား မေတ္တာက အပြန်အလှန် ကိုယ်စီပေါ်သို့ လွှမ်းခြုံလိုက်လေပြီ။

ငယ်ချစ်မှ ငယ်ချစ်အစစ်။

ပွေ့ထားကြသည်။ ဖိုက်ထားကြသည်။ ပါးခြင်းကပ်ထားကြသည်။ ကြားလေသွေးရင် ဝေးတယ်။ ဖြစ်သွားကြပြီ။

"နီမာ ..."

"ပြော ... အပါ ..."

"ကိုယ်တို့ ရှေ့ဆက်ပြီး ဘာလုပ်ကြမလဲဟင် ..."

"အဲဒါ နီမာမသိဘူး အပါ ... နီမာလေကဝမှာ အပါနဲ့ အတူနေခဲ့ရာက ခွဲထားတဲ့နေ့ကစပြီး အခုထိ အပါ့ကို ပြန်တွေ့ချင်နေတာ ... အပါကို ပြန်တွေ့ရမှာပေါ့လို့လည်း နီမာစိတ်ထဲမှာ ရှိနေတယ် ... ကြည့် ... အခု အပါကို နီမာ ပြန်တွေ့တော့ ဝမ်းသာလိုက်တာ၊ နီမာ မျက်အိမ်ကကျတဲ့ မျက်ရည်ဟာ ဝမ်းသာမျက်ရည်ပါ ... အပါ ..."

"ကိုယ်လည်း နီမာကို အရမ်းတွေ့ချင်နေတာပါ ... ဒီ ... နီမာတို့အိမ်ကို ထွန်းနေလင်းနဲ့ ပထမတစ်ခေါက်ရောက်လာပြီး နေယမင်းဆိုတဲ့ အမျိုးသမီးနဲ့တွေ့တော့ အဲဒီအမျိုးသမီးရဲ့ ပါးချိုင့်လေးခွက်ဝင်တာကို ကြည့်ပြီး နီမာကို သတိရလိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"နီမာကရော ... ပါတီပွဲအသွားမှာ ရှေ့ကားမောင်းနေတဲ့ သူ့ရဲ့ နှုတ်ခမ်းတွေ၊ မျက်လုံးတွေ၊ နှာတံတွေ၊ မျက်နှာကျ ပုံတွေဟာ အပါနဲ့ တူလိုက်တာဆိုပြီး ကားဘက်မှန်မှာ ပေါ်နေတဲ့ ဗိုလ်စိုးမိုးခိုင်ရဲ့ မျက်နှာကို နောက်ကနေ လှမ်း လှမ်းကြည့်တာကို အပါလည်း သတိထားမိမှာပေါ့ ..."

"အို ... နီမာရယ် ... နေယမင်းရယ် ..."

စိုးမိုးခိုင်နှုတ်မှ အမည်နှစ်မျိုးလုံးကို ညည်းညည်း တွားတွားလေးခေါ်မိသည်။ ပို၍ကျစ်လျစ်စွာ နေယမင်းကို ဖတ် ထားမိသည်။

ရေချိုးတံခါးဝတွင် မည်မျှ ကြာအောင် တစ်ဦးနှင့် တစ်ဦး ပွေ့ပိုက်ထားမိသည်မသိ။ ဒေါ်လေးစော၏ လှမ်းပြောသံ ကြားမှ နှစ်ယောက်စလုံး သတိပြန်ဝင်လာသည်။

"ယမင်းရေ ... အအေးမိသွားမယ် ... အဝတ်လဲတော့လေ"

ဒေါ်လေးစောကိုတော့ မမြင်ရပေ။ ထမင်းစားခန်း မှ လှမ်းပြောခြင်း ဖြစ်ပေမည်။ ဒေါ်လေးစောကတော့ ကွယ်ကြည့် ပြီး စိုးမိုးခိုင်နှင့် နေယမင်းတို့၏ အပွေ့အပိုက်ကို မြင်သောကြောင့် အမြင်မတော် လှမ်းအော်သတိပေးခြင်းဖြစ်နိုင်လောက်သည်။

"ဟုတ်ကဲ့ ... အပါ့ကို မမျှော်လင့်ဘဲ ပြန်တွေ့ရလို့ မွှန်ထူ သွားလိုက်တာ ... ယမင်း မိန်းကလေး ဏ္ဍန္ဓေမရှိသလို





တောင်ဖြစ်သွားပြီ ... အပါ ... အိမ်ရှေ့ခန်းကပဲ စောင့်နော်၊ ယမင်း အဝတ်လဲပြီး ချက်ချင်း ပြန်ထွက်လာမယ် ..."

"အင်း ..."

စိုးမိုးခိုင်က နီမာ(ခေါ်) ချစ်ရပါသော ယမင်းကို လွှတ်ပေးလိုက်ပါ၏။

အိမ်ရှေ့ဧည့်ခန်းတွင် စိုးမိုးခိုင် ထိုင်စောင့်ရင်း နီမာ (ခေါ်)နေယမင်းနှင့် ပတ်သက်ပြီး စဉ်းစားရင် တပ်ထဲက မိမိတပ် ထဲက အညာသား ငြိမ်းမောင် ပြောသောစကားတစ်ခွန်းကို မှတ်မိ လိုက်သည်။

ရဲဘော်ငြိမ်းမောင်သည် အညာသားစစ်စစ် ဖြစ် သောကြောင့် ဒူးရင်းသီးတစ်ခါမျှ မစားဘူးပေ။

တခြားအောက်သားရဲဘော်တွေ မြေလပ်သားရဲ ဘော်တွေက စကားဝိုင်းဖွဲ့ရာတွင် ဒူးရင်းသီးသည် မည်မျှ အရသာ ရှိကြောင်း အနှစ်သာရတွေ ဖြစ်ကြောင်း ပြောသည်ကို အညာသား ရဲဘော်ငြိမ်းမောင်က သူ မစားဘူးသောအရာမို့ ငေး၍သာ နား ထောင်နေရသည်ကို ဗိုလ်စိုးမိုးခိုင် သတိထားမိသည်။

တစ်နေ့တွင် ရဲဘော်ငြိမ်းမောင်ကိုခေါ်ပြီး ဈေးထဲ တွင် ဒူးရင်းသီးတွေ့သည်နှင့် ဗိုလ်စိုးမိုးခိုင်က ဒူးရင်းသီးကြိုက်သူ



www.burmeseclassic.com

www.burmeseclassic.com



ပီပီ ဝယ်စားသည်။ ရဲဘော်ငြိမ်းမောင်ကိုလည်း တစ်လုံးဝယ်ပေးပြီး စားစေသည်။

ရဲဘော်ငြိမ်းမောင်သည် ဒူးရင်းသီးကို အားရပါးရ စားပါ၏။ စားပြီးသောအခါ ဗိုလ်စိုးမိုးခိုင်က မေးသည်။

"ဘယ်လိုလဲ ရဲဘော်ငြိမ်းမောင် ... ဒူးရင်းသီးစားရတာ အရသာရှိရဲ့လား ... ကောင်းရဲ့လား ..."

ရဲဘော်ငြိမ်းမောင်က အဖြေပြန်ပေးပေသည်။

"ဒူးရင်းသီးဆိုတာ သိပ်အရသာရှိတယ် ... သိပ်အနှစ်သာရ ရှိပါတယ် ဗိုလ်ကြီး ... ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ..."

စကားမဆုံးသည်မို့ ရဲဘော်ငြိမ်းမောင်၏ ဒါပေမဲ့ကို စိုးမိုးခိုင်က မေးလိုက်သည်။

"ဒါပေမဲ့ ... အီးစော်နံတယ် ..."

ဟု အညာသားရဲဘော်ငြိမ်းမောင်က ဖြေကြားလိုက်လေသည်။

ယခု စိုးမိုးခိုင်၏ အခြေအနေမှာ ရဲဘော်ငြိမ်းမောင် ဖြေသကဲ့သို့ ဖြစ်နေသည်။

နေယမင်းသည် မိမိကလေးဘဝထဲက သိပ်ချစ်ခဲ့သူ ဖြစ်သည်။





သူမက နီမာ ... မိမိကု အပါ ... ဟုသိလိုက်ကြသည်နှင့် ယခု နီမာနှင့်အပါသည် 'ချစ်သည်' ဆိုသည့် စကားတစ်လုံးမျှ မဆိုမိကြဘဲ ကိုယ်စီကိုယ်ငှ နှလုံးသားအလိုလို ပေါက်ကွဲပြီး အတွင်းရှိ အပမဆောင်နိုင် ဖြစ်သွားအောင် မွှန်ထူကာ တစ်ဦးကို တစ်ဦး ပွေ့ပိုက်သည်အထိ ဖြစ်သွားသည်။ တစ်ယောက်ကို တစ်ယောက် ငယ်စဉ်ကလေးဘဝကအစ ယခုထိ နှလုံးသားမေတ္တာဖြင့် ချစ်ကြကြောင်း သက်သေထူလိုက်ကြပြီ။

ဒီတော့ ... အကယ်၍သာ နီမာသည်ကဝမြို့က ဦးသာအောင် ဒေါ်မယ်ညွန့်၏သမီးဖြစ်ပြီး ယခု နေယမင်းဖြစ်နေသည် ဆိုပါက စိုးမိုးခိုင် ဘာဆက်လုပ်မည်နည်း။

အဖြစ်မှာ ပစ်ရမည်ကလည်း အဆီနှင့်ဝင်းဝင်း၊ စားရမည်က သဲနဲ့ရှုပ်ရှုပ် အဖြစ်မျိုး။

ဟူးခနဲ ဟင်ခနဲ ... စိုးမိုးခိုင် သက်ပြင်းကြီး ချလိုက်သည်။

"ဘာဖြစ်လို့လဲ အပါ ... ယမင်း ပြန်ထွက်လာပြီး အပါကို ကြည့်နေတာ အကြာကြီးပဲ ... အပါက ယမင်းကို ပြန်မော့ မကြည့်ဘူး ... မျက်နှာညှိုးပြီး သက်ပြင်းကြီးချတယ် ... အပါ ဘာဖြစ်တာလဲဟင် ... အဝတ်အစားတွေမှာလည်း ရွှံ့ခြောက်တွေ ပေကျံနေတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးခိုင်သည် လျှော့ရိလျှော့ရဲ ထိုင်နေရာမှ ကိုယ်ကို မတ်မတ်ပြန်ထိုင်လိုက်သည်။ ပြီး … နေယမင်းကိုမော့ကြည့်လိုက်သည်။

နေယမင်းသည် အဝတ်လဲရုံမက သူ့မျက်နှာလေးကိုပါ အလှပြင်လာသည်။ မိန်းကလေးသဘာဝအတိုင်း ကိုယ့်ချစ်သူ၏ အမြင်တွင် ကိုယ့်ဟာကိုယ် လှစေထားသည်မှာ သဘာဝ။

နဂိုက ဖြူဝင်းပြီးသားတွင် မိတ်ကပ်ပါးလေးထပ်ဖို့သဖြင့် ထပ်ပြီး ပိုလှပါ၏။ နှုတ်ခမ်းနီပန်းရောင်ဖျော့လေး မသိမသာ ဆိုးလာသည်။

ဝတ်လာသော အဝတ်အစားမှာ အိမ်နေအဝတ်အစားထက်ပို၍ သစ်လွင်ပြီး အပေါ်အင်္ကျီ အောက်ထဘီမှာ လိုက်ဖက်လှသည်။

စိုးမိုးခိုင် မော့ကြည့် ငေးကြည့်ပြီး လက်တစ်ဖက်မြှောက်၍ ကမ်းလိုက်သည်။

နေယမင်းက အလိုက်သင့် သူ့လက်ကို ပြန်ကိုင်သောအခါ သူ့မအား မိမိဘေးတွင် ကပ်လျက်သား ထိုင်စေရန်ဆွဲခေါ်ယူလိုက်သည်။

နေယမင်းက မငြင်း … အလိုက်သင့်ပင် စိုးမိုးခိုင်ဘေးတွင် ပူးပူးကပ်ကပ် ထိုင်ချလိုက်သည်။





"ပြောစမ်းပါ အပါ … အပါမှာ ပြဿနာ တစ်ခုခုပါလာမှန်းက သိသာနေတယ် … "

"ဟုတ်တယ် နီမာ … ကိုယ့်ရင်ထဲမှာ ပြဿနာတွေ ပလုံစီနေတယ် … ကိုယ့်ရင်ထဲမှာ ရှိတဲ့အတိုင်း နှုတ်က ထုတ်ပြောရရင် နီမာကိုကဝမ္မာ ငယ်စဉ်ကလေးဘဝထဲက ချစ်တယ် … အခု နီမာမှန်းသိလိုက်တာနဲ့ … ယမင်းကို ကိုယ်ရင်ထဲနှလုံးထဲက ရှိပြီးသားစေတ်ခံအတိုင်း ချစ်တာပဲ … နီမာကို မချစ်နဲ့လို့ ဘယ်အကြောင်းအရာကဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ်ကဖြစ်ဖြစ် တားလို့မရစေတဲ့ အချစ်မျိုးနဲ့ ချစ်တာ၊ နီမာကို ကိုယ်ချစ်တယ် … သိပ်ချစ်တယ် … အရမ်းကြီးကို ချစ်တယ် … "

"အင်းလေ … အပါ … ယမင်းကလည်း သူ့ကို အပါမှန်းသိတာနဲ့ ဟန်မဆောင် ကူနွှေမဆောင်နိုင်အောင် ပြန်ချစ်တာပဲဟာ … ပြောရရင်ပိုတယ် ထင်မယ် … အခုအချိန်ထိ နီမာရဲ့လက်ကိုတောင် သူစိမ်းယောကျ်ားသား အကိုင်မခံဘူး … ခုချိန်ထိ ရင်ထဲနှလုံးထဲက … ချစ်တယ်ဆိုတဲ့ ယောကျ်ားသားလည်း တစ်ဦးမှ မရှိသေးဘူး … အခု အပါမှန်းလည်းသိရော အလိုလိုတွေ ရင်ထဲက ပေါက်ကွဲပြီး ချစ်လိုက်တာ … အဲဒါကို အပါက သဘောပေါက်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သိပ်သဘောပေါက်ပါတယ် နီမာ ... ဒါပေမဲ့ ကိုယ်ရင်ထဲမှာ နီမာနဲ့ ပတ်သက်ပြီး မတင်မကျဖြစ်နေရတဲ့ ကိစ္စတစ်ခုရှိနေတယ် ... ဆယ့်ငါးနှစ်လုံးလုံး မတင်မကျဖြစ်ခဲ့တဲ့ ကိစ္စပါ ... "

"ဒါဆိုပြောလေ ... ဘာကို မတင်မကျ ဖြစ်တယ်ဆိုတာ"

"ကိုယ်မေးမယ်နော် ... ဟိုလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ကိုယ်နဲ့ နီမာကဝမှာ အတူတူနေခဲ့တဲ့အကြောင်းတွေ နီမာ သတိပြန်ရမလား ... ပြန်ပြီး မှတ်မိမလား ... "

"သိပ်မှတ်မိတာပေါ့ ... အပါနဲ့ ပတ်သက်တာဆိုရင် နီမာ အားလုံးမှတ်မိတယ် ... အပါနဲ့ပတ်သက်တာဆို ရင်ခုချိန်ထိ နီမာ ဘာတစ်ခုမှ မမေ့သွားသေးဘူး ... အပါနဲ့ အတူတူကစားခဲ့တာတွေ ... သပြေသီးကောက်ခဲ့တာတွေ ... အပါတို့အိမ်ကြီးရဲ့ နောက်ဘက်က ဖုံးဆိုးတောကြီးထဲမှာ တူတူပုန်းတာတွေ ... အို ... အပါရယ် ... အပါနဲ့ ပတ်သက်သမျှတွေ ယမင်းရင်ထဲမှာ အမြဲစွဲလမ်းနေတယ် ... အခု အပါက အဲဒီတုန်းကအကြောင်း ဘာပြန်မမေးမလဲ ... ယမင်း အားလုံး မှတ်မိတယ် ... ကုန်ကုန်ပြောရရင် အပါက ဖုံးဆိုးတောထဲမှာ ဝင်ပုန်းပြီး နီမာလိုက်ရှာလို့မတွေ့တော့ရင် အပ့ါကို သီချင်းလို စကားတွေနဲ့ အပါ ပုန်းရာက ထွက်လာ





ဖို့ နီမာပြောခဲ့တာတွေကိုတောင် အခုဆို ယမင်းရဲ့ကိုယ်ပိုင်သီချင်းလေး ဖြစ်သွားစေတယ် ... အပ့ါကို သတိရတိုင်း အဲဒီသီချင်းကိုပဲ နီမာ ထပ်ပြန်တလဲလဲ ဆိုခဲ့တယ် ... ဘယ်လောက်ထိ နီမာ ဒီသီချင်းလေးကို ထပ်ပြန်တလဲလဲ ဆိုခဲ့သလဲဆိုရင် ဒေါ်လေးစောတောင် အဲဒီ သီချင်းကို အလွတ်ရနေတယ် အပါ ... "

"ဟုတ်ပါတယ် နီမာ ... အခုလည်း ဆေးရုံခန်းထဲမှာ ဒီသီချင်းလေးကို နီမာ ဆိုသံကြားတာနဲ့ ဒီ ယမင်းဟာ ငယ်ငယ်က နီမာပါလားဆိုတာ ကိုယ်သေချာသွားတာ ... ကဲ ... ဒါဆို ကိုယ်မေးမယ်နော် ... နီမာ သေချာပြန်စဉ်းစားပြီးမှ ဖြေပါ ... "

"မေးမှာကိုသာမေးပါ အပါ ... နီမာ အဲဒီတုန်းက အပါနဲ့ ပတ်သက်တာမှန်သမျှ စဉ်းစားစရာမလိုဘူး ... အားလုံးမှတ်မိတယ် ... "

"ဒါဆို ကိုယ်တို့အိမ်ကို ဓားပြတိုက်ခံရတဲ့ညရဲ့ နေ့ခင်းက ကိုယ်တို့အိမ်ကို ... ဓားပြတိုက်တော့မယ်မှန်း နီမာတင်ကြိုပြောခဲ့တာကိုရော မှတ်မိလား နီမာ ... "

မျက်ဝန်းအိမ်မှ မျက်နက်လေး ထောင့်ကပ် တစ်ချက် စဉ်းစားပြီး နီမာက ချက်ချင်းဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတယ် အပါ ... "

"ဒါဆို အဲဒီ ညမှာ ကိုယ်တို့ အိမ်ကို ဓားပြတိုက်မယ်မှန်း နီမာက နေ့ခင်းထဲက ဘာလို့တင်ကြိုသိနေသလဲ ... နီမာကို ဖေဖေဦးကြီးသာအောင်ပြောတာကို နီမာကြားပြီး ကိုယ့်ကိုတင်ကြိုပြောခဲ့တာလား နီမာ ... "

"ဟင့်အင်း ... ဟုတ်ဘူး ... "

"ဘယ်လိုဟင့်အင်းလဲ ... ဘယ်လို ဟုတ်ဘူးလဲ နီမာ ... နီမာရဲ့ဖေဖေ ပြောတာမဟုတ်ရင် နီမာက ဘယ်လိုတင်ကြိုတင်သိတာလဲ ... "

နီမာ ခဏငြိမ်သွားသည်။

"နေဦး အပါ ... နီမာ စဉ်းစားတာ စဉ်းစားလို့ရပြီ ... အဲဒီနေ့က နေ့လယ်မှာ ယမင်းက အပါတို့ အိမ်ရှေ့မှာ ရစ်သီရစ်သီနဲ့ အပါထွက်အလာကို စောင့်နေတယ် ... အပါက ထွက်မလာဘူး ... အဲဒီတုန်းက နီမာဆီ 'တွေး' ရောက်လာတယ်"

"တွေး ... ဟုတ်လား ... တွေးဆိုတာက ဘယ်သူလဲ နီမာ"

"တွေးဆိုတာ တွေးပေါ့ အပါ ... အဲဒီတုန်းက နီမာက ကျောင်းမှာ နှစ်တန်းလေ ... အပါက လေးတန်းရောက်နေပြီ ... တွေးကို အပါမသိပါဘူး ... တွေးက နီမာနဲ့ နှစ်တန်းအတူတူ တက်နေတဲ့ကောင်လေး ... အဲဒီ တွေးက နီမာကို





ပြောတယ် ... မနေ့က မိုးရွာထားလို့ အစိုးရဆန်ကိုထောင်ကြီးဘေးက ရေစီးချောင်းမှာ ပြားစေ့၊ ပဲစေ့၊ မူးစေ့ပိုက်ဆံတွေ ပေါ်လာတယ်တဲ့ အဲဒါ သူသွားရှာပြီး ကောက်မလို့တဲ့ ... နင်လည်း လိုက်ချင်လိုက်ခဲ့ပါလားလို့ နီမာကို ခေါ်လို့ နီမာ တွေးနဲ့အတူ လိုက်သွားတယ် ... ဟိုကျတော့ ရေစီးချောင်းမှာ ပိုက်ဆံရှာကြရင်း တွေးက 'ပြောတယ် ... ဒီည အပါတို့ အိမ်ကို ဓားပြတိုက်လိမ့်မယ်တဲ့ ... ဓားပြဆိုတာ သိပ်ကြောက်စရာကောင်းတယ်တဲ့ ... ဓားပြတွေဟာ မျက်နှာကို အိုးမည်းတစ်ခြမ်း သုတ်ထားတယ်တဲ့ ... သရဲလို သူတို့က အိမ်ပေါ်ကို တိတ်တိတ်လေးရောက်လာတာတဲ့"

"ဟုတ်ပြီ ... နီမာ ... ဟုတ်ပြီ ... "

စိုးမိုးခိုင်က ဝမ်းသာအားရ မိမိဖေဖေနှင့် ဦးလေးသာဆန်းကို ဓားပြတိုက်သတ်ဖြတ်သူမှာ နီမာတို့ ဖေဖေဦးကြီးသာအောင် မဟုတ်ပါလေတော့။

ဒူးရင်းသီးသည် အီးမီးမနံ့ပါလေတော့။ အနှစ်သာရနှင့် အရသာ ရှိလှသော ဒူးရင်းသီး၏ သူ့ပင်ကိုယ်ရနံ့သည် မွှေးသွားပြီ။

"ဒါဆို အဲဒီ တွေးရဲ့ မိဘနာမည်တွေက ဘယ်သူလဲနီမာ"

"အဲဒါကိုတော့ နီမာဘယ်သိပါ့မလဲ အပါ ... တွေးလို့ပဲ နီမာ



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့တာ ... နီမာတို့ ငယ်ငယ်တုန်းက ကလေးချင်းသာ သိပြီး လူကြီးမိဘတွေရဲ့ နာမည်တွေကို သိခဲ့ရိုးမှမရှိခဲ့တာ၊ အဲဒီနောက် အပါလည်း ကဝကသွားရော ... နီမာတို့မိသား စုလည်း ဂါဝအိမ်ရောင်းပြီး သနပ်ပင်ကို ပြောင်းကြတာ"

ရှင်းသွားပြီ။ ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်းတို့ မသတ်နံ့ခဲ့ရာ၌ နီမာ၏ မိဘများပယောဂမပါ။

ဒါဆို တွေးသည် မည်သူနည်း ... ။

တွေး၏ မိဘများက အကြံအစည်ဖြင့် ... ဖေဖေ၊ မေမေ၊ ဦးလေးသာဆန်းကိုသာမက မိမိကိုပါမိလျှင် သတ်မည့်သူ များဟု ယူဆနိုင်ပြီ။

စိုးမိုးခိုင်သည် တွေးမိဘမည်သူတွေနည်း။ ယခု တွေးက ဘာကောင်ဖြစ်နေသနည်း။

နီမာ၏ ဖခင်ဦးသာအောင်နှင့် မိခင်ဒေါ်မယ်အိုတို့ ကတော့ တွေး၏ ဖခင်ဘယ်သူဖြစ်ကြောင်း သိပေမည်သာ။

ထို့ကြောင့်လည်း သူတို့ကို မေးမြန်းစုံစမ်းမည်ကို စိုးရိမ်ပြီး နီမာ၊ အပါအဝင် ကဝမှ သနပ္ပင်သို့ အပြီးပြောင်းသွားခြင်း ဖြစ်နိုင်သည်။

နီမာ၏မိဘများကိုယ်တိုင်က တွေး၏မိဘတွေကို ကြောက်ပုံရပါ၏။





မည်သို့ဖြစ်စေ ...

မိမိကိစ္စတွင် နီမာတို့ ပယောဂလုံးဝမပါသည်ကိုပဲ စိုးမိုးခိုင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါ၏။

စိုးမိုးခိုင် ဆက်၍ စုံစမ်းရမည်။ ပထမဆုံး နီမာ၏ ဖခင်ဦးသာအောင်၊ ဒေါ်မယ်ညွန့်ထံတွင် စုံစမ်းရန် စိတ်ကူးလိုက် သည်။

"နီမာရဲ့ ဖေဖေနဲ့မေမေတို့ သနပ္ပင်မှာပဲလား ... ကိုယ်နဲ့ နီမာ သနပ္ပင်ကို ခဏသွားကြရအောင် ... "

"ဖေဖေနဲ့မေမေ ဆုံးသွားကြပြီပဲ အပါ ... ယမင်း နည်းပညာ တက္ကသိုလ် ဒုတိယနှစ် တက်တဲ့နှစ်က ဖေဖေဆုံးတယ် ... စတုတ္ထနှစ်မှာ မေမေ ဆုံးတယ် ... ယမင်းဘွဲ့ရတဲ့အထိ ကျောင်းပြီးတဲ့အထိ ဖေဖေရဲ့ညီမ ယမင်းရဲ့အဒေါ်က ကျောင်းဆက်ပြီး ထားတာ ... ယမင်းဘွဲ့ရပြီး အလုပ်ဝင်မှ ရန်ကုန်ကို ဒေါ်လေးစော အဖော်ခေါ်ပြီး လာနေ,နေတာ အပါ ... ဒေါ်လေးစောက ယမင်းရဲ့ အဒေါ်နှစ်ဝမ်းကွဲ တော် တယ် ... "

"ဒါဆို ကိုယ့်အနေနဲ့ တွေးကိုပဲ ခြေရာခံရမှာပေါ့ ... တွေး ကိုတွေ့တာနဲ့ အဖြစ်မှန်တွေ ပေါ်ရစေမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ... အဖြစ်မှန်တွေဆိုတာ အပါ ဘာကို ပြောနေတာလဲ ဟင် ... နီမာက အပါမေးတာတွေကို ပြောလို့သာပြောနေရ တာ ဘာတွေမှန်းလည်း နီမာ မသိဘူး ..."

နီမာသည် သူမကိုယ်ကို ယမင်းဟု ပြောသည့်အခါ ပြောပြီး ငယ်စဉ်က ကြောင်းပြောလျှင် ငယ်နာမည် နီမာဟု ထည့် ပြောပေသည်။

ကိုစိုးမိုးခိုင်က ယခုမှ ဖြစ်ကြောင်းကုန်စင် ဇာတ် လမ်းကြီးကို အစမှအဆုံးအထိ နေယမင်းအား ပြောပြလိုက်တော့ သည်။

"သြော် ... သြော် ... ဒီလိုလား ..."

ဟု နီမာက တိုးတိုးညင်ညင်လေး ပြန်ပြောပြီး သဘောပေါက်သွားပါတော့၏။

"ဒါဆို အပါ ငယ်ငယ်ကတည်းက သံသယဖြစ်တဲ့ နီမာ့ အပေါ် သံသယရှင်းသွားပြီပေါ့ ဟုတ်လား ..."

"လုံးဝ ရှင်းသွားပါပြီ နီမာ ... ဒါပေမဲ့ တွေးဆိုတဲ့လူနဲ့ သူ့မိ တွေကိုတော့ ကိုယ်ဆက်စုံစမ်းမယ် နီမာ ..."

"ဒါကတော့ အပ့ါသဘောပဲလေ ... နီမာ့အပေါ် သံသ ရှင်းသွားရင် ပြီးတာပဲ ..."





"နီမာ့အပေါ် သံသယလည်း သိပ်ရှင်းသွားပြီ ... ကိုယ့်ရင်ထဲ နှလုံးထဲက နီမာ့ကိုချစ်တာလည်း အတိုင်းအဆမရှိဘဲ နီမာ ဒါပေမဲ့ ..."

ဒါပေမဲ့ဟုပြောပြီး စိုးမိုးခိုင် ဆက်မပြောဘဲ ငြိမ်နေ သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ ... ဆက်ပြောလေ ..."

"သြော် ... နေယမင်းဆိုတဲ့ အမျိုးသမီးချောလေးဟာ ကိုယ် နဲ့သိပ်ခင်တဲ့ သူငယ်ချင်း ထွန်းနေလင်းရဲ့သတို့သမီးလောင်း ဖြစ်နေတာကို ကိုယ်က ထည့်တွက်မိလို့ပါ ..."

"အို ... ဘာဆိုင်လဲ ..."

နေယမင်းသည် ကောက်ကာငင်ကာပင် အို ဘာ ဆိုင်လဲဟု ပြောလိုက်သော်လည်း ငိုင်သွားပါ၏။ တွေဝေသွားပါ၏။

ထိုစဉ်မှာပင် ...

"ယမင်းရေ ... ထမင်းပွဲ အဆင်သင့်ပြင်ပြီးပြီ၊ ဒေါ်လေးစော တော့ ဒီနေ့ဥပုသ်ယူထားတယ် ... ထမင်းပွဲမှာ နှစ်ယောက် စာ အားလုံးအသင့်ပဲ ... ယမင်းတို့ဟာ ယမင်းတို့ပဲ စားကြ နော် ..."

"ဟုတ်ကဲ့ပါ ဒေါ်လေးစော ..."



www.burmeseclassic.com

www.burmeseclassic.com



နေယမင်းက စိုးမိုးခိုင်ဘက်သို့လှည့်ကာ ပြောလိုက်ပြန်သည်။

"အပ့ါ တစ်ကိုယ်လုံး ပေကျံနေတာပဲ ရေချိုးလိုက်နော် ..."

"ဟာ ... ဘယ်ဖြစ်မလဲ နီမာ ... ကိုယ့်မှာ အဝတ်အပိုမှ မပါတာ ..."

"ဟုတ်တယ်နော် ... နီမာ့အိမ်မှာ ယောကျ်ားအဝတ်အစားမှ မရှိတာ ... ဪ ... နေဦး ... နေဦး ... ဖေဖေဝတ်ခဲ့တဲ့ ဝတ်စုံတစ်မျိုးတော့ နီမာအမှတ်တရ သိမ်းထားတာရှိတယ်၊ ကွယ်လွန်သွားသူရဲ့ အဝတ်တွေမို့ အပါ မဝတ်ချင်ဘူးဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ အပါ ..."

"ရတယ် နီမာ ... နီမာ အမြတ်တနိုးအမှတ်တရထားတာကို ထုတ်ပေးတာမို့ ကိုယ်က ပိုပြီးတောင် တန်ဖိုးထားပြီး နီမာ့ကို ကျေးဇူးတင်သေးတယ် ..."

"ဒါဆို ... ထ ... ရေချိုး ... နောက်ပြီး ထမင်းလက်ဆုံစားကြမယ် အပါ ... ထမင်းစားရင်း ... ယမင်းက အပ့ါကို ယမင်းရင်ထဲမှာရှိတာတွေ ပြောပြမယ် ... ယမင်းက မိန်းမသားဖြစ်နေတာမို့ ယမင်းအပြောရခက်တဲ့စကားတွေတော့ ဖြစ်မလားဘဲ ... ဒါပေမဲ့ ... အပ့ါကိုတော့ ပြောကိုပြောမှာပဲ အပါ ..."





စိုးမိုးခိုင် ထိုင်ရာမှ ထ၊ သူ၏အင်္ကျီများကိုချွတ်ပြီး ရေချိုးခန်းဝင်ခဲ့သည်။

နေယမင်းက သူမအိပ်ခန်းရှိ ဗီရိုတစ်လုံးမှ ချည်ချောလုံချည်နှစ်ထည်ထုတ်ယူပြီး စိုးမိုးခိုင်ကို လိုက်ပေးသည်။

တစ်ထည်က ရေကပ် တစ်ထည်က အချောဝတ်ရန်ဖြစ်ပါ၏။

စိုးမိုးခိုင် ရေချိုးခန်းတံခါး ပိတ်လိုက်ပြီး ရေချိုးပေတော့သည်။ ရေချိုးခန်းလေးမှာ သန့်ရှင်းပြီး မွှေးကြိုင်နေသည်။ အိမ်သာ ကြွေအိုးမှာလည်း ဖြူဆွတ်တောက်ပြောင်သန့်ရှင်းလှပါ၏။

လုံခြုံသော ရေချိုးခန်းမို့ ချိုးနေကျအကျင့်အတိုင်း ဦးခေါင်းမှ စိတ်ကြိုက်လောင်းချိုးတော့သည်။ အသားထဲ ရေစိမ့်ဝင်သွားပြီး အေးမြသည်အထိ နာရီဝက်ခန့်ကြာအောင် ချိုးပစ်လိုက်သည်။

တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်နေသည်တွေရော ပေကျံနေသည်တွေရော ပျောက်သွားကာ လန်းဆန်းသွားပါ၏။

နေယမင်း ပြောသည့်အတိုင်း ပထမအထည်ကို ရေကပ်လုပ်ပြီး ဝတ်လိုက်သည်။

ရေချိုးခန်းတံခါးဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် မွေးပွဲမျက်နှာသုတ်ပဝါ ရင်ခွင်ပိုက်ကာ နေယမင်း စောင့်နေသည်ကို တွေ့ရသည်။

"အဲ ... လာစောင့်နေတယ် ... "

"စောင့်တာပေါ့ ... ရေချိုးတာ တကတဲ ကြာလိုက်တာ အပါ ... "

"ဟုတ်တယ် နီမာ ... ကိုယ်ရေချိုးရင် တစ်ကိုယ်လုံး စိမ့်အေးသွားတဲ့အထိ ချိုးလေ့ရှိတယ် ... အခုလို ပင်ပန်းတဲ့ အခါဆိုရင် ပိုတောင် ကြာသေးတယ် ... "

"အင်းပါ ... ရော့ ... ဒီမျက်နှာသုတ်ပဝါနဲ့ သုတ်လိုက်ဦး... တော်ကြာ အအေးမိပြီး ဖျားနာသွားမှ ဟုတ်ပေ့ဖြစ်သွားမယ် ... "

နေယမင်းပေးသော မျက်နှာသုတ်ပဝါမှာ စောစောက နေယမင်းကိုယ်တိုင် ရေချိုးခန်းမှအထွက် လွှမ်းခြုံထားသော မွေးပွဲမျက်နှာသုတ်ပဝါပင် ဖြစ်နေပါ၏။

စိုးမိုးခိုင်က လိုလိုလားလားပင် မျက်နှာသုတ်ပဝါကို ယူရှာ ရေမသုတ်သေးမီ လုံးထွေးပြီး မျက်နှာသုတ်ပဝါအား နှာဝတွင် ကပ်ကာ တအားရှူလိုက်သည်။

"ဒါက ဘာဖြစ်တာလဲ ... "

"မျက်နှာသုတ်ပဝါကို နမ်းတာလေ ... "





"ကြည့် ... ဘာမှန်းမသိဘူး ... ယမင်းက အအေးမိမှာစိုးလို့ မြန်မြန် ကိုယ်ပေါ်ကရေတွေကိုသုတ်ဖို့ ပေးတာ မျက်နှာသုတ်ပဝါကို နမ်းဖို့ပေးတာ မဟုတ်ဘူး ... "

"ဘယ်ဟုတ်မလဲ ယမင်း ... ဒီမျက်နှာသုတ်ပဝါဟာ ခုနကပဲ ယမင်း ရေချိုးခန်းက ခြုံထွက်လာတဲ့ မျက်နှာသုတ်ပဝါပဲ၊ ဒီမျက်နှာသုတ်ပဝါထဲမှာ ယမင်းရဲ့ ကိုယ်သင်းနံ့လေးတွေရှိမယ်ဆိုပြီး နမ်းကြည့်တာ ... "

"ကြည့် ... ဘာတွေမှန်းလည်း မသိဘူး ... အပါ ပြောတာတွေ နီမာရှက်တယ် အပါ ... "

"ကိုယ်က နီမာ့အတွက် ရှက်ရမဲ့သူမှ မဟုတ်တော့တာပဲ နီမာ ... "

"ကဲပါ ... ယမင်းအခန်းထဲလာ မှန်တင်ခုံပေါ်မှာ ဖွပ်ကျယ်တင်ထားတယ် ... ပုဆိုးသစ်တစ်ထည်လည်း ထပ်တင်ထားတယ် ... ဘော်ဒီပေါင်ဒါလည်း ရှိတယ် ... ခေါင်းလိမ်းဆီတော့ မရှိဘူး ... ယောကျ်ားသုံး ခေါင်းလိမ်းဆီကို ပြောတာ၊ ယမင်းက အုန်းဆီစစ်စစ်ကိုပဲ ခေါင်းပွတ်တယ် ... အပါ... အုန်းဆီပွတ်ချင်တော့ ပွတ်ပေါ့ ... အပါ ခေါင်းလောင်းရေချိုးထားတော့ ... ဆံပင်ခြောက်ရင် အုန်းဆီလေးပွတ်လိုက်တော့ ... ပိုပြီး ဆံပင်တွေ ပျော့ပျောင်းသွားတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အပါ ... အဝတ်လဲပြီးရင် ထမင်းစားခန်းကို လာခဲ့နော် ... ယမင်းစောင့်နေမယ် ... ”

နေယမင်းသည် ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းသော မိန်းကလေးဖြစ်ပါ၏။ သူမ၏ အိပ်ခန်းထဲသို့ အဝါဝင်စေသော်လည်း သူမကိုပ်တိုင်ကတော့ လိုက်မလာပေ။

စောစောက ယမင်းရေချိုးခန်းမှ မျက်နှာသုတ်ပဝါခြုံ ထဘီရင်လျားနှင့် ထွက်လာစဉ်က ဖြန်းခနဲ အပါမှန်းသိလိုက်သဖြင့် နှလုံးသားပေါက်ကွဲမှုကြောင့် မထိန်းမသိမ်းနိုင်ဘဲ ဖက်လဲတကင်းဖြစ်သွားစေကာမှု ယခုမှာတော့ သူမကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိသွားပေပြီ။

ပရုတ်နံ့သင်းသော စွပ်ကျယ်နှင့် ချည်ချောလုံချည်ခြောက်သွေ့သွေ့ကို စိုးမိုးခိုင် ဝတ်သည်။ ချိုင်းကြား ကျောပြင် ရင်ဘတ်တို့တွင် ဘော်ဒီပေါင်ဒါလိမ်းသည်။

မျက်နှာသုတ်ပဝါဖြင့် အုံကောင်းနက်မှောင် လှိုင်းထနေသောဆံပင်ကို သွေ့ခြောက်သည်အထိ ပွတ်သုတ်ပြီး မှန်တင်ခုံပေါ်တွင် တွေ့သည်။ အုန်းဆီသန့်သန့်လေးကို ဦးခေါင်းဆံပင်တွင် ပွတ်သပ်သည်။

စိုးမိုးခိုင် ပင်ကိုယ်ရုပ်အတိုင်း ကြည့်ကောင်းသွားသည်။





နီမာစောင့်နေသော ထမင်းစားခန်းသို့ စိုးမိုးခိုင် လာခဲ့သည်။

“လာ ... အပါ ... ထိုင် ... ဟို ရွှေစင့်မွှေးနေ့ပါတီပွဲမှာတုန်းက စားသလို ... အားရပါးရစားနော် ... အပါ အစားပုပ်မှန်း ယမင်း သိသွားပြီပဲဟာ ... အားရပါးရ စားမှ ယမင်းကျေနပ်မှာနော် ... ”

နှစ်ဦးသား ထမင်းစားပွဲတွင် အတူစားကြသည်။

ဒေါ်ခလေးဘော၏ ဟင်းလျာလက်ရာသည်။ စားချင့်စဖွယ်ရှိလှပါ၏။

ဝက်သားသုံးထပ်သားကို ဆီရောင်ဝါဝါလေးသမ်းကာ ပြုတ်ကြော် လုပ်ထားသည်။ ငါးခူငါးပိကောင်ကို အတုံးလေးတွေလုပ်ကာ ငရုတ်သီးခြောက်တောင်းနှင့် ဆီရွှဲရွှဲလေးကြော်ထားသည်။ ဘူးရွက်နုနုတွေကို ပုဇွန်ခြောက်နိုင်နိုင်ထည့်ကာ ငရုတ်ကောင်းမှုန့်လေးထည့်ထားသည်။ တို့စရာမှာ ရောက်ရွက်နုနုလေးတွေဖြစ်သည်။ ငါးပိရည်ဖျော်ထဲတွင် ကျင်း၊ ကြက်သွန်ဖြူ မီးဖုတ်၊ ငရုတ်သီးစိမ်းတောင်း၊ ပုဇွန်ခြောက်မှုန့်ထည့်သဖြင့် ရနံ့သင်းနေသည်။

မြန်မာထမင်းဝိုင်း စစ်စစ်ပါပေ။

“ဟဲ ... ကိုယ် စားပြီနော် ယမင်း ... အခု ယမင်းကျွေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲဟာ ... ငှက်ကြီးနဲ့မြေခွေး ထမင်းကျွေးပွဲမှ မဟုတ်တာ ... ကိုယ် အားရပါးရ စားတော့မယ် ... နေ့တိုင်း တရုတ်စာ ကုလားစာတွေ ဆိုင်မှာဝယ်စားရတာ ငြီးငွေ့နေတာ ... အခု မြန်မာစစ်စစ် ထမင်းဟင်းမျိုးကတော့ စိုးမိုးခိုင်စားပြီ ... ယမင်း ... အော် ... ဒါထက် ထမင်းလောက်ပဲ့မလား နီမာ ...”

“ဟိုမှာကြည့်လေ ... အပါရေချိုးနေတုန်း ... ယမင်း ထမင်းအိုး နှိုဆီဘူးနှစ်လုံး ထပ်ချက်ထားတယ် ... စိတ်ချ အပါ အဝစား ...”

အလိုက်သိလွန်းသော နီမာလေး ယမင်းလေးကို စိုးမိုးခိုင် အချစ်တွေ ပိုသည်ထက် ထပ်ဆင့်ဒရယော စီးဆင်းရပြန်သည်။

စိုးမိုးခိုင် အားရပါးရ စတင်စားပေတော့သည်။ ဆာနေပြီလည်း ဖြစ်ပါ၏။ ကဝမှာကတည်းက ဘာမှ မစားမသောက်ရသေး။

နေယမင်းက အတူစားကြပါသည်ဆိုသော်လည်း စိုးမိုးခိုင် ပန်းကန်ထဲသို့ ဝက်သားဟင်း ကိုယ်တိုင်ထည့်ပေး၊ ရှောက်ရွက်တို့စရာကို အလုံးလေးဖြင့်အောင်လုံးပြီး ငပိရည်ဖျော်တွင် မြှုပ်





ကာ၊ ဇွန်းနှင့် ပြန်ခပ်ထည့်ပေး၊ ငါးရှဉ့်ပိုင်ရုတ်သီးကြော်ကို ထည့်ပေးနှင့် အလုပ်ရှုပ်ပြီး ထည့်ပေးလိုက်၊ စားလိုက်ဖြစ်နေပေသည်။

“စားလေ နီမာ ... ကိုယ့်အထဲကိုချည်း ထည့်ပေးနေတာ၊ နီမာလည်း အားရပါးရစားစမ်းပါ ... ပြီးတော့ ... ပြောစရာရှိတယ်ဆိုတာလည်း ဆက်ပြောတော့လေ ... ကိုယ် နားထောင်ချင်လှပြီ နီမာ ...”

“ဪ ... အဲဒါလား ...”

နီမာယမင်းက ထမင်းဆက်စားသည်။ စကားကို ဆက်မပြောသေးဘဲ ဪ ဒါလားဟု တစ်ခွန်းပြောပြီး ရပ်နေသည်။

“ဆက်ပြောလေ ... နီမာ”

“ပြောပါ့မယ် အပါ ... ယမင်းက မိန်းမသားဖြစ်နေတော့၊ ပြောရမှာ ခက် ခက်ခက်ပဲ ... ရှက်လည်းရှက်တယ် ... ဒါပေမဲ့ ... အပါ့ကိုတော့ ယမင်းပြောမှာပါ ... မရှက်တော့ပါဘူး ... ပြောရမဲ့ အဓိကအကြောင်းက ကိုထွန်းနေလင်းနဲ့ ယမင်းတို့ရဲ့ကိစ္စပါ ...”

စိုးမိုးခိုင် တတိယမြောက် ထမင်းထပ်ထည့်ရာမှ ရွှန့်သွားပါ၏။

ဆုတ်ဆိုင်းသွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းထပ်ထည့်တာ ဆက်ထည့်ပါ အပါ ... ယမင်း ပြော မဲ့စကားက အပါ ဝမ်းသာမဲ့စကားဖြစ်မှာပါ ... "

စိုးမိုးနိုင် ထပ်ထည့်သည်။ ထပ်စားသည်။

ယမင်းက ဆက်ပြောသည်။

"ကိုထွန်းနေလင်းဟာ လူတော်လူကောင်းတစ်ယောက်ပါ။ ယမင်းကိုလည်း သူ တကယ်စုံမက်ပုံရပါတယ် ... မေတ္တာလည်းရှိပုံပါပဲ ... လက်ထပ်ဖို့အထိလည်း ရည်ရွယ်ထားပုံပဲ အပါ ... "

"ပုံရတယ် ... ပုံပါပဲတွေ မဟုတ်ဘူးနိမာ ... ထွန်းနေလင်းက ယမင်းကို ... သူ မေတ္တာရှိတဲ့အကြောင်း ချစ်ခင်တဲ့အကြောင်း လက်ထပ်ချင်တဲ့အကြောင်းတွေအားလုံး ဖွင့်ပြောပြီးသားဖြစ်နေပြီ မဟုတ်လား နိမာ ... "

"ဟုတ်တယ် အပါ ... အဲဒီလိုပဲ ကိုထွန်းနေလင်းက နိမာ့ကို ဖွင့်ပြောပြီးသားပါ ... "

"အဲဒီတော့ ဆက်ပြောလေ ... "

"ယောကျ်ားသားတစ်ဦးက ဒီလိုတွေဖွင့်ပြောတိုင်း နိမာက လွယ်လွယ်နဲ့ လက်ခံမတဲ့လား အပါ ... အဲဒီလို ဖွင့်ပြောလာတဲ့ ယောကျ်ားသားကို နိမာက သေချာအကဲခတ်မှာပေါ့ ဒါကြောင့် ကိုထွန်းနေလင်းအနေနဲ့ ယမင်းကို ခင်မင်ပုံရ





တယ် ... မေတ္တာရှိပုံရတယ် ... လက်ထပ်ချင်ပုံပဲဆိုတဲ့ အဆင့်အထိသာ ယမင်းပြောရမှာပေါ့ ... သူက ဘယ်လောက်ဖွင့်ပြောပြော နိမာအတွက်တော့ 'ပုံရတယ်'ဆိုတဲ့ အကဲခတ်အဆင့်မှာပဲ ရှိသေးတယ် ... "

"ယမင်း ဘာကိုဆိုလိုတာလဲဟင် ... "

"နိမာပြောတာ ရှင်းနေတာပဲ ... အပါ ကိုထွန်းနေလင်းကို အဘက်ဘက်ကအကဲခတ်ပြီး သူဟာ ယမင်းရဲ့အိမ်ထောင်ဘက်အဖြစ်နဲ့ဆိုရင် မဆိုးပါဘူးဆိုတာလောက်သာ ယမင်းစိတ်ထဲမှာ ထားရှိသေးတယ် ... "

"ဟုတ်တယ် ... ဒီကောင်ထွန်းနေလင်း မဆိုးဘူး ... စိတ်သဘောထားကောင်းတယ် ... ပစ္စည်းဥစ္စာရှာဖွေရေးမှာ ထက်မြက်တယ် ... ကြံရည်ဖန်ရည်နဲ့ လုပ်ရည်ကိုင်ရည် တော်တယ် ... နဂိုကတည်းကလည်း ချမ်းသာတဲ့မိဘက ဆင်းသက်လာတယ် ... တက္ကသိုလ်ကလည်းဘွဲ့ရပြီးသား၊ ယမင်း ဒီကောင်ကို လက်ထပ်ရင် ယမင်းအတွက် ဆင်စီးမြင်းရံပဲပေါ့ နိမာ ... "

"တော်စမ်း ... အပါ ... "

"ဘာလို့တော်ရမှာလဲ နိမာ ... "

"တော်သင့်လို့ တော်ခိုင်းတာပဲအပါ ... ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တွေစီးစီး … မြင်းတွေရှံရှံ နီမာက ကိုထွန်းနေလင်းကို ရင်ထဲက ချစ်မှ မချစ်တာ … ”

“မေးစမ်းပါရစေ နီမာ … တကယ်လို့သာ အပါဆိုတဲ့ကောင် ဘွားခနဲ ပြန်ပေါ်ပေါက်မလာရင် နီမာဟာ … အဆိုတော် နေယမင်း ဗိသုကာ နေယမင်းအနေနဲ့ ထွန်းနေလင်းကို တစ်နေ့မဟုတ် တစ်နေ့မှာ လက်ထပ်မှာပဲ မဟုတ်လား”

“မသိဘူး … အဲဒါကို နီမာ မသိဘူး … နေယမင်းအနေနဲ့ ကိုထွန်းနေလင်းရဲ့ တောင်းဆိုမှုကို ချီတယ်လည်း ကတိ မပေးသေးဘူး … ခါးတယ်လို့လည်း မပြောသေးဘူး … အဲဒီအချိန်မှာ အပါနဲ့ပြန်တွေ့ဆုံရတာ … အပါနဲ့တွေ့ပြီးတဲ့ နောက် … ယမင်းခေါင်းထဲမှာရော … ရင်ထဲမှာရော ကိုထွန်းနေလင်းရဲ့အကြောင်းတွေ ကိစ္စတွေ ခေါင်းကဲ့မှာ ဘာမှ မရှိတော့ဘူး … ခက်လိုက်တာ အပါရယ် … နီမာ ဘယ်လို ပြောရမယ်မှန်းမသိတော့ဘူး … နဂိုကတည်းက ကိုထွန်းနေလင်းကိစ္စကို ခေါင်းထဲက … ဦးနှောက်နဲ့သာ စဉ်းစားခဲ့တာ … ရင်ထဲက နှလုံးသားက ဘာမှ အလုပ် မလုပ်ပေဘူး … ကဲ … အပါ … နီမာ မိန်းကလေးတစ် ယောက်အနေနဲ့ ဒီလောက်ပြောတာတောင် လွန်လှပြီ … ကဲ … အပါ … ကိုထွန်းနေလင်းအကြောင်း ဆက်ပြောမယ်





ဆိုရင်တော့ ပြန်ပါတော့ … နောက်ထပ်လည်း မလာနဲ့ တော့ပေါ့ … အဲဒါပဲ နီမာပြောတတ်တော့တယ် … ဒီအရွယ် နဲ့ ဒီအခြေအနေထိ နီမာ ဘယ်သူ့ကိုမှ လက်မထပ်သေးတာ ဟာ … အပ့ါကို တစ်နေ့နေ့မှာ ပြန်တွေ့မှာပဲဆိုတဲ့ မျှော် လင့်ချက်နဲ့ပဲ … နို့မို့ရင် … တက္ကသိုလ်ဘွဲ့ရပြီးကတည်းက စိတ်ကြိုက်ရွေးပြီး လက်ထပ်မှာပေါ့ … ”

နီမာပြောလည်း ပြောသည်။ မိန်းမသားတန်မဲ့ နှင့် ကို ငါချစ်လွန်းလို့ လင်မယူဘဲ စောင့်မျှော်နေတာဟု ပြောရသည်မှာ ညည်မှုအပြောရခက်ကြောင်းကိုလည်း စိုးမိုးခိုင် သေချာနားထောင် ပြီး သေချာသဘောပေါက်ရပါ၏။ ဒီလိုပြောရသည့်အတွက် အရှက် ကြီး၊ ဝမ်းနည်းမျက်ရည်ကျသည်ပဲ ဖြစ်မည်။

အစားပုပ်ကြီး ဆက်မစားနိုင်ပါလေတော့။

ထွန်းနေလင်းကိစ္စ မိမိခေါင်းထဲတွင် ရှိနေသေးစေ ဘာမှ ဆက်မပြောတော့ဘဲ လောလောဆည်တွင် ချစ်လှစွာသော နီမာ ငိုယိုမျက်ရည်ကျနေခြင်းကို မမြင်ရက်နိုင်တော့ပေ။

လက်ဆေးသည်။ လက်သုတ်ပဝါနှင့် သုတ်သည်။ အနီးကပ်ထိုင်နေသည့် နီမာကို ဒုတိယအကြိမ် ပွေ့ပိုက်လိုက်သည်။ ချစ်ပတ်လိုက်သည်။ ပါးချင်းကပ်ထားလိုက်သည်။

“မျက်ရည်မကျပါနဲ့တော့ နီမာ … ကိုယ်ကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးနှစ်လုံးလုံး ဘယ်မိန်းကလေးတစ်ယောက်ကလေး ကိုမှ မချစ်ဘဲ တစ်နေ့နေ့ကျရင် နီမာနဲ့ ပြန်တွေ့ရမှာဆိုတဲ့ မျှော်လင့်ချက်ကြီးစွာနဲ့ ဒီအရွယ်ထိ ရောက်လာတာ၊ နီမာ့ ကို ရင်ထဲက အပြည့်အသိပ်ချစ်ခဲ့တာပါ … နေယမင်းဆိုတဲ့ မိန်းကလေးဟာ … ကိုယ့်ငယ်ချစ် နီမာမှန်းသိလိုက်တာနဲ့ တစ်ပြိုင်နက် အဝတ်တောင်ပြန်မလဲနိုင်ဘဲ နီမာရှိတဲ့ ဒီတို့ ဒုန်းစိုင်းမောင်းလာခဲ့တာကိုပဲ နီမာ တွက်ကြည့်ပါ … ”

“တန်းပြေး ဒုန်းစိုင်းပြီးမောင်းလာမှာပေါ့ … နီမာရဲ့ဖေဖေ က အပါရဲ့မိဘတွေကို ဘယ်သူတွေလို့ ထင်တာကြောင့် မဟုတ်လား အပါ … ”

“အဲဒါကို ကိုယ်မငြင်းပါဘူး နီမာ … ဒါပေမဲ့ … အဲဒါက တခြား နီမာ့ကို ကိုယ့်ရင်ထဲက ချစ်နေခဲ့တာက တခြားပါ ဒါကြောင့်လည်း ငယ်ငယ်က ဖုန်းဆိုးတောထဲမှာ တူတူပုန်း တန်းကစားကြတုန်းက … နီမာဆိုခဲ့တဲ့ အပါရှာပုံတော် ဆိုသံနဲ့ စကားလုံးတွေကိုလည်းကြားရော … ကိုယ် မထိန်း နိုင် မသိမ်းနိုင်ဘဲ … ရေချိုးခန်းကို ပြေးကပ်လာတာပေါ့ ချစ်တယ် နီမာ … ကိုယ် နီမာ့ကို ရင်တစ်နင့်ချစ်ခဲ့တာပါ ဒါကြောင့် ကိုယ်မန္တလေးမှာကြီးပြင်း အရွယ်ရောက်ခဲ့တဲ့ အထိ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ချစ်လို့မရခဲ့တာ





ပါ … မန္တလေးမှာ ဦးလေးဟန်စိန်နဲ့ ဆွေမျိုးအသိုင်းအဝိုင်း တွေက သူတို့သဘောကျတဲ့ အမျိုးသမီးတွေနဲ့တစ်ယောက် ပြီးတစ်ယောက် နားချတိုက်တွန်းပေမဲ့ … ကိုယ်လက်မခံ ဘူး … ငြင်းတယ် … နီမာ့ကို ရှာကြည့်ဦးမယ်ဆိုတဲ့ ဆန္ဒက ပဲ … ကိုယ့်ကို လွှမ်းမိုးထားတယ် နီမာ … နီမာကမှ တွန်း နေလင်းကို ဦးနှောက်နဲ့ စဉ်းစားသေးတယ် … ကိုယ်က ဘာဆိုဘာမှ ဘယ်မိန်းကလေးကိုမှ ဦးနှောက်နဲ့တောင် မစဉ်းစားတဲ့လူပါ … အဲဒါ နီမာ့ကို ချစ်လွန်းတဲ့ စိတ်ကြောင့် ပါ နီမာ … ”

“ဒီလိုတော့ မပြောပါနဲ့ အပါ … ”

နီမာက လက်ဆေးသည်။ လက်သုတ်သည်။ စားပွဲ ကုလားထိုင်မှာပင် စိုးမိုးခိုင်နှင့် မျက်နှာချင်းဆိုင် ဖြစ်အောင် လှည့် ထိုင်လိုက်သည်။

စိုးမိုးခိုင်က နေယမင်း၏မျက်နှာလေးကို ငေးကြည့် ကြည့်နေပါ၏။

“ယမင်းက မိန်းမသားပါအပါ … အရွယ်ရောက်လာတာနဲ့ ယောကျ်ားသားတွေတာ ချစ်ပါရစေ… ကြိုက်ပါရစေ တောင်း ခံမှုကို ခံရစမြဲပါ … ရုပ်ချောလေလေ … တောင်းခံတဲ့ ယောကျ်ားသားတွေ ပိုများလေပါပဲနော် အပါ … ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ သိပ်သေချာတာပေ့ါ ..."

"အဲဒီလို အများကြီးထဲမှာ ကိုထွန်းနေလင်းဟာ ပါဝင်သူတစ်ဦးပါ ... ဥပမာ ပြောရရင် ဝတ်ရည်ပိုချိုလေ ပျားပိတုန်းပိုဝဲလေပေ့ါ ... ဒါပေမဲ့ အရေးကြီးတာက မိန်းမသားဘက်ကစဉ်းစားတတ်ဖို့ပါ ... နှလုံးသားရှိတတ်ဖို့ပါ ... လာပြောတာနဲ့ ချက်ချင်းလက်ခံတာဆိုရင်တော့ အဲဒီမိန်းကလေးကိုအပြစ်တင်ပေ့ါ ... မှတ်ထားပါ အပါ ... နီမာ အခု နေယမင်းဖြစ်လာတဲ့အထိ ဘယ်ယောကျ်ားလေးတစ်ယောက်ကိုမှအင်းမခံခဲ့ဘူး ... ဘယ်ယောကျ်ားသားကိုမှ ဦးနှောက်နဲ့လည်း မစဉ်းစားဘူး ... နှလုံးသားထဲမှာလည်း နေရာပေးစရာမရှိခဲ့ဘူး ... ဘယ်ယောကျ်ားလေးမှ ယမင်းလက်ကိုတောင် အကိုင်မခံခဲ့ဘူး ... နေထိုင်မကောင်းရင်တောင်အမျိုးသမီးဆရာဝန်နဲ့ပဲ ကုသတယ် ... အဲဒီလောက်အထိယမင်း စောင့်ထိန်းခဲ့တယ် ... အဲ ... အပါနဲ့တွေ့ပြီး အပါကိုအပါမှန်းသိလိုက်မှ ယမင်းရဲ့နှလုံးသားဟာ ရုတ်တရက်ကြီးပေါက်ကွဲသွားတာမို့ အပါရဲ့ အပွေ့အပိုက်တွေကို လိုက်လျောလာမိတာပါ ... ဒါကို ယမင်းဟာ အညှာလွယ်လိုက်တာလို့ ထင်ပြီး ... ကိုထွန်းနေလင်းနဲ့ သံသယစိတ်မျိုးအပါဦးနှောက်နဲ့နှလုံးသားမှာ သံသယမဝင်လိုက်ပါနဲ့ ... ရှင်း





သမှ သိပ်ရှင်း ... ကင်းသမှ သိပ်ကင်းပါ အပါ ..."

"ဟုတ်ပါပြီ ယမင်းရယ် ... ကိုယ်ယမင်းကို သိပ်ယုံပါတယ်၊ ကိုယ်နဲ့ ယမင်းဟာ အပါနဲ့ နီမာ့အခါကတည်းက တစ်ယောက်အပေါ်တစ်ယောက် ... နှလုံးသားကိုယ်စီမှာ မှတ်တိုင် စိုက်ခဲ့တာ မဟုတ်လား ... ကိုယ် ယမင်းကို အရမ်းချစ်တာပါ ... တစ်ခုပဲ ကိုယ်စဉ်းစားတာပါ ... ထွန်းနေလင်းကိုကိုယ် ဘယ်လိုရှင်းပြရမယ်ဆိုတာကိုပါပဲ ... ယမင်းက သူ့ကိုလက်မခံသေးပေမဲ့ ... သူက ယမင်းကို မျှော်လင့်ထားတဲ့လူမဟုတ်လား ... ကိုယ် သိပ်ခင်တဲ့သူငယ်ချင်းအပေါ်မှာသစ္စာဖောက်ရာ ရောက်လေမလား ... သူ့စိတ်ထဲမှာ ကိုယ်ဟာ သူငယ်ချင်းအပေါ် သစ္စာမရှိတဲ့ကောင်လို့ ထင်လေမလားလို့ပါ ယမင်း ..."

"ဒီမယ် အပါ ... သစ္စာဖောက်တယ်ဆိုတာက သစ္စာပြုပြီးသား အတွဲကို ကိုယ်က ကြားဖြတ်သွေးဆောင်ဖြားယောင်းလုယူတာမှ သစ္စာဖောက်တာလို့ ပြောလို့ရမှာ ... အခု နီမာနဲ့ ကိုထွန်းနေလင်းမှာ ဘာသစ္စာပြုထားတာမှ မရှိတာ ... နီမာက သူ့ကို ချစ်တယ်လို့လည်း မပြော ... လက်ထပ်ပါ့မယ်လို့လည်း မပြောသေးတဲ့ဥစ္စာ ... ဒီလောက်ထိ မိန်းမသားဖြစ်တဲ့ နီမာက ပြောရတာ ရှက်လာပြီ အပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သဘောပေါက်ပါတယ် ... ယမင်း မရှက်ပါနဲ့ ... ကိုယ်တို့နှစ်ယောက်ဟာ ငယ်စဉ်ကအရှိန်နဲ့ ရုတ်တရက် ပေါက်ကွဲကြတာပဲ ... နီမာ မရှက်နဲ့တော့နော် ... "

စိုးမိုးခိုင်သည် ပြောရင်း နီမာကို ကျစ်ကျစ်ပါအောင် ပွေ့ပိုက်ပြန်သည်။

ဒီတစ်ခါတော့ နီမာက ရှိန်းဖယ်လိုက်သည်။

"ဟင့်အင်း ... အပါ စောစောကပဲ နီမာတို့ပေါက်ကွဲကြပြီးပြီ မဟုတ်လား ... အခု အပါကလည်း နီမာ့ကိုချစ်တယ်၊ နီမာကလည်း အပါ့ကို ချစ်တယ်ဆိုတာ နှုတ်ကလည်း အသီးသီး ဖွင့်ပြီးကြပြီ ... ချစ်ကြမှန်းသေချာတဲ့ ကိုယ်အမူအရာတွေရော ပြည့်စုံသွားပြီလေ ... ဒီတော့ အပါရယ် ... ရှေ့ဆက်ပြီး အပါနဲ့နီမာရဲ့ ရှေ့ရေးကို ဘာတွေဆက်လုပ်ကြမယ်ဆိုတာကိုပဲ ဆွေးနွေးကြစို့လား ... နောက်ပြီး နီမာရဲ့ ခံယူချက်က ကိုယ့်ရင်ထဲက ချစ်သူကိုပဲဖြစ်ဖြစ် ... လက်မထပ်ခင်မှာ နှလုံးသားခြင်းသာ ချစ်မယ် ... လက်ထပ်တဲ့ နေ့ကျမှ နီမာရဲ့သန့်စင်တဲ့ အပျိုဘဝကို စွန့်လွှတ်မယ်လို့ ခံယူထားတယ်အပါ ... "

"သိပ်မှန်တဲ့ခံယူချက်ပါ နီမာ ... ကိုယ်လည်း လူရမ်းကားမဟုတ်ပါဘူး ... ဒါပေမဲ့ ချစ်ကြပြီဆိုတော့လည်း တိရစ္ဆာန်





တွေမှာတောင် သွားနဲ့နှာအောင် ကိုက်တာမဟုတ်ဘဲ၊ ငှက်ကလေးတွေ တစ်ကောင်နဲ့တစ်ကောင် လက်နဲ့ပုတ်တာမျိုးလေးတွေ ရှိတတ်သေးတာ ... ကိုယ် နီမာ့ကို တွေ့တာနဲ့ ငယ်ကချစ်တဲ့ အရှိန်နဲ့ ပွေ့မိပိုက်မိတာပါ ... သိပ်တွေ့ချင်နေတဲ့သူကို မမျှော်လင့်ဘဲ ဖြုန်းခနဲတွေ့လို့ ဖက်လည်းတကင်းဖြစ်သွားတာမျိုးပါ ... ကိုယ့်မှာလည်း ယမင်းနဲ့ တူညီတဲ့ခံစားချက် ရှိပြီးသားပါ ... လက်ထပ်တဲ့နေ့ကျမှ ကိုယ့်ရဲ့ လူပျိုဘဝကို စွန့်မယ်လို့လေ ... "

"ကဲ ... ဒါဆို ထမင်းဆက်စားဦး ... အပါ ထမင်းတစ်ပန်းကန်ပဲ ကုန်သေးတာ ... "

"တော်ပြီ ယမင်း ... "

"ဘာလို့တော်ရမှာလဲ ... အပါ သိပ်စားနိုင်မှန်း အစားပုပ်မှန်း ရွှေစင်ရဲ့ပါတီပွဲမှာထဲက နီမာ မြင်ခဲ့သိခဲ့ပြီးသား ... "

"ကိုယ်ပြောမယ် ယမင်း ... လူတွေဟာ နှလုံးသားက ချစ်လာပြီဆိုရင် ရင်ခုန်တတ်ကြစမြဲ ... ရင်ခုန်နှုန်း ပိုမြန်လာတယ် ... အဲဒီအခါမျိုးမှာ ခါတိုင်းလို အစားအသောက်မှာ မစားနိုင် မသောက်နိုင်လေးတွေ ဖြစ်တတ်ကြတယ်လေ ... ခြုံပြောရရင် သိပ်ဝမ်းသာတဲ့သူဖြစ်ဖြစ် ... သိပ်ဝမ်းနည်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူပဲဖြစ်ဖြစ် … အစားအသောက်ပျက်သွားတာကို ဆိုလိုတာပါ … ”

“ဒါဆို … အခု အပါ ဝမ်းနည်းသွားလို့ဖြစ်မှာပေါ့နော် … ”

“ဟော … ကြည့် ယမင်းက ပြောင်းပြန်ပြောတယ် … သိပ်ဝမ်းသာတာ နီမာရေ … သိပ်ဝမ်းသာတာ သိလား”

ပြောပြောဆိုဆို ထိန်းသိမ်းပါသည်ဆိုသည့်ကြားကပင် ယမင်းကို စိုးမိုးခိုင် ပွေ့ပိုက်မိပြန်သည်။ ဒီတစ်ခါတော့ ပါးချင်းကပ်ထားတာထက်ကျော်လွန်ပြီး ယမင်းပါးပြင်းနုနုဖွေးဖွေးဝင်းဝင်းပပလေးကို မွှေးလိုက်မိတော့သည်။

“ဟွန်း … တော်ပါတော့ အပါရာ … ဆိတ်ကွယ်ရာအရပ်မှာ ဖိုနဲ့မချစ်သူနှစ်ဦး ကြာကြာမနေအပ်ဘူး … ”

“နေရင်ကော … ဘာဖြစ်မှာစိုးလို့လဲ ယမင်း … ”

“ကဲပါ … သွားစမ်းပါ … အိမ်ရှေ့ညှော်ခန်းမှာပဲ သွားထိုင်စောင့်နေပါ … ယမင်းလိုက်လာခဲ့ပါ့မယ် … ထမင်းပွဲသိမ်းချင်လို့ … ”

ဒီတစ်ခါတော့ ယမင်းက သူမ၏လက်ဝါးလေးနှစ်ဖက်ဖြင့် စိုးမိုးခိုင်ကို တကယ်တွန်းထုတ်လိုက်သည်။

စိုးမိုးခိုင်ကလည်း … ချစ်သူဘဝတွင် ဤအဆင့်လောက်ပင် တော်သင့်ပြီဟု ဆုံးဖြတ်ပြီး ထမင်းစားခန်းမှ ညှော်ခန်း





သို့ ကျေနပ်စွာပင် ထွက်လာခဲ့ပါ၏။ ဆက်တီပေါ်တွင် ထိုင်ရင်း ယမင်းအလာကို စောင့်နေသည်။

ဒေါ်လေးစောက ဥပုသ်နှင့်ဆိုသော်လည်း စိုးမိုးခိုင် ထမင်းစားခန်းမှ ထွက်သွားသည်နှင့် ဝင်ရောက်လာပြီး ထမင်းပွဲကို သိမ်းဆည်းကာ နေယမင်းကို ညှော်ခန်းသို့သွားရန် ဖွတ် နှင်ထုတ်သည်။

“သွား … ညှော်ခန်းကိုသွား ယမင်း … ဒေါ်လေးစောက အပျိုကြီးဖြစ်ပေမဲ့ … ဥပုသ်ယူထားပေမဲ့ … ငယ်ရာကကြီးလာသူပဲ … သွား ယမင်း … အခုအချိန်မှာ ယမင်းအဖို့အချိန်ဟာ တစ်စက္ကန့် တစ်မိနစ်ဖြစ်ပါစေ … တန်ဖိုးရှိနေတယ် … ဒီအလုပ်တွေက ဒေါ်လေးစောလုပ်နေကျ အလုပ်တွေပါ … ဥပုသ်ဆိုတာကလည်း တစ်လမှ ဆန်းရှစ်ရက်ဆုတ်ရှစ်ရက်နဲ့ လပြည့်လကွယ် လေးရက်ထဲစောင့်ရတာပါ၊ ဒေါ်လေးစောမှာ အပန်းမကြီးပါဘူးကွယ် … ကဲ … သွားသွား ညှော်ခန်းကိုသွား … ”

နေယမင်း ညှော်ခန်းသို့ထွက်လာခဲ့ပါ၏။

“အပါ … ပျင်းနေပြီလား … ”

“ထုံးစံမှ မရှိတာဘဲ ယမင်း … ”

“ဘာထုံးစံမရှိတာလဲ အပါ … နီမာမေးကာက အပါတင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ထိုင်စောင့်နေရတာ ပျင်းသွားသလားလို့ မေးတာ ...”

“အဲဒါကိုပဲ ပြောတာပေါ့ ယမင်း ... ချစ်သူအလာကို ထိုင်စောင့်ရတာ ဘယ်မှာပျင်းတယ်ဆိုတာ ရှိပါ့မလဲလို့ ပြောတာ ...”

နေယမင်း ... ကျေနပ်စွာ ပါးချိုင့်လေးခွက်အောင် ရယ်လိုက်ပါ၏။

“အပါက စစ်ဗိုလ်ဆိုပေမဲ့ ... စိတ်ပိုင်းဆိုင်ရာ ဘာသာရပ်ကိုလည်း တော်တော်လိုက်စားထားပုံပဲ ...”

“အဲဒါ ... ယမင်းက ဘာလိုရည်ညွှန်းပြီး ပြောတာလဲ ...”

နေယမင်းက အနီးကပ်ဆက်တီတွင် မထိုင်ဘဲ ... မျက်နှာချင်းဆိုင် ဆက်တီတွင် ဝင်ထိုင်လိုက်သည်။

“ဩော် ... အပါက စကားတစ်ခွန်းပြောတိုင်း တစ်ဘက်သား ကြည်နူးသွားအောင် ပြောတတ်လို့ပါ ... အပါ ဘာပြောလိုက် ပြောလိုက် ယမင်းရင်ထဲမှာ ကျေနပ်ကြည်နူးသွားလို့ပါ ...”

“ရင်ထဲက နှလုံးထဲက ထွက်လာတဲ့အတိုင်း ချစ်သူကိုပြောရင် ... ချစ်သူက ကျေနပ်ကြည်နူးစမြဲပေါ့ ယမင်း ... ချစ်တာကို အရင်းခံပြီး နှုတ်ကထွက်သွားတာကိုး ... ကဲပါ





ယမင်းရာ ကိုယ်တို့နှစ်ယောက်အချစ်က သိကြားမင်းနကင်းကြီးကိုင်ပြီး ... လာတားတောင် မပျက်နိုင်တဲ့ ချစ်သူတွေဖြစ်သွားပြီပဲ ... အဲဒီတော့ ရှေ့ရေးကို ဘာတွေ ဆက်လုပ်ကြမယ်ဆိုတာ ဆွေးနွေးကြစို့ ... စဉ်းစားကြစို့ယမင်း၊ အဓိက,ကတော့ ကိုယ်တို့လက်ထပ်ဖို့ကိစ္စပဲ ယမင်း ...”

“သိပ် မြန်လွန်းမနေဘူးလား အပါ ...”

“သိပ်မြန်တယ်ဆိုတာ ယမင်းက ဘာကိုဆိုလိုချင်တာလဲ”

“ခုတွေ့ ... ခုကြိုက် ... ခုချစ် ... ခုလက်ထပ်တာမျိုး ဖြစ်မှာစိုးလို့ ...”

“အဲဒီလို မပြောသင့်ပါဘူး ယမင်း ... ယမင်းပြောလိုက်တာ အမှားကြီးပဲ ... ယမင်း ခုနစ်နှစ်သမီးအရွယ် ... ကိုယ်က ကိုးနှစ်သားအရွယ် ကလေးဘဝကတည်းက အတူခင်မင်လာခဲ့သူတွေပါ ... အဲဒီအရွယ်က ချစ်တာ ... ကြိုက်တာကို ပါးစပ်က မပြောတတ်ပေမဲ့ ရင်ထဲအသီးသီးမှာတော့ ချစ်နေကြပြီးသား ... ခင်နေကြပြီးသား သံယောဇဉ်ငြိတွယ်ပြီးသားပါ ... အဲဒီလို ချစ် ... အဲဒီလို ခင် ... အဲဒီလို သံယောဇဉ်ဖြစ်တာတွေက သိပ်ကို ခိုင်မာပါတယ် ... အဲဒီနောက် ဆယ့်ငါးနှစ်လုံးလုံး နှစ်ယောက်စလုံး ချစ်သူမရှာ အိမ်ထောင်မပြုနဲ့နေခဲ့ကြတာ ... အဲဒါတွေကို ပြန်ကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ယမင်း လက်ထပ်တဲ့ကိစ္စမှာ ခုတွေ့ ခုကြိုက် ခုချစ် ခုလက်ထပ်တာလို့ ပြောနိုင်စရာလား ယမင်း ... ဒီတော့ အခု လက်ထပ်ကြဖို့ ဆွေးနွေးတာဟာ ... အဓိကကျရုံမက အဓိကမှန်နေတယ် ယမင်း ... ”

“ဒါဆိုလည်း အပ့ါသဘောပဲလေ ... ယမင်းနဲ့အပါ လက်ထပ်ရေးဟာ ... ခဲရာ ခဲဆစ်မှမရှိတာ ... နှစ်ယောက်စလုံး အရွယ်ရောက်ပြီးသား ... နှစ်ယောက်စလုံး ပညာစုံပြီးသား၊ နှစ်ယောက်စလုံး ကိုယ့်အလုပ်ကိုယ်စီ ရှိပြီးသား ... နှစ်ယောက်စလုံးမှာ ကန့်ကွက်မဲ့ ထောက်ခံမဲ့ မိဘတွေရှိကြတော့တာမှ မဟုတ်တာ ... အဲ ... ဒါပေမဲ့ အပါ ... တစ်ခုတော့ရှိနေသေးတယ်နော် ... အပါရဲ့မိဘတွေနဲ့ပတ်သက်တဲ့အမှုက တန်းလန်းကြီးရှိနေသေးတယ် မဟုတ်လား ...”

ဒါကိုတော့ စိုးမိုးခိုင်ကိုယ်တိုင် ခေါင်းညိတ်သည်။ ပြီး တစ်ခဏ စဉ်းစားသည်။

“ဟုတ်တယ် ... အဲဒါနဲ့ပတ်သက်ပြီး ကိုယ်လုပ်ချင်တာ တစ်ခုရှိနေသေးတယ် ယမင်း ... ကိုယ် ယမင်းကို ပြောခဲ့ပြီးပါပြီနော် ... ကဝကရဲ့အုပ်စခန်းမှူး ကိုမျိုးညွန့်ဆီမှာ ဖေဖေ ... မေမေ ... ဦးလေးသာဆန်းတို့ အသတ်ခံရတဲ့ ဓားပြမှုကို ပြန်ဖွင့်ခဲ့တယ်လို့ ... ဒါပေမဲ့ ... အဲဒီတုန်းက





ကိုယ်တို့အိမ်ကို ဓားပြတိုက်မယ်မှန်း နီမာက တင်ကြိုသိထားတယ်ဆိုတာကိုတော့ ... ကိုမျိုးညွန့်ကို ကိုယ်မပြောဘဲ ထိန်ချန်ထားခဲ့တယ် ... ကိုယ့်စိတ်ထဲ ရင်ထဲမှာ နီမာ့ကို မတွေ့ တွေ့အောင် ရှာမယ် ... ရှာတွေ့မှ မေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပဲ ... အဓိက,ကတော့ ကလေးဘဝထဲက နီမာက ကြိုသိထားတယ်လို့ ပြောလိုက်ရင် ရဲတွေက နီမာ့ကို ဒုက္ခပေးမှာစိုးလို့ ... ”

“ယုံပါတယ် အပါရယ် ... ကလေးဘဝကတည်းက အပါဟာ နီမာ့အပေါ် ညှာတာတွေ ကြင်နာတွေကို ပိုကြီးလာလေ၊ နားလည်လာလေမို့လည်း အပ့ါကို ယမင်း စောင့်နေတာ”

“အခု.နီမာနဲ့ ကိုယ်ပြန်တွေ့ကြပြီလေ ... ဖေဖေ မေမေတို့ အသတ်ခံရတဲ့ကိစ္စလည်း နီမာရဲ့မိဘတွေမဟုတ်ကြောင်း သိရပြန်ပြီ ... ဒီတော့ ယမင်းနဲ့ကိုယ် နက်ဖြန် ကဝကို သွားကြစို့လား ... ကိုယ့်အိမ်မှာ ထွန်းနေလင်းထားခဲ့တဲ့ ကားနီလေးရှိတယ် ... နောက်ပြီး နက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ ယမင်း ရုံးအားတာပဲ ... ”

“အပါ ခေါ်တာဆိုရင် ယမင်းက လိုက်မှာပေါ့ အပါ ... ဒါပေမဲ့ ယမင်းကို ဘာလို့ အပါက ကဝကိုလိုက်စေချင်တာလဲဟင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူစုံတွဲသွားချင်တာက တစ်ချက် ... ဒုတိယအချက်ကတော့ စခန်းမှူးရဲ့အုပ် ကိုမျိုးညွန့်ကို ကိုယ်ဖွင့်ပြောချင်တယ်၊ ဟိုတုန်းက ကိုယ်တို့အိမ်ကို ဓားပြတိုက်မယ်မှန်း ငတူးက နီမာ့ကို ပြောခဲ့တယ်ဆိုတာကို ကိုမျိုးညွန့်ကို နီမာနဲ့အတူ ကိုယ်ပြောချင်တယ် ... ဒါမှ ကိုမျိုးညွန့်တို့ ရဲ့အဖွဲ့ အနေနဲ့ ငတူးဆိုတဲ့လူကို ခြေရာခံနိုင်မယ် ... ငတူးရဲ့မိတ္တေ ဘယ်သူဆိုတာ စုံစမ်းနိုင်မယ် ... အဲ ... အမှုသဘောအရဆိုရင် ကိုယ်က တရားလို ... ယမင်းက နီမာအနေနဲ့ တရားလိုပြ သက်သေဖြစ်သွားမယ် ... "

"ရတယ် အပါ ... ယမင်းအဖို့က အပါလုပ်စေချင်တာဆို လုပ်ပေးဖို့ အဆင်သင့်ပဲ ... ကဲ ... ဒါဆို နက်ဖြန် အပါနဲ့ ယမင်း ကဝမြို့ကို သွားကြတာပေါ့ ... ဟုတ်ကဲ့ ... "

▮ ▮ ▮





(၁၀)

ဆိုရိုးစကားရှိပါ၏။

လူတစ်ဦးတွင် ဘဝ၌အပျော်ဆုံး(၃)နေ့ရှိသည်တဲ့။

သျှင်လိုင်ပြန်သောနေ့။

ထောင်မှလွတ်သောနေ့။

မင်္ဂလာဆောင်သောနေ့။

၎င်း(၃)နေ့မှာ ယေဘုယျအားဖြင့် မည်သူမျှ မငြင်း
…သော ဆိုရိုးစကားဖြစ်သည်ဟု ဆိုနိုင်ပေသည်။

စိုးမိုးခိုင်အဖို့ ငယ်စဉ်က ရှင်သာမဏေ ကိုရင်ဝတ်ခဲ့
…ည်း

(၉)နှစ်သားအရွယ်တွင် မန္တလေးသို့ ခေါ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးဟန်စိန်က ရှင်သာမဏေ ကိုရင်ဝတ်စေခဲ့သဖြင့် အပါခေါ် စိုးမိုးခိုင် ကိုရင်ဝတ်ဖူးသည်။ (၇) ရက်ဝတ်ခဲ့ရသည်။

အကယ်၍ ကိုရင်ဝတ်ပြီး လူထွက်သောနေ့ကို သျှင်လိင်ပြန်သောနေ့ဟု ဆိုရိုးရှိစကားမှု ကိုရင်ဝတ်မှ လူထွက်သောနေ့တွင် အပါ၌ ဘာမှ ထူးထူးခြားခြား ပျော်သည် မရှိခဲ့ပေ။

ဦးလေး ဦးဟန်စိန်က ကိုရင်ဝတ်ဆိုဝတ်လိုက်သည်။ ထွက်ဆို ထွက်လိုက်သည်။

အဲ ... အသက် (၂၀) ပြည့်မှ ပဉ္စင်းတက် ရဟန်းဝတ်ပြီး ရဟန်းဘဝမှထွက်သည်ကိုသာ သျှင်လိင်ပြန်သောနေ့ဟု သတ်မှတ်လျှင် စိုးမိုးခိုင် အသက်နှစ်ဆယ်ကျော်ခဲ့ပြီဖြစ်သော်လည်း ရဟန်းမခံခဲ့ဖူးပါ။

ထောင်မှထွက်သောနေ့။

ဒါကျတော့ စိုးမိုးခိုင် ထောင်မကျဘူးသောကြောင့် မသိပါ။

မင်္ဂလာဆောင်သောနေ့။

စိုးမိုးခိုင် မင်္ဂလာမဆောင်ရသေးသောကြောင့် မသိပါ။

အဲ မိမိရင်ထဲက ချစ်သူနီမာက မိမိကို ပြန်ချစ်





သည်ဆိုသည့်နေ့ကတော့ စိုးမိုးခိုင်အရမ်းပျော်သည်။ မိုးမမြင် လေမမြင်လောက်အောင်ပင် ပျော်ပါ၏။

ကိုယ့်ချစ်သူက ... ကိုယ့်ကို ပြန်ချစ်သောနေ့ကို အဘယ်ကြောင့် ဆိုရိုးစကားထဲတွင်မထည့်သွင်းတာပါလေသနည်း။ ကိုယ့်ချစ်သူက ကိုယ့်ကိုပြန်ချစ်သောနေ့ဆိုသည်မှာ မင်္ဂလာဆောင်သောနေ့ထဲတွင် အပါအဝင်ဟု ဆိုလျှင်တော့ စိုးမိုးခိုင် စောဒကတက်စရာမရှိပါ။

ဟို ယခင့် ယခင် အရွယ်ရောက်စ အသက်(၁၆)နှစ်မှစ၍ ယခု နီမာနှင့် ပြန်မတွေ့မီအထိ စိုးမိုးခိုင်တွင် ချစ်သူ ရည်းစားမိန်းကလေးတစ်ဦးတလေမျှ မရှိခဲ့ပါလေ။ ရည်းစားထားချိန်လည်း မရခဲ့ပါ။

အသက် (၁၆)နှစ်တွင် ဆယ်တန်းအောင်သည်။ ဝါသနာသိပ်ပါသော စစ်တက္ကသိုလ်တက်ရောက်ခွင့် လျှောက်သည်။

စစ်တက္ကသိုလ် တက်ခွင့်ရသည်။

စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

ရိုးရိုးတက္ကသိုလ်အသီးသီးများနှင့် စစ်တက္ကသိုလ်မှာ ဘာစ်ခုတော့ ခြားနားသည်။

ရိုးရိုးတက္ကသိုလ်များက ဘာသာရပ်အသီးသီးတို့ သင်္ကြန်မှာ ယေဘုယျအားဖြင့် နံနက်(၈)နာရီမှ ညနေ (၄)



www.burmeseclassic.com

www.burmeseclassic.com



နာရီအထိဟု ဆိုနိုင်သည်။ နေ့ကျောင်းသူ ကျောင်းသားဆိုလျှင် နံနက် (၈)နာရီမတိုင်မီ အားလပ်သည်။ အိပ်ချင်အိပ် မအိပ်ချင် ကိုယ်လုပ်ချင်ရာ လုပ်ခွင့်ရှိသည်။ ညနေ (၄)နာရီ ကျောင်းဆင်းပြီဆိုပါကလည်း အားလပ်သည်ပင်။ သူငယ်ချင်းတွေအိမ် သွားလည်မလား၊ ရုပ်ရှင်ကြည့်မလားစသည့်ဖြင့် ဝတ်ကောင်းစားလှလေးကြွကြွရွရွလေး ဝတ်ဆင်ပြီး သွားနိုင်လာနိုင်သည်။ ကျောင်းတက်ရာတွင်လည်း ကြိုက်ရာအဝတ် ... ဝတ်စားဆင်ယင်ပြီး သူငယ်ချင်းအပေါင်းအသင်းတွေနှင့် တစ်ပျော်ကြီး ကျောင်းတက်နိုင်သည်။

စစ်တက္ကသိုလ်ကျတော့ ဒီလို ဒီပုံစံမရ။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် (၄)လုံးလုံး သတ်မှတ်သောယူနီဖောင်းဝတ်ပြီး သတ်မှတ်သော ဘာသာရပ်တွေကို နှစ်အလိုက်သင်ကြားရသည့်အပြင် စစ်ရေးစစ်ရာအတတ်ပညာတွေကို ပင်ပန်းစွာ သင်ယူရသည်။ စာမေးပွဲကျ၍မရ၊ နှစ်စဉ်အောင်ရန် သိပ်ကြိုးစားရသည်။

ဆိုလိုသည်မှာ စစ်တက္ကသိုလ်တက်နေချိန်အတွင်း သတ်မှတ်ထားသောနေရာတွင် နေရပြီး ဘယ်မိန်းကလေးနှင့်မှ ရည်းစားထားချိန်မရ။ နှလုံးသားကိစ္စ စဉ်းစားဖို့အချိန်မရ။

အဲ ... အားလပ်ရက်တော့ သတ်မှတ်ပေးသည့်ရက်များတွင် ရပါ၏။





မိမိကဲ့သို့ပင် စစ်တက္ကသိုလ်တက်ကျောင်းသားများက အားလပ်ရက် အပြင်ထွက်ခွင့်ရသည့်ရက်များ၏ ကန့်သတ်ချိန်အတွင်း ပြင်ဦးလွင်မြို့ထဲသို့ သွားရောက်ကာ ဒေသထွက်ပစ္စည်းလေးတွေ မိမိ၏မိဘ ဆွေမျိုးမိတ်သင်္ဂဟများ လက်ဆောင်ပေးရန်ဝယ်ကြ ချမ်းကြ သွားကြလာကြဖြင့် ပျော်ရွှင်မှုလေးတွေ ရတတ်ပါ၏။

ဗိုလ်လောင်းစိုးမိုးခိုင်အဖို့ ဘယ်မိဘ ဘယ်ဆွေမျိုး ဘယ်မိတ်သင်္ဂဟမှ ပေးစရာမရှိ။ မိဘများ ကဝတွင် ကွယ်လွန်ခဲ့ပြီးနောက် မန္တလေးရောက်သွားကာ ဦးလေးဟန်စိန်သာလျှင် တစ်ဦးတည်းသော ခင်တွယ်စရာ ပုဂ္ဂိုလ်ရှိခဲ့သည်။

ဤသို့သောဘဝကို ဖြန်သန်းခဲ့ရာ လူငယ်ဘဝအဘယ်မှာလျှင် ချစ်သူတွေ ရည်းစားတွေ ရှိနိုင်ပါအံ့နည်း။

စစ်တက္ကသိုလ်ပြီးသွားပြီ။ ဗိုလ်ဘဝနှင့်ကျတော့လည်း အမိန့်ကျရာတွင် တာဝန်ထမ်းဆောင်ရသည်။ ရှေ့တန်းစစ်မျက်နှာတွင် တာဝန်အကျများသည်။

ထို့ကြောင့်လည်း မိမိတပ်ရင်းမှူးက ဗိုလ်စိုးမိုးခိုင် ရသင့်သော ခွင့်ယူလျှင် ယူခွင့်ရှိသည်ဆိုလေမှ ရင်ထဲတွင် အစိုင်အခဲဖြင့် ကဝမြို့သို့ လာခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကဆိုလိုသည်မှာ စိုးမိုးခိုင်အဖို့ ဆိုရိုးရှိခဲ့သော အပျော်ဆုံး(၃)နေ့ဆိုသည်ကို မခံစားဘူးသေး။

ယခုမှ နီမာနှင့်ပြန်တွေ့ပြီး သူချစ် ကိုယ်ချစ် ချစ်ကြသည်သာလျှင် စိုးမိုးခိုင်အတွက် အပျော်ဆုံးနေ့ ဖြစ်သွားသည်။

ယခုလည်း နီမာတို့အိမ်မှာပင် ချစ်သူနီမာနှင့် ပြောကြဆိုကြ၊ ရယ်ကြ မောကြ၊ ပွေ့ပိုက်ကြ နှစ်သက်ကြည်နူးကြဖြင့် ည(၁၁)နာရီပင် တိုင်ကပ်နာရီကြီးမှ ဒေါင်ဒင် ဒေါင်ဒင် (၁၁)ချက်ရိုက်ခတ်သံ ပေါ်ထွက်လာသည်။

ထုံစံအတိုင်း လူကိုမမြင်ရပါဘဲလျက် ဒေါ်လေးစောပြောသောအသံ ထွက်ပေါ်လာသည်။

"ယမင်းရေ ... သိပ်ညဥ့်နက်ရင် မကောင်းဘူး ထင်တယ်ကွယ် ..."

နေယမင်းက အားနာသောမျက်နှာလေးဖြင့် စိုးမိုးခိုင်အား ပြုံး၍ကြည့်သည်။

"ဒေါ်လေးစောက ယမင်းအပေါ်မှာ သိပ်သံယောဇဉ်ကြီးပြီး သိပ်စိုးရိမ်တတ်တယ် အပါ ... ပတ်ဝန်းကျင်က နီမာ့ကို သွားပုပ်လေလွင့် အပနာပတွေပြောမှာ စိုးရိမ်တယ်ထင်ပါရဲ့ ..."





ဒီလောက်ဆိုပါက စိုးမိုးခိုင်သည် ပြန်သင့်ပြီမှန်း အလိုလိုသဘောပေါက်ရပါလေ၏။

ဟုတ်လည်း ဟုတ်ပေသည်။

ရန်ကုန်မြို့ကြီးဝယ် ချမ်းသာကြွယ်ဝသော သီးခြားရပ်ကွက်များ၌ သီးခြားခြံ သီးခြားတိုက်အိမ်ကြီးများဖြင့် နေထိုင်သူများအတွက် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ကိုယ့်အိမ်ထဲတွင် ကိုယ်နေချင်သလိုနေသည်မှာ ပတ်ဝန်းကျင်၏ အကဲ့အရဲ့ အတင်းအဖျင်း လွတ်သော်လည်း အများနှင့်ရောနှောနေသည့် ရပ်ကွက်မျိုးများ၌ နေထိုင်သူများအတွက်တော့ ပတ်ဝန်းကျင်ကို ဂရုစိုက်ရပါ၏။

ဆိုကြပါစို့။

ရန်ကုန်မြို့လယ်တွင် တိုက်ခန်းများ၌ ကိုယ့်တိုက်ခန်းကိုယ် တံခါးပိတ် ကိုယ်နေချင်သလိုနေကြသူများအဖို့တော့ သီးခြားချမ်းသာစွာ ကိုယ့်ခြံကိုယ့်တိုက်ကြီးနှင့် နေသူများကဲ့သို့ပင် ပတ်ဝန်းကျင်ကို သိပ်ဂရုထားစရာမလိုသော်လည်း နီမာတို့နေသော အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ သမိုင်း၊ တာမွေ၊ ကျောက်မြောင်း၊ သဃ်န်းကျွန်း စသည့် ပုံက်အိမ်လေးတွေနှင့် ခြံချင်းကပ် မျက်နှာချင်းဆိုင်အိမ်ကိုယ်စီနှင့် နေထိုင်သူများ ရပ်ကွက်မျိုးများမှာတော့ မိသားစု စကားကျယ်ကျယ်ပြောလျှင်ပင် အနီး



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ကြားနိုင်မြင်နိုင်သည်မို့ အနေအထိုင် အထူးဂရုစိုက်ရကြောင်း စိုးမိုးခိုင် နားလည်သဘောပေါက်ရမည်သာ။

အထူးသဖြင့် မိန်းမသားနှစ်ဦးတည်းနေသော နေယမင်းနှင့် ဒေါ်လေးစောတို့မှာ အနေအထိုင် ပို၍ပင် ဆင်ခြင်ရသေးသည်။

စိုးမိုးခိုင်သည် ပြန်တော့ရန် သူဝတ်လာခဲ့သော ဘောင်းဘီနှင့်အင်္ကျီတို့ ပြန်လဲမည်ပြုသည်။

"အဲဒါတွေထားခဲ့ အပါ ... ယမင်းလျှော်ဖွပ် မီးပူတိုက်ထားလိုက်မယ် ... အဲဒီ ပေပေကျံကျံအဝတ်တွေ ပြန်ဝတ်မသွားပါနဲ့တော့ ..."

ဟု ပြောသည်။

စိုးမိုးခိုင်က အင်္ကျီနှင့် ဘောင်းဘီကို ထားခဲ့သော်လည်း သားရေဂျာကင်ကိုတော့ ပြန်ဝတ်ရင်း အိတ်ထဲမှ N.Y.M အမှတ်အသားထိုးထားသည့် လက်ကိုင်ပဝါလေးကို ထုတ်ယူ ဖြန့်ပြလိုက်သည်။

"ဒါလေးတော့ ... ကိုယ် ယူထားမယ်နော် ယမင်း ... ဒီလက်ကိုင်ပဝါလေး ကိုယ် ဘယ်ကရခဲ့တယ်ဆိုတာ ယမင်းမှတ်မိမှာပါ ..."

"ဖုံးဆိုးတောထဲကပေါ့ အပါ ... အဲဒီနေ့က အပ့်ါကို သတိရ





ပြီး ... ယမင်းဖုံးဆိုးတောထဲဝင်မိတာ တောက သိပ်ထူထပ်နေတော့ ကြောက်ပြီး အတင်းပြန်ထွက်အလာမှာ ... မြက်ရိုင်းကိုင်းပင်တွေကြားမှာ လက်ကိုင်ပဝါညပ်ပြီး ကျန်ခဲ့တာ"

"ဒါဖြင့် ... အဲဒီနေ့က ဖုံးဆိုးတောထဲမှာ ယမင်း ဟိုသီချင်းလေးဆိုမှာပေါ့နော် ..."

"ဘယ်သီချင်းလဲ အပါ ..."

လေချွန်သံပင် ဗီဗီပြင်ပြင်မချွန်တတ်သော စိုးမိုးခိုင်က သူ့အသံကြီးဖြင့် ဠာန်ကရိုဏ်းမကျ ဆိုပြသည်။

"ဟေး ... အပါ နင်ဘယ်မှာလဲဟာ ... အသံပြန်ပေးပါအပါ ... နီမာ မရှာတတ်တော့လို့ပါ ..."

မင်းသားသည် ရှေ့ဆက်ပြီး ဘာဆိုရမှန်းမသိပါလေတော့။ သို့သော် ထပ်ဆိုဖို့ ပါးစပ်ပြင်သည်ကို နီမာက ...

"တော်ပါတော့ အပါရယ် ... အပ့်ါအသံက သီချင်းဆိုသံနဲ့မတူဘဲ စစ်ဒရိမ်းပြသလို ... သတိ ... ဘယ်လှည့် ... ညာလှည့် ... ချီတက်လို့ အမိန့်သံမျိုးထွက်နေတာ ..."

"အင်းပါ ... ကိုယ့်အသံက အဲဒီလိုဖြစ်ချင်လည်း ဖြစ်မှာပေါ့ယမင်း ... ဒါပေမဲ့ ကိုယ့်သီချင်းဟာက အဲဒီသီချင်းလေးကို ယမင်း ဖုံးဆိုးဇောထဲမှာ ဆိုမိသေးသလားလို့ သိချင်တာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



“မိုးချုပ်ပြီ အပါ ... ပြန်တော့နော် ... ”

“ကိုယ်မေးတာ ဖြေဦးလေ ... ”

“ဩော် အပါရယ် ... အဲဒီသီချင်းလေးက ယမင်းရဲ့ နှလုံးသားကထွက်လာတဲ့ ကိုယ်ပိုင်သီချင်းလေးပဲဟာ ... အပါ့ကို သတိရတိုင်း ဆိုမိတာပေါ့ ... ဖုံးဆိုးတောထဲ ယမင်းဝင်သွားတာ ... ဝင်သွားရင် ဒီသီချင်းပဲ ဆိုမိတာပေါ့ ... ဒါပေမဲ့ ဖုံးဆိုးတောထဲမှာ အပါမရှိမှန်း ယမင်းသိနေတာဆိုတော့ တိုးတိုးလေးပဲ ဆိုမိတယ် အပါ ... ”

“ဒါဖြင့်ရင် နက်ဖြန်ကျရင် ကဝမှာ ယမင်းနဲ့ ကိုယ် တူတူပုန်းတမ်းကစားဦးမယ်နော် ... ထုံးစံအတိုင်း ကိုယ်က ဖုံးဆိုးတောထဲဝင်သွားပြီး ပုန်းမယ် ... ယမင်းက လိုက်ရှာ ... မတွေ့ရင် အဲဒီသီချင်းလေး ကျယ်ကျယ်ဆိုပြီး ကိုယ်ကြားနိုင်အောင် ဆိုရမှာနော် ... ”

“အပါရယ် ... ကလေးကလား သိပ်မဆန်နေဘူးလား”

“ချစ်ခြင်းမေတ္တာမှာ ကလေးလည်းမဆန်ဘူး ... ကလားလည်းမဆန်ဘူး ... ချစ်သူနှစ်ဦးဆိုတာ ပတ်ဝန်းကျင်က လူတွေရှေ့မှာ ဆင်ခြင်ရပေမဲ့ လူသူမရှိတဲ့ ဆိတ်ကွယ်ရာမှာဆိုရင် ... ထိန်းသိမ်းသင့်တာကို ထိန်းသိမ်းပေမဲ့ အသေး





အဖွဲလေးတွေလောက် ပြောဆိုပြုမူတာဟာ ချစ်သူနှစ်ဦးအတွက် ကြည်နူးစရာ ချစ်သင်္ကေတပြတာလေးတွေပဲ မဟုတ်လား ယမင်း ... အဲဒီတော့ ဖုံးဆိုးတောထဲကျရင် ဆိုရမယ်နော် ... ”

အပါသည် အပါပင်ဖြစ်ပါ၏။

ငယ်စဉ်လေးကတည်းက အပါသည် တခြားသူတွေအပေါ်မှာတော့မသိ၊ နီမာ့အပေါ်မှာတော့ နွဲ့ဆိုးလေး အမြဲဆိုးခဲ့သည်။

ယခုလည်း အပါသည် ယမင်းအပေါ် နွဲ့ဆိုးလေးဆိုးပြန်ပြီ။

ယမင်းက ပြုံးရယ်ကာ ဦးခေါင်းညိတ်ပြမှ ရယ်ကာမောကာဖြင့် နှုတ်ဆက်ပြန်သွားသည်။ ယမင်းက အပါ၏မော်တော်ဆိုင်ကယ် မျက်စိအောက်မှပျောက်ကွယ်သွားသည်အထိ ကြည့်ရင်းပြုံးပြုံးလေး ကျန်ခဲ့ပေသည်။ အပါနှင့် ပြန်တွေ့ရခြင်းသည် ယမင်းအဖို့ လမင်းကြီးထိန်ထိန်သာလိုက်ခြင်းပင် မဟုတ်ပါလား။

▌▌▌



www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ထွန်းနေလင်းက ပြောသည်။

“မင်းက တောထဲတောင်ထဲမှာ ရှေ့တန်းစစ်ပဲတိုက်နေတဲ့ ကောင်ပဲ ... ဒီတော့ မင်းဟာ နည်းနည်းလေး မြို့ဇာတ်သုတ အတွေ့အကြုံတွေနဲ့ ကင်းကွာနေတဲ့ အရိုင်းကောင်ဖြစ်နေတယ် ... ဒီတော့ ဒီညအဖို့ မင်းကို ယဉ်တာလေးတွေ ... နုတာလေးတွေ ... သိမ်မွေ့နူးညံ့တာလေးတွေ စိတ်တက်ကြွစရာလေးတွေကို ပြမယ် ... ”

ဟုဆိုကာ တမင်တကာပင် ကြီးကျယ်ခမ်းနားသော ရွှေစင်၏မွေးနေ့ပါတီပွဲကြီးသို့ မရမကခေါ်သွားခြင်းဖြစ်ခဲ့သည်။

ကျေးဇူးတင်ပါ၏ ထွန်းနေလင်း။ ထွန်းနေလင်း





ပြောသကဲ့သို့ပင် ရွှေစင်၏ပါတီပွဲတွင် အယဉ်ဆုံး၊ အနုဆုံး၊ အသိမ်မွေ့ဆုံး၊ အကြည်နူးရဆုံးနှင့် ဝမ်းသာရဆုံးဖြစ်ရသည်မှာ စိုးမိုးနိုင်အဖို့ ငယ်ချစ်ခေါ် ယမင်းနှင့် ပြန်တွေ့ရခြင်းပင်ဖြစ်ပါသည်။

စိုးမိုးနိုင်သည် ချစ်စွာသော ယမင်း၊ နီမာအကြောင်းကို စဉ်းစားရင်း မော်တော်ဆိုင်ကယ်မောင်းပြန်ခဲ့ရာ မိမိတည်းခိုရာ ထွန်းနေလင်း၏ ခြံနှင့် တိုက်အိမ်သို့ ရောက်လာသည်။

ထိုစဉ်မှာပင် ...

စစ်သား၏[illegible]စီဖြင့် ဖျတ်ခနဲ မသင်္ကာဖွယ်တစ်ခုကို သတိထားမြင်တွေ့လိုက်သည်။

မိမိနံနက်ပိုင်း ကဝသို့သွားစဉ်က တစ်အိမ်လုံးရှိ မီးတွေကို မှတ်မှတ်ရရ ပိတ်ထားခဲ့သည်။

ယခု အိမ်ထဲတွင် မီးရောင်လင်းနေသည်မှာ အဘယ်ကြောင့် လင်းနေရပေသနည်း။

မိမိပင်လျှင် မီးတစ်ပွင့်တလေကို မပိတ်မိခဲ့ခြင်းပေလော။

သို့ဖြင့်ပင် ဇဝေဇဝါ သင်္ကာမကင်းဖြင့် ခြံထဲသို့ မော်တော်ဆိုင်ကယ်မောင်းဝင်ခဲ့သည်။

ပို၍မသင်္ကာဖွယ်ဖြစ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိခြံထဲသို့ မော်တော်ဆိုင်ကယ် မောင်းဝင်လိုက်မှ အိမ်ထဲမီးသည် ဖျတ်ခနဲပိတ်သွားသည်ကို တွေ့ရပြန်သည်။

ရှေ့တန်းစစ်တိုက်ရာတွင် မျက်စိအမြင်ကို မဆိုထားလင့်၊ လေတိမ်လေအောက် ရှေ့နောက်ဝဲယာသို့ အမြဲနားစွင့်၊ မျက်စိဖွင့်ထားရသည်။ နှာခေါင်းမှ အနံ့ခံရသည်။ အကဲခတ်ရသည်။

ယခုမူ ကိစ္စက သိသာနေသည်။

မိမိပိတ်ထားခဲ့သော အိမ်တွင်းမီးလင်းနေကြောင်း အဝေးကတည်းက မြင်နေရသည်။

ယခု မိမိခြံထဲမောင်းဝင်လာကာမှ အိမ်ထဲမီးပိတ်လိုက်သည်။

အိမ်ထဲတွင် ရန်သူရှိနေသည်ဟု ယူဆနိုင်သော သင်္ကေတပင်။

အိမ်ရှိတံခါးသော့တွေအားလုံး မူရင်းသော့တွဲကို ထွန်းနေလင်းယူသွားပြီး အပိုသော့ကို မိမိကို ပေးထားခဲ့ခြင်းဖြစ်သည်။

ထွန်းနေလင်း ပြန်ရောက်နေခြင်းပေလော။

ထွန်းနေလင်းရောက်နေပါသည်ဆိုပါကလည်း မိမိမော်တော်ဆိုင်ကယ်သံကြားသည်နှင့် အိမ်ထဲမီးပိတ်မပစ်တန်ရာ၊ ထွန်းနေလင်းကိုယ်တိုင်ပင် မိမိကို ထွက်ကြိုပေဦးမည်။





ရန်သူသည် သူနည်းသူ့ဟန်ဖြင့် အိမ်ထဲသို့ ဝင်ရောက်နိုင်ခြင်းဖြစ်ခြိမ့်မည်။

ထွန်းနေလင်း၏ ရန်သူတော့ မဖြစ်တန်ရာ ထွန်းနေလင်း ကားရိုက်ထွက်သွားသည်မှာ အထင်အရှားထွက်သွားခြင်းမျိုးဖြစ်သည်။ နီးစပ်သူအားလုံး ထွန်းနေလင်း နယ်ကိုဆင်းကာ ကားရိုက်ကြောင်း သိနေကြသည်။

ရန်သူသည် မိမိကို ရန်ပြုလိုသော ရန်သူသာဖြစ်နိုင်သည်။

ဖြစ်နိုင်စရာအကြောင်းတွေကလည်း ရှိနေသည်။

ယနေ့ မိမိ ကဝမှအပြန် လမ်းတွင် ဂျစ်ကားဖြင့် မိမိကို တိုက်သတ်ရန် ကြိုးစားခဲ့သည်။ ထိုပွဲတွင် ရန်သူမှာ မအောင်မြင်ရုံသာမက သူတို့လူတစ်ယောက် မိမိပစ်သောဒဏ်ရာဖြင့် ဖမ်းမိထားခဲ့သည်။ ကျန်နှစ်ယောက်မှာလည်း သေနတ်ထိမှန်ချက်ခံရရုံသာမက ဂျစ်ကားဖြင့် ကိုယ်လွတ်ရန်းကာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရသည်။

ထို့ကြောင့် ရန်သူသည် မကျေပွဲ ထပ်မံဆင်နွှဲရန် မိမိတည်းခိုနေထိုင်ရာ လိပ်စာနှင့်အိမ်တွင် တိတ်တဆိတ် ခိုးဝင်ပြီး မိမိကို စောင့်နေခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးခိုင် ဘာစ်မဟုတ်ချင်း မိမိဘာဆက်လုပ်ရမည်ကို စဉ်းစားလိုက်သည်။

တကယ်လုပ်သင့်သည်မှာ မော်တော်ဆိုင်ကယ်ပြန်ကွေ့ပြီး အနီးဆုံးရဲစခန်းသို့ အကြောင်းကြားသင့်သည်ဖြစ်ပါသည်။

သို့သော် ...

ရန်သူသည် ဤမျှအထိ မတုံးတန်ရာ၊ မိမိက အိမ်ထဲမဝင်ဘဲ ပြန်ကွေ့မောင်းသွားသည်နှင့် သက်ဆိုင်ရာကို တိုင်တော့မည်မှန်းသိကာ လစ်သွားမည်သာဖြစ်သည်။

ကိုယ်ယောင်ဖျောက်ပြီး ထပ်မံပျောက်သွားဦးမည်။

တကယ်တော့ မိမိကိုယ်တိုင်က ဖေဖေမေမေတို့ကို ဓားပြတိုက်အသေသတ်သွားသော ရန်သူကို ရှာဖွေနေခြင်းမဟုတ်ပါလား။

နောက်ပြီး မိမိက အနီးဆုံးရဲစခန်းသွားတိုင်သည်နှင့် မိမိ၏အမည်၊ ထမ်းဆောင်နေသော တာဝန်နှင့် ရာထူး စသည်တို့ကို ပြောရမည်။

သက်ဆိုင်ရာ ရဲအဖွဲ့က လိုက်လာလေမှ အိမ်ထဲတွင် ရန်သူကို မတွေ့ရတော့ပါက မိမိသာလျှင် သူရဲဘောကြောင်သည်ဟု အထင်ခံရတော့မည်။ စစ်သားတစ်ယောက်အနေနှင့် သတ္တိကြောင်ရာ ရောက်မည်။





ထို့ကြောင့် ...

စိုးမိုးခိုင်သည် ဘာပဲဖြစ်ဖြစ်၊ ရန်သူကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

မော်တော်ဆိုင်ကယ်ကို အိမ်ရှေ့ပေါ်တီကိုအောက်တွင် မရပ်တော့ဘဲ ကားဂိုဒေါင်ဆီသို့ ဆက်မောင်းခဲ့သည်။

ဤသည်ကလည်း အတွင်း၌ရောက်နေသော ရန်သူ့အပေါ်တွင် ဥပါယ်တံမျဉ်ဆင်လိုက်ခြင်းဖြစ်ပါသည်။

ရပ်ရိုးရပ်စဉ်ရပ်လျှင် အိမ်ရှေ့ပေါ်တီကိုအောက်တွင်သာ မော်တော်ဆိုင်ကယ်ကို ရပ်ရမည်။

သို့သော် ...

ယခုမူ ... မိုးချုပ်သန်းခေါင်နီးပါးမှ ပြန်လာသောကြောင့် ထပ်မံသွားစရာမရှိတော့သည်မို့ မော်တော်ဆိုင်ကယ်ကို ကားဂိုဒေါင်ထဲသို့ သွင်းလိုက်သည်ဟု ရန်သူက ထင်မြင်စေရန်ပင်ဖြစ်ပါသည်။

ဂိုထောင်ထဲသို့ ရောက်ပြီးသည်နှင့် စိုးမိုးခိုင်သည် လက်နက်ကို ရှာဖွေတော့သည်။

မိမိ၏သေနတ်ကို ရဲအုပ်ကိုမျိုးညွန့်ထံ အပ်နှံခဲ့သည်။ ယခု ရန်သူနှင့်ရင်ဆိုင်ဖို့ လက်နက်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ဗီဒိုထောင်ထဲတွင် သံတူရွှင်းတစ်ချောင်း တွေ့သည်။

သို့သော် သံတူရွှင်းကြီးကို ကိုင်သွားသည်ကို အိမ်ထဲက ရန်သူက ချောင်းကြည့်တွေ့ရှိပါက အိမ်ထဲတွင် ရန်သူရောက်နေမှန်း မိမိသိသွားပြီဟု ယူဆကာ ပို၍သတိအနေအထားဖြစ်သွားပေမည်။

ယခု မိမိပုံစံယူရမည်မှာ အိမ်ထဲတွင် ရန်သူရောက်နေမှန်းမသိဘဲ မော်တော်ဆိုင်ကယ်ကို ဒီဒုအဖို့အပြီး ဂိုထောင်သွင်းပြီးမှ အိမ်ထဲသို့ ဝင်ခဲ့သည့်ပုံစံ ဖမ်းရမည်။

ဆက်လက်ရှာဖွေရာ ကားပြင် တန်ဆာပလာများ ထည့်ထားသော ဖျဉ်သားအထူ အိတ်စိမ်းတစ်ခုကို တွေ့ရသည်။

အိတ်ထဲတွင် စပါနာမျိုးစုံ၊ ဝက်အူလှည့်မျိုးခုံကို တွေ့ရသည်။

အလေးချိန်စီးသော စပါနာကြီးတစ်ချောင်း ရွေးထုတ်ယူလိုက်သည်။ ထပ်မံပြီး ဝက်အူလှည့်ကြီးတစ်ချောင်းကို ရွေးယူပြန်သည်။

စပါနာကြီးနှင့် ဝက်အူလှည့်ကြီးကို ဂျာကင်အောက် ခါးကြားသို့ထိုးထည့်ကာ ဂျာကင်အနားဖြင့် မမြင်အောင် ဖုံးကွယ်ထားလိုက်သည်။





တိုက်ပွဲတစ်ခုတွင် အရေးကြီးသည်မှာ ရန်သူကို ကိုယ်ကမမြင်မတွေ့ရဘဲ အလစ်တွင် ဘွားခနဲ အတိုက်ခိုက်ခံရခြင်းမျိုးသာ စိုးမိုးခိုင် စိုးရိမ်သည်။

ရန်သူကို မြင်နေရပြီး မျက်နှာချင်းဆိုင် တိုက်ခိုက်ရမည်ဆိုပါက စိုးမိုးခိုင်လက်ထဲတွင် အပ်တစ်ချောင်းမရှိစေကာမူလည်း စိုးမိုးခိုင်က တိုက်ခိုက်ရန် ဝန်မလေးသူဖြစ်ပါ၏။

ယခု မိမိတွင် အလေးချိန်စီးသော စပါနာကြီးနှင့် ဝက်အူလှည့်ကြီးပင် ပါရှိသေးပါ၏။

စိုးမိုးခိုင် အဝတ်စ တစ်ပိုင်းတလေကို ရှာကြည့်ပြန်သည်။ ဂိုဒေါင်ထဲမှာတော့ မတွေ့။ မိမိဂျာကင်အိတ်ထဲမှာ N.Y.M အမည်အတိုကောက်ရေးထိုးထားသော လက်ကိုင်ပဝါလေးကိုသာ တွေ့ရသည်။

စိတ်ထဲတွင် နှမြောမိသည်။

သို့သော် မတတ်နိုင်။ နေယမင်း၏လက်ကိုင်ပဝါလေးကိုပင် မော်တော်ဆိုင်ကယ်၏ ဓာတ်ဆီတိုင်ကီအဖုံးကိုဖွင့်ကာ ဓာတ်ဆီများ ရွှဲရွှဲစို ဆွတ်လိုက်သည်။

ဒီနောက်မှာတော့ စိုးမိုးခိုင်သည် အိမ်ဆီသို့ခြေလှမ်းမှန်မှန် သွေးအေးအေးနှင့် ချဉ်းကပ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူသည် ဘယ်နှစ်ယောက်မှန်း စိုးမိုးခိုင်မသိ၊ ရ
သူတွင် ဘာလက်နက်မျိုးကိုင်ထားမှန်းလည်း မသိ။

ကိစ္စမရှိ။

အိမ်ရှေ့တံခါးပေါက်၏သော့အိမ်ကို သော့ချော
ထိုးဖွင့်လိုက်သည်။

တစ်ချိန်တည်းမှာပင် ခေတ်ဆီဆွတ်ထားသော
လက်ကိုင်ပဝါကို မိမိ၏ဂက်(စ်)မီးခြစ် ခြစ်ကာ တံခါးကို ဖြေ
တွန်းဖွင့်ပြီး ခေတ်ဆီမီးလောင်နေသော လက်ကိုင်ပဝါကို အိမ်ထဲ
ပစ်သွင်းရင်း ပွင့်သွားသော တံခါးရွက်ကို မိမိခန္ဓာကိုယ်ဖြင့် အ
ဖွင့် ဖိထားလိုက်သည်။

"အား ..."

စိုးမိုးခိုင် တွက်ကိန်းမှန်သွားသည်။

အထဲမှ ရန်သူတစ်ဦးသည် စိုးမိုးခိုင် တံခါးဖွင့်သ
နှင့် ဆော်ထည့်ရန် အတွင်းဘက်တံခါးရွက် ဘေးနံရံကပ်စောင့်
သည်။

ခြေဖြင့် တအားကန်ဖွင့်သော တံခါးရွက်အရှိ
ထိုရန်သူအား ပြင်းစွာရိုက်မိရုံမက စိုးမိုးခိုင်က တံခါးရွက်ကို ကို
အားဖြင့် ဖိကပ်လိုက်ခြင်းဖြင့် ထိုရန်သူမှာ တံခါးရွက်နှင့် နံရံကြ
တွင် ဖိညှပ်ကာ တအားအားနှင့် အော်သံထွက်သွားပေတော့သ





ခေတ်ဆီမီးလောင်လက်ကိုင်ပ
အိမ်ထဲတွင် ရန်သူနှစ်ဦးကို မျက်ဝါးထင်ထင် မြင်လိုက်ရသည်။

ရှေ့တည့်တည့်တွင် တစ်ယောက်။

လက်ဝဲဘက်တွင် တစ်ယောက်။

ရှေ့တည့်တည့်မှ လူ၏လက်ထဲတွင် သေနတ်ကိုင်
ထားသည်။

နှစ်ယောက်စလုံးသည် မျှော်လင့်မထားသောလက်
ကိုင်ပဝါမီးလောင် အိမ်ထဲသို့ စွတ်ရောက်လာပြီး ကြမ်းပြင်တွင်
သူတို့ရှေ့၌ မီးလောင်နေသည်ကို အံ့အားသင့်ပြီး ငေးကြည့်နေ
သည်။

ယင်းအခိုက်မှာပင် သေနတ်ကိုင်သမားက သေနတ်
ကို လက်ဆန့်ပစ်လိုက်သည်။

"ဒိုင်း ..."

ယင်းသေနတ်သမား လက်ဆန့်စဉ်မှာပင် စိုးမိုးခိုင်
က ခါးကြားမှ စပါနာကြီးကို ဗိုးခနဲ ပစ်လိုက်ရင်း မိမိခန္ဓာကိုယ်ကို
ကြမ်းပြင်တွင် လှဲချလိုက်ပြီး လိမ့်ကာလိမ့်ကာ ညှေ့ခန်းရှိုးကော့စ်
နောက်သို့ အနောက်လိမ့်သွားပြီး ရှိုးကော့စ်ဖြင့် အကာအကွယ်ယူ
လိုက်သည်။

လွှဲပစ်လိုက်သော စပါနာကို သေနတ်ကိုင်လူ



www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိုက်သောကြောင့် သေနတ်ပစ်ချက်လွဲချော်သွားရုံမက စပါနာသည် လက်ဝဲလူဆိုး၏ရင်ဘတ်ကို အင့်ခနဲနေအောင် ထိမှန်သွားသည်။

စိုးမိုးခိုင်၏ တဒင်္ဂ တိုက်ကွက်ကြောင့် ရန်သူတွင် ပုံပျက်ပန်းပျက်ဖြစ်သွားသော်လည်း ချက်ချင်း သူတို့ဟန်ချက်ကို ပြန်ထိန်းကြသည်။

စိုးမိုးခိုင် အကွက် အဓိကရန်သူမှာ သေနတ်ကိုင်ခေါင်းဆောင်ရန်သူပင်ဖြစ်ပါ၏။

ထိုသေနတ်ကိုင်ခေါင်းဆောင်သည်အသက်ငါးဆယ်ခန့်ရှိအံ့သည်။ အသားညိုသည်၊ ထောင်မောင်းသည်၊ ဗလတောင့်သည်။ ဦးခေါင်းတွင် ဆံပင်တွေဖြူစပြုနေသည်။ ရှမ်းဘောင်းဘီအနက်ရောင် ပွပွကြီးဝတ်ထားသည်။ မီးခိုးရောင် ခါးရှည်လက်ရှည်လည်ကတုံးအကျီတွေ ဝတ်ထားသည်။

ကျန်နှစ်ယောက်မှာ ယနေ့ညနေက မိမိကို ဂျစ်ကားနှင့် လိုက်တိုက်ပြီး သေနတ်ဒဏ်ရာဖြင့်လဲကျနေသောသူတို့လူကို ထားခဲ့ကာ ဂျစ်ကားနဲ့ ထွက်ပြေးသူနှစ်ယောက်ဖြစ်သည်။

ထိုနှစ်ယောက်စလုံးပင် ညနေကလည်း စိုးမိုးခိုင်၏သေနတ်လေးမှ ကျည်ဆန်ထိမှန်ထားရုံမက ယခုလည်း တစ်ယောက်က တံခါးရွက်အရိုက်ခံရသည်။ တံခါးကြားတွင် အညှပ်ခံရသည်။





ကျန်တစ်ယောက်ကလည်း ညနေက သေနတ်မှန်ထားသည်။ ယခု ရင်ဘတ်ကို စပါနာပစ်ချက်ထိမှန်ထားသည်။

တပည့်နှစ်ယောက်စလုံး ထိထားသည်မို့ လှုပ်ရှားမှု သိပ်မသွက်။

အဓိက သေနတ်ကိုင်ခေါင်းဆောင်လူကြီးသာဖြစ်ပါ၏။

အထိနာထားသော တပည့်နှစ်ယောက်လက်တွင် အပေါ်စားဓားမြှောင်မျိုးတွေသာ ကိုင်ထားကြသည်။

ထိုအခြင်းအရာများကို ရှိုးကေ့(စ်)နောက်ကွယ်မှ ချောင်းကြည့်သဖြင့် မြင်တွေ့ရချက်များနှင့် အခြေအနေများဖြစ်ပါ၏။

သူတို့ထဲမှ ခေါင်းဆောင်လူကြီးသည် ပထမတော့ စိုးမိုးခိုင်လက်တွင် သေနတ်ပါရှိလာမည်ကိုလန့်ပြီး မဝံ့မရဲသဏ္ဌာန်ရှိနေသေးသည်။

ထို့နောက်မှာတော့ စိုးမိုးခိုင်တိုက်ကွက်မှာ သေနတ်မပါသော တိုက်ကွက်ဖြစ်မှန်း ရိပ်မိသွားပုံရသည်။

ထိုရောအခါ ထိုသူကြီးသည် ရဲရဲတင်းတင်းပင် စိုးမိုးခိုင် အကာအကွယ်ယူထားသော ရှိုးကေ့(စ်)အဝတွင် ဓားမားကြီး ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့လက်ထဲမှ သေနတ်ဖြင့် စိုးမိုးခိုင်ကို ပြောင်းအောက်စိုက် ခေါင်းငုံ့ကြည့်ချိန်လိုက်သည်။

ဤသို့ဖြစ်လာနိုင်သည်ကို စိုးမိုးခိုင်သည် တင်ကြိုတွေးမိပြီးသားဖြစ်ပါ၏။

ထို့ကြောင့်လည်း ခါးကြားမှထုတ်ယူပြီး အသင့်ကိုင်ထားသော ဝက်အူလှည့်ကြီးဖြင့် မဆိုင်းမတွ ထိုလူကြီး၏ငုံ့နေသော မျက်နှာပေါ် ပစ်ပေါက်လိုက်တော့သည်။

"အား ..."

"ခိုင်း ..."

ထိုလူကြီး၏လည်ပင်းတွင် ဝက်အူလှည့်ထိပ်ဖျားပိုင်းက ဝင်ရောက်စိုက်သွားသည်။

သို့သော် ဝက်အူလှည့်မှာ ဖင်ပိုင်းလက်ကိုင်ရိုးကပို၍အလေးချိန်စီးသဖြင့် စိုက်နေသော ဝက်အူလှည့်ကြီး ပြုတ်ကျသွားသည်။

ထိုလူကြီးပစ်လိုက်သော ဒုတိယကျည်ဆန်လည်း လွဲချော်သွားပြီး ကျောနံရံတွင် ကျည်ဖူးဝင်ရောက်သွားသည်။

သို့သော် ဤတိုက်ပွဲတွင် စိုးမိုးခိုင်အတွက် ခုခံတိုက်ခိုက်စရာ ဘာလက်နက်မှမရှိပါလေတော့။

ထိုခေါင်းဆောင်လူကြီးမှာ ဝက်အူလှည့် လည်ပင်း





အစိုက်ခံရသော်လည်း လဲကျခြင်းမရှိ၊ သေနတ်ကို ကိုင်ထားဆဲ ကိုင်မြဲကိုင်လျက်သားရှိနေသည်။

"ဟဲ ... ဟဲ ... ဟဲ ... သုံးဆယ့်ခုနစ်မင်း အစွမ်းကုန်ဖြစ်သွားပြီမဟုတ်လား အပါ ..."

ယခုမှ ထိုလူကြီး၏ စကားပြောသံ ထွက်လာသည်မို့ ထိုလူကြီး၏အသံကို အပါကြားဖူးသလိုလိုရှိသည်။

"*ဟိုခွေးသားလေးအပါကို လိုက်ဖမ်းစမ်း ...*"

ဖေဖေနှင့် မေမေ ဦးလေးသာဆန်းကို ပစ်သတ်ခဲ့သော ဓားပြခေါင်းဆောင်ကြီး၏အသံဖြစ်နေမှန်း ချက်ချင်းစိုးမိုးခိုင်မှတ်မိလိုက်သည်။

ထိုစဉ်က သူ၏မျက်နှာမှာ ထုံးဖြူတစ်ခြမ်း၊ အိုးမည်းတစ်ခြမ်းသုတ်ထားသောကြောင့် သူ့မျက်နှာကိုမမှတ်မိခြင်းသာဖြစ်ပါ၏။

ယခု ပက်ပင်းကြီးတွေ့ပြီ။

သို့သော် ...

ဟိုးလွန်ခဲ့သည့် ဆယ့်ငါးနှစ်အချိန်ကလည်း ...

ကျွန်တော်ဆိုသော အပါ၊

ကျွန်တော်ဆိုသော စိုးမိုးခိုင်၊

သည် ယိုးလူကြီး၏သေနတ်၊ ထိုလူကြီး၏ ကျည်ဆန်ထိုလူကြီး၏ ပစ်မှတ်တွင် ပြားပြားဝပ်ခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ...

ပစ္စက္ခတ်ကာလကျပြန်တော့လည်း ကျွန်တော်ဆိုသော အပါ၊ ကျွန်တော်ဆိုသော စိုးမိုးခိုင်သည် ထိုလူကြီး၏ သေနတ်ပြောင်းဝမှာပင် မလှုပ်မယှက် ရောက်သွားရပြန်လေပြီကော။

"ကဲ အပါ ... မင်း ဗုဒ္ဓဘာသာတရားကို ယုံကြည်တယ်ဆို၊ ဘုရား ... တရား ... သံဃာကိုသာ အာရုံပြုပေတော့ ... မင်း တမလွန်ကို ကူးရတော့မယ်လေကွာ ... ဒီပွဲမှာ မင်း ရှုံးသွားပြီပဲ ... ငါကတော့ အမှုပေါင်းမပေါ်ရေးအတွက် လူတွေကို သတ်ရမှာပဲကွ ... "

"ပေတလူကိုလည်း ငါသတ်ခဲ့တယ် ... ဒါပေမဲ့ ပေတလူက အရူးကံကောင်းဆိုတဲ့ သတ္တဝါပဲ ... အေး ဘဝကူးဖို့ သူကြီးဦးဖြိုင်ကိုလည်း ငါသတ်ခဲ့တာပဲ ... ဦးဖြိုင်ကိုတော့ ငါမသတ်ချင်ပါဘူး ... သူဟာ ငါ့မိတ်ဆွေပါ ... ဒါပေမဲ့ လူဆိုတာ အတ္တသမားပေမာနတွေမျိုးပဲပေါ့ အပါ ... အခု ငါရွတ်တဲ့ ပါဠိတော်ဟာ မှန်ချင်မှ မှန်တယ် ... တတ်သလောက် ရွတ်ပြတာ ... ဘာသာရေးမှာ ငါလေးလေးနက်နက် ဘာမှမလိုက်စားဖူးသေးဘူး ... ငါ ဆိုလိုချင်တာကတော့ ငါ့အသက်ဆက်ပြီးရှင်သန်ရေးအတွက် ဘယ်သူ့ကိုမဆို ငါသတ်မယ် ငါမသေရင်ပြီးရောပေါ့ အပါ ... အဲဒီတော့ မင်းလည်း ဘုရား





တရားသာ နှလုံးသွင်းအာရုံပြုပေတော့ ... မင်းက လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကဖြစ်ခဲ့တဲ့ အမှုပေါင်းကို ပြန်လာဖော်တဲ့ တရားလိုပေကိုးကွ အပါ ... အေး တရားဥပဒေသဘောအရ တရားလိုမရှိတော့ဘူးဆိုရင် တရားခံလည်း မရှိတော့ဘူးပေါ့ ကွာ ... ငါတရားခံမဖြစ်ဖို့အတွက် တရားလိုမင်းကို သတ်ကို သတ်ပစ်ရမှာပဲ ... "

စကားအဆုံးတွင် ထိုလူကြီးက စိုးမိုးခိုင် ဦးခေါင်းကို တည့်တည့်ချိန်ရန် လက်ကိုဆန့်ထုတ်လိုက်သည်။

"ဒိုင်း ... "

သေနတ်သံထွက်ပေါ်လာပါ၏။

သို့သော် စိုးမိုးခိုင်တွင် ဘာမှမခံစားရ၊ ဘာမှမနာကျင်၊ ဘာမျှထိခိုက်ဒဏ်ရာမရ။

သို့သော် ဒိုင်းခနဲ သေနတ်သံနှင့်အတူ ချာလပတ်ရမ်းပြီး မြောက်တက်သွားသူမှာ ထိုသေနတ်ကိုင်လူဆိုးခေါင်းဆောင်ကြီးသာလျှင်ဖြစ်သွားသည်။

သူ့လက်ထဲမှ သေနတ်လည်း ဘေးသို့လွင့်စဉ်ထွက်သွားပါ၏။

ထိုလူကြီး၏သေနတ်ကိုင်လက်မှ လက်မောင်းတွင် သွေးတွေ ပန်းထွက်နေသည်ကို စိုးမိုးခိုင် တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဗျ ... ဦးမြဘူး နောက်ဆုံးကျတော့ ရာဇဝတ်ဘေး ပြေးလို့လွတ်သေးရဲ့လား ... သူတို့အားလုံးကို လက်ထိတ်ခတ်လိုက်ဟေ့ ..."

ရဲဝတ်စုံယူနီဖောင်းအပြည့်ဝတ်ထားသော ဂေါသရာဇာခြင်္သေ့မင်းအသွင် ဝင်ရောက်လာသူမှာ ရဲအုပ်ကိုမျိုးညွန့်ပင်ဖြစ်ပေတော့သည်။

ကိုမျိုးညွန့်လက်ထဲတွင် ခြောက်လုံးပြူးသေနတ်ကိုင်ထားသည်။ အတော်မြန်ပြီး အတော်သေနတ်ပစ်လက်ဖြောင့်သူပါပေ။ စက္ကန့်ပိုင်းသာ ကိုမျိုးညွန့် သေနတ်ပစ်နှောက်ကျသွားပါက ထိုလူကြီး၏ သေနတ်ပြောင်းသည် စိုးမိုးခိုင်အား တေ့ချိန်ပြီးသားမို့ စိုးမိုးခိုင် ပွဲချင်းပြီးသွားနိုင်လောက်သည်။ ကိုမျိုးညွန့်က ပစ်လိုက်ရပေမဲ့ အသေမပစ်၊ ထိုလူကြီး၏သေနတ်ကိုင်လက်ကိုသာ ပစ်ပေသည်။

မိနစ်ပိုင်းအတွင်းမှာပင် ကိုမျိုးညွန့်၏ ရဲအဖွဲ့ဝင်တွေသည် လူဆိုးသုံးယောက်ကို လက်ထိတ်ခတ်ပြီးသား ဖြစ်သွားပေသည်။

"ကျွန်တော့်အသက်ဟာ ကိုမျိုးညွန့်ကယ်လိုက်တဲ့အသက်ပဲ ရှိတော့တာပဲ ကိုမျိုးညွန့် ..."

စိုးမိုးခိုင်က ဝမ်းသာအားရပင် ကိုမျိုးညွန့်၏ ပခုံးကို





ဖက်ရင်း လက်ဆွဲနှုတ်ဆက်ကာ အားရပါးရကြီး ကျေးဇူးတင်စကားပြောကြားလိုက်သည်။

"ဗိုလ်စိုးမိုးခိုင် ကျေးဇူးတင်တာကို ကျွန်တော်ဂုဏ်ယူပါတယ် ... ဒါပေမဲ့ ... အခုဆောင်ရွက်လိုက်တာဟာ တာဝန်နဲ့ ဝတ္တရားပါ ... ကျွန်တော်တို့ ရဲအဖွဲ့ဆိုတာ ပြည်သူ့အသက် ... ပြည်သူ့အိုးအိမ်ကို ကာကွယ်ရတဲ့ ဝတ္တရားယူထားတဲ့ အဖွဲ့ပါ ..."

"သိပ်ဟုတ်တာပေါ့ဗျာ ... ဒါထက် ကိုမျိုးညွန့် ရန်ကုန်ကဒီအိမ်ကို ဘယ်လိုအချိန်မီရောက်လာပြီး လာကယ်နိုင်တာလဲဗျာ ..."

၁. ကိုမျိုးညွန့် အကျိုးအကြောင်းမပြောသေးမီ စိုးမိုးခိုင်အား မေးခွန်းတစ်ခုမေးလိုက်သည်။

"ပြောမယ် ဗိုလ်စိုးမိုးခိုင် ... ဒါထက် ကျွန်တော့်ကို ခင်ဗျားမော်တော်ဆိုင်ကယ်နဲ့ ကျွန်တော်သွားချင်တဲ့ဆီကို လိုက်ပို့ပေးနိုင်မလားဟင် ..."

"ဟာ ... သိပ်လိုက်ပို့ပေးတာပေါ့ ..."

"ဒါဆိုရင် ခဏလေးနော် ... ကျွန်တော့်မှာ ရဲကားပါလာပါတယ် ... ဦးမြဘူးလက်မောင်းမှာ ကျွန်တော်ပစ်လိုက်တဲ့ ဒဏ်ရာနဲ့ သွေးတွေ သိပ်ထွက်နေတယ် ... အချိန်မီ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ လတ်တလော လိုအပ်နေတယ် ... ဦးမြဘူးဟာ လူတွေကို ဘယ်လောက်သတ်ခဲ့ သတ်ခဲ့ ... ဒီကိစ္စအတွက် အဆုံးအဖြတ်နဲ့ အပြစ်ပေးမှာက တရားရုံးတော်ပါ ... ကျွန်တော့်တာဝန်က ဒဏ်ရာရ တရားခံဆိုရင် ရဲအချုပ်နဲ့ ဆေးရုံကို ပို့ပေးရမှာပါ ... နောက်ပြီး ဒီနယ်မြေပိုင် ရဲစခန်းမှာ ကျွန်တော် ဆက်သွယ်ရမဲ့ တာဝန်ရှိနေတယ် ... ဒီတော့ သူတို့အားလုံးကို ဆေးရုံပို့ဖို့ကိစ္စနဲ့ သက်ဆိုင်ရာနယ်မြေစခန်းနဲ့ ဆက်သွယ်ရေးကိစ္စတွေကို ကျွန်တော့်ရဲကြပ်ကြီး ဆရာကြီးဦးအုန်းမောင်က ဆောင်ရွက်သွားနိုင်ပါတယ် ... ပါလာတဲ့ ရဲကားနဲ့ အဲဒီကိစ္စတွေ ဆောင်ရွက်ဖို့ လွှတ်ပေးလိုက်ချင်လို့ ... ”

“ရတယ် ကိုမျိုးညွန့် ... ပြီးရင် ကျွန်တော့်မော်တော်ဆိုင်ကယ်နဲ့ဖြစ်ဖြစ် ... ကားနဲ့ဖြစ်ဖြစ် ကိုမျိုးညွန့်သွားချင်တဲ့နေရာကို ပို့ပေးပါ့မယ် ... ”

ရဲအုပ် ကိုမျိုးညွန့်က ညွှန်ကြားစရာတွေ၊ မှာကြားစရာတွေကို ဆရာကြီးရဲကြပ်ကြီးဦးအုန်းမောင်အား မှာကြားသည်။ ဒီကပြီးလျှင် ကိုမျိုးညွန့်က ဒီနယ်မြေပိုင် ရဲစခန်းသို့ လိုက်လာမည်ဖြစ်ကြောင်း ပြောသည်။

ရဲကြပ်ကြီးနှင့်အဖွဲ့ တရားခံသုံးဦးကို တင်ဆောင်





ကာ ရဲကားဖြင့် ထွက်သွားကြသည်။

ဧည့်ခန်းဆိုဖာများတွင် ထိုင်ကြပါ၏။ ကိုမျိုးညွန့်က ဤအမှု ပေါ်ပေါက်ရေးအတွက် သူ၏လုပ်ဆောင်ချက်တွေကို စိုးမိုးနိုင်အား ပြောပြလေတော့သည်။

“ထုံးကြီး အင်းတကော်လမ်းရဲ့ ကျွဲပီလာ ... မိုးကွဲရွာနားမှာ ဗိုလ်စိုးမိုးခိုင်ကို ဂျစ်ကားနဲ့ အသေတိုက်သတ်ရာမှာ ဗိုလ်စိုးမိုးနိုင်က သေနတ်နဲ့ ပြန်ပစ်လို့ မိထားတဲ့ကောင်ကို ကျွန်တော် ကဝဆေးရုံတင်ပြီး စစ်ဆေးခဲ့တယ် ... ဘာကို ဖိစစ်သလဲသိလား ... ”

“တရားခံကို စစ်ဆေးတယ်ဆိုတာ ... ကိုမျိုးညွန့်တို့ ရဲအရာရှိတွေသာ အတွေးအခေါ်ပိုင်းတွေနဲ့ စစ်တတ်တာဆိုတော့ ကျွန်တော် ဘာသိနိုင်မှာလဲ ကိုမျိုးညွန့် ... ”

“အဲဒါ အမှန်ပဲ ... ကျွန်တော့်ရဲ့ တွေးခေါ်ချက်တွေက ဂျစ်ကားနဲ့ ဗိုလ်စိုးမိုးခိုင်ကို တိုက်သတ်ဖို့ ကြိုးစားတဲ့လူသုံးယောက်ဟာ ... ဦးဖြိုင်နဲ့ ပေတလူကို သတ်တဲ့လူတွေပဲလို့ ယာယီအားဖြင့် ယူဆထားလိုက်တယ် ... အဲဒီလို ယူဆလိုက်ခြင်းအားဖြင့် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ဗိုလ်စိုးမိုးခိုင်ရဲ့ မိဘများနဲ့ ဦးသာဆန်းကို ဓားပြတိုက် ... လူသတ်သွားခဲ့တဲ့ အမှုနဲ့ အဆက်အစပ်ပတ်သက်မှုရှိနိုင်တယ် ... အမှုဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာစိုးလို့ အမှုဟောင်းကို ဖော်နိုင်တဲ့ ဦးဖြိုင်နဲ့ ပေတလူကို သတ်တာဆိုတဲ့ ကွင်းဆက်တွေကို ယူကြည့်လိုက်တယ်”

“အင်း … ဟုတ်တယ် အဲဒါဖြစ်နိုင်တာပဲ ကိုမျိုးညွန့်”

“ဒါပေမဲ့ အဲဒီကွင်းဆက်မိုးတစ်(၃)အထောက်အထားဟာ ခိုင်မာမှုသိပ်မပေးနိုင်ဘူး … ဒါကြောင့် ပေတလူကို ဗိုလ်စိုးမိုးနိုင်အပ်ခဲ့တဲ့ တရားခံကို ခေါ်ပြီး သေချာပြတယ် … အဲဒီမှာ ပေတလူက သူ့ကို ဟိုဘက် ထုံးကြီးဘက်ကမ်းကူးဖို့ ခေါ်ပြီး သတ်တဲ့လူ့ထဲက ခေါင်းဆောင်ဟာ အဲဒီလူပဲလို့ သေချာပေါက် ထွက်ဆိုခဲ့တယ် … အဲဒီတရားခံရဲ့ဆံပင်ရှည်ကို နောက်ကိုဖယ်လိုက်ရင် ပေါ်လာတဲ့ အနာရွတ်ကြီးကို ပေတလူက သေချာမှတ်မိတာကိုး … ”

“ကျွန်တော်နားမလည်လို့ မေးပါရစေ ကိုမျိုးညွန့် … အဲဒီဆံပင်ရှည် နားဖူးအနာရွတ်နဲ့လူဟာ ကျွန်တော့်ကို ဂျစ်ကားနဲ့တိုက်ဖို့ ကြိုးစားတဲ့လူဆိုပြီး အမှုဖွင့်ပြီး တရားခံအဖြစ် ကိုမျိုးညွန့်လက်ထဲ အပ်ခဲ့တာပဲ … ပေတလူကိုခေါ်ပြပြီးမှ တရားခံအစစ်ဖြစ်တယ်လို့ ယူမှတ်နိုင်စရာလိုအပ်လို့လားဗျာ … ”

“ကဲ … ကျွန်တော်က ပြန်မေးမယ် ဗိုလ်စိုးမိုးနိုင်ကို အဲဒီတရားခံက ဂျစ်ကားနဲ့တိုက်သတ်ဖို့ ကြိုးစားတယ်ဆိုတာကို





မျက်မြင်သက်သေရှိသလား … မျက်မြင်သက်သေပြနိုင်သလား … ဗိုလ်စိုးမိုးနိုင်ဖွင့်တဲ့ အမှုအတိုင်း သူ့ကို တရားရုံးတင်လိုက်ရင် တရားရုံး တရားသူကြီးရှေ့ရောက်မှ အဲဒီတရားခံက … ကျွန်တော် အဲဒီကိုစိုးမိုးနိုင်ကို သတ်စရာအကြောင်း ဘာမှမရှိပါဘူး … ကျွန်တော် ဂျစ်ကားမောင်းလာရင်း အဲဒီစိုးမိုးနိုင်ဆိုတဲ့လူ လမ်းဘေးမှာမော်တော်ဆိုင်ကယ် မှောက်သဲကျနေတာကို ဝင်ပြီးကူညီတာကိုပဲ ကိုစိုးမိုးနိုင်က သူ့ကို ကျွန်တော်က သတ်ဖို့ကြိုးစားတာလို့ အထင်မှားတာပါလို့ … လျှောက်လဲထွက်ဆိုရင် အဲဒီလျှောက်လဲထွက်ဆိုချက်ကို တရားသူကြီးက စဉ်းစားရတော့မှာ အမှန်ပဲ … ဘာလို့လဲဆိုတော့ အမှုမှာ မျက်မြင်သက်သေမရှိလို့ဘဲ ဗိုလ်စိုးမိုးနိုင် … သဘောပေါက်ပါတယ်နော် … ဒီမှာ ဗိုလ်စိုးမိုးနိုင် အမှုတစ်ခုဖြစ်လာတယ်ဆိုရင် ရုံးတော်ကို တင်ပြနိုင်လို့ ရဲက အခိုင်အမာတွေ အများကြီးရှာရတယ် … ”

“တကယ်လို့ တင်ပြချက်မခိုင်မာရင် အမှုဟာ သံသယဖြစ်လာမယ် … အဲ … တရားရုံးက သံသယအကျိုးကို တရားခံက ခံစားခွင့်ရှိနေတယ် … အဲဒါကြောင့် ခိုင်မာတဲ့သက်သေပေါ်ပေါက်လာအောင် ဖပတလူကို ခေါ်ပြီး တွရားခံကို တရားဝင်ပြပေးရတာပဲ ဗိုလ်စိုးမိုးနိုင် … ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုမျိုးညွန့် ... ကျွန်တော် နားမလည်တဲ့ တရားဥပဒေကိစ္စကို အခု ကိုမျိုးညွန့်ပြောပြလို့ သဘောပေါက်လာပါတယ် ... ဆက်ပြောပါ ကိုမျိုးညွန့် ... "

"ဆက်ပြောရရင် ပေတလူကို တရားဝင်ခေါ်ပြလိုက်တာဟာ အမှုအတွက် သက်သေပြချက် တစ်ကွက်ဝင်သွားတယ်ပေါ့ဗျာ ... အဲဒီတော့မှ တရားခံကို ဖိစစ်တာ ... နောက်ဆုံးအဲဒီကောင် တရားခံက မငြင်းနိုင်တော့ဘဲ ဝန်ခံလာတယ် သူဟာ ငယ်နာမည် ငတူးပါတဲ့ ... အခုကြီးလာမှ လက်ရှိနာမည်စာ စိန်မြသန်းပါတဲ့ ... "

"ငယ်နာမည် ငတူးဟုတ်လား ... ဒါဆိုရင်တော့ သိပ်ကိုသေချာသွားပြီပေါ့ ကိုမျိုးညွန့် ... "

"ဘာကို သိပ်ကိုသေချာသွားတာလဲ ဗိုလ်စိုးမိုးခိုင် ... "

စိုးမိုးခိုင်က ငယ်စဉ်က နီမာ၊ ယခု ဆောက်လုပ်ရေးရုံးတွင် ဗိသုကာအရာရှိ နေယမင်းသည် ငယ်စဉ် နီမာဘဝက ငတူးနှင့် ပတ်သက်ခဲ့သော အကြောင်းခြင်းရာအားလုံးကို ကိုမျိုးညွန့်ကိုယခုမှ အားလုံးဖွင့်ပြောပြလိုက်တော့သည်။

"အား ... ဒါဆို သက်သေပိုင်း ပိုပြီးခိုင်မာပြန်တာပေါ့ ... ငယ်နာမည် နီမာ ... ယခု ဒေါ်နေယမင်းဟာ ဒီအမှုမှာခိုင်မာတဲ့ သက်သေထပ်ဖြစ်လာတာပေါ့ ... "





"အဲဒီငယ်နာမည် ငတူးဆိုတဲ့ စိန်မြသန်းကကော ဘာတွေဆက်ပြီး ဖော်သေးလဲ ကိုမျိုးညွန့် ... "

"သူ့အသက်ကို ရှင်အောင်ပြန်ကုပေးပါ ... သူဖြောင့်ချက်ပေးပါတော့မယ်လို့ ဖြစ်လာတော့တာပေါ့ ... "

"သူ့ဖြောင့်ဆိုချက်ကကော ဘယ်လိုတဲ့လဲဟင် ... "

"သူဖော်ထုတ်ဖြောင့်ချက်ပေးတာကတော့ ... သူ့အဖေနာမည်ဟာ ဦးမြဘူးပါ ... သူငယ်ငယ်က ကိစ္စတွေကိုတော့ မမှတ်မိတော့ပါဘူးတဲ့ ... သူတို့ဟာ ကဝကနေပြီး ပဲခူးမြို့သွန်းဘုရားလမ်း ... အိမ်အမှတ်( ... )ကို ဝယ်ယူပြီး ပြောင်းနေခဲ့တာ ဆယ်နှစ်လောက်ရှိပါပြီတဲ့ ... ငတူးဟာ ဆယ်တန်းတောင်မအောင်ဘဲ ပဲခူးမှာ လမ်းသရဲပုံစံနဲ့ ဆိုးတေနေတာမို့ သူ့အဖေ ဦးမြဘူးက သူ့ကိုအိမ်က နှင်ချလိုက်တာတဲ့ အဲဒီမှာတင် သူ ရန်ကုန်ကိုလစ်လာပြီး ရန်ကုန်က လူဆိုးတွေနဲ့ အပေါင်းအသင်းဖြစ်သွားတယ်တဲ့ ... "

"အဲ ပြီးခဲ့တဲ့ အပတ်ကမှ သူ့အဖေဦးမြဘူးက သူ့ကို ပြန်ခေါ်လာပြီး သူ့ကိုမိသားစု ကောင်းကောင်းမွန်မွန်ဆက်ပြီး နေထိုင်ရေးအတွက် ကဝက ကူးတို့သမ္ဗန်ခတ်ပေးတဲ့ ပေတလူကို စိန်မြသန်းရဲ့ လူဆိုးအဖွဲ့နဲ့ အသေဖြောင်ပေးရမယ်လို့ခိုင်းသတဲ့ ... စိန်မြသန်းတို့အဖွဲ့က ပေတလူကို ဖြောင်အော



www.burmeseclassic.com

www.burmeseclassic.com



ပဲ ... အဲဒီနောက် ကူးတို့သူကြီး ဦးဖြိုင်ကို အသေသတ်နိုင်ပြန်ပြီး ဦးဖြိုင်ရဲ့မှတ်တမ်းစာအုပ်အဟောင်းကြီးကို အရယူစေတာပဲတဲ့ ... အဲဒီမှတ်တမ်းစာအုပ်ကြီးကို ဦးမြဘူးလက်ထဲ ပေးအပ်လိုက်တယ်တဲ့ ... နောက်တစ်ခါ ဦးမြဘူးကဝဲအပါဆိုတဲ့လူကိုပြပြီး ထပ်ဖြောင်ခိုင်းပြန်ရောတဲ့ ... အဲဒီအတွက် ဦးမြဘူးက တစ်ယောက်ကို ဖြောင်တိုင်း ငွေတစ်သောင်းပေးတဲ့အပြင် ဘယ်လိုဖြောင်ရမယ်ဆိုတာ ညွှန်ကြားပေးတယ်တဲ့ ... ဂျစ်ကားကလည်း ဦးမြဘူးပိုင်တဲ့ ဂျစ်ကားတဲ့ ... အဲဒီ အပါကို အသေကြံစည်ရာမှာ အပါက ပြန်ပစ်တဲ့ သေနတ်ဒဏ်ရာတွေရပြီး သူထွက်မပြေးနိုင်တော့ဘူးပါတဲ့ ... သူ့အဖေ ဦးမြဘူးက သူတို့ကို ခိုင်းတိုင်း ငွေတွေပေးပေမဲ့ ဘာကြောင့်မို့ အဲဒီလို တစ်ယောက်ပြီး တစ်ယောက် သတ်ရတဲ့အကြောင်းကိုတော့ မပြောပြလို့ သူမသိပါဘူးတဲ့ ..."

"ဟုတ်ပါ့မလား ကိုမျိုးညွန့် ... တွေးဟာ ငယ်ငယ်တုန်းက ကျွန်တော်တို့ရဲ့မိဘတွေအိမ်ကို ဓားပြတိုက်မယ်ဆိုတာ တင်ကြိုသိခဲ့လို့ နီမော့ကို ပြောခဲ့သေးတာပဲ ... ငယ်ငယ်တုန်းက ကိစ္စတွေ သူမသိပါဘူးဆိုတာ ဟုတ်နိုင်ပါ့မလား ..."

ကိုမျိုးညွန့်က ပခုံးတွန့်ပြသည်။





"အဲဒီအချက်က ဗိုလ်စိုးမိုးခိုင်က အခုပြောပြမှ အခုမှ ကျွန်တော်တို့ ရဲကသိရတာကိုး ... အဲဒီအချက်ကို ငတူးခေါ် စိန်မြသန်းကို ဆက်ပြီးစစ်ရ မေးရဦးမှာပေါ့ ... ဟိုတုန်းကတည်းကသာ ဗိုလ်စိုးမိုးခိုင်က ကျွန်တော့်ကို ပြောခဲ့ရင် အဲဒီကတည်းက ဦးမြဘူးကို ကျွန်တော်ဆွဲဖမ်းနိုင်ချင် ဖမ်းနိုင်မှာ ... အဲဒီ ငယ်စဉ်အခါကတည်းက တကယ့်အမှုကြီးမှာ အရေးကြီးအချက်ကို ဖွင့်မပြောဘဲ ထိန်ချန်ထားခဲ့တာကိုး ... ဒါကြောင့် အဲဒီဓားပြမှုကို စုံစမ်းထောက်လှမ်းမရသော အမှုဆိုပြီး ဘေးဖယ်ထားတာ ... ဆယ့်ငါးနှစ်တောင်ကြာသွားရတာ ကျွန်တော်ကတော့ ဗိုလ်စိုးမိုးခိုင်ပြောခဲ့တဲ့အတိုင်း အဲဒီလွန်ခဲ့တဲ့ဆယ့်ငါးနှစ်က အင်းလေလံကို ဘယ်သူရသွားသလဲဆိုတဲ့ Record မှတ်တမ်းတွေ လိုက်ရှာကြည့်တယ် ... အဲဒီနှစ်က ပြိုင်ဘက်မရှိ အင်းလေလံတိုရတဲ့သူဟာ ဦးမြဘူးဆိုတဲ့အဖြေထွက်လာတယ် ... အဲဒီတော့မှ စိန်မြသန်းထွက်ဆိုချက်အရ မှတ်တမ်း Record အရရော တရားခံအစစ်ဟာ ဦးမြဘူးလို့ ကျွန်တော်သတ်မှတ်လိုက်တယ် ... ဒီတော့မှ ဦးမြဘူးအနေနဲ့ နောက်ဆုံးသတ်ရမဲ့သူဟာ အပါဆိုတဲ့ ဗိုလ်စိုးမိုးခိုင်ဖြစ်မယ်လို့ ကျွန်တော် ဆက်စပ်တွေးလို့ရတယ် ... အပါသာသေသွားရင် အမှုမှာ တရားလိုမရှိတော့



www.burmeseclassic.com

ဘူး ... အမှုတစ်ခုမှာ တရားလို သေသွားပြီဆိုရင် တရားခံဟာ အလိုလိုလွတ်သွားတဲ့သဘောရှိတယ် ... ဒါကြောင့် ဗိုလ်စိုးမိုးခိုင်ကို ဂျစ်ကားနဲ့ တိုက်သတ်တာလို့ ဆက်စပ်တွေးမိတယ် ... အဲဒီဂျစ်ကားနဲ့ တိုက်သတ်တာ မအောင်မြင်ဘူးဆိုတော့ ဦးမြဘူးအနေနဲ့ အပါခေါ် ဗိုလ်စိုးမိုးခိုင်ကို ...ပ်ပြီး အသေသတ်ဖို့ ကြံစည်မှာပဲလို့ တွေးမိပြီး ဗိုလ်စိုးမိုးခိုင်ပေးတဲ့လိပ်စာအတိုင်း လိုက်လာတာ ဒီရောက်တော့ ကျွန်တော်ထင်တဲ့အတိုင်း ဗိုလ်စိုးမိုးခိုင်ကို ဦးမြဘူးတို့အဖွဲ့က စီးမိထားပြီလေ ... "

"အဲဒါ ပြောတာပေါ့ ... ကိုမျိုးညွန့်သာ အဲဒီလို မတွေးမိလို့ မလာရင် ဦးမြဘူးလက်ချက်နဲ့ ကျွန်တော်သေပြီ ... တကယ့်အချိန်မီရုံလေး ကိုမျိုးညွန့်ရောက်လာလို့ပေါ့ဗျာ ... "

"ဘယ်ဟုတ်မလဲ ဗိုလ်စိုးမိုးခိုင် ... ကျွန်တော် အချိန်စောပြီး ရောက်ပါတယ် ... ခင်ဗျား ရှိုးကေ့(စ်)နောက်ကွယ်မှာ ရောက်နေလို့ ကျွန်တော် ခင်ဗျားကို မြင်တော့ မမြင်ဘူး ဦးမြဘူးပြောနေတာတွေကို နားထောင်ချင်တာနဲ့ ကွယ်ရာက နားထောင်နေတာ သူ့လက်ဦးမှုကတော့ ဘယ်ခံမလဲဗျာ ... သူ့လက်ထဲက သေနတ်ကို ဆန့်ထုတ်ပြီး ပစ်တော့





မယ်မှန်းသိမှ သေနတ်ကိုင်တဲ့သူ့လက်ကို ကျွန်တော်ပစ်ထည့်လိုက်တာ ... "

မည်သို့ဆိုစေ။

ကိုမျိုးညွန့်လို တာဝန်ကိုအထူးလေးစားရုံမက ရဲစုံထောက်အတွေးအခေါ်တွေနှင့်တကွ တာဝန်ထမ်းဆောင်ရာတွင်နေ့ညမဟူ မခွဲခြားဘဲ ထမ်းဆောင်ခဲ့သောကြောင့် လွန်ခဲ့သောဆယ့်ငါးနှစ်က အမှုပေါ်ရုံမက တရားခံအားလုံးကို ဖမ်းဆီးနိုင်ပေသည်။

ကိုမျိုးညွန့်သည် သူ့အတွေးအခေါ်ကြောင့်ပင် ဆေးရုံ၌ ပေတလူကို ဘယ်သူနှင့်မှပေးမတွေ့ခြင်းကလည်း ချီးကျူးစရာပါပေ။

"ကဲ ... ကျွန်တော်က ကဝမြို့ ရဲစခန်းမှာ တာဝန်ကျနေသူအခု ဒီရပ်ကွက် ဒီနယ်မြေထဲဝင်ပြီး လူဆိုးကို ပစ်ခတ်ဖမ်းဆီးလိုက်တယ်ဆိုတော့ သက်ဆိုင်ရာ ဒီနယ်မြေက တာဝန်ကျ ရဲစခန်းနဲ့ နားလည်မှုယူရဦးမယ် ... တရားဝင်ဖြစ်အောင် လုပ်ဆောင်ရဦးမယ် ... ကျွန်တော့်ကို ဒီရပ်ကွက်ပိုင် နယ်မြေရဲစခန်းကိုသာ လိုက်ပို့ပေးပေတော့ ဗိုလ်စိုးမိုးခိုင် ... နောက်ပြီး ဗိုလ်စိုးမိုးခိုင်ရော ဒေါ်နေယမင်းရော နက်ဖြန်ကျရင် ကဝကို လိုက်လာခဲ့ကြဦးဗျာ ... ဒေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက ဒီအခွင့်မှာ သက်သေကောင်းတစ်ဦးဖြစ်နေတယ် မဟုတ်လား ...”

“စိတ်ချ ကိုမျိုးညွန့် ... ကျွန်တော်နဲ့ ယမင်းကလည်း နက်ဖြန် တနင်္ဂနွေနေ့မှာ ကိုမျိုးညွန့်ဆီလာပြီး ငယ်ငယ်တုန်းက တွေးပြောခဲ့တာတွေကို လာပြောမလို့ နဂိုကတည်းကပဲ အစီအစဉ်ရှိထားပြီးသားပါ ... အဲ နက်ဖြန်တနင်္ဂနွေနေ့ အားလပ်ရပ်မို့ ကိုမျိုးညွန့် အားလပ်ချိန်လေးကိုအနှောင့်အယှက်ဖြစ်နေမလားဆိုတာကိုသာ စိုးရိမ်တာပါ ...”

ကိုမျိုးညွန့်က လက်ဝါးကာပြသည်။

“နိုး ... နိုး ... ဗိုလ်စိုးမိုးခိုင် ... ရဲဆိုတာ နှစ်ဆယ့်လေးနာရီ တာဝန်ထမ်းရတဲ့သူတွေပါ ... ရဲမှာ စနေတနင်္ဂနွေရယ်လို့ အားလပ်ရက်မထားပါဘူး ... ဥပုသ်နေ့မှာ ဥပုသ်မစောင့်မိလို့ ရဲတွေသေရင် ငရဲလားမှာတောင် စိုးရသေးဗျာ ...”

“ဘယ်ဟုတ်ပါ့မလဲ ကိုမျိုးညွန့်ရာ ... ရဲတွေသေရင် ကောင်းကင်နတ်ပြည်ဘုံကို တိုက်ရိုက်တန်းရောက်သွားမှာပါ ... ဘာလို့လဲဆိုတော့ ရဲဆိုတာမကောင်းသူပယ် ... ကောင်းသူကယ် အလုပ်ကို နေ့စဉ် နာရီ မိနစ် စက္ကန့်မခြား လုပ်နေတဲ့သူတွေပဲဗျာ ... နေ့တိုင်း ကုသိုလ်ရနေတဲ့လူတွေပါ ...”





ကိုမျိုးညွန့်က စိုးမိုးခိုင်၏ပြောပြချက်စကားကို ကျေနပ်စွာ ရယ်မောပါ၏။

“ကဲ နတ်ပြည်ရောက်မှာက သေပြီးမှ ရောက်မယ်ပဲ ထားပါတော့ အခုလောလောဆယ်မှာတော့ ဒီနယ်မြေရဲစခန်းကို သွားစို့ဗျာ ... ကျွန်တော့်ကို လိုက်ပို့ပေးပေတော့ ...”

စိုးမိုးခိုင်သည် အိမ်တံခါးတွေပိတ်၊ သော့ခတ်ပြီး ကားဂိုဒေါင်သဲမှ မော်တော်ဆိုင်ကယ်နှင့်ပင် ကိုမျိုးညွန့်သွားလိုရာကို လိုက်ပို့ပေးသည်။

ဟုတ်ပါ၏။

မိမိတို့ စစ်သားတွေတွင်လည်း ရှေ့တန်းမှာဆိုလျှင် စနေ၊ တနင်္ဂနွေရက်အားဟူ၍ မရှိပါလေ။

ရန်သူဆိုသည်မှာ မိစ္ဆာတွေ ဖြစ်သည်။ ဒုစရိုက်ကောင်တွေသည်လည်း မိစ္ဆာကောင်တွေပင်ဖြစ်ပါ၏။

ထို့ကြောင့် စာဆိုလေးပင် ရှိပေသည်။ ရဲဘော်မသေသေသော် ငရဲမလားဟူ၍ပင်။

ကိုမျိုးညွန့်တို့ ရဲတွေမှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်ပါလေတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

“ဟိုက် ...”

အိမ်ထဲတွင် မီးရောင်လင်းနေသည်ကို တွေ့ရပြန်လေသည်။

စိုးမိုးခိုင် ကိုမျိုးညွန့်ကိုပို့ခဲ့ပြီး အိမ်အပြန်တွင် အိမ်ထဲ၌ မီးလင်းနေသည့်ကို တွေ့ရခြင်းဖြစ်သည်။

ဒီတစ်ခါတော့ မိမိသွားစဉ်က အိမ်မီးတွေ သေချာပိတ်ခဲ့သည်။ အိမ်တံခါးတွေ သေချာတော့ပိတ်ခဲ့သည်မှာ အမှတ်တရဖြစ်ပါ၏။

ထို့ပြင် တိုက်အိမ်ရှေ့ပေါ်တီကိုအောက်တွင် လင့်မိုဗ်ကားတစ်စီးရပ်ထားသည်ကို တွေ့ရသည်။





မိမိခြံထဲသို့ မော်တော်ဆိုင်ကယ်မောင်းဝင်လာသော်လည်း အိမ်ထဲမီးကွေ ပိတ်မသွား။

ကေနှ လူဆိုးသူခိုးတော့မဟုတ်နိုင်။ ထွန်းနေလင်း ပြန်ရောက်နေခြင်းသာဖြစ်ရမည်။

မော်တော်ဆိုင်ကယ်ကို ပေါ်တီကိုအောက် လင့်ရိုဗ်ကားဘေးမှာပင် ရသည်။ စက်သပ်၊ ဒေါက်ထောက်ပြီး အိမ်ထဲသို့ စိုးမိုးနိုင် ဝင်ခဲ့သည်။

ထင်သည့်အတိုင်း ထွန်းနေလင်း ပြန်ရောက်ရှိနေပါ၏။

ထွန်းနေလင်းသည် ဧည့်ခန်းဆိုဖာတွင်ထိုင်ကာ ပို့စကတ်အရွယ် ဓာတ်ပုံတစ်ထပ်ကြီးကို တစ်ပုံပြီးတစ်ပုံ ကြည့်နေသည်။

သူရိုက်ခဲ့သော ကားမှ လိုချင်သောပုံများ ပြန်၍ ဓာတ်ပုံကူးကာ ဆန်းစစ်နေခြင်းဖြစ်သည်။

ထိုင်ရာမှပင် ထွန်းနေလင်းက စိုးမိုးခိုင်ဝင်လာသည်ကို လှမ်းပြောသည်။

“ဟေ့ကောင်ကြီး မိုးချုပ်လှပြီ နင် ဘယ်လျှောက်သွားနေတာလဲ ... အိမ်မှာကော ဘာတွေဖြစ်နေသလဲ သူငယ်ချင်း ရှိုးကေ့(စ်)ဘေးမှာရော တံခါးပေါက်နားက နံရံမှာရော



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေတွေ့တယ် ... စပါနာရော ဝက်အူလှည့်ရော ဟို တစ်ချောင်း ဒီတစ်ချောင်းပဲ ... ပြီးတော့ ဒါလေးလည်း ငါတွေ့တယ် စိုးမိုးနိုင် ... "

ထွန်းနေလင်းက စားပွဲပေါ်တွင် အသင့်ချထားသော မီးမလောင်ဘဲကျန်နေသည့် လက်ကိုင်ပဝါအပိုင်းအစလေးကို ဖြန့်ပြသည်။ မြှောက်ပြသည်။ လက်ကိုင်ပဝါလေး၏ N.Y.M ထိုးထားသောအပိုင်းမှာ မီးမလောင်ဘဲ ကျန်နေသည်ကိုတွေ့ရ၏။

"အေး ... ဖြစ်တာတွေကို ပြောပြရရင်တော့ အရှည်ကြီးမှ တကယ့်အရှည်ကြီးပဲ သူငယ်ချင်း ... အဲဒါတွေ မပြောခင် မင်းကရော ရန်ကုန်အိမ်ကို ဘာလို့ပြန်လာတာလဲ ထွန်းနေလင်း ... ဒီလောက် ရက်တိုလေးမှာ မင်းပြန်လာမယ်လို့ ငါထင်မထားဘူး ... "

ထွန်းနေလင်းက ပခုံးတွန့်ပြလိုက်သည်။

"မပြောပါနဲ့တော့ သူငယ်ချင်း ... တောင်ကြီးမြို့မှာ ဗဟို စခန်းချပြီး ငါကားရိုက်တယ် ခက်တာက ရွှေစင့်အဘွားကြီး လေ ... ငါတို့ ကားရိုက်တဲ့နောက်ကို တကောက်ကောက် လိုက်တယ် ... ရှမ်းပြည်နယ် တောင်ပေါ်ရာသီဥတု အကြောင်းလည်း မင်းသိပြီးသားပဲ ... ဒီကြားထဲ ရိုက်ချက် အရ ရှုခင်းလိုအပ်တဲ့ ဂေ---ထူ တောင်ထူထူတွေမှာ သွား





ရိုက်တာ ရာသီဥတုက သိပ်အေးတယ် ... အဘွားကြီးက အစားအသောက်လည်း မဆင်ခြင်ဘူးလေကွာ ... ရောက် ရာအရပ်မှာ တွေ့ကရာစားတယ် ... ရာသီဥတု အပြောင်း အနေအထိုင်အပြောင်း ... အစားအသောက်အပြောင်းတွေ မှာ မနေသာစပြီး အဘွားကြီးနေမကောင်းဖြစ်ပြီး လဲတော့ တာပဲ ... "

စိုးမိုးနိုင် ... ---းသောင်ရုံသက်သက်နှင့် ဘာမှဝင် မပြောဘဲ နားထောင်နေသည်။

"မအေကြီးကလဲတော့ ရွှေစင်လည်း မျက်စိပျက်မျက်နှာ ပျက် သူ့အမေကို စိုးရိမ်တာပေါ့ ... တောင်ကြီးဆေးရုံတက် ဖို့ ငါကပြောပါတယ် ... ဒါပေမဲ့ အဘွားကြီးက ဆေးရုံ တောင် သူ့လင်တော်မောင်ရဲ့လက်ထဲမှာ သေမယ် ... ရန် ကုန်ကိုပြန်ပို့ပေးလို့ ပြောတယ် ... ရွှေစင်ကလည်း တစ်ဂို တည်း ငိုနေတယ် ... ဒါနဲ့ ဒီလင်းရိုဗာကားနောက်ပိုင်းကို လေယာဉ်ပို့ကြတယ် ... မွေ့ရာထူ စောင်ထူတွေနဲ့ အဘွား ကြီးကို လှဲအိပ်ခဲ့တယ် ... တောင်ကြီးက ငါ့သူငယ်ချင်း ဆရာဝန်က လိုအပ်တဲ့ ဆိုးဆေးသောက်ဆေးတွေ ကူသပြီး စပါယ်ရှယ် သူနာပြုဆရာမတစ်ယောက်ကို လင်းရိုဗာ နောက်ခန်းမှာ အဘွားကြီးနဲ့အတူ လမ်းမှာပြုစုဖို့ တင်ပေါ် လာပြီး ငါမောင်းပြန်လာတာပဲ သူငယ်ချင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"မရွှေစင်ကရော ... "

"ရွှေစင်လည်း ငါတို့နဲ့ ပြန်လိုက်လာတာပေါ့ ... ရွှေစင်နဲ့ ငါက ရေ့ခန်းမှာ အတူထိုင်မောင်းပြန်လာတာ ... "

"အခု အဘွားကြီးရဲ့အခြေအနေကရောကွာ ... "

"အလကားပါကွာ ... ပဲခူးရောက်တော့ သူ့အဖျားက နော် မယ်ပြန်ကျသွားတယ် ... အမှန်တော့ သူတို့က သိပ်နုတယ် မဟုတ်လား ... တိုက်အိမ်ထဲက အိမ်အပြင်ထွက်ရင်တောင် အအေးမိ နှာစေးချောင်းဆိုးဖြစ်သူတွေ ... တောင်ပေါ်ရာသီ ဥတုရော ... အနေအထိုင်ရော အစားအသောက်ရောတွေ ကြောင့် ဟိုမှာအပြင်းဖျားတာ ... ဒီပြန်ရောက်ပြီး ချက်ချင်း သူတို့ ဖင်မလီယာဒေါက်တာနဲ့ကုတာ သက်သာသွားပြီး ပြန်ကောင်းသွားပြီ သူငယ်ချင်း ... "

"ဒါဆို မင်းကောင်ကြီးက ရန်ကုန်အထိ ကားမောင်းရတာ ပင်ပန်းလှတာပေါ့ ထွန်းနေလင်း ... နောက်ပြီး ဟိုမှာ ကား ရိုက်တာတွေကို နားထားခဲ့တော့ မင်းလုပ်ငန်းပျက် ... ပင် ပန်းလိုက်တာကွာ ... တကယ်ဆို မင်းတပည့် မောင်ပုနဲ့ပဲ လွှတ်လိုက်ဖို့ ကောင်းတာပေါ့ ... "

ထွန်းနေလင်း ပခုံးတွန့်ပြပြန်သည်။ ပြီး စီးကရက် ဘူးထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိပြီး ဘူးကို စိုးမိုးခိုင်ဆီသို့ တွန်းပို့လိုက်သည်။





စိုးမိုးခိုင်က စီးကရက်ဘူးကို လက်ဝါးဖြင့် အုပ်ဖမ်း သော်လည်း ယူ၍မသောက်ပေ။ စားပွဲပေါ်တွင် ရှိနေသော ဓာတ်ပုံ တွေကို ကြည့်နေမိသည်။

ဓာတ်ပုံတွေမှာ ရွှေစင်၏ ဓာတ်ပုံတွေချည်းဖြစ်ပါ ၏။ ထိုအထဲတွင် ရွှေစင်နှင့် ထွန်းနေလင်း တွဲရိုက်ထားသော ဓာတ် ပုံ သုံးလေးပုံပါရှိသည်ကိုလည်း တွေ့ရပေသည်။

ထွန်းနေလင်းက ဆက်ပြောသည်။

"မောင်ပုနဲ့ လွှတ်လို့မရဘူး သူငယ်ချင်း ... အရေးကြီးတာ က ရွှေစင်မဟုတ်လား ... ငါက ရွှေစင့်ကို မေးတယ် ... ဒီ ကားဆက်ရိုက်ဦးမလား ... မရိုက်တော့ဘဲ မအေနဲ့အတူ ပြန်မယ်ဆိုရင် ငါ ဒီဓာတ်ကားကို ဆက်မရိုက်တော့ဘူး ... အားလုံး ပြန်ကြမယ်လို့ ပြောတယ် ... "

"အဲဒါ ရွှေစင်က သူ ကားဆက်ရိုက်ချင်ပါတယ်တဲ့ ... နောက်ပြီး ငါကိုယ်တိုင် သူနဲ့အတူ သူ့အမေရန်ကုန်ပြန်ပို့တာ ကို လိုက်ခဲ့ပါတဲ့ ... သူ့အမေကို သူ့အဖေလက်ထဲအရောက် ပို့ပြီး သက်သာတာနဲ့ ငါနဲ့အတူပြန်လိုက်ပြီး ကားပြန်ရိုက်ပါရ စေတဲ့ ... ဒီလိုဆိုတော့ မောင်ပုနဲ့လွှတ်လိုက်လို့ မဖြစ်ဘဲ ငါကိုယ်တိုင် လိုက်လာတာပဲ စိုးမိုးခိုင် ... ကဲ ငါမရှိတုန်း မင်း ဒီမှာဘာတွေဖြစ်တယ်ဆိုတာ မင်းက ပြန်ပြောတော့ စိုးမိုးခိုင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြရမှာက သိပ်ရှည်တယ် ထွန်းနေလင်း … မင်းသိပ်ခရီးပန်းလာတယ် … မင်းအိပ်ရေးဝအောင် အိပ်ပြီး အနားယူလိုက် … မနက်ကျမှ ငါပြောမယ် … "

"အခုပဲ ပြောကွာ … ငါ မပင်ပန်းပါဘူး … ဒီထက်မက ပင်ပန်းတာမျိုးတွေတောင် ငါ့မှာရှိခဲ့တာပဲ … နောက်ပြီး ငါ မအိပ်ချင်သေးဘူး … မင်းပြောမဲ့ အရှည်ကြီးတွေကို ပြောပြကွာ … ငါ ရွှေစင့်ဆီက ဆက်မဲ့ဖုန်းကိုလည်း စောင့်နေတာ ဝင်အိပ်လို့ မဖြစ်သေးဘူး … တော်ကြာ ရွှေစင် ဖုန်းဆက်တာ ငါအိပ်ပျော်ပြီး ဖုန်းမကိုင်ရင် မရွှေချောလေးက စိတ်ကောက်တော်မူနေဦးမယ် … ကဲ ပြော … ဖုန်းစောင့်ရင်း ငါ နားထောင်မယ် … "

စိုးမိုးခိုင်က မိမိရန်ကုန်သို့ လာရောက်ခဲ့သည်မှာ လွန်ခဲ့သော ဆယ့်ငါးနှစ်က သူ၏မိဘနှစ်ပါးနှင့် နှီးလေးရင်းတို့ မာန်ဖြတ်ကြ အသတ်ခံလိုက်ရသည့်ကိစ္စကို ပြန်စုံစမ်းပြီး တရားဥပဒေရှေ့မှောက်သို့ တင်ပြရန် ရည်ရွယ်ပြီး ရောက်ရှိလာသည်ကအစ မိမိကဝသို့ ရောက်သွားခြင်း၊ ခြေရာခံခြင်းများကို ပြောပြသည်။

မိမိငယ်နာမည်မှာ အပါဖြစ်ကြောင်းနှင့် ကူးတို့သမ္ဗန်သမား ငယ်စဉ်က သူငယ်ချင်း ပေတာလူက ဘယ်လိုကူညီခဲ့ပုံတွေ။





ထို့အတွက် ပေတာလူကိုရော၊ ကူးတို့သူကြီးဦးလေးဖြိုင်ကိုရော ရန်သူက လုပ်ကြံရာ ဦးလေးဖြိုင်သေဆုံးပြီး ပေတာလူမှာ ကံကောင်းထောက်မပြီး မသေဘဲ ကဝဆေးရုံသို့ ရောက်သွားပုံ။

ကဝရဲစခန်းမှူး ရဲအုပ်ကိုမျိုးညွန့်ထံ အမှုဖွင့်ခဲ့ပုံ။

မိမိတွင် ငယ်စဉ်ကတည်းက သိပ်ချစ်ခင်သော ငယ်သူငယ်ချင်း နီမာရှိခဲ့ပြီး နီမာက မိမိအိမ်ကို ဓားပြတိုက်မည်မှန်း တင်ကြိုသိခဲ့ပုံ။

နီမာအား မိမိလိုက်လံ ရှာဖွေပုံ။

နောက်ဆုံး ရန်သူသည် ကဝရဲအုပ်ကိုမျိုးညွန့် စွမ်းဆောင်ချက်ကြောင့် ဦးမြဘူးဟု ပေါ်ထွက်လာပုံ။

ယနေ့ည ဦးမြဘူး ဤအိမ်ကိုရောက်လာပုံ၊ မိမိကို လုပ်ကြံရာတွင် မိမိက စပါနာ၊ ဝက်အူလှည့်တို့ဖြင့် ခုခံပြီး နောက်ဆုံး မိမိကို ဦးမြဘူးက အသေပစ်သတ်ရာ၌ ရဲအုပ်ကိုမျိုးညွန့်ရောက်လာပြီး ဦးမြဘူးကို သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခြင်းကြောင့် မိမိအသက်ဘေးက လွတ်မြောက်ပုံတွေအားလုံးကို ထွန်းနေလင်းအား အတိအကျ ပြောပြလိုက်တော့သည်။

သို့သော် …

ငယ်စဉ်က ချစ်သူငယ်ချင်း နီမာသည် ယခု နေ့သမင်း ဖြစ်နေကြောင်းကိုတော့ ဖော်မပြောဘဲ ချန်ထားလိုက်ပြန်သည်၏



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ သူငယ်ချင်းထွန်းနေလင်းအား မိမိနှင့် နီမှာခေါ် နေယမင်းဖြစ်စဉ်ကို ပြောပြရန် ဝန်လေးသောကြောင့် ဖြစ်ပါ၏။

နေယမင်းမှာ သူငယ်ချင်း ထွန်းနေလင်းလက်ထပ် ရန် ရည်ရွယ်ထားသူဖြစ်နေသဖြင့် စိုးမိုးနိုင် အပြောရခက်နေသည်။

ပြောပြလိုက်လျှင် ထွန်းနေလင်းက မိမိကို အထင် လွဲ အထင်သေးဖြစ်သွားမည်ကို စိုးရိမ်သည်။

"အေးကွ ... မင်းဖြစ်ပျက်ပုံတွေဟာ ရုပ်ရှင်ရိုက်ဖို့ ဇာတ်လမ်း ကောင်းတစ်ပုဒ်ဖြစ်နိုင်တယ် ... ဒါပေမဲ့ မင်းပြောပြတဲ့အထဲ မှာ နောက်ဆုံး ဦးမြဘူးကို ရင်ဆိုင်တိုက်ခိုက်ပွဲမှာ အိမ်ထဲ ဝင်ဝင်ချင်း ဟောဒီလက်ကိုင်ဖဝါကို ဓာတ်ဆီရှို့ပြီး အသုံး ခဲ့တယ်လို့ ပြောတယ်နော် ... ဒါပေမဲ့ ဒီလက်ကိုင်ပဝါလေး က မိန်းမလက်ကိုင်ပဝါလေးဖြစ်ပြီး ထောင့်စွန်းမှာလည်း N.Y.M လို့ ချည်အမည်းရောင်နဲ့ ထိုး ..."

"ကလင် ... ကလင် ... ကလင် ..."

ဧည့်ခန်းထောင့်မှ တယ်လီဖုန်းသံသည် ထွန်းနေ လင်းမေးမြန်းစကားသံ မဆုံးမီ ပေါ်ထွက်လာသည်။

"ဟော ရွှေစင့်ဆီက ..."

ထွန်းနေလင်း ကပျာကယာပင် တယ်လီဖုန်းရှိရာ မပြေးရုံတစ်မယ် ရောက်ရှိသွားသည်။





ရဆီဗာတံကို ကောက်ယူကာ ထွန်းနေလင်း ဖုန်း ခွက်ကို နားတေ့ပြီး စကားပြောခွက်ကို ပါးစပ်တွင် တေ့ပြီး ဟယ် လိုဟု အသံပြန်ပေးလိုက်သည်။

"အပါလား ... ယမင်းပါ အပါ ... ယမင်းအိပ်လို့ကို မရဘူး ယမင်းလိုပဲ အပါလည်း အိပ်မပျော်ဖြစ်နေတယ်မဟုတ်လား အခု အပ့ါကို သိပ်သတိရတာနဲ့ ယမင်း ဖုန်းဆက်လိုက်တာ အပါ ..."

"ခဏလေးနော် ယမင်း ..."

ထွန်းနေလင်း ပြောနေရာတွင် ယမင်းဟု ပါရှိလာ သောကြောင့် စိုးမိုးနိုင် ခေါင်းထောင်နားစွင့်လိုက်သည်။ ဖုန်းပြော နေသော ထွန်းနေလင်းကို လှမ်းကြည့်သည်။

ထွန်းနေလင်းက တည်ငြိမ်စွာပင် တယ်လီဖုန်းပြော ခွက်ကို လက်ဝါးပိတ်ပြီး ...

"မင်းဆီကိုလာတဲ့ ဖုန်း ... စိုးမိုးနိုင် ..."

စိုးမိုးနိုင် ထသွားရာ ဖုန်းတံကို ထွန်းနေလင်းက စိုးမိုးနိုင်ကို ပေးလိုက်သည်။

"အမိန့်ရှိပါ ကျွန်တော်စိုးမိုးနိုင်ပါ ..."

"ဘာအမိန့်ရှိပါလဲ မနောက်နဲ့နော် အပါ ... အခု ယမင်းက



www.burmeseclassic.com

www.burmeseclassic.com



အပေါ့ကို သတိရနေပြီး အိပ်မရလို့ ဖုန်းကောက်ဆက်လိုက်တာလို့ ပြောပြီးပြီပဲဟာ ... "

"ခုနဖုန်းကိုင်တဲ့လူဟာ ကိုယ် မဟုတ်ဘူး ယမင်း ... ထွန်းနေလင်းကိုင်ကာ ... ဒီညမှာပဲ ထွန်းနေလင်း ပြန်ရောက်လာတာ ... "

"အယ် ... ဒါဆို အခု ယမင်း အပေါ့ဆီကို ဆက်မှန်း သူသိသွားပြီပေါ့နော် ... အပေါ ... "

"အဲဒီလို ထင်တာပဲ ယမင်း ... "

"ပိုကောင်းတယ် ... သူမသိသေးတောင် သိအောင်ဖွင့် ပြောရမဲ့အတူတူ အခုလိုသူဟာသူ အလိုလိုသိသွားတာ ပိုကောင်းတာပေါ့ အပေါ ... "

"ဟုတ်တော့ ဟုတ်ပါတယ် ယမင်း ... ဒါပေမဲ့ ကိုယ့်အနေနဲ့ သိပ်ခင်မင်တဲ့ သူငယ်ချင်းအပေါ်မှာ သစ္စာမဲ့သွားလေပြီလားဆိုတဲ့ မသိုးမသန့်ရင်ထဲမှာ ဖြစ်နေတယ် ... "

"ဒါတော့ အပေါရယ် ... ကိုထွန်းနေလင်း သဘောပေါက်လက်ခံတဲ့အထိ ရှင်းပြ ပြောပြရမှာပေါ့ အပေါ ... အပေါ့အနေနဲ့ ရှင်းပြရ ... အပြောခက်နေရင် ယမင်းကိုယ်တိုင် ကိုထွန်းနေလင်းရောက်ရှိနေတဲ့ အခြေအနေက ရှင်းပြနိုင်တဲ့ အခြေအနေပါ ... ယမင်း ... "



BURMESE CLASSIC .com



"ကဲပါ ယမင်း ... အိပ်ပျော်အောင်သာ သွားအိပ်ပေတော့ ကိုယ်ပဲ ထွန်းနေလင်းကို ရှင်းပြလိုက်တော့မယ် ... ဂွတ်နိုက် ယမင်း ... "

"ဂွတ်နိုက် အပေါ ... "

စိုးမိုးခိုင် တယ်လီဖုန်းကို ညင်သာစွာ ပြန်ချထားလိုက်သည်။ ညွှန်ခန်းဆိုဖာတွင် ထိုင်ကာ ထွန်းနေလင်းကို ဘယ်ကစပြီး ဘယ်လိုရှင်းပြရပါ့ဟု စဉ်းစားနေသည်။

"ဟဲ ... ဟဲ ... ဟဲ ... သိပ်မစဉ်းစားနဲ့ သူငယ်ချင်း ... မင်း ရှုံးသွားမယ် ... ဒီမှာကြည့် စိုးမိုးခိုင် ... "

စိုးမိုးခိုင် ကြည့်လိုက်ပါ၏။ ထွန်းနေလင်းက မီးလောင်ထားသော လက်ကိုင်ပဝါလေးကို ကိုင်မြှောက်ပြရင်းပြောသည်။

"ဒီလက်ကိုင်ပဝါဟာ နေယမင်းရဲ့ လက်ကိုင်ပဝါမှန်း ငါမြင်ရုံနဲ့ သိတယ် ... အဲဒီတော့ ငါ မင်းကိုမေးစရာတစ်ခုပဲရှိတယ် စိုးမိုးခိုင် ... "

"မေးကွာ ... "

"နေယမင်းဟာ မင်းငယ်စဉ်ဘဝက ကဝမှာ သိပ်ချစ်ခင်ခဲ့တဲ့ မင်းရဲ့ငယ်သူငယ်ချင်း နီမာဖြစ်နေတယ် မဟုတ်လား"

"ဟုတ်တယ် ... "



www.burmeseclassic.com

ထွန်းနေလင်းက သူ၏ဦးခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်ပါ၏။

"ဒါဆို ရှင်းနေတာပဲ သူငယ်ချင်း … နီမာဟာ နေယမင်း နေယမင်းဟာ နီမာ … အဲဒီ နေယမင်းဟာ အပါဆိုတဲ့ မင်းနဲ့ ငယ်ချစ်ဦးပေါ့ကွာ … "

"ဟုတ်တော့ ဟုတ်တယ် … ဒါပေမဲ့ ငါနဲ့ နီမာ ဆယ့်ငါးနှစ် လုံးလုံး ကွဲကွာနေစဉ်မှာ မင်းနဲ့ နေယမင်းအခြေအနေက"

"တော်တော့ သူငယ်ချင်း … ဘာလို့လဲဆိုတော့ ငါနဲ့ နေယမင်း အခြေအနေက ငါကသာ သူ့ကို အိမ်ထောင်ဘက် အဖြစ် ရည်မှန်းဖွင့်ပြောခဲ့တာ … နေယမင်းက ဝါဖွင့်ပြော ပြချက်ကို မတုန်မလှုပ်ရှိနေတဲ့ အခြေအနေမှာပဲရှိတယ် … အဲဒီအခြေအနေမှာပဲ အပါဆိုတဲ့မင်းနဲ့ နေယမင်းပြန်တွေ့ သွားတယ် … အင်မတန် ဣန္ဒြေကြီးတဲ့ နေယမင်းဟာ အပါ ဆိုတဲ့ မင်းနဲ့ပြန်တွေ့ကြတော့ သူ့ရဲ့ရင်ထဲ နှလုံးသားထဲက ရှိရင်းစွဲ ဓာတ်ခံတွေ … ဘွားခနဲ ပြန်ပေါ်လာပုံပဲ … ခုနက တယ်လီဖုန်းနားထောင်ရင်း ငါ့ကို အပါမှတ်ပြီး သူပြောတဲ့ စကားတွေရော … အသံတွေရော အရမ်းလိုက်လှဲမှုရှိတာ ငါသတိထားလိုက်မိတယ် … ငါ့အပေါ်မှာ သိပ်ဣန္ဒြေကြီး မားခဲ့တဲ့ နေယမင်းက မင်းနဲ့ပြန်တွေ့တာနဲ့ သူ့ခမျာ ဟန်





မဆောင်နိုင်တဲ့အခြေအနေမှန်း ငါအကဲခတ်မိတယ် …

"ဒီမှာ သူငယ်ချင်း စိုးမိုးနိုင် နှလုံးသားထဲက ချစ်ခြင်းမေတ္တာ ဆိုတာ အတင်းဓားပြတိုက် လုယူလို့ရကောင်းတာမှမဟုတ် တာ … အေး မရရအောင် အနိုင်ကျင့်ယူရင်တော့ ခန္ဓာကိုယ် ကို ပိုင်ဆိုင်ခွင့်ရကောင်း ရနိုင်တာပေါ့ … ဒါပေမဲ့ တုံ့ပြန်တဲ့ နှလုံးသား မေတ္တာကိုတော့ ဘယ်ရမလဲ … ငါဟာ အနု ပညာသမားတစ်ယောက်ပါ … ငါကိုယ်တိုင်က နှလုံးသား မေတ္တာရဲ့ ဓာတ်လမ်းတွေကို ဖန်တီးရုပ်သဏ္ဍာန်နဲ့ ဖရိုသတ် အများကို တင်ပြနေသူပါ … ဒီတော့ ငါသိပ်နားလည်တယ် စိုးမိုးနိုင် … ဒီတော့ ငါ့အိမ်ထောင်ဘက်အဖြစ် ရွေးထားမိတဲ့ နေယမင်းကို ခုချိန်ကစပြီး ငါလက်မြှောက် နောက်ဆုတ် လိုက်ပြီ … သူကမှ ငါ့ကိုမချစ်တာ … ငါက သူ့ကို ဆက်ချစ် ဖို့ မလိုတော့ဘူးလေကွာ … ဒီတော့ နီမာနဲ့ အပါ ဓာတ် လမ်းကိုသာ မင်းတို့နှစ်ယောက် စိတ်တူကိုယ်တူ ဆက်ကြ ပေတော့ စိုးမိုးနိုင် … ငါနဲ့ နေယမင်း လုံးဝမဆီရယ်မှ အို မဆိုင်ဖြစ်သွားပြီ … "

"မင်း တကယ်ပြောနေတာလား … ဒါမှမဟုတ် ထေ့ငေါ့ ပြောနေတာလား ထွန်းနေလင်း … "

www.burmeseclassic.com



ထွန်းနေလင်းက ... လက်ဝါးနှစ်ဖက် လက်ဆယ်ချောင်းထောင်ပြသည်။

"ဆယ်ကယ် စိုးမိုးခိုင် ... တကယ့်ကို ဆယ်ကယ် ... နောက်ပြီး မင်းလိုလူနဲ့ နေယမင်းက လိုက်ဖက်တယ် ... ရှေ့သွားနောက်လိုက်ညီတယ် ... "

"ကလင် ... ကလင် ... ကလင် ... "

တယ်လီဖုန်းသံ ထပ်မြည်ပြန်သည်။ ဒီတစ်ခါတော့ ရွှေစင့်ဆီက ဖုန်းမှန်း ရာနှုန်းပြည့် ခန့်မှန်းနိုင်သည်မို့ ထွန်းနေလင်းက အပြေးအလွှား သွားကိုင်ပြန်ပါ၏။

ထွန်းနေလင်း ဖုန်းကိုင်ကာ ပြန်လည်အသံပေးပြီးနောက် ထွန်းနေလင်း မျက်နှာတစ်ခုလုံး သကာလောင်းသကြားလောင်းသလို ချိုသွားသည်။ ပြုံးသွားသည်

"ဟုတ်လား ... ဒါဆို အိမ်လည်းရောက်ရော ရွှေစင့်ဖေဖေနဲ့လည်း တွေ့ရော ... ရွှေစင့်မားသားကြီး ပြဒါးတိုင်အောက်ကိုဆင်းသွားပြီး နေကောင်းသွားတယ်ပေါ့ ဟုတ်လား ရွှေစင် ... "

ဟိုဘက်က စကားပြောသံကိုတော့ စိုးမိုးခိုင် ဘယ်လို ကြားနိုင်ပေမည်နည်း။ ထွန်းနေလင်း ပါးစပ်ကြီးဖြဲသည်ထက်



BURMESE CLASSIC .com



ဖြဲကာ ရယ်နေခြင်းကိုသာ တွေ့ရသဖြင့် သူတို့ချင်း သိပ်ပြေလည်နေကြပြီ ဟုသာ စိုးမိုးခိုင် အကဲခတ်နိုင်ပါ၏။

"ဒါဆို သိပ်ကောင်းတာပေါ့ ရွှေစင် ... ဆရာ့မှာလည်း ကားရိုက်လက်စတန်းလန်းကြီးထားခဲ့ရတာ ရွှေစင်အသိပဲ အမြင်ပဲဟာ ... "

"တောင်ကြီးကို ရွှေစင်မပါဘဲ ဆရာပြန်လို့ ဘယ်ဖြစ်မလဲ၊ ရိုက်စရာအခန်းတွေက ... ရွှေစင့်အခန်းတွေလိုလိုချည်းပဲ မဟုတ်လား ရွှေစင် ... "

"ဒါဆို သန်ဘက်ခါ ဆရာနဲ့ ရွှေစင် တောင်ကြီးကို ပြန်သွားကြမယ်လေ ... ဇာတ်ကားဆက်ရိုက်ကြဖို့ပေါ့ ... "

တစ်ဖက်မှ ရွှေစင်က ဘာပြန်ပြောသလဲတော့ မသိ။

"ဩော် ရွှေစင်ရယ် ဆရာ့ကိုယုံကြည်တယ်ဆိုရင် သန်ဘက်ခါမှာ ရွှေစင်တစ်ယောက်တည်းပဲ လိုက်ခဲ့ပေါ့ ... ဒါမှမဟုတ် ဆရာ့ကို မယုံကြည်ရဲဘူးဆိုရင်လည်း ဒီဇာတ်ကားကို ဖျက်သိမ်းလိုက်မယ်လေ ... "

"ကဲ ဒါဆိုပြီးရော ... သန်ဘက်ခါ မနက်စောစော ခြောက်နာရီပဲ ... ဒါပဲ ... "

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

တနင်္ဂနွေနေ့ဖြစ်ပါ၏။

စိုးမိုးခိုင်သည် ဆီဒင်ကားနီလေးကို မောင်းလာခဲ့သည်။

အလုံဗွာနလမ်းသို့ ချိုးကွေ့ဝင်ခဲ့သည်။

နေယမင်းက စိုးမိုးခိုင်ကို အသင့်ပင် စောင့်နေပါ၏။

ကားနီလေး ခြံဝတွင် ရပ်လိုက်သည်နှင့်၊ နေယမင်း အိမ်ပေါ်မှ အိတ်လွယ်ကာ ဆင်းလာပြီး ကားကူရှင်ရှေ့ခန်းတွင် တံခါးဖွင့်ဝင်ထိုင်လိုက်သည်။

တူနှစ်ကိုယ် ယှဉ်ယှဉ်တွဲတွဲလေးပေါ့လေ။

စိုးမိုးခိုင် မောင်းထွက်လာခဲ့သည်။ လမ်းကျဉ်းလူရှုပ်တွင် မောင်းနေရာမှ စကားမပြောနိုင်။





ပဲခူး–ရန်ကုန် ကားလမ်းကျယ်ပေါ်ရောက်သည်နှင့် စိုးမိုးခိုင်က လက်ကစ်ဖက်တည်းဖြင့် ကားမောင်းပြီး လက်တစ်ဖက် နေယမင်းကို ပွေ့ပိုက်ထားသည်။

ဤပုံစံနှင့်ပင် အင်းတကော်မှတစ်ဆင့် ထုံးကြီးဘက် လမ်းသို့ ဖောက်လာကြသည်။ ကားကိုအပ်ကာ ကဝဘက်သို့ ကူးတို့ သမ္ဗန်ဖြင့် ကူးခဲ့ကြသည်။

ကဝဘက်ကမ်းတွင် ရဲအုပ်ကို မျိုးညွန့်က ကြိုဆိုနေ ပါ၏။

ကျန်းမာလာပြီဖြစ်သော ပေတလူကလည်း ကိုမျိုး ညွန့်နှင့်အတူ အပါနှင့် နီမာကို ဝမ်းသာအားရ ကြိုဆိုသည်။

"ကဲ ကိုမျိုးညွန့်ရေ ... ယမင်းက ရောက်ရောက်ချင်း နီမာ ဘဝက ဖုန်ဆိုးတောထဲသွားချင်လို့တဲ့ဗျာ ... အဲဒီ့ကပြန်မှ ကိုမျိုးညွန့်ဆီကို လာခဲ့တော့မယ်နော် ... "

"ရတယ် ... ရတယ် ... ဒါဆို ရဲစခန်းကပဲ စောင့်နေမယ်"

ဟု ပြောကာ ပြန်သွားသည်။

ပေတလူကလည်း အပါနှင့် နီမာကို နှုတ်ဆက်ပြီး ကူးတို့ဆိပ်မှာပင် ကျန်ခဲ့သည်။ မြို့က လူကြီးတွေက ပေတလူကို ဆေးရုံမှ ဆင်းပြီးနောက် ဦးဖြိုင်၏ ကူးတို့သူကြီးတာဝန်ကို ပေးအပ်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်စေခြင်းကြောင့် ပေတလူမှာ ကူးတို့ဆိပ်မှာမင် ကျန်ခဲ့သည်။

စိုးမိုးခိုင်က ပထမဦးစွာ ကဝသချိုင်းသို့သွားပြီး ဖေဖေမေမေနှင့် ဦးလေးသာဆန်း အုတ်ဂူတွင် ပန်းဆီမီးတို့နှင့် ကန်တော့သည်။

ထို့နောက် အရှင်အာဒိစ္စကျောင်းဆရာတော်အား ရှိသေရှိခိုးပူဇော်ကန်တော့သည်။

ကျောင်းမှထွက်လာသည်နှင့် စိုးမိုးခိုင်၏အလိုကျ နေယမင်းက ဖုန်ဆိုးတောထဲတွင် တူတူပုန်းတမ်းကစားရန် လာခဲ့ကြသည်။

"ကဲ ငယ်ငယ်တုန်းကလို တူတူပုန်းတမ်းကစားမယ် နီမာ ဘယ်သူက ပုန်းပြီး ဘယ်သူက ရှာမလဲ ..."

"ဒါတော့ ငယ်ငယ်ကလိုပဲ ဗျောင်နောင် ဗျောင်နောင် ပဗေပေးဂျိ လုပ်ရမှာပေါ့ ... လက်ဝါးဖြန့်တဲ့ မှောက်တဲ့အပေါ် မူတည်ပြီး ပုန်းသူ ရှာသူ ရွေးမယ်လေ အပါ ..."

"ဒါဆို လုပ်လေ ..."

နှစ်ဦးတည်းသော စိုးမိုးခိုင်နှင့် နေယမင်းတို့သည် လက်ချင်းဆက်ကာ ဗျောင်နောင်၊ ဗျောင်နောင် ပဗေပေးဂျိဟု ပြိုင်တူအော်ကာ ရွေးလိုက်ကြသည်။





နှစ်ယောက်စလုံး မကြီးမငယ်နှင့် ရှူးပေါ်ပေါ်ကလေး၊ ဆန်လိုက်ကြသည်။

အချစ်တွင် ဒီလိုပဲ ရှူးပေါ်ပေါ်ကလေးဆန်ခြင်းမျိုးတွေ ချစ်သူနှစ်ဦးတိုင်းတွင် ရှိတတ်ကြသည်မှာ ဓမ္မတာပဲဟုသာ ယူရပေမည်။

ထုံးစံအတိုင်း အဖြေထွက်လာသည်မှာ အပါ၊ စိုးမိုးခိုင်က ပုန်းပြီး နေယမင်း နီမာက ရှာရပေတော့သည်။

စိုးမိုးခိုင်သည် ဖုံးဆိုးတောထဲ ပြေးဝင်လိုက်ပါ၏။ တောနက်ရာသို့ တိုးဝင်ပြီး မြက်ပင်ရှည်၊ ကိုင်းပင်ရှည်များကြားတွင် ပုန်းနေသည်။

နီမာ နေယမင်းသည် အပါ စိုးမိုးခိုင်ကို လိုက်ရှာတော့သည်။ တကယ်ပင် ရှာခြင်းဖြစ်သည်။

တကယ်ရှာသော်လည်း တကယ်ပင် တွေ့အောင် မရှာနိုင်ပါလေ။

တကယ်လည်း တစ်ယောက်တည်း ဖုံးဆိုးတောကြီးထဲတွင် ကြောက်လာသည်မို့ ငယ်ငယ်ကအတိုင်း သီဆိုလိုက်သည်။

"ဟေး အပါ ... ဘယ်မှာလဲဟာ ...
အသံပြန်ပေးပါ ... အပါ ...



www.burmeseclassic.com

www.burmeseclassic.com



နီမာ မရှာတတ်တော့လို့ပါ ...
နီမာ ခေါင်းမူးလာပြီကွာ ...
အေးနော် ဒါပဲ အပေါ ...
ငြိမ်နေတာ ကြာရင်တော့ ...
နီမာ ပြန်ပြေးတော့မှာ ... "

ထိုသီဆိုသံအဆုံးတွင် အပေါ စိုးမိုးခိုင်သည် နီမာ နေယမင်းရပ်နေရာသို့ ပြေးလာပြီး တအားကြီးပွေ့ပိုက်ထားလိုက်ပေတော့သတည်း။

သြော် ... နောက်ဆုံးမှာတော့ အပေါခေါ် စိုးမိုးခိုင် အဖို့ အမှုလည်းပေါ် ... ချစ်သူနီမာ နေယမင်းကိုလည်း ရပြီမို့ ... သားရွှေအိုးထမ်းလာသည်ကို မြင်ရခြင်းဖြစ်ပါလေတော့သတည်း။

နား႐ြပါ႐ိုးရို ...

တက္ကသိုလ်တင်မြင့်

ဓ ၀ တ နှ ၁ ၀ ၁ ဓ ပ

BURMESE CLASSIC .com

www.burmeseclassic.com